www.burmeseclassic.com

# မိုးကျော့

## သံသရာဆုံးမည့်နေ့

နှင့်

အခြားဝတ္ထုများ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၀၀၅၀၅၀၁

•

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၃၇၇၀၅၀၄

•

ပန်းချီဆရာ
နန္ဒာလှိုင်

•

ကွန်ပျူတာစာစီ
"ရွှေနဒီ" ၃၃-လမ်း(အထက်)

•

အုပ်ရေ
၅၀၀

•

ပုံနှိပ်ခြင်း
၂၀၀၅ (ပထမအကြိမ်)

•

ထုတ်ဝေခြင်း
မေလ၊ ၂၀၀၅

•

ထုတ်ဝေသူ
ဒေါ်တင်တင်ဝေမိုးမြင့်စာပေ(၀၃၇၆၀)
(၇၅)၄လွှာ၊မဟာဗန္ဓုလလမ်း၊ကျောက်မြောင်း၊ရန်ကုန်။

•

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ
ဦးကျော်စိန်(ကျောက်စိမ်းအော့ဖ်ဆက်)(၀၂၉၀၉)
(၇၃)၃၃လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်။

•

တန်ဖိုး - ၁၀၀၀ ကျပ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | တစ်ခုခုတော့လိုနေပါသည် | ၇ |
| ၂။ | ပုဇွန်ဝေသည့်နွေ | ၂၃ |
| ၃။ | ငြီးတွယ်ကြိုး အပြတ်အစ | ၄၁ |
| ၄။ | မုန်းဖို့ကောင်းတဲ့လူ | ၅၀ |
| ၅။ | ဆည်းလည်းသံများလွင့်ပျံ့ချိန် | ၅၅ |
| ၆။ | အချစ်သီတင်းသည် | ၆၄ |
| ၇။ | အဖွတ္တဏ်ကွဲအက်စီးကြောင်းများ | ၇၃ |
| ၈။ | နှောင်းချစ်သည်သာ | ၈၃ |
| ၉။ | သံသရာဆုံးမည့်နေ့ | ၁၀၀ |
| ၁၀။ | ဖြုပ်မဲ့အဖွတ္တနှင့် စေတသိကဟင်းလင်းပြင် | ၁၁၈ |
| ၁၁။ | နိယာမ၏ချစ်ခြင်းဗေဒ | ၁၂၈ |
| ၁၂။ | လွင့်မျောပုံရိပ်နှင့် ဖြစ်တည်မှုဝေဒနာ | ၁၃၅ |
| ၁၃။ | သုံးနှင့်လေး | ၁၅၂ |
| ၁၄။ | အတျည်းတန်ပုံရိပ်နှင့် အလှကြိုက်ကြေးမုံ | ၁၆၆ |
| ၁၅။ | ပီယဒဿနပန်းချီကား | ၁၇၈ |
| ၁၆။ | ရေရိပ်ထဲက မိုးကောင်းကင် | ၂၀၈ |
| ၁၇။ | အလွမ်းနဒီ တမ်းမပါ | ၂၃၉ |


◆◆◆

www.burmeseclassic.com

www.burmeseclassic.com

## မိုးမခဝတ္ထုတို ( ၂ )

# တစ်ခုခုတော့ လိုနေပါသည်

အစိမ်းနုရောင် ဂျစ်ကားက သူ့ရှေ့ လာရပ်၏။ လှမ်းနေသော ခြေလှမ်းများ မသိမသာ တုံ့သွားမိ၏။ ပထမတစ်ခါတုန်းကလောက် ရင်ခုန်နှုန်း မမြန်တော့၊ ခြေတုန် လက်တုန်လည်း မဖြစ်မိတော့။ လယ်စိုက်ရှင်း အမှတ်အဆိုင်းပါကတည်းက သူ့ကားမှန်း သိလိုက်ပြီ။

ပထမတစ်ခါကမူ မျှော်လင့်ထားခြင်းလည်း လုံးဝမရှိသဖြင့် ရင်တုန်ပန်းတုန် ဖြစ်သွားမိသည်။ ကျောင်းကိုရောက်သည်ထိ ရင်ခုန်နှုန်း ရှေလိပ်ပြာတ သင်းသင်း၏ရင်မှာ တောင်ပံခတ်ကောင်းတုန်း။ အတွေးအမျှင်တွေနှင့် လှိုင်းဂယက် ထတုန်း။

သူခေါ်တာ မလိုက်မိတာ မှားသွားလေသလား၊ ငါငြင်းလိုက်လို့ သူ စိတ်များသွားလေသလား။ ငါ့ကို ရိုင်းတယ်များ ထင်လေသလား။

တစ်နေ့လုံး ဝေခွဲမရ၊ ခါတိုင်းနေ့တွေလို တပည့်တွေကို စာသင်ပင် မပျော်ခဲ့ရ။

ကားရှေ့ပေါက်မှ ပြူထွက်လာသော ကိုကျော်စွာ၏ မျက်နှာကတော့ ယခုခါက ကားကြုံခေါ်ဖူးသလိုပင် အပြုံးမြမြနှင့်။

“ကျောင်းသွားတာနော် ဆရာမ”

www.burmeseclassic.com



"ဟုတ်ကဲ့. . ဟုတ်ကဲ့ရှင့်"

စိတ်ထိန်းသည့် ကြားထဲက မသိမသာ အသံတုန်သွား၏။

"လမ်းကြုံသားပဲ ဆရာမ လိုက်ခဲ့ပါလား"

"ဟုတ်ကဲ့ရှင့် ကျေးဇူးပါပဲ"

ကားပေါ်လှမ်းတက်ရင်း တလောက ပြင်းပယ်ခဲ့မိသော စကားကို ကြားမိသေးသည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ ကျောင်းပျက်တတ်တဲ့ တပည့် ကလေးတစ်ယောက်အိမ် ဝင်စရာရှိသေးလို့ပါ"

ဦးခဉ်က ဟုတ်ကဲ့ခင်ဗျား ဟု ပြောပြီး သူ ကားမောင်းထွက်သွား ခဲ့သည်။

လမ်းမဘေးနှစ်ဘက်ရှိ ကုက္ကိုပင်များမှ ရွက်ကြွေများ လေထဲ ဝဲပျံ၍ လမ်းမပေါ် တဖြုတ်ဖြုတ် ကြွေကျနေကြသည်။ ဘာရယ်လို့မဟုတ်၊ ရင်ထဲ မှာ ဝေဒနာတစ်မျိုး လှုပ်ခတ်ခဲ့ရ၏။

ယခုသော် ကုက္ကိုပင်တိုင်း ရွက်သစ်နုနေကြပြီ။ စိမ်းဖန့်ဖန့် ဝေနေ သော နွက်နုများကို မြင်နေရသည်မှာ ကြည်နူးဆွတ်ပျံ့ဖွယ် ကောင်းလှ သည်။

အကြည့်ကို မသိမသာ စွေ့မိသော်လည်း ကားမောင်းနေသော သူ့ နောက်ကျောကိုတော့ ရဲရဲမကြည့်ဝံ့၊ နောက်ကြည့်မှန်မှ သူ မြင်သွားမည် စိုးထိတ်မိ၏။ ပေါင်ပေါ်တင်ထားသော ကြိမ်ခြင်းထဲက သင်ရိုးအညွှန်း စာအုပ်တွေနှင့် ထမင်းဗူးကိုသာ ငုံ့ကြည့်နေလိုက်သည်။

"ရှင်"

သူ ဘာမေးလိုက်သည်မသိ။ သစ်ထုတ်လုပ်ရေးက သစ်တိုက်ကား တစ်စီး ဆူညံစွာ ဖြတ်မောင်းသွားသဖြင့် သူ့စကားကို ပီပီပြတ်ပြတ်မကြား လိုက်ရ၊ သူ့အသံကလည်း တိုးညင်းလိမ့်မည်။ သူလည်း သူ့လိုပင် ရင်ခုန် နေလေမလား။ အေးအေးသာသာ ပြောတတ်သော သူ့အသံကိုတော့ မှတ် မှတ်ရရ ရှိလေသည်။



"ဩော်. . ဟိုတစ်ခါလည်း ဆရာမနဲ့ လမ်းကြုံမိလို့ပါ။ ကျောင်းကို နေ့တိုင်း လမ်းလျှောက်သွားပါသလား ဆရာမ"

"နေ့တိုင်းရယ်တော့ မဟုတ်ပါဘူးရှင် တစ်ခါ တစ်ခါ မြင်းလှည်း၊ ဆိုက်ကားတွေလည်း ကြုံတတ်ပါတယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"ရုံးမှာပဲ နေသလားဟင်၊ အိမ်လာတာ သိပ်မတွေ့. . ."

အရဲစွန့်မေးမိပြီးမှ သတိရ၏။ ခြံချင်းကပ်လျက်ဖြစ်သဖြင့် အမြဲ သတိထား ကြည့်မိနေတာ သူသိသွားပါပြီဟု ရှက်မိပြန်သည်။ သူ့ကို စိတ် ဝင်စားနေလို့ သတိထားကြည့်တာပေါ့။ သူများ ရိပ်မိသွားလေမလား၊ ကျောင်းက ဆရာမ ကြည်ကြည်သန်း ပြောသလို မိန်းမပရိယာယ်နှင့် အပြန် ချစ်ရေးဆိုတာ တစ်မျိုးများ ဖြစ်သွားလေမလား။

အပျိုကြီးပီပီ ဓိဇာကြောင်စွာတွေးပြီး မျက်နှာရဲသွား၏။

"ဟုတ်ကဲ့ ဆရာမ၊ ကျွန်တော် ရုံးမှာ အနေများပါတယ်။ ဌာနက အသစ်ဖွင့်ကာစဆိုတော့ အိမ် သိပ်မပြန်ဖြစ်ဘူး။ မနေ့က မေမေ မှာလို့ ခုမနက် စိုက်ကွင်းမဆင်းမိ ခဏလာတာပါ"

'ဟုတ်ကဲ့' ဟုပြောကာ သက်မချမိလိုက်၏။

နှစ်ယောက်သား နှုတ်ဆိတ်နေကြခြင်းကို သူက စကားဆက်၏။

"စိုက်ကွင်းတွေ ဆင်းဆင်းနေရတာနဲ့ အိမ်မရောက်ဖြစ်လို့ အန်တီ တို့တောင် ဝင်နှုတ်မဆက်မိဘူး၊ နေကောင်းကြတယ်နော် ဆရာမ"

"ဟုတ်ကဲ့ရှင့် မေမေ နေကောင်းပါတယ်"

"ကျွန်တော် သတိရ၊ သတင်းမေးကြောင်း ပြောပြပါဆရာမ"

"ဟုတ်ကဲ့"

စကားနည်းသူက ရွှန်းရွှန်းဝေနေသဖြင့် သင်းသင်း ဝမ်းသာသွား သည်၊ ပြန်၍ စကားရှာပြောရ၏။

"ဩော်. . ဒါနဲ့ တစ်လောက လယ်စိုက်ရှင်းမှာ အမျိုးသမီးအကူ စာရေးတွေ ခေါ်ကြတယ် ကြားလားလို့"

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ခင်ဗျ၊ ကိစ္စရှိလို့လား ဆရာမ"

"ကျွန်မညီမလေး လင်းလင်းကို အဲဒီမှာ. ."

အံ့ဩသွားပုံရ၏။ သူ နောက်ပြန် တစ်ချက်လှည့်ကြည့်သည်။

"လင်းလင်းက ကျောင်းနေတုန်းပဲမဟုတ်လား ခင်ဗျ"

"ဘီနဲ့ ပထမတစ်နှစ်ပါတယ်၊ နောက်နှစ်တွေတော့ ဘာမှ မပါဘူး။ ဆယ်တန်း သုံးနှစ်ရှိပြီ၊ အဲဒါကြောင့် အလုပ်တစ်ခုခု ဝင်လုပ်နိုင်းထားရ ကောင်းမလားလို့ ကျွန်မ စဉ်းစားမိလို့ပါ။ စာမေးပွဲတော့ ဆက်ဖြေဦးမယ် ပြောပါတယ်"

ပြောသာ ပြောရသော်လည်း သူတို့အခြေအနေကို သိထားသော ကိုကျော်စွာ ယုံမှ ယုံပါ့မလားဟု ချက်ခြင်း တွေးမိပြန်သည်။

သူတို့မှာ ပွဲရုံလုပ်ငန်းကြီးရှိသဖြင့် ဤမြို့တွင် လူချမ်းသာစာရင်းဝင် တွေဖြစ်၏။ အကူစာရေး ဝင်လုပ်နိုင်းရအောင်ဟူသော သူ့စကားက ယုတ္တိမှု ရှိပါ့မလား။ တမင် စကားရှာ၍ ပြောသည်ကို သူရိပ်မိသွားလျှင်. .

"လင်းလင်းက လုပ်မယ်ပြောလို့လား ဆရာမ"

သူ ထင်သလိုပင် မယုံမကြည် လေသံပါလား။

"ဪ. . ကျွန်မက အလုပ်တစ်ခုခု ရှိထားရင် ကောင်းမယ်ထင်လို့ မေးကြည့်ထားတဲ့ သဘောပါရှင်၊ ညီမလေးတို့ အရွယ်က စာမေးပွဲ အခါခါ ကျနေတော့ စိတ်လည်မှာ စိုးလို့ပါ"

"အန်တီနဲ့ ပွဲရုံမှာ ဝင်လုပ်နေတယ် ပြောလားလို့"

"လုပ်တော့လုပ်ပါတယ်၊ ပွဲရုံအလုပ် သူ စိတ်မဝင်စားလို့ပါ"

'ဪ. . ဟုတ်ကဲ့' ဟု ပြောပြီး သူ နှုတ်ဆိတ်သွား၏။

လုပ်ကြံ စကားရှာပြောမှန်း သူ အတတ်သိသွားပါပြီဟု ရင်ထိတ် ရပြန်၏။

"မေးကြည့်ပါဆရာမ၊ သူ တကယ်လို့ လုပ်ချင်တယ်ဆိုရင် ကျွန်တော် ကူညီပါ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲရှင်"



ရှည်လျားသော သက်ပြင်းတစ်ချက်ကို ပေါ့ပါးစွာ ချမိလိုက်၏။

ညီမလေးနှင့် အမေတို့သာ သိလျှင်တော့ သူ့ကို ဆဲကြလိမ့်မည်။ ဆရာမနော် ဆရာမ၊ နေရာတကာ ဩဇာတော်တော်ပြ၊ ဒီခြောက်ပြား တစ်ပဲ လစာအလုပ် နင်ပဲလုပ်နေ ဟု ဆိုကြလိမ့်မည်ထင်သည်။

ယခုဆိုလျှင် အမေက ပွဲရုံလုပ်ငန်းတွင် အဖော်ရနေသဖြင့် ညီမလေး ဆယ်တန်းအောင်ပြီး ဒေသကောလိပ်သွားမှာကိုပင် ပူနေပေလိမ့်မည်။ သူ့လို တက္ကသိုလ်က ဘွဲ့တစ်ခုခုရလာပြီး ပွဲရုံလုပ်ငန်း စိတ်မဝင်စားဖြစ်သွားမှာ အမေ မလိုလား၊ သူ့တုန်းကလည်း မိဘလက်ငုတ်လက်ရင်း ဖြစ်သော ပွဲရုံလုပ်ငန်းကိုသာ ဥမကွဲသိုက်မပျက် ဆက်လုပ်စေချင်ခဲ့သည်။ သို့သော် သူက ပွဲရုံလုပ်ငန်း ဝါသနာမပါ၊ ဆရာမ လခစားအလုပ်သာ ဝင်လုပ်ခဲ့၏။

ယခုတော့ သူ ဝါသနာမပါသော ပွဲရုံလုပ်ငန်းကို သူ့ညီမ လင်းလင်း ဆီ လွှဲချလိုက်မိ၏။ ကြုံဖန် စကားရှာပြောရသဖြင့် နှုတ်ကျွံသွားသည်ကို ပြောပြီးမှ လိပ်ပြာမသန့် ဖြစ်ရပြန်၏။

ကျောင်းရှေ့တွင် ကိုကျော်စွာက ကားရပ်ပေးသည်။

ကျေးဇူးတင်ပါတယ်ဟု ပြောကာ ကားပေါ်က အလှုပဆုံး ဟန်လုပ်၍ သူ ဆင်း၏။

ကိုကျော်စွာသည် ကားပေါ်မှ သူ့ကို ငေးကြည့်နေလိမ့်မည်အထင်နှင့် ခြေလှမ်းပင် မှားချင်၏။ ကိုကျော်စွာနှင့် မျက်လုံးချင်း ဆုံမိသွားကြမှာ မဝံ့သဖြင့် လှည့်၍ပင် မကြည့်ဝံ့ခဲ့။ ကားထွက်သွားသံကြားမှ သက်မချမိ လိုက်၏။ ရင်ထဲ ဟာသွားသည်၊ ကြည်နူးမှုကတော့ အပြည့်အကျပ်။

◈ ◈ ◈

"ကဲ မျက်နှာတော်ပဲ ရှုစားကြပါဦး၊ ဒီလောက် အပြုံးတွေဝေလာမှ ဖြင့် ကေန္တတော့ ကေန္တပဲ"

www.burmeseclassic.com

www.burmeseclassic.com



မတ်တပ်ရပ်ငေးနေကြသော ကြည်ကြည်သန်းနှင့် နုနုရီတို့က မြင်မြင်ချင်း စကြ၏၊ သင်းသင်းရင်က ပိုခုန်သွားသည်။

"ကျွန်ုပ်တို့ကတော့ အပျိုကြီးလုပ်ဖို့ အဖော်ရပြီလို့ အားကိုးနေကြတာ၊ လက်စသတ်တော့ သင်းသင်း သစ္စာဖောက်သွားပြီ နုနုရီရေ့၊ ကဲ-ပြောစမ်း၊ ဘယ်က ကားလဲ၊ ဘယ်သူလဲ၊ ဟုတ်တယ် မဟုတ်လား"

မင်းတို့ကလည်းကွာဟု ဟန်လုပ်ပြောရင်း တစ်ချက်ရယ်မိသွား၏။

"ဘာ မင်းတို့ကလည်း ပြောစမ်းပါဆိုနေ၊ တို့ တကယ် မနာလိုဘူး"

"ဟဲ့ သူများတွေ ကြားနေပါဦးမယ်"

"ကြားကြား တို့ကို မှန်မှန်ပြောမလား၊ မပြောဘူးလား၊ ဒီနှစ်ခွန်း တစ်ခွန်းပဲ ဖြေ၊ မှန်မှန်မပြောရင်တော့ တစ်ကျောင်းလုံး သိသွားအောင် မောင်းကြီးဗုံဝေဝေ လုပ်လိုက်မယ် ဒါပဲ"

"တို့အိမ်နားက ဟိုလူပါကွာ"

"အမယ်. . ဟိုလူဆိုပါလား၊ ဘယ်သူလဲပြော"

"မင်းတို့သိပါတယ်၊ ညီမလေး ဘတ်ဒေးလုပ်တုန်းကတောင် တို့ညီအစ်မတွေ ခြံရှင်းခိုင်းလို့ ဟားကြရသေးတယ်ဆိုတဲ့ လူပါ"

"ဟယ် လယ်စိုက်ရှင်းက အရာရှိဆို မဟုတ်လား၊ နာမည်က ဘယ်သူရယ်"

သင်းသင်းက မပြောသဖြင့် ကြည်ကြည်သန်းက နှုတ်ဟ၏။

"ကိုကိုကျော်စွာပါတဲ့ရှင်"

"ဟား. . ဟား. . တို့ထင်သားပဲ၊ ဝမ်းသာပါတယ် သူငယ်ချင်း၊ ကွန်ဂရက်ကျူလေးရှင်းကွာ"

"ဖယ်စမ်းပါ နုနုရာ၊ ငါလက်နာတယ်ဟ၊ လမ်းကြုံလို့ပါဆို၊ တို့နဲ့ ဘာမှ မဆိုင်ဘူး"

"နောက်တော့ ဆိုင်ရမှာပေါ့လို့၊ ဒါ ဇာတ်လမ်းစတာပဲကွ၊ သင်းသင်းတို့များ ကြုံကြုံတတ်တယ်၊ တို့များ မျက်စိလည်လမ်းမှားပြီး ဘယ်တားမှ မကြုံပါလား နုနုရယ် ဟီး. . ဟီး"



အစသန်သော ကြည်ကြည်သန်းတ ငိုမလို မျက်နှာထား လုပ်ပြသော အခါ ရယ်ကြရသည်။

"ဟုတ်တယ်ဟ၊ တို့တော့ ဒီနေ့ကစပြီး လုံးဝ မြင်းလှည်း ဆိုက်ကား စီးတော့ဘူး၊ ဒီလမ်းကို အသွားအပြန် ခြေလျင်ပဲ လျှောက်တော့မယ်"

"ဟုတ်တယ်၊ လျှောက် လျှောက်၊ လယ်စိုက်ရှင်းက ကားမကြုံတောင် ဘူမိတို့ အဏ္ဏဝါတို့ သစ်တောတို့က ကားတစ်ကားကားတော့ ကြုံရမှာပေါ့ သူငယ်ချင်းရာ"

တစ်နေ့လုံး သူငယ်ချင်းတွေကြားထဲတွင် အစအနောက် ခံနေရသည် ကို ကြည်ကြည်နူးနူးနှင့်ပင် ဟန်လုပ်နေခဲ့ရ၏။ နင်တို့ပါးစပ် နတ်စောင့်ပါစေ၊ စိတ်ထဲက ရေရွတ်မိ၏။

ကျောင်းအပြန် ညနေမှာ တကယ်ပင် သုံးယောက်သား လမ်းလျှောက် ပြန်လာကြသည်။

နောက်က ကားသံကြားတိုင်း နုနုရီနှင့် ကြည်ကြည်သန်းတို့ လှည့်လှည့်ကြည့်ကြ၏၊ သစ်ထုတ်လုပ်ရေးက ဗိုက္ကဇာကားကြီး မောင်းလာသည်ကို မြင်ရသောအခါ ကဲ ဟိုမှာလာပါပြီ မင်းတို့ကို တင်မယ့်ကားကြီး ဟု သင်းသင်းက စ၏။ နုနုရီက ဟေး ဒါကြီးတော့မလုပ်လိုက်ပါနဲ့ဟ၊ ငါ ကြောက်တယ်ဟု ပြောလိုက်သဖြင့် ဝိုင်းဟားကြသည်။

သင်းသင်းကမူ ကိုကျော်စွာအကြောင်း ရယ်မောရွှင်ပြရင်း တစ်လမ်းလုံး တွေးလာ၏။

◇ ◇ ◇

"မိညို ဟိုဘက်ခြံက ဒေါ်ခင်ကြီးတို့အိမ်သွားစမ်း၊ ငါပြောပြီးသား ဒီရှင်းချင်လို့၊ ကောင်လေးတစ်ယောက် လွှတ်ပေးပါလို့နော်"

"ဟုတ်ကဲ့ မေမေကြီး"

မေမေကခိုင်းသဖြင့် အိမ်ဖော် မညိုက တစ်ဘက်ခြံသို့ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖန် ညီမလေးမွေးနေ့ မုန့်ဟင်းခါး ကျွေးမည်ဖြစ်သဖြင့် ခြံဝင်းရှင်းထားရန် ယောကျ်ားလေး တစ်ယောက်ယောက် လိုသဖြင့် ဦးကျော်ဆွေ ဒေါ်ခင်ကြီးတို့အိမ်သို့ ခါတိုင်းလိုပင် မေမေက လူခေါ်လွှတ်သည်။ သူတို့အိမ်မှာမူ တောက ကျောင်းလာနေသူ၊ စာမေးပွဲလာဖြေသူ၊ အလုပ်လာရှာသူ၊ ဈေးရောင်းဈေးဝယ်လာသူတွေနှင့် ယောကျ်ားလေးတွေ ပြတ်သည်ဟု မရှိ။ အကြောင်းရှိတိုင်း ခြံခြင်းကပ်လျှက် လူချင်းကလည်း အလွန်ရင်းနှီးနေကြသော သူတို့အိမ်သားတွေကိုသာ သင်းသင်းတို့မှာ အကူအပံ့ခေါ်နေကြ၊ အရေးကိစ္စရှိတိုင်း ဦးကျော်ဆွေနှင့် ဒေါ်ခင်ခင်ကြီးတို့ကလည်း သူတို့အိမ်တွင် ရှိနေကြသော တောက ကောင်မလေးတွေကို လွှတ်တတ်စမြဲ။ သင်းသင်းတို့အိမ်မှာမူ ယောကျ်ားသနာမရှိ။ သားအမိသုံးယောက်နှင့် အိမ်ဖော် မညိုတို့သာ ရှိကြသည်။

ခဏကြာတော့ သူရောက်လာ၏။ သို့သော် သင်းသင်းနှင့်လင်းလင်းတို့ညီအစ်မက ဦးကျော်ဆွေ ဒေါ်ခင်ကြီးတို့၏ သားကြီး ကိုကျော်စွာမှန်း မသိကြ။ သူတို့တွင် သားနှစ်ယောက်ရှိသည်။ အကြီးက စိုက်ပျိုးရေးကျောင်းဆင်း၊ ရှမ်းပြည်နယ်မှာ၊ အငယ်က ရန်ကုန်စက်မှုတက္ကသိုလ်မှာလောက်သာ သိထားကြသည်။ လူချင်း တစ်ခါမှ မမြင်ဖူးကြ၊ သူ့သားနှစ်ယောက်ကလည်း ကျောင်းနှင့် ရန်ကုန်ကဆွေမျိုးအိမ်မှာသာ အနေများသည်ဟု ကြားဖူးသည်။

ခါတိုင်းခေါ်နေကျ ကိုးတန်းဆယ်တန်း ညီအစ်ကို လှမြင့်နှင့် ခင်မောင်တို့ မဟုတ်သော်လည်း တောက ဈေးဝယ်ဈေးရောင်း ရောက်နေသူ တစ်ယောက်ယောက်ဟုသာ ထင်ကြ၏။ သူဟု လုံးဝမထင်ကြ။ ရုပ်က သန့်သော်လည်း ကချင်လုံချည် တစ်ပတ်နွမ်း၊ လက်တိုက လက်ရှည်ဖြစ်နေသော စွပ်ကျယ်လျော့တွဲတွဲ အနွမ်းနှင့်မို့ ညီအစ်မနှစ်ယောက် ရဲရဲဝံ့ဝံ့ ခိုင်းရဲကြ၏။

အိမ်ရှေ့ သမံတလင်းအပြည့်ရှိသော နှင်းဆီအိုးကြီးတွေကို ညီအစ်မနှစ်ယောက် စရွှေ့ရန် လုပ်နေကြစဉ် သူရောက်လာ၏။



ဒီက ခြံရှင်းဖို့ခေါ်တယ်ပြောလို့ ဟုဆိုပြီး အနားတွင် လာရပ်သည်။

"သြော်. . အင်း. . ဟုတ်ကဲ့၊ ကျေးဇူးပါပဲရှင်၊ ဒီပန်းအိုးတွေကို ဟိုဘက်ခြံထောင့် ရွှေ့ချင်လို့ပါ"

နှုတ်သွက်လျှာသွက်ရှိသော ညီမငယ် လင်းလင်းပြောသည့်အတိုင်း ပန်းအိုးအလုံး နှစ်ဆယ်ကျော်ကို ခြံထောင့်သို့ ရွှေ့ပေးရ၏။ ပန်းအိုး အသေးတလေးတွေကိုတော့ သင်းသင်းနှင့် လင်းလင်းတို့က ကူရွှေ့ပေးကြသည်။

ပန်းအိုးတွေ ရွှေ့ပြီးသောအခါ လမ်းဘက် အုပ်မိုးနေသော ဆောင်တော်ကူး တစ်ရုံနှင့် ရိုးလှ သန္တာတစ်ပွင်၏ အကိုင်းတွေကို ဓားတစ်စင်းပေး၍ ရှင်းခိုင်းကြ၏။

ခါတိုင်းရှင်းခိုင်းနေကျ လှမြင့်တို့ ညီအစ်ကိုမဟုတ်သဖြင့် သင်းသင်းက အားနာနေသော်လည်း လင်းလင်းကမူ ငယ်ရွယ်သူပီပီ ဘာမှ မတွေးတော မစဉ်းစားဘဲ အားမနာတမ်း ခိုင်း၏။ လှမြင့်တို့ညီအစ်ကိုကတော့ သူနှင့် ရန်ဖြစ်ဘက်။

ဇီဇဝါရုံအောက်က ဆင်အော်မြက်တွေကို ခုတ်ခိုင်းနေချိန်တွင် သူ့အမေ အဖေတို့ ရောက်လာကြသည်။

"ဟဲ. . ဟဲ. . ငါ့သား ကြာလှချည်လား. အောက်မေ့တာ၊ လက်စသတ်တော့ သင်းသင်းတို့က အပြတ်ခိုင်းထားကြတာကိုး"

"ရှင်. . ."

သူ့အဖေစကားကြောင့် သင်းသင်းနှင့် လင်းလင်းတို့က အံ့အားသင့်သွားကြသည်။

သူ့အဖေ ဦးကျော်ဆွေကတော့ ချွေးတလုံးလုံးနှင့် ခြံထောင့်တွင် မြက်ရိုင်းခုတ်နေသော သူ့သားကို ကြည့်၍ ပြုံးနေ၏။

စကားသွက်သူ လင်းလင်းက 'ဟင် အန်တီသား' ဟု အံ့အားသင့်စွာ အရင်နှုတ်ထွက်၏။

"ဟုတ်တယ်လေ လင်းလင်းရယ်၊ အန်တီ ပြောပြောနေတဲ့ သားကြီး ကျော်စွာလေ"

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပဲဟု သင်းသင်း တွေးလိုက်၏။

"အားနာလိုက်တာရှင်၊ ကျွန်မတို့က အန်တီ့သားမှန်းမှ မသိတာ ခါတိုင်းလို တောက တစ်ယောက်. ."

"အားနာစရာ မဟုတ်ပါဘူး သင်းသင်းရယ်၊ အန်တီသားက စိုက်ပျိုး ရေးဝါသနာပါတော့ ခြံရှင်းယာရှင်း တော်ပါတယ်၊ တွေ့တယ်မဟုတ်လား"

သူ့အမေက ရယ်ရယ်မောမော ပြောသော်လည်း သင်းသင်းကမူ မရယ်နိုင်၊ စိတ်ထဲက အကြီးအကျယ် အားနာနေမိ၏။

"အန်တီ့သားကြီးမှန်း သမီးတို့က သိမှမသိတာ၊ ဟဲ. . ဟဲ. ."

လင်းလင်းက အရှက်ပြေ ပြော၏။

"ဘာဖြစ်လဲ သမီးရယ်၊ မောင်လှမြင့်တို့ ညီအစ်ကိုတွေ တောခေါ ပြန်နေကြလို့ သမီးအမေက ခေါ်ခိုင်းတယ်ဆိုတာနဲ့ အန်တီ့သား လွှတ် လိုက်တာပါ၊ မှတ်ထားကြပေါ့၊ သား. . ."

သူ့အမေ ခေါ်သဖြင့် အနားရောက်လာ၏။

"ဒီက သမီးတို့ကို မှတ်ထားနော်၊ သူက အထက်တန်းပြ ဆရာမကြီး ဘွဲ့ရပြီးသား၊ သင်းသင်းတဲ့၊ သူက ညီမ လင်းလင်းတဲ့"

ဆယ်တန်းသုံးခါကျ ဆိုတာလည်း ထည့်ပြောပါဦး အန်တီရယ်ဟု လင်းလင်းက ဝင်ဖောက်သဖြင့် သူက ပြုံး၏။

"ဘယ်တုန်းကရောက်လဲ၊အရင်အန်တီပြောတော့ရှမ်းပြည်နယ်မှာဆို"

"ဟုတ်တယ်လေကွယ်၊ ကျောင်းဆင်းဆင်းချင်း ရှမ်းပြည်နယ်ကျသွား တယ်။ ခု ဒီမှာ တစ်ရွာ တစ်ခြံ တစ်ကန်ဆိုလား၊ အဲဒီစီမံကိန်းနဲ့ ပြောင်းလာ တာ၊ တစ်ပတ်တောင် မရှိသေးဘူး"

"ဒါနဲ့တောင် အန်တီက သမီးတို့နဲ့ မိတ်ဆက်ပေးမထားဘူး။ အဲဒါ ကြောင့် ခိုင်းမိတာပါနော်။ အစ်ကိုကြီး ကန်တော့နော်၊ ပြောမှားဆိုမှား ခွင့် လွှတ်ပါ"

အသွက်မ လင်းလင်းက ပြောင်သလို နောက်သလို လက်အုပ်ချီပြ သည်ကို သူက ရယ်ပြီး ကိစ္စမရှိပါဘူး၊ ရပါတယ်ဟု ပြန်ပြောသည်။



"သူ့အလုပ်နဲ့သူ မအားသေးလို့ အန်တီက သမီးတို့နဲ့ မိတ်ဆက် မပေးသေးတာပါ။ ခုလည်း တမင် သိကျွမ်းရင်းနှီးကြရအောင် အန်တီ လွှတ် လိုက်တာပေါ့။ ငါ့သားကြီးကတော့ မောနေရော့မယ် ဟဲ. . ဟဲ. ."

"ဟဲ. . ဟဲ. . အကိုကြီးက စိုက်ပျိုးရေးအရာရှိဆိုတော့ ပန်းအိုးတွေ ခြံထောင့်ပုံထားတာ အစီစဉ်ကျပါတယ်နော် အန်တီ"

လင်းလင်းက ရှက်ရှက်နှင့် စွတ်ရွတ်ပြောနေသည်ကို သင်းသင်းက မျက်စောင်းလှမ်းထိုးရ၏။ သူကတော့ ပြုံး၍သာ နေသည်။

"မနက်ဖြန် ညီမဘာတ်ဒေးလေ အစ်ကိုကြီး၊ အစ်ကိုကြီးတို့ စိုက်ပျိုး ရေးခြံမှာ သစ်ခွတွေ မရှိဘူးလားဟင်၊ ရှိရင် ညီမဘာတ်ဒေးမှာ အမှတ်တရ သစ်ခွတစ်အိုးလောက်"

"ကျွန်တော်တို့ခြံက အလှအပထက် စားသုံးဝင် ပင်မျိုးတွေပဲ အဓိက ထားပါတယ်"

ကဲ. . မှတ်ထား၊ ကောင်မလေး၊ နင်တော့ လွန်ပြီနော်ဟု သင်းသင်း က မျက်စောင်းထိုးရပြန်၏။

အမေ အပြင်က ပြန်ရောက်လာသောအခါ သူ့အမေက ကဲ ကောင် ကြသေးရဲ့လားတော်၊ ကျုပ်သား စိုက်ပျိုးရေး အရာရှိကို တော့်သမီးတွေက ခြံထဲ မြက်ခုတ်ခိုင်းလို့တဲ့ဟု ပြောပြီး ရယ်ကြပြန်၏။

သူ့ကို သင်းသင်းကသာ အားနာစွာနှင့် စကားမပြောရဲ ဖြစ်မိသော် လည်း လင်းလင်းကမူ မွေးနေ့ရှင်ပီပီ သူနှင့် ပေါက်ပေါက် ဖောက်သလို စကားများနေ၏။

"ကဲ. . အစ်ကိုကြီး သုံးဆောင်နော်၊ အားမနာပါနဲ့၊ ထမင်းလွတ် စားရမယ်၊ အစ်ကိုကြီးဟာ သင်းလင်းမွေးနေ့မှာ လုပ်အား ကပြတ်ပေးထား တဲ့လူ ဆိုတော့ ဘာကြော်နဲ့ကြိုက်သလဲ ပြော၊ ဗူးသီးကြော်လား၊ ကြက်သွန် ကြော်လား၊ ပဲကြော်လား၊ ညီမလေး ထည့်ပေးပါ့မယ် နော်. . နော်၊ ဟဲ. . ဟဲ. ."

www.burmeseclassic.com



အစ်ကိုကြီး ညီမလေးဟု သုံးနှုန်းပြောနေသည်ကို သဘောတွေ့မိသော်လည်း သူ့ကို မြက်ခုတ်ခိုင်းသည့်ကိစ္စ လူများရှေ့ ရှက်မည်စိုး၍ သင်းသင်းက လင့်လင်းကို မျက်စောင်းတထိုးထိုး တားဆီးနေရ၏။

သူကမူ လင်းလင်း ထည့်ပေးသမျှ တကယ်ပင် ထမင်းလွတ် ကြိတ်သွား၏။ မှတ်မှတ်ရရ ဗူးသီးကြော်နှင့် မုန့်ဟင်းခါး လေးပန်းကန်။

ကျွန်မတို့က အဲသလို အားရှိပါးရှိစားမှ သဘောကျတာ၊ စား. . အစ်ကိုကြီးဟု လင်းလင်းက ပြောသောအခါ လုပ်အားခတော့ ကျေပါတယ်နော် ဟုပင် မနောက်စဖူး နောက်သွား၏။

သူပြန်သွား၍ လူရှင်းသောအခါ သူ့အမေက ကဲ. . ဘယ့်နှယ့်လဲ ဒေါ်သင်းရွှေ ကျွန်မသားကတော့ ရှင်တို့မြင်တဲ့အတိုင်းပဲ၊ အင်မတန် ရိုး အင်မတန် အ ဆိုတော့ နီးနီးကပ်ကပ် သွန်သင်ဆုံးမပေးဖို့ ဆရာမ တစ်ယောက်တော့ လိုနေပြီဟု ပြော၏။

ရှင့်သားလည်း ရှင် မေးပါဦး၊ ကျွန်မသမီးကတော့ ကျွန်မ တစ်ခွန်းပါပဲ ဟု ပြောသောအခါ သင်းသင်းမှာ မျက်နှာမထားတတ် ဖြစ်သွားလေသည်။

◈ ◈ ◈

နုနုရီ၊ ကြည်ကြည်သန်းနှင့် သင်းသင်းတို့ သုံးယောက် ကျောင်းကောင်စီ အစည်းအဝေးမှ ပြန်လာကြသည်။ ကားသံကြား၍ လှည့်ကြည့်ကြသောအခါ သူ့ကား ဖြစ်နေ၏။ သူတို့သုံးယောက်ရှေ့၌ပင် ရပ်လာ၏။

"ဆရာမတို့ ကျောင်းက ပြန်လာကြတာနဲ့တူတယ်၊ လမ်းကြုံသွားဝဲလိုက်ခဲ့ကြပါလားခင်ဗျာ"

အပြန်တွင် ဤတစ်ခါသာ သူနှင့် ဆုံဖူးကြသဖြင့် သင်းသင်းတသူ့ကားနှင့် အိမ်ပြန်လိုက်ရမှာ ရွံ့နေသည်။ နုနုရီကမူ 'ဟုတ်ကဲ့ရှင့် ကျေးဇူးပါပဲ' ဟု ပြောပြီး ကားပေါ် ဦးဆုံးတက်၏။ မသင့်တော်တော့သဖြင့် ကြည်ကြည်သန်းနှင့် သင်းသင်းတို့ကပါ လိုက်တက်ကြရသည်။



"ပြောတော့ မဟုတ်ပါဘူးတဲ့။ ဟင်းနော်. . ငါလုပ်လိုက်ရ"

နုနုရီက ကားပေါ်ရောက်သည်နှင့် လက်ကုတ်၍ စ၏။ သင်းသင်းမှာ အစသန် အနောက်သန်သော နုနုရီကို ပြန်မပြောဝံ့၊ ပြန်ပြောမိနေလျှင်သူ ကြားမှာစိုး၍ ပိုပြီး အနေရအထိုင်ရခက်နေ၏။ ထို့ကြောင့် နှုတ်ဆိတ်၍ ငြိမ်လိုက်လာရသည်။

ဗိုလ်ကုန်းဘက်တွင်နေသော ကြည်ကြည်သန်းကို အရင်ပို့သည်။ ပြီးတော့ နုနုရီ။

သင်းသင်း ကောင်းကောင်းမွန်မွန် ပြန်နော်၊ မင်းအမေက စိတ်ပူတတ်ပါဘိနဲ့၊ ကျွန်မသူငယ်ချင်းကို အိမ်အရောက် လိုက်ပို့ပေးလိုက်ပါရှင်၊ ကျေးဇူးတင်ပါတယ်ဟု နုနုရီကအတည်ပေါက်ပြောသည်ကို သူက တကယ်ထင်၍ ဟုတ်ကဲ့ခင်ဗျာ၊ စိတ်ချပါ၊ ဆရာမ ဒေါ်သင်းသင်းက ကျွန်တော်နဲ့ခြံချင်းကပ်ပါဟု ပြောသည်။

သင်းသင်းကတော့ ခွေးမ၊ နင်တော့ နေဦး၊ မနက်ဖြန် ကျောင်းရောက်မှ သိမယ်ဟု စိတ်ထဲက ဆဲမိ၏။

နုနုရီက မျက်နှာပိုးမသတ်သေး၊ သြော်. . ဟုတ်လား၊ ခြံချင်းကပ်ဆိုတော့ ပိုဟန်ကျသွားတာပေါ့ရှင်၊ ဟုတ်ကဲ့၊ ကျေးဇူးပဲ. . ကျေးဇူးပဲ ဟုပင်ဆပ်စသွားသေးသည်။ သင်းသင်းမှာတော့ မျက်နှာနီလျှက်။

မေမေနှင့် ခြံဝတွင် တစ်ခါ ထပ်ဆုံမိကြသောအခါ မျက်နှာမထားတတ် ဖြစ်သွားသည်။

သြော်. . သမီးတို့ကိုး။ မောင်ကျော်စွာနဲ့ ဘယ်က ဘယ်လို ဆုံလာကြပါလိမ့်ဟု မေးပြီးအထင်နှင့် တစ်ကိုယ်လုံး ထူပူသွားမိသည်။

သို့သော် အမေက မမေး၊ မမြင်ယောင်ဆောင်၍ ခြံထောင့်ဘက်ထွက်သွား၏။ ညနေ ထမင်းဝိုင်းမှာ အမေ မေးလေမလားဟု ဗိုးရိမ်စိတ်နှင့်ခေါင်းပင် မဖော်ဝံ့ ငြိမ်ကုတ်၍သာ ထမင်းစားမိ၏။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်သို့ လှမ်းတက်မိလိုက်သည်နှင့် ရုတ်တရက် ခြေလှမ်းတုံ့[illegible] သွားမိ၏။

ဧည့်ခန်းမှာ ကိုကျော်စွာ အဖေနှင့် အမေကို မေမေက လက်ဖက်[illegible]နှင့် ဧည့်ခံစကားပြောနေ၏။ ထူးပါလားဟု ထင်မိသည်။

သင်းသင်းကို အားလုံးက အရေးတယူ လှမ်းကြည့်ကြ၏။ သ[illegible] ပြန်လာပြီလားဟု မချိုသာစဖူးသော ချိုသာစကားနှင့် ကိုကျော်စွာ့အမေ[illegible] လှမ်းနှုတ်ဆက်၏။ တစ်ကိုယ်လုံး ရှိန်းဖိန်းသွားမိသည်။ ဟုတ်ကဲ့ ဟူသေ[illegible] အသံပင် နင်တင်တင် ဖြစ်သွား၏။

အိပ်ခန်းထဲသို့ တန်းဝင်မိသည်။ သူတို့အမူအရာကို မြင်ရခြင်းအာ[illegible] ဖြင့် တစ်ခုခုတော့ တစ်ခုခုပဲဟု ရင်ထိတ်နေ၏။ အဝတ်ပင် မလဲမိ။ အပြ[illegible] က အသံတွေကို အသက်အောင့်၍ နားစွင့်ထားမိသည်။

"ကျွန်မဘက်က ဘာမှ ငြင်းစရာမရှိပါဘူးရှင်၊ မောင်ကျော်စွာတ[illegible] ရုပ်ရော၊ ပညာရော၊ အကျင့်စာရိတ္တရော ဒီခေတ်မှာ ရှာမှရှားတဲ့ သူငယ်[illegible] ကလေးချင်း ကျေနပ်ကြရင် ပြီးတာပါပဲ. ကျွန်မမှာ တိုင်ပင်စရာဆိုလို့လည်း ဒီသမီးပဲ ရှိပါတယ်။ သူနဲ့ တိုင်ပင်ပြီး စကားပြန်ပါ့မယ်ရှင်"

နားထင်နားရင်းတွေ ထူပူသွား၏။ တစ်ကိုယ်လုံး ချက်ချင်း ကတု[illegible] ကယင်ကြီး ဖြစ်လာသည်။ သူထင်သလိုပင် ဖြစ်လာချေပြီ။ သူ့ကို ကိုကျော်[illegible] စွာနှင့် ပေးစားရန် ကိုကျော်စွာ့ အမေ အဖေတို့က နားလာဖောက်ကြ[illegible] ပြီ။ ရင်ထဲ ပီတိတွေပြည့်နေ၏။ အသက်ပင်မရှူရဲပဲ အောင့်ထားမိသည်။

ဟုတ်ကဲ့ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်။ သားအမိတွေ တိုင်ပင်ကြ[illegible] ဟု ပြောပြီး ကိုကျော်စွာ့ အမေအဖေများ ဆင်းသွားကြသည်ထိ သင်းသ[illegible] အသက်မရှူမိသေး။

သမီးကြီးရေဟု မေမေကခေါ်လိုက်သောအခါ 'ရှင်' ဟု ပြန်ထူးရ[illegible] ကိုပင် လည်ပင်းနင်နေ၏။ နောက်တစ်ခါ ထပ်ခေါ်တော့မှ "ရှင်. . အမေ[illegible] ဟု ထူးနေကျအသံကို ပြန်ရသွားသည်။

"လာပါဦးကွယ် သမီးကို အမေပြောစရာရှိလို့"

ဧည့်ခန်းဆိုဖာပေါ်ထိုင်နေသော အမေ့ကို ဝေးဝေးကလှမ်းမကြည့်ဝံ့၊ [illegible]ခေ မျှော်ကြည့်နေသော မျက်လုံးနှင့် ဆုံမှာစိုးမိသည်။ ခြေလှမ်းမမှားမိ[illegible]အောင် သတိထားပြီး အမေ့အနားသွားရ၏။ အမေ့ရှေ့တွင် မျက်နှာချင်း [illegible]င် မထိုင်ဝံ့။ အမေ့ဘေး၌သာ ညင်ညင်သာသာ ဝင်ထိုင်လိုက်ရ၏။ ရင်ထဲ[illegible] တဒိတ်ဒိတ်။

"စောစောက သမီးမြင်လိုက်တဲ့အတိုင်းပဲ မောင်ကျော်စွာရဲ့ မိဘ[illegible] လာသွားကြတယ်"

"ဟုတ်. . ဟုတ်ကဲ့"

"အဲဒါ မောင်ကျော်စွာနဲ့ သမီးလေး လင်းလင်းကို နေရာချထား[illegible]လို့တဲ့"

"ရှင်. . လင်းလင်းနဲ့ ကိုကျော်စွာ"

သူ့နား သူ မယုံသလို ဖြစ်သွားသည်။

"ဟုတ်တယ်တဲ့ သမီး၊ မောင်ကျော်စွာက သူ့အမေ အဖေတွေကို [illegible]ခိုင်းလို့ လာပြောကြတာတဲ့။ လင်းလင်းနဲ့ မောင်ကျော်စွာ မေတ္တာရှိ[illegible]ကြတာ ကြာပြီဆိုပဲ"

အောင့်ထားရသော သက်မကို ရုတ်တရက် ချလိုက်မိသည်။

"တယ်မိုက်တဲ့သမီး၊ အမေ့ကို လုံးဝ မဟဘူး၊ အမေက လုံးဝမထင်[illegible] ရိပ်တောင်မရိပ်မိဘူး၊ လင်းလင်းတို့များ ရည်းစားထားတာ ပိရိပါ့၊ [illegible]တော့ ရိပ်မိလိမ့်မယ် ထင်တယ်"

"ဟုတ်. . ဟုတ်ကဲ့"

ထွက်မိထွက်ရာ နှုတ်ထွက်သွားခြင်းသာ။

"ညီအစ်မတွေ တယ်ညီညွတ်နေကြတာကိုး၊ ဒါပဲနော်၊ မိသင်းသင်း၊ [illegible]ည်းအလှည့်ကျတော့ ငါ့ကို ကြိုတင်ပြောပါအေ့၊ ညည်းတို့ကြိုက်ရင်ပြီး[illegible] ငါက မကန့်ကွက်ပါဘူး၊ နင်တို့နှစ်ယောက်စလုံး အိမ်ထောင်ရ[illegible]သား [illegible]ကြတော့မှပဲ ငါလည်း အေးအေးဆေးဆေး တရားအားထု[illegible]နိုင်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်က ဘယ်လို အမေ့အနားက အိမ်ခန်းထဲရောက်လာမိသည် မသိ၊ ညီအစ်မနှစ်ယောက် ယှဉ်အိပ်ကြသော ခုတင်နှစ်လုံးကြားရှိ အလှကြည့် ခုံပေါ်မှ လင်းလင်း၏ Venus အချစ်နတ်သမီး၏ ရုပ်တုကို မလိုမုန်းထားစွာ မျက်စောင်းခဲမိလိုက်၏။

ကိုယ်လုံးပေါ်မှန်ကြီးထဲတွင် သူ့တစ်ကိုယ်လုံး လှည့်ပတ်ကြည့်နေမိသည်။ အသက်ပင်ရှူရန် သတိမရ။ Venus နတ်သမီးထက်ပင် သူ့ကိုယ်သူ လှနေသည်ဟု ထင်၏။ ညီမ လင်းလင်းထက်လည်း လှ၏။ လင်းလင်းထက် သူက ပညာလည်းတတ်၏။ အလုပ်အကိုင်လည်း မပူမပင် ရရှိ၏။

အင်း. . ဟု လေရှည်ဆွဲကာ သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။

ဪ. . သူ့မှာ တစ်ခုခုတော့ လိုနေပါလိမ့်မည်။

ဪဪ၏၏

# ပူဇော်ဝေသည့် နွေ

ဟေမန္တ ဆေးသားတို့ ပါးလျားစပြုနေသော လမ်းမပေါ်တွင် ရွက်ကြွေရွက်ခြောက်များကို တွေ့စပြုလာသည်။ နွေတံခါးခေါက်သံကိုမူ ဆောင်းသယ်ကပင် ကြားခဲ့ရပြီ။ တစ်နေ့တစ်လည်တွင် ကမူစောင်းရှိ လက်ပံပင်ကြီးပေါ်၌ပင် ညံစီနေခဲ့သည်။ နွေခေါင်းလောင်းများ လှုတ်ခတ်သံနှင့်အတူ အေးမင်းဦးရင်မှာ အလိုလို ဟာလာသည်။

ဒတ်ဆန်း ၈၅၀-ပစ်ကပ်ကို တဲရှေ့ထိုးရပ်လိုက်သည်။ သန်းမြင့်ဝေနှင့် လှကျော်ထွန်းတို့ ပြေးထွက်လာကြ၏။ ကားပေါ်က သကြားအိတ်များကို သယ်ချကြသည်။

"သကြား ဘယ်ဈေးဝယ်ခဲ့ရလဲကွ"

အအေးကန်ထဲမှ ချက်နို့ဆီများကို ပုံးထဲ လောင်းထည့်နေသော သီဟစိုးက လှမ်းမေး၏။

ချက်သကြားနှင့် အစိုးရသကြားဈေး ပြောပြီး အေးမင်းဦး အိပ်ဆောင်ဘက် လျှောက်လာသည်။ ထိုအချိန်မှာပင် တဲနားရောက်လာသော လှည်းတစ်စီးကို လှည့်ကြည့်မိသားဖြစ်သွား၏။ ဖွဲ့အပြည့်နှင့် လှည်းက ရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လှည့်ပေါ် အကြည့်တစ်ဝေ့တွင် "ဖွဲ့ခွဲ ရောင်းချင်လို့ရှင့်" ဟူသော အသံသာသာက ပေါ်လာသည်။

ရုပ်သာ သားနားသည်မဟုတ် အသံပါ သာသည်၊ အပြင်အဆင်မှာလည်း ခါတိုင်း ဖွဲ့ရောင်းလာကြသော ဝန်းကျင်ရွာများမှ မိန်းမသူများနှင့် တစ်ခြားစီ၊ အကြည့်တစ်ချက် ဆုံမိကြ၏။ အေးမင်းဦးရင်ထဲ နွေးသွားသည်။

"ဟုတ်ကဲ့၊ ကျေးဇူးပြုပြီး ဟိုဖွဲ့ပုံနား လှည်းတစ်ဆိတ်ရွှေ့ပေးပါလားဗျာ"

"ရပါတယ်"

ပြောပြောဆိုဆိုပင် လှည်းက ဖွဲ့ပုံနား ရောက်သွား၏။

"အောင်မြင့်ရေ. . ဒီမှာ ဖွဲ့လှည်းတစ်စီးဟေ့၊ စံပွင့်ကော"

"ဟုတ်ကဲ့. . အစ်ကို"

အောင်မြင့်နှင့် စံပွင့်တို့ ဂေါ်ပြားကိုယ်စီနှင့် ထွက်လာကြသည်၊ ထိုအချိန်အထိ အေးမင်းဦး လှည်းပေါ်က မိန်းကလေးကို ငေးနေမိတုန်း၊

သူတို့ ဤရွာစွန်စခန်းတွင် နို့ချက်ဖို လာထောင်နေကြသည်မှာ တစ်နှစ် နီးပါးရှိပြီ။ သူ့ကို တစ်ခါမှ မမြင်ဖူး။ ရွာနီးချုပ်စပ်မှ နွားနို့လာရောင်းကြသော မိန်းမသူများထဲတွင်လည်း သူ့ကို မတွေ့ရ။

"ဘယ်ရွာကပါလိမ့်"

နှလုံးသားစေ့ဆော်မှုကြောင့် ပါးစပ်က ယောင်မှားထွက်သွားသည်၊

အားနာစရာများ ဖြစ်သွားပြီလား။ ရိုင်းများရိုင်းသွားပြီလားဟူသော အတွေးမဆုံးခင် "ဟေမဇာလာကပါ၊ ဘာဖြစ်လို့လဲ" ဟု ရဲရဲတင်းတင်းပင် ပြန်မေး၏။

ရုပ်သာလှသည် မဟုတ်၊ သူနေသော ရွာနာမည်လည်း လှသည်၊ "အားလုံး အလှတွေချည်းပါလား"ဟု တွေးမိလိုက်၏။

"ဩော်. ."

ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားပြီးမှ "အပြန်မိုးချုပ်မှာစိုးလို့ပါ" ဟု အရှက်ပြေ ပြောလိုက်မိသည်။



သူ့စကားကို မိန်းမလှလေးက ပြုံး၏။

"ဟိုရွာလေ"

လက်ညှိုးညွှန်ပြရာသို့ အကြည့်ရောက်သွားသည်။

ဟေမဇာလာ ဟူသော အမည်နှင့်လိုက်အောင် တောတန်းညို့ညို့ ချင် မြူနှင့် မင်းလွင်ပျပျတို့ လွှင့်နေသည်။ နေညိုသွားပြီဖြစ်သဖြင့် ဆီးနေသော လွင်တီးခေါင်တွင် တံလျှပ်ရောင်များကို မမြင်ရတော့။

"ဩော်. . ကျွန်တော်က ဝေးတယ်ထင်လို့ စေတနာနဲ့ပါနော်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

ဖော်ရွေရည်မွန်သော အပြောကလေးကို ပို၍ သဘောတွေ့သွားမှန်၏၊

စံပွင့်က ဖွဲ့လှည်းဖိုး ငွေလှမ်းပေးနေသဖြင့် စကားပြတ်သွားသည်။

"ပြန်လိုက်ပါဦးမယ်ရှင်"

"ဟုတ်. . ဟုတ်ကဲ့" လှည်းကို အပြင်းမောင်းထွက်သွားသည်။

အေးမင်းဦးရင်ထဲ မဟာစဖူး ဟာသွား၏။

လွင်ကြောကို ဖြတ်မောင်းသွားသော လှည်းကို ရပ်ငေးနေသည်၊ မှုန်တွေနှင့် လုံးလိပ်ပါသွား၏၊ ရင်ထဲ လွမ်းကျန်ခဲ့သလိုပါလား။

"ဟေ့ကောင်၊ မင်း ပြဒါးတိုင်ဈေးကောကွ၊ ငါမေ့မှာစိုးလို့"

အဝယ်စာရင်းကိုင်သူ ဇော်နိုင်လင်း လိုက်လာပြီး မေး၏။

"ဟာ. . အေး၊ ဟုတ်သားပဲကွ၊ ငါ လုံးလုံးမေ့သွားတယ်"

သူတို့ နို့စိမ်းဝယ်ရာတွင် နွားနို့စစ်မစစ်၊ ရေရောနှုန်းအနည်းအများ တိုင်းကြည့်ရသော ပြဒါးတိုင်တစ်ချောင်း ကျိုးနေသည်ကို ဇော်နိုင်လင်း မှ သတိရတော့သည်။

ကြိုတင်သိမှ တန်ဖိုးရှိသော သတိသည် နောင်တဖြစ်သွားပြီ။ ဘာမှ ကိုးမရှိတော့။

"ဖြစ်ရမယ်၊ မင်းက မြို့ရောက်ရင် အကုန်မေ့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ်ရေရွတ်ကာ ဇော်နိုင်ဝင်း နို့ချက်ကန်ဘက် လှည့်ထွက်သွားသည်။

"နာမည်လေး မေးထားလိုက်ရ ကောင်းသား"

နောင်တသည် ရင်ထဲကို တမ်းတမ်းတတ ရောက်လာပြန်သည်၊ နောက်ကျသွားပြီ။

❂ ❂ ❂

နွားနို့ပုံးထဲ ပြဒါးတိုင်ကို ထိုးထည့်လိုက်၏၊ လက်က နာရီကို ကြည့်သည်။ စီကိုဖိုက် နာရီဒိုင်ခွက်ပေါ် ပတ်ပြေးနေသော လက်တံလေးဆီ အကြည့်များစွာ မရောက်မိ၊ သူ့မျက်နှာဆီ၌သာ အကြည့်က ဝဲဝဲနေ၏၊

ပတ်ဝန်းကျင်၌မူ စကားပြောသံ၊ ရယ်မောသံ၊ တစ်ယောက်နှင့် တစ်ယောက် ထေ့ကြ၊ ငေါ့ကြ၊ ပြောင်ကြ၊ လှောင်ကြ၊ နောက်ကြ၊ ကျီစယ်ကြသံတို့နှင့် သောသောညံနေသည်။

ရွာစွန်ပတ်ဝန်းကျင်ရှိ ရွာနီးချုပ်စပ် ရွာများမှ နွားနို့လာရောင်းကြချိန်သည် ပျော်စရာအကောင်းဆုံး ဖြစ်သည်။ ရောင်းသူ ဝယ်သူအဖြစ် တစ်နှစ်နီးပါး ဆက်ဆံလာကြရာ ရောင်းသူဝယ်သူတွေမှာ ပြောမနာ ဆိုမနာ ဖြစ်နေကြလေပြီ။

ထိုအထဲတွင် ဖွဲ့ခွဲလာရောင်း၍ တစ်ခါ ယခု နွားနို့ လာရောင်း၍ တစ်ခါ၊ နှစ်ခါသာ တွေ့ဖူး မြင်ဖူးသူကို အေးမင်းဦး အကဲခတ်ကြည့်နေသည်။ သူကလည်း အေးမင်းဦး ပြုလုပ်နေသည်ကို ပကတိမျက်နှာနှင့် ငေးကြည့်နေ၏။

ပြဒါးတိုင်ကို မြှောက်ကြည့်လိုက်သည်၊ ဒီဂရီ ၃၀ မှာ ပြနေသည်၊ သို့သော် စိတ်မချရသေးသဖြင့် နွားနို့ကို လျှာပေါ်တင်ကြည့်ရသည်။

နွားနို့ရောင်းသူများသည် ပြဒါးဒီဂရီတက်ရန် ကောက်ရိုးရေနှင့် ရောသည်။ ထန်းရေချိုနှင့် ရောသည်။ ပျစ်ချွဲသည့် ကော်မှုန့်၊ ဂျုံမှုန့်၊ အုန်းကပ်ဖီး



နှင့် ရောတတ်သည်။ ထို့ကြောင့် နွားနို့စစ်စစ်ရရန် ပြဒါးတိုင်ကိုချည်း အားကိုး၍မရ၊ လျှာနှင့် တို့ကြည့်၊ မြည်းစမ်းကြည့်ရသည်။ နွားနို့ စစ်မစစ် တို့ လျှာက သိသည်၊ တစ်နှစ်ခန့်ရှိနေပြီ ဖြစ်သဖြင့် အေးမင်းဦးလျှာက သိနေပြီ။

"ဘာနွား မွေးလဲ"

မဆိုင်သော်လည်း စကားစရှာ၍ အေးမင်းဦးက မေး၏။

"ဖစ်နစ်ရှန်ပါ ဘာဖြစ်လို့လဲ"

ရုတ်တရက် ပြန်မေးခံရသဖြင့် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားပြန်၏၊

"နွားနို့မစစ်လို့လား"

"စစ်ပါတယ်. . ဟို. . အဲ"

"ဒါဖြင့်"

"ဩော်. . အရင်က တစ်ခါမှ မတွေ့ဖူးလို့ပါ"

"ကျွန်မ ဒဟတ်တန်းရွာမှာ ကျောင်းသွားပြနေရလို့ပါ။ ခု ကျောင်းပိတ်လို့ ရွာပြန်လာတာ"

"ဩော်. . ကျောင်းဆရာမကိုး၊ ဖစ်နစ်ရှန်တွေက တစ်နေ့ ဘယ်လောက်ထွက်လဲ ဆရာမ"

"ကျွန်မတို့အိမ်က အစမ်း မွေးကြည့်တာပါ။ တစ်သားကျ မတမ်းဆိုတော့ ငါးပိသာတောင် မပြည့်ပါဘူး၊ နွားလေးအတွက်လည်း ချန်ရသေးတယ်လေ"

"ဟုတ်ကဲ့. . ဘယ်နှစ်ကောင်. . "

"အမယ်လေး၊ ဒီတစ်ယောက်ကလည်း စစ်လို့ဆေးလို့ မပြီးသေးဘူးလား၊ နင်ကလည်း နွားမွေးဦးမလို့လားဟဲ့၊ ကဲ. . ကဲ. . ငြိမ်းရေ. . ပြန်မယ်၊ ပြန်မယ်၊ ပြန်ကြမယ်"

အေးမင်းဦးနှင့် မျက်နှာတန်းမိနေသော မိန်းမကြီးတစ်ဦး အနားရောက်လာပြီး ပြော၏၊

www.burmeseclassic.com



ဆရာမဆိုသူ၊ ငြိမ်းဆိုသူက မတ်တပ်ထရပ်သည်။

နွားနို့ရောင်းပြီး ပြန်ကြသူများထဲ ရောပါသွား၏။

"နှုတ်တောင် မဆက်ခဲ့ပါလား ငြိမ်းရေ" ဟု ရင်ထဲက ရေရွတ်မိလိုက်ပြန်သည်။

ပါးလျားသွားသော နွားနို့လာရောင်းသူများနှင့်အတူ ဆောင်းနှောင်းနံနက်ဆေးသားများလည်း လွင့်ပြယ်သွားသည်။ နို့ဖိုးနားဝန်းကျင်မှာ ခြောက်ကပ်တိတ်ဆိတ်၍ ကျန်နေခဲ့သည်။

"လွမ်းစရာပါလားနော်" ဟု အေးမင်းဦး ရင်ထဲမြည်တမ်းနေမိသည်။

"မင်းဟာ ငြိမ်းမဟုတ်ပါဘူး၊ ငြိ. . ငြိပါ။ ကိုယ့်အသည်းနှလုံးထဲ မင်း လာငြိနေပါပြီ"

◈ ◈ ◈

"ဟေ့. . သူငယ်ချင်း"

"ဟောဗျာ. . ဘယ်သူလဲလို့၊ လက်စသတ်တော့ တိရစ္ဆာန်ကိုးကွ"

"မင်းအဘ"

"ဟဲ. . ဟဲ. . "

အေးမင်းဦးနှင့် တိရစ္ဆာန်ဆရာဝန် ဖေသန်းမောင်တို့မှာ ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။ ထို့ကြောင့်လည်း တွေ့တွေ့ချင်း မြင်မြင်ချင်း ဖေသန်းမောင်ကို အေးမင်းဦးက တိရစ္ဆာန်ဟု နောက်၏။

"သူငယ်ချင်း ဘယ်က လှည့်လာလဲကွ"

"ဟေမဇလာဘက်မှာ ငါ့အမျိုးတွေ ခွာနာလျှာနာ ကျနေလို့ သွားကုပေးရတာ သူငယ်ချင်း"

"မင်း မျိုးမှန်း ဆွေမှန်းတော့ တော်တော် သိတတ်တဲ့ကောင်ပဲ ဟင်း. . ဟင်း"

"ငါ မျိုးမှန်းဆွေမှန်းသိတတ်တာ သူငယ်ချင်းတို့အတွက်ပါကွာ"



"ဟာ. . သိပ်ဟုတ်တာပေါ့ သူငယ်ချင်းရာ၊ နွားတွေ ခွာနာလျှာနာ မဖြစ်မှ ရောဂါဘယကင်းမှ တို့နို့ဆိချက်လုပ်ငန်းက အောင်မြင်မယ် မဟုတ်လား"

"ဒါပေါ့၊ မင်းတို့ အောင်တံခွန်နို့ဆိချက်လုပ်ငန်း အောင်မြင်နေတာဟာလည်း ငါ့ကြောင့်ပဲ မဟုတ်လား၊ ဒီနယ်တစ်ဝိုက်က နွားတွေ ငါ ဆေးကုပေး. . "

"အေးပါကွာ၊ ကိုယ့်သူငယ်ချင်းကို ကျေးဇူးတင်ပါတယ်။ ထမင်းစားပြီးမှ အေးအေးဆေးဆေးပြန်ကွာ"

လည်ပင်းဖက်ရင်း အေးမင်းဦးက ပြောလိုက်၏။

"အေးကွ၊ ငါလည်း မင်းတို့လုပ်ငန်းကို တစ်ခါမှ မရောက်ဖြစ်တော့ ခု အေးအေးဆေးဆေး လေ့လာချင်လို့ တမင်ဝင်လာတာ"

"ဝမ်းသာလိုက်တာ သူငယ်ချင်းရာ၊ လာ. . လာ"

အေးမင်းဦးက ဖေသန်းမောင်ကို ချက်နို့ကန်ဘက် လက်ဆွဲခေါ်လာ၏။

"သိဟစိုးတော့ သူ့အမေနေမကောင်းလို့ မြို့ခဏပြန်သွားတယ်ကွ ဟိုကောင် ဇော်နိုင်လင်းကလည်း ငှက်ပစ် ထွက်သွားတယ်၊ သူပြန်လာရင် ယုန်တွေဘာတွေတောင် တစ်ခါတစ်ခါ ပါလာတတ်တယ်။ မင်း ယုန်သားစားရတာပေါ့"

"ရက်စက်လှချေလား သူငယ်ချင်းရာ ကိုယ့်အမျိုးတွေအသား ကိုယ်စားရမယ်ဆိုတော့ ငါဘယ်လိုလုပ် မျိုကျပါ့မလဲ"

"ဟား. . ဟား မင်းကတော့လေ"

ဖေသန်းမောင် ပြန်နောက်သည်ကို အေးမင်းဦးက လက်သီးနှင့် ကျောကုန်းကို ကျီစယ်ထိုး ထိုးသည်။

"ဟာ. . တို့မြန်မာပြည်သူပြည်သားတွေတော့ ဒုက္ခပဲ"

ဖေသန်းမောင်က နို့ရေတွေ ပျစ်ထနေသော ချက်ကန်ကို စေ့စေ့ကြည့်၍ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နို့ချက်ကန်အားလုံးမှာ နိုင်ငံခြား ရေချိုးကန် အဟောင်းတွေချည်း ဖြစ်ရာ ဤသည်ကို ဖေသန်းမောင်က ခပ်တည်တည်နောက်သဖြင့် အေးမင်းဦးက ဗိုက်ကို လက်သီးနှင့် မနာအောင် ထိုးလိုက်ရသည်။

ဤသည်ကို သကြား ချေးချွတ်နေသော လှကျော်ထွန်းကလည်း သဘောကျ၍ ရယ်၏။

"ဒီရေစိမ်ချိုးတဲ့ ကန်တစ်ကန်မှာ မင်းတို့နွားနို့ ဘယ်နှစ်ပိဿာ ချက်လဲ"

"ပိဿာနှစ်ဆယ်ကွာ"

"သကြားကကော"

"သကြား ငါးပိဿာ"

"ဟုတ်ပြီ၊ ချက်ပြီး ဘယ်လိုထားသလဲ"

"ချက်ပြီးသား နို့ဆီထည့်တဲ့ ပုံးတွေ ဘယ်လို သန့်စင်ဆေးကြော ရတယ်ဆိုတာ ပြမယ်၊ မင်း တီရှပ်အနက်တစ်ကောင်အဖြင့်နဲ့ ကြည့်ပေးပါဦး"

အေးမင်းဦးက ဖေသန်းမောင်ကို အအေးကန်ဘက် ဆွဲခေါ်လာ၏။

"အဲဒီ နို့ပိဿာနှစ်ဆယ်နဲ့ သကြားငါးပိဿာချက်တော့ မင်းတို့ ချက်နို့ဆီ ဘယ်လောက်ရလဲ"

"ဆယ်ပိဿာ ငါးဆယ်သား ရတယ်ကွ"

"မင်းတို့ နွားနို့တစ်ပိဿာကော ဘယ်ဈေးဝယ်လဲ"

"ဘာလဲ မင်းက နွားမွေးပြီး တို့ဆီ နို့ရောင်းဦးမလို့လား"

"အေး"

"ရောင်းပေါ့ကွာ. . ကောင်းတာပေါ့။ မင်းနို့ဆိုရင် တို့ တစ်ပိဿာ တစ်ဆယ့်ရှစ်ကျပ် ပေးမယ် "

"မင်းတို့ရောင်းတော့ကော"

"ဘာကို ရောင်းရမှာလဲ ငါတို့က"

"ချက်နို့ဆီလေကွာ"



"ဪ. . တစ်ပိဿာ ခြောက်ဆယ် ခုနှစ်ဆယ်ပေါ့ကွာ၊ လက်လီ ဈေး ပြောတာမဟုတ်ဘူးနော်၊ တစ်ကန်ဆိုရင်တော့ ငါးဆယ် ခြောက်ဆယ် မြတ်တာပေါ့ကွာ"

"ဘယ်လိုနွားတွေမွေးရင် ကောင်းမလဲကွာ"

"မင်းအဘ၊ မင်း တီမွေးကုက ငါ့လာမေးနေတယ်၊ သွားစမ်းကွာ ပေါက်ကရတွေ"

"ဟား. . ဟား. . တီမွေးကုဆိုတော့ ခု ကုရုံနဲ့ မလုံလောက်လို့ မွေး ဘာလေးပါ လုပ်မလားလို့ "

"လုပ်ပေါ့ကွာ"

"ဆရာမ မနေ့က မလာဘူးနော်"

သူ မျှော်နေမှန်းသိအောင် အေးမင်းဦးက တမင် မေး၏။ ငြိမ်းက ခေါင်းညိတ်ပြသည်။

"ဘာဖြစ်လို့လဲ ဆရာမ"

"ကျွန်မ မအားလို့ သူများနဲ့ ထည့်လိုက်ရတယ်"

"ဪ. . ကျွန်တော်က နေများမကောင်းဘူးလားလို့ စိုးရိမ်နေတာ"

ရှက်ရှက်နှင့် စကားမရှိစကားရှာပြောနေသော အေးမင်းဦး၏ စကား ငြိမ်းက ပြုံးသည်။ "ကောင်းပါတယ်" ဟုလည်း ရယ်ကျဲကျဲနှင့် ပြန်ပြော

"ဆရာမ ကျောင်းသွားပြရတဲ့ ရွာက ဒဟတ်ကုန်းဆိုတော့ လက်ပံ ဘာနဲ့ နီးတာပေါ့နော်"

"ဟုတ်ကဲ့ နီးပါတယ်၊ ဘာဖြစ်လို့လဲဟင်"

"လက်ပံတောမှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက်လည်း ကျောင်း ဆရာ လုပ်နေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"ဟုတ်. . ဟုတ်ကဲ့"

"လက်ပံတောက ဆရာတွေအားလုံးနဲ့ ကျွန်မနဲ့ ခင်ပါတယ်။ ဘာ မှာချင်လို့လဲရှင်"

"မှာစရာ အထွေအထူးမရှိပါဘူး ဆရာမ၊ ကြုံလို့ မေးကြည့်တာပါ"

"ဆရာ့နာမည်က"

"ကျွန်တော့်နာမည်လား"

"မ. . မဟုတ်ပါဘူး၊ လက်ပံတောက ဆရာ့နာမည် မေးတာပါ"

နှစ်ယောက်သား ပြိုင်တူ အသံထွက်ရယ်လိုက်ကြသည်။

"ကျွန်တော်က ကျွန်တော့်နာမည် မေးတယ်ထင်လို့"

"ရှင့်နာမည် ကျွန်မက ဘာလို့မေးရမှာလဲ" ဟုတော့ ရိုင်းရိုင်းပြ မပြော၊ ငြိမ်းက ပြုံးရုံသာ ပြုံးနေသည်။

"ကျွန်တော့်နာမည်က အေးမင်းဦးပါ ဆရာမ"

"ဟုတ်ကဲ့. . ကျွန်မနာမည်က ခင်အေးငြိမ်းပါ"

"ဟုတ်ကဲ့. . သိရတာ ဝမ်းသာပါတယ်"

"ဟော့ကောင်. . မနေ့က သကြားချေးချွတ်တာ ဘယ်သူတွေလဲ အေးမင်းဦး"

ဆရာမ ခင်အေးငြိမ်းနှင့် စကားအပေးအယူ ဖြောင့်နေသဖြင့် ... မြူးနေသော အေးမင်းဦးမှာ ဇော်နိုင်လင်း၏ ငှက်ဆိုးထိုးသံကြောင့် ရှ... ထိတ်သွားသည်။

တစ်ခုခု အမှားအယွင်းတော့ ဖြစ်ပြီဟုလည်း စိုးရိမ်သွား၏။ ဇော်... လင်းမှာ အောင်တံခွန်၏ ဦးစီးဦးဆောင် ဖြစ်သည့်အပြင် အမှားအ... လည်း လုံးဝ ခံသူမဟုတ်၊ ထို့ကြောင့် ဆရာမ ခင်အေးငြိမ်းနှင့် စကား... နေရာမှ ဇော်နိုင်လင်းမျက်နှာကို လှမ်းကြည့်မိ၏။

ဘယ်အချိန်က သူတို့အနား ရောက်လာမှန်းမသိသော ဇော်နိုင်... က သူ့ကို ခါးထောက်ကြည့်နေသည်။



"ဘာဖြစ်လို့လဲ သူငယ်ချင်း"

"အမှတ် ၃ ဖိုက ချက်နို့ဆီတွေ မင်း ကြည့်ပြီးပလား"

အေးမင်းဦးက ခေါင်းခါပြလိုက်သည်။

"မင်းလာကြည့်ဦး၊ နို့ဆီတွေ ဝါကြန့်ကြန့်ဖြစ်နေလို့"

နို့ဆီချက်ရာတွင် ပထမ သကြားကို ချေးချွတ်ရသည်၊ အမှိုက်သရိုက် မပါအောင် သန့်စင်ရသည်။ သကြားကို နို့ဆီချက်မည့် ကန်ထဲသည့်၍ ရေတစ်ဝက်နှင့် ရောစပ်ကာ မီးအေးအေးဖြင့် အပူပေးထားရသည်။ ...ရှိန်ရလာသောအခါ သကြားနှင့် ရေကို သမသွားအောင် ယောက်မဖြင့် ...မွှေပေးရသည်။ ထို့နောက် သကြားထဲပါလာသော အမှိုက်အမှုန်များနှင့် ...ချေးဖတ်များကို စစ်ယူရသည်။ ဤသည်မှာ သကြားအရည်ကြည် ရလာသည်ထိ ချက်ယူရသည်။

ယခု ဇော်နိုင်လင်းက ချက်နို့ဆီ ဝါကြန့်ကြန့်ဖြစ်နေသည်ဟု ပြောခြင်းမှာ သကြားချေး မစင်၍ ဖြစ်လေသည်။

"မနေ့က သကြားချေး ချွတ်တာ ဘယ်သူတွေလဲကွ"

ဇော်နိုင်လင်း၏အသံ မာလာသည်။

"အေးကွ၊ ငါလည်း အမှတ်တမဲ့ပဲ၊ သီဟစိုးတို့ကို မေးကြည့်ရဦးမယ်"

"မင်းကလည်း ဘာမှမသေချာဘူး၊ ငါ တစ်နေ့မရှိတာနဲ့ ကိုးရိုးကားရားဖြစ်တော့တာပဲ၊ မင်းကြီးကြပ်ဖို့ ငါမှာခဲ့တာပဲ၊ ဒီအတိုင်းဆို တစ်ကန်လုံး ပစ်ရမှာ"

အေးမင်းဦးက ခင်အေးငြိမ်း၏ မျက်နှာကို တစ်ချက် လှည့်ကြည့်လိုက်သည်။

နို့ပုံးကိုဆွဲပြီး ခင်အေးငြိမ်းအထမှာ သူ့ရင်ထဲက ဆွေးသွားသည်။ "ဒီကောင်နှယ် အရေးထဲ" ဟု ဇော်နိုင်လင်းကိုလည်း မကျေနပ်ချင် သို့သော် မည်သို့မျှ မတတ်နိုင်။ ဇော်နိုင်လင်းနောက် ထလိုက်လာရ၏။ ခင်အေးငြိမ်းမျက်နှာကိုတော့ လှည့်ကြည့်လှည့်ကြည့်နှင့်ပင်။

www.burmeseclassic.com



ခင်အေးငြိမ်းနှင့်သူ ဤနေ့ ဤမျှ ရင်းနှီးစကားပြောလိုက်ရသည်ကို ကျေနပ်မိသည်။ နောက်နေ့ နောက်နေ့တွေဆို ပို၍ရင်းနှီးအောင် စကား ဖောင်ဖွဲ့နိုင်ပြီ၊ ဤအတွေးနှင့် ဇော်နိုင်လင်းနောက် လိုက်လာသည်။ အပျော်ကလေးနှင့် လေကလေးပင် ချွန်ပါလာ၏။ ဤသည်ကို ဇော်နိုင်လင်းက အရင်းမရှိ အဖျားမရှိ မသိဘဲနှင့် "ဘာလဲကွ" ဟု အော်လိုက်သေးသည်။

နို့တစ်ကန် စံချိန်မမှီသည်နှင့် ဇော်နိုင်လင်းဟောက်သည်ကို ဤနေ့ အေးမင်းဦး စိတ်မဆိုးမိ။ ခင်အေးငြိမ်းနှင့် ပတ်သက်သော မျှော်လင့်ချက် ကြောင့် ပို၍ပင် ပျော်လာလေသည်။

◈ ◈ ◈

လမ်းတစ်လျှောက်တွင် ဂိမန္တ၏ ဆေးစက်ဆေးခွက်များက စွန်းထင် နေသည်။ ချက်နို့ဆိ ပုံးခွံပုံးလွတ်တွေ တင်လာသော အေးမင်းဦး၏ကား က ဘူတာကလေးနား ရောက်လာ၏။

ဘူတာနား ဝန်းကျင်တွင် ကြံတောင်သူတို့၏ ကျွဲလှည်းများနှင့် ပြည့် ကြပ်နေသည်။ အုတ်ကြွပ်မိုးထားသော ခေတ်ဟောင်း ဘူတာရုံကလေး၏ အမိုးနီနီပေါ်တွင် ကုက္ကိုရွက်ခြောက်များက ထုတက်နေသည်။ လေဟုန်စီး က ပျံ့ဝဲကျဲကျလာသော ရွက်ဝါကျွေများကလည်း ပလူပျံ့နေကြ၏။

ကြံအပြည့် တင်ထားသော ကျွဲလှည်းများ ပိတ်နေသဖြင့် အေးမင်း ဦးက ကားကို လှည်းဆိပ်ဘက် ကွေ့လိုက်သည်။ ဘယ်လိုမှ မျှော်လင့်မထား သော ခင်အေးငြိမ်းကို လှည်းဆိပ်နားက ကုက္ကိုလ်ပင်အောက်မှာ မတ်တင် ရပ်၍ တွေ့ရ၏။

ဝမ်းသာအားရနှင့် ကားကို လှည်းဆိပ်နားမှာ ထိုးရပ်လိုက်သည်။ ရုတ်တရက်ဖြစ်သဖြင့် ခင်အေးငြိမ်းပင် လန့်သွား၏။

"ဘယ်သွားမှာလဲ ဆရာမ"

ကားရှေ့မှ ခေါင်းပြူပြီး ခင်အေးငြိမ်းကို လှမ်းမေးလိုက်သည်။



"ဩော်. . ဘယ်မှမသွားပါဘူးရှင်၊ သစ်ပုတ်ပင်ဘက်က ပြန်လာ ဆာ ရွာကို လှည်းကြုံရမလားလို့၊ ဒီမှာ ခဏစောင့်နေတာပါ"

"ကျွန်တော့်ကားနဲ့ လိုက်ခဲ့ပါလားဆရာမ၊ လမ်းကြုံသားပဲ"

ခင်အေးငြိမ်း ချီတုံချတုံဖြစ်နေစဉ် အေးမင်းဦး ရင်ခုန်နေသည်။

"လိုက်ခဲ့ပါ ဆရာမရယ်၊ အားနာစရာမရှိပါဘူး"

ကားပေါ်ကဆင်းလာပြီး ပြော၏။

"ရွာစွန်က နို့ချက်ဖိုထိပဲ ရောက်မယ်ထင်တယ်နော်"

"ရပါတယ် ကျွန်တော် ဟေမဝါလှည်းဆိပ်ထိ လိုက်ပို့ပါ့မယ်"

"အားနာစရာကြီးရှင် နေပါစေ"

"ဟာ. . အားမနာရပါဘူးဆရာမရယ်၊ ရင်းနှီးပြီးသားလူတွေပဲ၊ လာပါ ဆက်ပါ။ ဆရာမနဲ့ ကျွန်တော်တို့က အကျိုးတူ စီးပွားဖက်ပါ။ နို့ချက်သူနဲ့ နို့ရောင်းသူဆိုတာ တစ်စီးပွားတည်းလို့ ပြောရင်လည်း ရပါတယ်၊ လာပါ. . တက်ပါ ဟဲ. . ဟဲ. . "

ချက်ချင်း ကားခေါင်းဘက်က ပြေးပတ်ပြီး ကားတံခါး ဖွင့်ပေးထား လိုက်၏။

ခင်အေးငြိမ်း ယဉ်ယဉ်ကလေးလျှောက်ပြီး ကားပေါ်တက်သည်။

ခင်အေးငြိမ်းအနေမှာ ဘယ်လိုနေမှန်း မသိသော်လည်း အေးမင်းဦး ရင်ထဲကတော့ ကားအင်ဂျင်နှင့်အပြိုင် ခုန်ပေါက်နေသည်။

ကားဆောင့်သောအခါ ဘေးချင်း ပခုံးချင်းတိုက်မိကြသည်။ ခင်အေး ငြိမ်းကို အားနာသဖြင့် စကားမရှိ စကားရှာပြောရ၏။

"သစ်ပုတ်ပင်ဘက် ဘာသွားလုပ်လဲဆရာမ၊ ကျောင်းကိစ္စလား"

"မဟုတ်ပါဘူးရှင်၊ ဆွေမျိုးတစ်ယောက် နေမကောင်းလို့ သတင်း သွားမေးတာပါ"

"ဟုတ်ကဲ့၊ ခု ဘယ့်နှယ့်နေသေးလဲ"

"သက်သာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လမ်းကြမ်းသဖြင့် ဘေးချင်းတစ်ချက် ထိမိသွားကြပြန်သည်။ အေး
မင်းဦး ပို၍ရင်ခုန်သွား၏။

"သစ်ပုတ်ပင်ဘက်နဲ့စာရင် ဒီဘက်က လမ်းနည်းနည်း ကြမ်းတယ်
ဆရာမ"

"ဟုတ်ကဲ့"

ကွင်းကောက်တံတား ကျော်လာသည်။ အေးမင်းဦး ရင်ထဲမှာ ပို၍
အခုန်မြန်လာ၏။

ခင်အေးငြိမ်းဆိုသော ဆရာမနှင့်ပတ်သက်၍ သူ နောင်တရခဲ့သည်
များကို သတိရသည်။ ဤနေ့သည် သူ့အတွက် ကံကောင်းသောနေ့ပ
ခင်အေးငြိမ်းကို သူ မြင်မြင်ချင်း၊ တွေ့တွေ့ချင်း ချစ်မိကြောင်း ဘယ်
စပြောရလျှင် ကောင်းမည်နည်းဟု ကားမောင်းရင်း စဉ်းစားလာသည်။

သူ ချစ်စကားပြောလိုက်လျှင် ချက်ချင်း ကားရပ်ခိုင်းပြီး ဆင်းသွား
မှာလည်း စိုးရိမ်မိ၏။ ခင်အေးငြိမ်းကို ကြည့်ရသည်မှာ မာနလည်း ရှိပုံ
သည်။

"ဆရာမ ဒဟတ်ကုန်းဘက်မှာ ကျောင်းသွားပြရတော့ နည်းနည်း
ဝေးတယ်နော်"

"ဟုတ်ကဲ့"

"ဟေမဇာလာမှာလည်း ကျောင်းရှိသားပဲ ဆရာမရယ်။ ကိုယ့်ရွာ
ပြောင်းလို့မရဘူးလား"

"ကျွန်မက အလယ်တန်းပြမို့ပါ။ ကျွန်မတို့ရွာက မူလတန်းကျောင်း
ရတာတောင် သုံးနှစ်ပဲ ရှိပါသေးတယ်"

"သြော်. . ဟုတ်ကဲ့၊ ဒဟတ်ကုန်း ဆိုတော့ နည်းနည်းဝေး
ကျွန်တော်က. . "

"ဒဟတ်ကုန်းမှာ ကျွန်မဆွေမျိုးတွေက ဟေမဇာလာမှာထက်ပော
များပါတယ်။ တစ်ရွာလုံး အဖေ့အမျိုးတွေချည်းပါပဲ။ အဘိုးအရင်း



သောက်လည်း ရှိပါသေးတယ်။ ဒဟတ်ကုန်းက ကျွန်မတို့ ငယ်ငယ်က
နေလာတဲ့ ရွာပါ"

သူ့စကားမဆုံးမီ ပေါက်ပေါက်ဖောက်သလို သွက်သွက်လက်လက်
ပြောလိုက်သော ခင်အေးငြိမ်းစကားကြောင့် အေးမင်းဦးမှာ သက်ပြင်းရှည်
တစ်ချက်ကို မသိမသာ ချမိသွားသည်။

ခင်အေးငြိမ်းနှင့် ပတ်သက်၍ တွေ့စက သူပြောမိသော 'စိုးရိမ်လို့
ပါ' ဆိုစကားကို ခင်အေးငြိမ်း ယခုတစ်ခါ ထပ်ပြောမှာစိုး၍ ပြောလိုက်ခြင်း
သာ ဟုလည်း ဝမ်းနည်းသွား၏။

ခင်အေးငြိမ်းနှင့် ပတ်သက်၍ သူဘာမှ စိုးရိမ်စရာ မလိုပါဘူး ဟူ
သော နိမိတ်ပြစကားလေလား။

ဝမ်းနည်းအားငယ်စိတ် အတွေးတို့သည် ရင်ထဲအလိုလို ပြည့်
လာ၏။ သူ ခင်အေးငြိမ်းကို ဘယ်လောက်ချစ်ကြောင်း ဘယ်လို ဆက်၍ ကျွမ်း
ရမှန်းမသိ ဖြစ်နေ၏။

ခင်အေးငြိမ်းကို မသိမသာ အကဲခတ်ကြည့်သည်။ ခင်အေး၊ အခွင့်
တည်တည်ငြိမ်ငြိမ်သာ။ ရှေ့ကို ငေး၍သာ လိုက်ပါလာ၏။ ကဲ့တဲ့

သူနှင့်ပတ်သက်၍ ခင်အေးငြိမ်း တစ်စုံတစ်ခု မေးစေချင်သည်။ ခါ
အထူးသဖြင့် သူတို့မိသားစုအကြောင်း၊ သို့မဟုတ် လက်ရှိ သူတို့သူငယ်
ချင်းတွေ စုပေါင်းပြီး ရွာစွန်တွင် နို့ဆီချက်ဖို့ လာတည်နေကြကြောင်း၊
အကျိုးအမြတ်၊ လုပ်ငန်းသဘာဝ။

ခင်အေးငြိမ်းက ယခု ဘာမှ မမေးသောအခါ သူက စကားမရှိ
စကားရှာရပြန်သည်။

"ဆရာမတို့က မိသားစုများလား ဆရာမ"

"ရှင်. . ဘာဖြစ်လို့လဲ"

"သြော်. . ဘာကြောင့်ရယ် မဟုတ်ပါဘူး ဆရာမ၊ ရင်းနှီးတဲ့
အနေနဲ့ မေးကြည့်တာပါ"

"မများပါဘူးရှင်၊ ညီအစ်ကိုမောင်နှမ သုံးယောက်တည်းပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကိုအေးမင်းဦးတို့မှာကော ညီအစ်ကိုမောင်နှမ ဘယ်နှစ်ယောက်ရှိလဲ" ဟု မေးစေချင်သည်။ ခင်အေးငြိမ်းက လုံးဝနှုတ်မဟ။ လောကဝတ်ပင် မဆို။ ရှေ့ကိုသာ ကြည့်နေသည်။

''ဆရာမ တစ်ခုခုကြောင့် များ စိတ်အနှောင့်အယှက်ဖြစ်လာလားလို့"

"မဖြစ်ပါဘူးရှင်၊ ဘာဖြစ်လို့လဲ"

အေးမင်းဦးမှာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပြန်သည်။

ခင်အေးငြိမ်းနှင့် ပတ်သက်၍ အေးမင်းဦး အထူးသတိထားမိသည်။ ဘာဖြစ်လို့လဲ' ဆိုသော ပြန်လှန်မေးခွန်း မေးတတ်ခြင်းပင်။

ခ၊ "ဟင်" ဟုဆိုပြီး အေးမင်းဦးကို တစ်ချက်လှည့်ကြည့်မှန်း သိလိုက်စပြေ ပြန်ပြောရန် အဖြေရှာမရသဖြင့် အေးမင်းဦး မသိယောင်ဆောင်နေ

ပ်။ ခင်အေးငြိမ်း ဆက်မမေးတော့။ တိတ်တိတ်ကလေး သက်မချ

မှာလ

သ "ဟေမဝါထိ ဆို တော်ပါပြီရှင်၊ ကျေးဇူးတင်ပါတယ်"

ခဏနှုတ်ဆိတ်သွားကြစဉ် ဟေမဝါလှည်းဆိပ်ရောက်ပြီ ဖြစ်သဖြင့် ခင်အေးငြိမ်းက ပြောလိုက်၏။

''ရပါတယ် ဆရာမ၊ မထူးပါဘူး၊ ကျွန်တော် ရွာထိလိုက်ပို့ပေးပါမယ်"

"မဟုတ်တာရှင်. . အားနာပါတယ်၊ တော်ပါ။ ဒီကပဲ ဆင်းပါရစေ"

ခင်အေးငြိမ်းမှာ ဆင်းမည်တကဲကဲလုပ်နေသဖြင့် ဟေမဝါ လှည်းဆိပ်အလွန်မှာပင် ကားကို ရပ်ပေးလိုက်ရသည်။

"လာလည်ပါဦး၊ ရွာဘက်ရောက်ရင် ဝင်ပါဦး" ဟုပင် လောကဝတ်စကားမပြောသည်ကို ဝမ်းနည်းရပြန်သည်။

ဟေမဝါလှည်းဆိပ်မှာတော့ သူ့အသိချည်း။ ကားပေါ်က ဆင်းလိုက်သည်နှင့် "ဘယ်က လာလဲ၊ ဘယ်ကပြန်လဲ၊ ဘာသွားလုပ်လဲ" နှုတ်ဆက်



ကြသူတွေနှင့် စီစီညံနေသည်။

အေးမင်းဦး ရပ်ကြည့်နေသည်။ လှည်းကြုံတစ်စီးပေါ် တက်၏။

"ကိုအေးမင်းဦး ကျွန်မသွားမယ်နော်"

သူ့နာမည်ကိုသာ ထည့်မပြောလျှင် သူ့ကို နှုတ်ဆက်သည်ဟုပင် သင်စရာမရှိ။ တည်ငြိမ်လိုက်သည့် ဆရာမ။

"ဟုတ်. . ဟုတ်ကဲ့ဆရာမ"

"ရွာရောက်ရင်လည်း ဝင်ခဲ့ဦးနော် ကိုအေးမင်းဦး၊ ခင်အေးငြိမ်းတို့အိမ်လို့မေးရင် ဘယ်သူ့မေးမေး ရပါတယ်"

"ဟုတ်ကဲ့ဆရာမ. . ဟုတ်ကဲ့" ဟု ပြောကာ အေးမင်းဦး အံ့ဩစွာငေးကြည့်နေသည်။

"ကျေးဇူးတင်ပါတယ်နော်"

လှည့်ကြည့်၍ ပြောသွားသောစကား အေးမင်းဦးအနေမှာ ကျွမ်းဝစ်ချင်လောက်အောင် ဝမ်းသာသွားသည်။

နှစ်ယောက်တည်းတုန်း သူ့ကို ဟဟစကား မပြောခြင်းမှာ အခွင့်အရေးယူပြီး ချစ်စကား အပြောခံရမှာစိုး၍ ဖြစ်သည်။ "တော်လိုက်တဲ့ဆရာမ" ဟု စိတ်ထဲက ကျိတ်၍ ချီးကျူးလိုက်မိ၏။ သို့သော် ဤတစ်ခါလည်း သူပြောရမည့်စကားကို မပြောလိုက်ရပြန်။ သတိနည်းသော သူ့အတွက် နောင်တနှင့်သာ ကျန်နေခဲ့ရပြန်သည်။

စခန်းရှေ့တွင် ကားရပ်သံကြားသည်။ နို့ချက်ကန်နားက အေးမင်းဦး လှမ်းကြည့်၏။ ခေါင်းထဲတွင် ဇော်နိုင်လင်းနှင့် ဖေသန်းမောင်တို့ကို မြင်ရသည်။

အောင်မြင့်နှင့် စံပွင့်တို့ တဲထဲက ပြေးထွက်သွားကြ၏။ ကားပေါ်ပါလာသော ပုံးခွံ ပုံးလွတ်တွေကို သယ်ချကြသည်။

"မင်းတို့ ဘယ်က တွေ့လာကြလဲကွ"

www.burmeseclassic.com



ကားပေါ်က ဆင်းမလာကြသေးသော ဇော်နိုင်လင်းနှင့် ဖေသန်းမောင်တို့အနား အေးမင်းဦး လျှောက်လာသည်။

"မြို့ကလိုက်လာတာ သူငယ်ချင်း"

ဖေသန်းမောင်အဖြေကို ဇော်နိုင်လင်းကပါ ဖြည့်စွက်ပြော၏။

"ဒီတိရစ္ဆာန်က ဟေမဇာလာမှာ သူ့ကောင်မလေးရှိတယ်၊ လိုက်ကြည့်ကြပါဆိုပြီး တက်လိုက်လာတာပဲကွ"

ဖေသန်းမောင်က အေးမင်းဦးလက်ကို ဖမ်းဆွဲခေါ်၏။

"မင်းကောင်မလေးက ဘယ်မှာလဲ"

ကားပေါ် လှမ်းတက်ရင်း မေးလိုက်၏။ ဖေသန်းမောင်ကမဖြေ၊ ပြုံးစိစိ လုပ်နေသည်။ ဇော်နိုင်လင်းကသာ ဖေသန်းမောင်အစား သူသိသမျှ ဖောက်သည်ချသည်။

"ဟေမဇာလာမှာတဲ့ကွ၊ ကျောင်းဆရာမလို့ပြောတာပဲ။ နာမည်ဘယ်သူရယ်ကွာ ဖေသန်းမောင်"

"မင်းကလည်း တစ်လမ်းလုံး ပြောလာတာတောင် မမှတ်မိဘူး။ ခင်အေးငြိမ်းပါဆို ဟဲ. . ဟဲ. . "

"ဟင်. . ခင်အေးငြိမ်း"

"ဟုတ်တယ်လေကွာ၊ မင်းသိလို့လား"

အေးမင်းဦး နှုတ်ဆိတ်သွားသည်။ စကားမေးပင် မရတော့၊

ခင်အေးငြိမ်းအား ဟေမဝါလှည်းဆိပ်သို့ လိုက်ပို့သောနေ့ကို သတိရသွားသည်။ ကားစက်သံနှင့်အတူ လွင်တီးခေါင်မှ အပူငွေ့တံလျှပ်များ သူ့ရင်ကို လာ၍ ရိုက်ခတ်သွား၏။

"ပူငွေ့ဝေတဲ့ နွေပါလား"



# ငြိတွယ်ကြိုး အပြတ်အစ

"အစ်ကို နယ်ပြောင်းရမယ် မောင်မောင်၊ ထရန်စဖာအော်ဒါ ဒီနေ့ပဲ အောက်တယ်"

အစ်ကိုစကားက ရင်ထဲ နင့်သွားစေ၏။

ညီအစ်ကိုနှစ်ယောက် စက်ရုံတွင် အလုပ်အတူ လုပ်လာခဲ့ကြသည်မှာ ဆယ်နှစ်ကျော်လေပြီ။ အိမ်ခန်းတစ်ခန်းငှားကာ ဆိုင်ထမင်း အတူစားပြီး နေလာခဲ့ကြ၏။

အစ်ကိုက စက်ရုံတွင် ကျွန်တော့်ထက် လုပ်သက်ရင့်သည်။ ကျွန်တော် စက်ရုံတွင် အလုပ်ရသည်မှာလည်း အစ်ကိုသွင်းပေး၍ဖြစ်သည်။ အလုပ်ဌာနချင်းကမူ မတူကြ၊ ကျွန်တော်က စာကြည့်တိုက်တွင် လုပ်ပြီး အစ်ကိုက စက်ရုံထဲတွင် လုပ်ရသည်။

အတူ နေနေကြသော်လည်း အလုပ်ချိန်မတူသဖြင့် ညီအစ်ကို နှစ်ယောက်မှာ အိမ်တွင် သိပ်မဆုံဖြစ်ကြ။ သော့တစ်ယောက်တစ်ချောင်းစီနှင့် လွတ်လွတ်လပ်လပ် နေကြသည်။ စနေ၊ တနင်္ဂနွေဆိုလျှင် ကျွန်တော်က မာလာမြိုင်ရှိ စာရေးဆရာများနှင့် လက်ဖက်ရည်ဆိုင်တွင် တစ်နေကုန် ထိုင်တတ်သလို အစ်ကိုကလည်း တစ်နေကုန် လျှောက်လည်နေတတ်သည်။ ညနေဆိုလျှင် ခုနစ်နာရီကစပြီး ဆယ်နှစ်နာရီ တစ်ချက်အထိ ကျွန်တော် စာရေး၏။ ကျွန်တော် စာရေးနေလျှင် အစ်ကိုက အနှောင့်အယှက်ဖြစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



စိုး၍ လုံးဝ စကားမပြော။ ကျွန်တော်စာရေးနားချိန်မှာ အစ်ကိုက အိပ်နှင့်ပြီ။ မနက်ဆိုလျှင် ကျွန်တော် လမ်းလျှောက်ထွက်၏။ ကျွန်တော် လမ်းလျှောက်ရာက ပြန်လာလျှင် အစ်ကိုက အလုပ်သွားနှင့်ပြီ။

အတူနေကြစဉ်က ညီအစ်ကိုနှစ်ယောက်၏ သံယောဇဉ် တွယ်တာမှုကို အမှုမဲ့အမှတ်မဲ့ နေလာခဲ့သော်လည်း ယခု အစ်ကို နယ်ပြောင်းရတော့မည်ဆိုသောအခါ ရင်ထဲမှာ ဟာသွားလေသည်။

"အစ်ကို ဘယ်ပြောင်းရမှာလဲ"

စာရေးနေရင်းက လှမ်းမေးမိ၏။

"ခု တို့ဆီက အသစ်တည်နေတဲ့ မိုးညို ဘေထုပ်စက်ရုံတဲ့ကွာ၊ အော်ဒါထဲမှာ တစ်ပတ်အတွင်းလို့ ပါတယ်"

"ဘယ်နှစ်ယောက်လဲ"

"တို့အကုန်ငါးယောက်"

အစ်ကို၏မျက်နှာကို တွေကြည့်နေမိသည်။ ဘာဆက်မေးရမှန်းမသိ။

"ငါမရှိတော့ မင်းအိမ်လခ ပိုလာမယ်၊ ဒီတော့"

ရာထူးတစ်ဆင့်တက်ပြီး နယ်ပြောင်းရမည်ဖြစ်သော်လည်း အစ်ကိုကို ကြည့်ရသည်မှာ များစွာ ပျော်ရွှင်ပုံမရ။ မျက်နှာက ခပ်နွမ်းနွမ်းဖြစ်နေသည်။ သို့သော် သူ့စကားကို ပြန်ဆက်၏။

"ငါလည်း ရန်ကုန်က အဲ. . တို့ညီအစ်ကိုချင်း ဘယ်ခွဲချင်မလဲကွာ လခစားဆိုတော့လည်း ထားရာနေ စေရာသွားရမှာပဲ။ မင်းအိမ်လခများမယ်ထင်ရင်တော့ မနက်ဖြန် စက်ရုံထဲက စာရေးတစ်ယောက်ကို ငါပြောထားတယ်။ နောက်လကုန်ရင် သူလာနေလိမ့်မယ်"

"ဟာ. . ရှာမနေပါနဲ့အစ်ကိုရာ၊ အိမ်လခ တစ်ရာနှစ်ရာများလာတာထက် အစ်ကို့လူက အလိုက်ကန်းဆိုးမသိရင် ကျွန်တော် စာရေးပျက်မှာ နောက်ထပ်လုံးချင်း သုံးလေးအုပ် ရေးပေးဖို့ ကျွန်တော့်ထုတ်ဝေသူနဲ့ စာချုပ်ထားတာ ရှိသေးတယ်။ ခု ဒီအုပ်လည်း မနက်ဖြန် သဘက်လောက်တော့ ပြီးတော့မှာ"



"ဟုတ်လား၊ မင်း ခု ဝတ္ထုက ဘာအကြောင်းလဲ"

"ကျွန်တော်တို့ သာတာဂီရက ဘွားဘွားတို့ ခိုင်ရွှေမေတို့အကြောင်းပါ"

"ဘွားဘွားတို့ ခိုင်ရွှေမေတို့အကြောင်းဆို ငါလည်း ဖတ်ချင်တယ်။ မင်းစာအုပ်ထွက်ရင် အစ်ကိုဆီတစ်အုပ် ပို့ပေးဦး"

"ဟုတ်ကဲ့"

အရင်က ကျွန်တော်ရေးသော လုံးချင်းစာအုပ်ဆိုလျှင် 'ငါသိပြီး သားအကြောင်းတွေ၊ မင်းရည်းစားအကြောင်းတွေ ရေးတာချည်းပါလား' ဟု ပြောတတ်သူက ယခု သူ့ရည်းစားဟောင်း ခိုင်ရွှေမေအကြောင်း ဆိုသဖြင့် စိတ်ဝင်စားသွားပုံရသည်။ ကျွန်တော် ပြုံးမိ၍ အစ်ကို နည်းနည်း ရှက်သွားပုံရသည်။

"မင်းစာအုပ်နာမည်က ဘာတဲ့လဲ"

"ငြိတွယ်ကြိုး အမြှတ်အစလို့ နာမည်ပေးထားတယ်"

"အေး. . အေး. . မင်းဝတ္ထုထွက်မှ ငါဖတ်ကြည့်အုံးမယ်"

"ဟုတ်ကဲ့"

◈ ◈ ◈

နံနက် ငါးနာရီတွင် အိပ်ရာက ထသည်။ လမ်းလျှောက်ထွက်ရန် အဝတ်လဲသည်။ အဝတ်လဲပြီး သောက်ရေတစ်ခွက် ခပ်သောက်လိုက်ရာ အိုးဖင်နှင့် သောက်ရေခွက်ထိသံ မြည်သွား၏။ သောက်ရေကုန်နေသည်။ ရင်ထဲ ဟာကနဲဖြစ်သွား၏။ ချက်ချင်း အစ်ကို့ကို သတိရမိလိုက်သည်။

အစ်ကိုနှင့်အတူ နေခဲ့ကြစဉ်ကမှ ယခုလို သောက်ရေအိုး ရေပြတ်လပ်မှုနှင့် တစ်ခါမှမကြုံဖူး။ သောက်ရေအိုးတွင် သောက်ရေမရှိသည့်အခါဟူလည်း တစ်နေ့မှ မရှိခဲ့။ သောက်ရေအိုးသည် အမြဲရေပြည့်လျက်၊ အပြင်တံခါးကို သွားဖွင့်ရာ သံတရှပ်ရှပ်ကို နင်းမိသည်။ အစ်ကို့ကို သတိရမိပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုရှိစဉ်ကမူ ဤသို့ သဲတစ်ရှပ်ရှပ် တစ်ခါမှ မရှိစဖူး။ အစ်ကိုသည် သောက်ရေဖြည့်ခြင်း၊ တံမြက်စည်းလှည်းခြင်းအလုပ်ကို ဒိုင်ခံလုပ်ခဲ့သည်။ 'သောက်ရေထည့်ဦးကွာ၊ တံမြက်စည်း လှည်းဦးလေကွာ' ဟုလည်း တစ်ခါမှ မခိုင်းစဖူး။

အစ်ကိုသည် စက်ရုံ၌သာ အလုပ်ကြီးကြပ်ရသော လုပ်ငန်းခွင်ကို အကွက်စေ့စေ့ လုပ်တတ်သူမဟုတ်။ အိမ်မှာလည်း အကွက်စေ့စေ့နှင့် အမြဲ သန့်သန့်ပြန့်ပြန့် လုပ်ကိုင်ထားတတ်သည်။ ကျွန်တော်ကား စည်းကမ်းမရှိသူ၊ သပ်သပ်ရပ်ရပ်လည်း တစ်ခါမှ နေတတ်သူမဟုတ်။ တစ်ခါတစ်ခါ ဝတ်ပြီးသား အကျီလုံချည်များကိုပင် ဗီဒိုဆိုင်သွားပေးရန် မေ့နေ၍ အစ်ကိုက သွားပေးရသည်။

အစ်ကိုနှင့်စာလျှင် ကျွန်တော်က ပညာတတ်သည်။ စာရေးဆရာဖြစ်သည်။ စာကြည့်တိုက်မှူးဖြစ်သည်ဟု မိမိကိုယ်ကို ဘဝင်မြင့်နေသည်။ အစ်ကိုသည် စက်ရုံထဲတွင် အလုပ်သမားများကို သူက ခိုင်းနေရသော်လည်း အိမ်၌ ညီဖြစ်သူကိုမူ ဘာမှ မခိုင်းရှာ။ အစ်ကိုက ဤသို့ညာတာသည်ကို ကျွန်တော်ကား ယခင်တစ်ခါမှသတိမရဖူး။ ယခု အစ်ကိုမရှိတော့မှ အစ်ကို့ကျေးဇူးကို သတိရနေမိသည်။ သို့သော် လမ်းမပေါ် ရောက်သောအခါ အစ်ကို့ကို သတိမေ့သွားပြန်လေသည်။

◈ ◈ ◈

အပြန်ခရီးဖြစ်၏။ အင်းစိန်လမ်းမကို ဖြစ်ကူးလိုက်သည်။ ဘုရားလမ်း မှတ်တိုင်တွင် ရန်ကုန်ဘက်သွားကြမည့် ခရီးသည်များ စုပုံနေသည်ကား စောင့်နေကြသော လူအုပ်ထဲ အကြည့်တစ်ချက် ဝေ့လိုက်မိ၏။ ရင်ထဲ နွေးကနဲ ဖြစ်သွား၏။

လူအုပ်ထဲမှ မရမ်းရောင်ဝမ်းဆက် ဝတ်ထားသော မရမ်းပြာမလေး တစ်ယောက်သည် မိမိကိုကြည့်၍ ပြုံးပြနေသည်။ သူ မိမိကို ပြုံးပြနေတာ



ဟုတ်မှ ဟုတ်ရဲ့လားဟုလည်း မယုံသင်္ကာဖြစ်သွားမိသည်။ မိမိက သူ့ကို မသိသောအခါ နွေးသွားသောရင်က ဟာသွားပြန်သည်။ သူ့ဆီ အကြည့်ပြန်ဝေ့၏။ သူကား မိမိကို စိုက်ကြည့်ကာ ပြုံးပြနေတုန်း။ ရိုင်းရာကျမည်စိုးသဖြင့် ပြန်ပြုံးပြလိုက်၏။ သို့သော် မလုံမလဲ၊ မဝံ့မရဲသာ။

ဦးဘိုးမှန်လမ်းအတိုင်း မှန်မှန်လျှောက်လာသည်။ မရမ်းပြာမလေး၏ အပြုံးက အိမ်ထိ စွဲငြိပါလာသည်။ "မင်္ဂလာရှိတဲ့ နံနက်ခင်းလေးပါလား"ဟု စိတ်ထဲက တွေးလာသည်။ မျက်နှာကလည်း ပြုံးတုံ့တုံ့ စပ်ဖြဲဖြဲ ဖြစ်လာလိမ့်မည် ထင်၏။ သို့သော် ထိုမရမ်းပြာမလေးကိုမူ မည်သူမည်ဝါမှန်း မိမိမသိသေး။ အသိထဲက တစ်ယောက်ယောက်ဆီကိုလည်း သူမက ရောက်မလာ။

"ဘယ်လမ်းကပါလိမ့်၊ ဘယ်အိမ်ကပါလိမ့်၊ ဘယ်သူ့သမီး၊ ဘယ်သူ့ညီမပါလိမ့်၊ ဘယ်မှာမြင်ဖူးပါလိမ့်၊ ဘယ်တုန်းက မြင်ခဲ့ဖူးပါလိမ့်"

အိမ်ကိုသာရောက်လာသည်။ မရမ်းပြာမလေးအတွေးက မဆုံးနိုင်သေး။ အလုပ်မှာလည်း သူ့ဆီသာ စိတ်ကရောက်နေသည်။

အလုပ်ကပြန်လာလျှင် ရေချိုးသည်။ ထမင်းဆိုင်ကိုသွား၍ ထမင်းစား၏။ ထမင်းစားပြီးလျှင် ရပ်ကွက်ထဲ တစ်လမ်းဝင် တစ်လမ်းထွက်နှင့် နေ့စဉ် လျှောက်နေကျအတိုင်း စောင်းငမ်းစောင်းငမ်းနှင့်။ သို့သော် သူ့ကို ဘယ်လမ်းက ဘယ်အိမ်ရှေ့မှာမှ မတွေ့ရ။ ဘုရားလမ်းမှတ်တိုင်တွင် မနက်က ပြုံးပြသွားသော မိန်းမလှလေးကို ယခင်ကလည်း ရပ်ကွက်ထဲ တစ်ကြိမ် တစ်ခါမှ မတွေ့ဖူး မကြုံဖူးရာ ရင်ထဲ မောချင်လာသည်။ တစ်ညလုံးလည်း အိပ်ပျော်တော့မည် မဟုတ်ဟု ထင်သည်။

တစ်နေ့က နွေးခဲ့သောရင်သည် ယနေ့တော့ တဒိတ်ဒိတ် ခုန်ရပြီ။ လမ်းလျှောက်အပြန်တွင် ဘုရားလမ်းမှတ်တိုင်မှ ဝင်လာသော ကျွန်တော်နှင့် သူ ဆုံမိကြပြန်ပြီ။

သည်ကနေ့ သူလေးက ပိုလှလာသည်။ အဝါရောင်ဝမ်းဆက်နှင့်မို့ ပိုပြီး လွင့်နေ၏။ ဝင်းညက်သော သူ့အသားအရေသည် နှင်းရောင်ဝတ်စုံကြောင့် ပိုပြီး တောက်ပနေသည်။ ကြိုးရှည်သော ကမ္ဘာ့ဇလွယ်အိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



လွယ်လာသဖြင့် တက္ကသိုလ်ကျောင်းသူတစ်ယောက် ဖြစ်မှာပဲဟုလည်း မှတ်ချက်ချလိုက်မိပြန်သည်။

သူနှင့် မျက်နှာခြင်းဆိုင်မိကြသည်။ ရင်ထဲက တဒိတ်ဒိတ်နှင့်။

"လမ်းလျှောက်တာလား"

သူကပင် စတင်နှုတ်ဆက်သည်။

ရုပ်လှသလို အသံကပါ ချိုသာသဖြင့် ရင်ထဲပို၍ ရှိန်းရှိန်းမြမြ ဖြစ်သွားသည်။

"ဟုတ်. . ဟုတ်ကဲ့"

မျက်နှာချင်းဆိုင် ဖြစ်သဖြင့် ဤမျှသာ ပြောဖြစ်ကြသည်၊ တစ်ယောက်နှင့်တစ်ယောက် အရှေ့နှင့်အနောက်ကို မျက်နှာမူပြီး လျှောက်ထွက်လာကြသည်။ ခြေလှမ်းဆစ်ဆယ်မပြည့်မီ နောက်သို့ တစ်ချက်ပြန်လှည့်ကြည့်မိ၏။ သူလည်း သမင်လည်ပြန် ပြန်လှည့်ကြည့်သဖြင့် အကြည့်ခြင်းဆုံသွားကြပြန်သည်။

"မိုက်ဟ. . မိုက်ဟ၊ သူ့ကို ငါစိတ်ဝင်စားနေတယ်ဆိုတာ သူ သိသွားပြီ၊ သူလည်း ငါ့ကို စိတ်ဝင်စားလို့ လှည့်ကြည့်တာပဲ"

စိတ်ကူးယဉ် အချစ်ဗိမာန်ကြီးကား ကျွန်တော့်စိတ်ထဲမှာ ဖြိုးသလောက် တည်ဆောက်မိသွားသည်။ အိမ်ကို ပြန်ရောက်သည်အထိ ရင်ခုန်သံက မြည်ဟည်းနေတုန်း။

ယခင်က တစ်ပတ်လျှင် တစ်ရက်နှစ်ရက်သာ လမ်းထွက်လျှောက်တတ်သော ကျွန်တော်သည် ယခုတော့ စနေ တနင်္ဂနွေကလွဲလျှင် လမ်းလျှောက်မှန်နေသည်။ လမ်းထွက်လျှောက်မှ သူလေးနှင့် နံနက်တိုင်း တွေ့ကြရမည်မဟုတ်လား။

ခါတိုင်းထက် စောစောထသည်။ ခါတိုင်းလို ဖြစ်ကတတ်ဆန်း စက်ရုံက ထုတ်ပေးသော နက်ပြာရောင် အလုပ်သမားအကျီင်္ဘောင်းဘီ ဖိုးရိုးဖားယားကို မဝတ်တော့။ ဇင်သားဘောင်းဘီအဖြူတစ်ထည်ကို အမြန်ဆုံး ဝယ်သည်။ စပို့ရှပ်မွေးပွလက်တိုတစ်ထည်ကို အကျအနဝတ်သည်။ မြန်မာဖြစ်



ဘင်းပတ်အဖြူအစား နိုင်ငံခြား ဝေါ့ကင်းရှူးအဖြူကိုသာ စီးတော့သည်။ ခါးပတ်ကလည်း အကောင်းစား အပျံစားနှင့်။

"ဩော် အချစ်. . အချစ်. . အချစ်ဆိုသည်မှာ အရာရာကို လှပသန့်စင် သစ်လွင်စေပါတကား"

◈ ◈ ◈

"ဒီနေ့ နောက်ကျတယ်နော်၊"

အင်းစိန်လမ်းမကို ဖြတ်ကူးပြီး ဘုရားလမ်းမှတ်တိုင်နား အရောက်မှာပင် သူက စတင်နှုတ်ဆက်ပြန်လေပြီ။ သူ့မျက်နှာပေါ်တွင် အပြုံးတွေကလည်း ဝေလို့၊ ပွင့်လို့၊ လူကလည်း မြူးလို့၊ ကြွရွလို့၊

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

ဝမ်းသာအားရ အပြုံးမြမြနှင့် ပြန်ပြောလိုက်ရ၏။

အမှန်မှာ သူ ပြောလိုက်သလို နောက်ကျနေခြင်း မဟုတ်၊ သူ့ကို မမီလိုက်မှာစိုး၍ ပြည်လမ်းဘက်ကိုပင် ဆက်မလျှောက်ဖြစ်ခဲ့။ သမိုင်းဥပဇာ ကောလိပ်လမ်းမကြီး ဆုံသည်နှင့် ပြန်ခေါက်လာခဲ့ခြင်း ဖြစ်သည်။

အင်းစိန်လမ်းမနှင့် သမိုင်းဥပဇာကောလိပ် လမ်းမထိပ်အရောက်မှာ ဒိန်းပ်ကြိုးပြုတ်သလိုလို၊ ခြေသလုံးကြွက်သား နာသလိုလိုနှင့် သူလေး အလာကို စောင့်ကြည့်နေခြင်းသာ။ သူလာသည်ကိုမြင်မှ ကမန်းကတန်း အင်းစိန်လမ်းမကြီးကို မိ ဖြတ်ကူးလာ၏။

ဤအကြောင်းတွေကို သူလေးအား ဘယ်နေ့ဘယ်ရက်ကျမှ ဟုတ်တိုင်းမှန်ရာ ရင်ဖွင့်ရပါမည်နည်းဟုလည်း တစ်ယောက်တည်း ကြိတ်တွေးသာ၏။ သည်လိုနှင့် တစ်မနက် အိမ်ပြန်ရောက်လာရပြန်၏။ သို့သော် ကျွန်တော်ကား အပျော်ကြီးပျော်နေသည်။ ခေတ်ပေါ်သီချင်းတစ်ပုဒ်ကိုပင် လေချွန်လာသည်။

"ကိုယ်ချစ်တာ သူအသိဆုံး၊ ကိုယ်ချစ်နေတာ သူလေးအသိဆုံး. ."

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလမ်းမှတ်တိုင်သာ စကားပြောတတ်ခဲ့လျှင်ပေါ့။

အလုပ်သမားဝတ်စုံကြီးနှင့် အစ်ကို စာကြည့်တိုက်ထဲ ဝင်လာသည်။

"ဟင်. . အစ်ကို" ဟု ရေရွတ်လိုက်ကာ ကျွန်တော် ချက်ချင်း မတ်တပ်ထရပ်လိုက်မိသည်။

"ဘယ်တုန်းက ရောက်လဲဟင်"

"ခုလေးတင်ပဲကွ. . စက်ပစ္စည်းတွေ လာထုတ်တာ၊ ဒီနေ့ အချိန်မရှိတော့တာနဲ့ စက်ရုံကိုလာတာ၊ ရုံးချုပ်အစည်းအဝေးလည်း မနက်ဖြန် ရှိတယ်"

အစ်ကိုက သူ့လက်ဆွဲသားရေအိတ်ကြီးကို ခုံပေါ် လှမ်းတင်သည်။

"မိုးညိုမှာ အစ်ကိုတို့ အဆင်ပြေရဲ့လား"

"ပြေပါတယ်ကွာ၊ ဘေထုပ်စက်ရုံက တို့စက်ရုံလိုအလုပ်မရှုပ်ပါဘူး လူနည်းတော့ အုပ်ချုပ်ရတာလည်း ကောင်းပါတယ် "

အစ်ကို့ကို ကျွန်တော် ငေးကြည့်နေမိသည်။ အစ်ကို့အသားကတော့ ညိုသွားတယ်။

"ငါထမင်းမစားခဲ့ရသေးဘူး၊ လာကွာ၊ သက်သာဆိုင် သွားရအောင်"

အစ်ကို့နောက် ချက်ချင်း ကျွန်တော် ထလိုက်လာသည်။ ဆိုင်မှာ ညီအစ်ကိုနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်မိကြသည်။

"ဟေး. . ကိုထွန်းဦး၊ ဘယ်တုန်းကရောက်လဲ၊ စက်ရုံမှူးကြီး"

ကောင်တာရှိ စာရေးကြီး ဦးလှဝေက အစ်ကို့ကို ဝမ်းသာအားရ လှမ်းနှုတ်ဆက်သည်။

"ခုလေးတင်ပဲဗျို့. . ရုံးချုပ်ကို ပစ္စည်းလာထုတ်တာ၊ တင်မြင့်လည်း ပါတယ်၊ နေကောင်းကြတယ်နော်"

"ကောင်းပါတယ်၊ သူငယ်ချင်းတို့ မိုးညိုမှာ အဆင်ပြေတယ်နော်"

အစ်ကိုက ဦးလှဝေကို ခေါင်းညိတ်ပြသည်။

"ဒီဆိုင်က ထမင်းကို လွမ်းလို့ဗျို့၊ ဘာဟင်းရှိလဲ"

"အစုံရှိပါတယ်၊ ဘာဟင်းနဲ့စားမလဲ"



"မင်း. . ဘာဟင်းစားမလဲ"

အစ်ကိုက ကျွန်တော့်ကိုသာ ဦးစားပေး မေး၏။

"အစ်ကိုကလည်း ဘယ်အချိန်ရှိပလဲ၊ ကျွန်တော်စားပြီးတာ ကြာပြီ"

ထိုအခါမှ သူ့လက်ကနာရီကို မြောက်ကြည့်ကာ. .

"အေး. . ဟုတ်သားပဲ၊ နှစ်နာရီတောင် ရှိပြီ" ဟု ပြောလိုက်၏။

ကျွန်တော်က လက်ဖက်ရည် မှာသည်။ အစ်ကိုက အမဲနှပ်နှင့် ထမင်းစား၏။

"မင်းနေရတာ တစ်ယောက်တည်း အဆင်ပြေရဲ့လား"

နယ်ရောက်နေသော အစ်ကိုသည် ယခုထိ ကျွန်တော့်အပေါ် သံယောဇဉ် အတွယ်အတာတွေ များနေတုန်း။ အမှန်က တစ်နယ်တစ်ကျေး သွားနေရသော သူ့အတွက်သာ ကျွန်တော်က ပူပန်နေရမည်။

"ပြေပါတယ်၊ စာရေးလို့လည်း ခု ပိုပြီးအဆင်ပြေပါတယ်"

"အေးကွ. . ငါ့အမျိုးသမီးဆီက စာထဲမှာတော့ မင်းကို ခါတိုင်းလိုပဲ မနက်တိုင်း လမ်းလျှောက်လို့ တွေ့တဲ့အကြောင်း ရေးပါတယ်"

"ဗျာ. . အစ်ကို့အမျိုးသမီး"

"အေးလေကွာ. . အဲ မင်းက သူ့ကို သိမှာမဟုတ်ဘူး၊ သူကတော့ မင်းကို သိပါတယ်။ သူကျောင်းသွားတာနဲ့ မင်း လမ်းလျှောက်ပြန်လာတာနဲ့ နေ့တိုင်းလိုလို ဆုံပါတယ်တဲ့၊ ဟိုတလောက ဗြိတ္တယ်ကြီးအပြွတ်အစ ဘယ်တော့ထွက်မလဲလို့တောင် သူကမေးသေးတယ် ဟုတ်လား၊ အဲဒါ ငါ စာရေးပြီး မေးခိုင်းလိုက်လို့"

ကျွန်တော့်မှာ နားထင်နားရင်းတွေ ထူပူသွားမိသည်။ အစ်ကို မေးခိုင်း၍ မေးခြင်းပါလား ဆိုသည်ကိုလည်း ယခုမှ သိရတော့သည်။ အရှက်သည်းသော မိမိမျက်နှာကို ဘယ်လိုထားရမှန်းပင် မသိတော့။

www.burmeseclassic.com

www.burmeseclassic.com

# မုန်းဖို့ကောင်းတဲ့လူ

ဆွဲခြင်းကိုဆွဲပြီး အလုပ်သွားရန် အိမ်ပေါ်က ဆင်းလာသည်။ ခြံ
အရောက်တွင် လမ်းထိပ်ဘက် မသိမသာ မျက်လုံးတစွေ့ ဝေ့ကြည့်လိုက်၏။
လမ်းထိပ် ဗာဒံပင်အောက်ရှိ အုတ်ခုံပေါ်တွင် သူ ထိုင်နေသည်ကို
မြင်ရသည်။ ရင်ထဲ ဝေဒနာအသိက ရုတ်ခြည်း လှုပ်ခတ်လာသည်။ ဤ
လမ်းထိပ်တွင် သူ့ကို တွေ့နေရသည်မှာ တစ်ရက်မဟုတ်၊ နှစ်ရက်မဟုတ်
ခင်အေးရည် သတိထားမိသည်မှာ သုံးလေးရက်ရှိလေပြီ။

သူ ဆိုသည်မှာ ခင်အေးရည်တို့ လမ်းထဲက ကျော်ဇေယျ ဖြစ်သည်။
ခင်အေးရည်တို့လမ်းထဲ ကျော်ဇေယျတို့ မိသားစု ပြောင်းလာကြသည်မှာ
ငါးနှစ်ခန့်ရှိလေပြီ။ ခင်အေးရည်တို့ လုံချည်စိမ်း အင်္ကျီဖြူနှင့် ကျောင်းတက်
ရသော ဆယ်တန်းနှစ်က ဖြစ်သည်။

သူလည်း အင်္ကျီဖြူ လုံချည်စိမ်းနှင့် အိမ်ရှေ့က ဖြတ်ဖြတ်သွားသည်
ကို မြင်ရသဖြင့် ဆယ်တန်းကျောင်းသားမှန်း သိရသည်။ သူ့အဖေမှာ တ
သွယ်ရေးဝန်ထမ်းဖြစ်ပြီး အညာမြို့တစ်မြို့မှ ရန်ကုန်ပြောင်းလာသည်
သိရသည်။



ကျောင်းချင်းမတူသော်လည်း အိမ်ရှေ့က ဖြတ်သွားဖြတ်လာ
သဖြင့် မြင်နေ သိနေရသည်။ အိမ်ရှေ့ရောက်တိုင်း ခင်အေးရည်တို့
ဘက်ကို နေ့စဉ် လှည့်ကြည့်သွားတတ်သည်ကိုလည်း သတိပြုမိသည်။
ဦးကပင် သူနှင့်ပတ်သက်၍ ခင်အေးရည်လည်း စိတ်လှုပ်ရှားခဲ့ရသည်။

ခင်အေးရည်နှင့် အစ်မ ခင်အေးသီတို့ ဆယ်တန်းကို အတူအောင်
အောင်ကြတော့ သူလည်း ဆယ်တန်းအောင်ကြောင်း သိရသည်။ သူ့အဖေ
ရာထူးကြီးသူတစ်ယောက်ဖြစ်သဖြင့် 'တက္ကသိုလ်တစ်ခုခု သူ ဆက်တက်
ပေါ့' ဟု တွေးကာ ခင်အေးရည် စိတ်မကောင်းဖြစ်ခဲ့ရသည်။

ခင်အေးရည်တို့ ညီအစ်မနှစ်ယောက်မှာ တက္ကသိုလ်ကောလိပ်သို့
ဆက်မတက်နိုင်ကြ။ ဆယ်တန်းကိုပင် အမေအဖေတို့က ကျောင်းအနိုင်နိုင်
ထားခဲ့ရသည်။ ထို့ကြောင့် ဆယ်တန်းအောင်သည်နှင့် ညီအစ်မနှစ်ယောက်
အလုပ်ဝင်လုပ်ခဲ့ကြရသည်။

နောက်မှသိရသည်မှာ သူလည်း ကောလိပ်ဆက်မတက်ဖြစ်ဘဲ ပြည်
ရှိ စက်မှုလက်မှုကျောင်းကို ရောက်သွားသည်ဟု သိရသည်။ ထို့ကြောင့်
ည်း နွေရာသီကျောင်းပိတ်ရက်များတွင် သူ့ကို တွေ့နေရသည်။ သူ လမ်း
ရှိနေစဉ်တော့ အိမ်ရှေ့က ဖြတ်သွားတိုင်း ခင်အေးရည်တို့ အိမ်ရှေ့
ရောက်ပြီဆိုလျှင် မမှေ့မလျော့ အမြဲလှည့်ကြည့်တတ်သည်။

သူသည် ခင်အေးရည်နှင့် အကြည့်ချင်းလည်း ကြိမ်ဖန်များစွာ ဆုံဖူး
သည်၊ သို့သော် တခြားကောင်လေးများလို မျက်စပစ်ပြတာတို့၊ ရယ်ပြတာ
တို့ ပြုံးပြတာတို့ အလျဉ်းမရှိ။ ငေးငေးလေးသာ ကြည့်နေတတ်၏။

ပင်ကိုကလည်း နှုတ်နည်းပြီး အေးဆေးပုံရသည်။ လမ်းထဲက
ကောင် လေးများလို လက်ဖက်ရည်ဆိုင်တို့၊ အအေးဆိုင်တို့မှာ
အေးလားဝါးလား လုပ်နေတာ တစ်ခါမျှ မတွေ့ရ။ ခင်အေးရည်
သူ့အပေါ် စိတ်ဝင်စားမိ သည်မှာ ဤအရည်အချင်းတို့လည်း ပါသည်။

အဝတ်အဆင်ဆိုလျှင်လည်း ဂျင်းအင်္ကျီ၊ ဂျင်းဘောင်းဘီတွေ ဝတ်
ဆင်တာမတွေ့ရ။ ကချင်လုံချည်ကွက်စိပ်၊ ကွက်ကြဲနှင့် ရှပ်လက်ရှည်အဖြူ

www.burmeseclassic.com

www.burmeseclassic.com



ဝတ်တာသာ တွေ့ရသည်။ ဤသည်ကိုလည်း ခင်အေးရည် သဘော
သည်ပင်။

သူ့ကို မတွေ့မမြင်ရလျှင် ရင်ထဲ ဟာနေတတ်သည်။

'မြော် ကျောင်းဖွင့်လို့ သူ ပြန်သွားပြီကိုး' ဟူသောအသိနှင့် ဖြေ
ရသည်။ 'ကိုကို့ကို အေးရည် ချစ်တာ ရိုးရိုးအေးအေးနေတတ်တာလ
ပါတယ်' ဟု တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပြောခွင့်ရလိမ့်မည်ဆိုတာ ခင်
ရည် တွက်ထားခဲ့သည်။

သုံးနှစ်ကြာလို့ သူ ကျောင်းပြီးသွားတော့ ပျောက်သွားပြန်သ
နယ်မှာ အလုပ်ရသွားပြီဟု သိရပြန်သောအခါ ရင်ထဲမှာ နင့်ရပြန်သ

'အဖေက အရာရှိကြီးပဲ၊ ရန်ကုန်မှာ အလုပ်တစ်ခုခုရအောင် မ
စားနိုင်ဘူးလား၊ တုံးလိုက်တာ' ဟုလည်း စိတ်ထဲက ရန်တွေ့နေပါသ

ယခု နယ်က ခွင့်နှင့် ပြန်လာတာလားတော့မသိ၊ ခင်အေးရည်
ကို တွေ့နေရသည်မှာ တစ်ပတ်နီးပါးခန့် ရှိနေပြီ။ ခင်အေးရည်တို့ အိမ်
ရောက်တိုင်း ယခင်ကလို လှည့်လှည့်ကြည့်သွားတတ်သည်ကို မြင်ရ
ခင်အေးရည်မှာ ရင်ခုန်ရပြန်သည်။

ယခု ခင်အေးရည်ကို သူ လမ်းထိပ်အုတ်ခုံပေါ်က ထိုင်စော
သည်မှာတော့ သုံးလေးရက်ရှိပြီ။ တစ်နေ့ကမူ ခင်အေးရည်နောက် သူ
လာသည်။ စကားပြောလိမ့်မည်၊ စာပေးလိမ့်မည်အထင်နှင့် ခင်အေး
မှာ ရင်ထဲ တလှပ်လှပ်နှင့်။

ကံဆိုးချင်တော့ ခင်အေးရည်တို့နှင့် တစ်ရုံးတည်း အလုပ်လု
သော မေသိန်းကျော်ကို ကားမှတ်တိုင်တွင် တွေ့ရသဖြင့် ခင်အေး
နှုတ်ဆက်စကားပြောရသည်။ သူကလည်း မယောင်မလည်နှင့် ခင်အေး
နားတွင် ရပ်နေ၏။

အမှတ်ရှစ် ကားနှစ်စီးတွဲ ရောက်လာသောအခါ ခင်အေးရည်
မေသိန်းကျော်တို့ ကားပေါ်တက်လိုက်ကြသည်။ သူ ပါလာလိမ့်မည်
ထဲမှာ၊ ရပ်ကွက်ထဲမှာမို့ စကားမပြောရဲတာ၊ မြို့ထဲရောက်မှ စကား



ူ လိုက်လာလိမ့်မည်ဟု ထင်ခဲ့သည်။ သို့သော် သူပါမလာ။ ရင်ထဲ ဟာ
ွားသော်လည်း 'ရုံးပြန်များ သူစောင့်နေဦးမလား' ဟု ထင်ခဲ့သည်။ ဟိုဟို
ည်သည် ကြည့်သေးသည်။ သူ့အရိပ်အယောင်ကိုမျှ မမြင်ရပြန်။ အိမ်
ပြန်မှာ စိတ်တိုချင်နေသည်။ ညနေရောက်တော့ သူတို့အိမ်ဘက်ကိုပင်
င်အေးရည် တစ်ခေါက် လျှောက်မိလိုက်သေးသည်။ သူတို့အိမ်ထဲတော့
ူလို လှည့်မကြည့်ရဲသဖြင့် သူ ရှိမရှိ မသိခဲ့ရပေ။

ဤနေ့လည်း မနေ့ကလို ဟိုတစ်နေ့ကလို၊ အရင်ရက်တွေတုန်းက
လမ်းထိပ် ဓာတ်ပင်အောက်မှာ သူလာစောင့်နေပြန်ပြီဟု သိလိုက်သည်။

ခင်အေးရည်လျှောက်လာသည်ကို သူမြင်နေသည်။ သေသေချာချာ
င် လှည့်ကြည့်နေသည်။ ခင်အေးရည်မှာ ရင်တခုန်ခုန်နှင့်မို့ ခြေလှမ်းပင်
ခုန်ချင်။ သို့သော် စိတ်ထဲက ပျော်နေသည်။ သူ့အနား ရောက်သည့်အခါ
ူ ထရပ်လိုက်သဖြင့် တစ်ကိုယ်လုံး နွေးထွေးသွားပါသည်။

"မခင်အေးရည်"

တုန်နေသော သူ့အသံကြောင့် ပို၍ ရင်ခုန်သွားမိသည်။

သူက အနားကပ်လာသည်။ ခင်အေးရည်က လှည့်မကြည့်သေး။
ခြေလှမ်းကိုလည်း မှန်မှန်ဖြစ်အောင် ကြိုးစားလျှောက်နေရ၏။

"မခင်အေးရည်"

"ရှင်"

"အလုပ်သွားတာလား"

"ဟုတ် . . ဟုတ်ကဲ့"

"ကျွန်တော် မခင်အေးရည်ကို မေးမယ် . . မေးမယ်နဲ့ မ . . "

"ဟုတ်ကဲ့"

"ကျွန်တော်နဲ့က သိပ်မဆုံဖြစ်ကြဘူးလေ၊ နယ်မှာ ကျောင်းသွား
ရတာဆိုတော့ ကျောင်းပိတ်ရက်မှ ရန်ကုန် ပြန်ရတာကိုး"

"ဟုတ်ကဲ့" ၊

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ရတော့လည်း နယ်မှာဆိုတော့ တစ်နှစ်နီးပါး ရန်ကုန် ကင်းကွာသွားတယ်"

"ဟုတ်ကဲ့"

"အဲဒါကြောင့် အနေဝေးသလို ဖြစ်သွားတယ်၊ ခုတော့ ကျွန်တေ ရန်ကုန်ကို ပြန်ပြောင်းလာရပါပြီ"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့. . ဘာမေးမလို့လဲဟင်"

"ဩော်. . ခင်အေးသီကို မမြင်မိလို့ပါ"

"ရှင်. . အစ်မကို မေးတာလား"

"ဟုတ်ကဲ့ ခင်ဗျာ။ မခင်အေးရည်ရဲ့အစ်မ မခင်အေးသီကို မေးတ ပါ။ ကျွန်တော် ရန်ကုန်ရောက်နေတာ တစ်ပတ်လောက်ရှိပြီ၊ သူ့. . သူ့ မတွေ့မိလို့"

ခင်အေးရည် သက်ပြင်းတစ်ချက်ကို ရှည်လျားစွာ ချမိလိုက်သည

"ဆည်မြောင်းဘက်က အရာရှိတစ်ယောက်နဲ့ အိမ်ထောင်ကျ အစ်မ နယ်လိုက်သွားတာ နှစ်ပတ်လောက် ရှိပြီရှင့်"

"ဟင်. . ဟုတ်လား"

သူ ငွေးကျန်ရစ်စဉ် ခင်အေးရည် ဒေါသနှင့် ကားမှတ်တိုင်ဘ သုတ်သုတ်လျှောက်လာသည်။

စိတ်ထဲကမူ. .

"ဟင်. . ဒါနဲ့များ မုန်းဖို့ကောင်းလိုက်တဲ့လူ"

ဟာ ဟာ ဟာ ဟာ

# ဆည်းလည်းသံများ လွင့်ပျံ့ချိန်

သူ့ကို တက္ကသိုလ်ကျောင်းသားတစ်ယောက်မှန်း ချိုမာ သိသည်။ နယ်က ကျောင်းလာနေသူ မိဘတွေက ပစ္စည်းအတော်အသင့်ရှိသူ။

ချိုမာတို့အိမ်နှင့်ကပ်လျှက်က ဦးတင်အောင် ဒေါ်ခင်ခင်နွဲ့တို့အိမ် မှာ လာနေသည်။ ဦးလေးသားချင်း တော်သည်ဟု သိရသည်။ လူကြီးတွေ မရှိလျှင် ချိုမာကို သူကြည့်နေတတ်သည်။ လူကြီးတွေရှိလျှင်တော့ ခိုးကြောင် ခိုးဝှက်သာ ကြည့်ရ၏။ ချိုမာအကြည့်နှင့် ဆုံသွားလျှင် သူက မျက်လွှာချ ပစ်တတ်သည်။ ချိုမာကတော့ ရင်ခုန်ရ၏။

ကျောင်းသွားကျောင်းပြန် လမ်းမှာ ဆုံမိကြလျှင် စကားစတတ်သည်။

"ညည်း စာအော်ကျက်တာကိုတော့ ပညာရေးမို့ အားပေးပါတယ်။ ဒါပေမယ့် တစ်ညလုံး အိပ်မရတာကတော့ တို့ပါ'

တမင်စမှန်းသိ၍ ချိုမာ ဘာမျှပြန်မပြော။ မျက်နှာကို ထီးနှင့် ကွယ် ပြီး သုတ်သုတ်အိမ်ပြန်လာရသည်။ ချိုမာမျက်နှာပေါ်က အပြုံးကိုတော့ သူ မြင်ချင်မှ မြင်မည်။ ချိုမာ၏ ရင်ခုန်သံကိုလည်း သူကြားချင်မှ ကြား မည်။

လူကြီးတွေသိမှာ၊ ရိပ်မိမှာကိုတော့ သူ စိုးရိမ်ပုံရသည်။ ချိုမာနှင့် ရှေ့ဆင့်နောက်ဆင့်တော့ တစ်ခါမှ အိမ်ပြန်မလာ၊ လမ်းမှာတွေ့လျှင်သာ

www.burmeseclassic.com

www.burmeseclassic.com



စကားစလက်သော်လည်း ချိုမာကို သူ စပြီဆိုလျှင် လမ်းထိပ် လက်ဖက်ရည်ဆိုင်ထဲ ဝင်ကျန်နေခဲ့တတ်၏။ ချိုမာကတော့ အိမ်အထိနောက်က သူလိုက်လာလေမလားဟု ရင်တထိတ်ထိတ်နှင့်။ အိမ်ရောက်သည်အထိ ရင်ခုန်က မပျောက်နိုင်သေး။ သူတို့အိမ်ဘက်ကိုလည်း ခိုးကြောင်ခိုးဝှက် ကြည့်ရ၏။ သူ့ကို မမြင်ရမှ သက်မချမိသည်၊ ရင်ထဲတော့ တစ်မျိုးကြီးပင်။

သူက ပင်မတက္ကသိုလ် တက်သူ၊ ချိုမာက လှိုင်နယ်မြေ၊ သည်တော့ နေ့စဉ်မဆုံဖြစ်၊ တစ်ပတ် နှစ်ခါ သုံးခါသာ ဆုံဖြစ်သည်၊ သူ ချိုမာ အပြန်ကို တမင်စောင့်နေတာလည်း ပါမည်။

တစ်နေ့ လမ်းထိပ်မှာ ဆုံမိကြတော့ သူမေးသည်၊

"ချိုမာ့မှာ ချစ်သူရှိလား"

"ဒါက ဘာစကားလဲ"

ရယ်ချင်စိတ်၊ ကြည်နူးစိတ်တွေကို ချိုးနှိမ်ပြီး ချိုမာ ခပ်ထန်ထန် ပြန်မေးလိုက်သည်။

"ဩော် ချိုမာတို့အိမ်က ဆူဆူပူပူ မကြာမကြာ ကြားနေရလို့ပါ"

"သူများအိမ် ဆူတာနဲ့ သူနဲ့ ဘာဆိုင်လို့လဲ"

ရုတ်တရက် ဘာပြန်ပြောရမှန်း မသိသလို သူ တွေကြည့်နေသည်၊

ချိုမာတို့အိမ်က ဆူဆူပူပူ ဖြစ်တတ်တာတော့ အမှန်ပင်၊ ချိုမာတို့အိမ်မှာ ညီအစ်ကိုမောင်နှမ များ၍ တစ်ယောက်တစ်ပေါက်နှင့် ဆူညံကြသလို ဖေဖေ အိမ် နေ့စဉ်မပြန်တာက ပိုဆိုး၏၊ ဖေဖေမှာ မေမေ့အပြင် နောက် အငယ်လေးတစ်ယောက်ရှိသေးသည်၊ ထို့ကြောင့် အဖေပြန်လာတိုင်း အမေက ဆူတတ်၏။ အမေက အဖေ့ထက် အသက်လေးငါးနှစ်ကြီးသည်။ စိတ်ဆိုးလာလျှင် အမေ့ကို နင်လုံးငါလုံးရိုက်၍ အော်ဟစ်ဆဲဆိုတတ်သည်။

အမေကလည်း ငယ်နိုင်မို့ မခံ၊ ကြမ်းကြမ်းတမ်းတမ်း အလုတ္တ အနတ္တတွေ ထွက်လာသည်၊ ထိုအခါမျိုးမှာ ချိုမာတို့သားအမိတွေက အရှက်ရတတ်ကြသည်၊ မိုးလင်းလျှင် သူနှင့်ဆုံမိမှာပင် ရှက်ရွံ့နေမိသည်၊



အိမ်မှာ ပူညံပူညံ ဖြစ်ကြပြီဆိုလျှင် သူနှင့် သုံးလေးရက်အထိ ကားဂိတ်လမ်းထိပ်မှာ မဆုံဖြစ်ကြ၊ ချိုမာ ရှက်နေမှာစိုး၍ သူကပင် အလိုက်တသိရှောင်နေတတ်ကာ နောက်မှသဘောပေါက်မိသည်၊ ခုတော့ အိမ်ကိစ္စ သူ တောဦး သန်းလာသည်၊

တိတိကျကျ မေးနေမှာစိုး၍ ချိုမာ ရွံ့ရွံ့နှင့် ခြေလှမ်းပြင်တော့ သူက ဆက်ပြောသည်၊

"ချိုမာတို့အိမ်က ခဏခဏ ပူညံပူညံ ဖြစ်နေတော့ ရည်းစားသနာများရှိရင် လိုက်ပြေးပါလားလို့ အကြံပေးမလို့ပါ ဟဲ. . ဟဲ. . "

"ဩော်. . တော်တော်ကောင်းတဲ့ အယ်ဒီုင်ဆာပါလား"

"ဟဲ. . ဟဲ. . သက်သက်စတာပါ၊ စိတ်မဆိုးပါနဲ့"

"မစနဲ့၊ သူများ မကြိုက်ဘူး"

"ဟဲ. . ဟဲ. . "

သူ ထပ်ရယ်နေသည်၊

ချိုမာလည်း ခြေဆောင့်ပြီး သူ့ရှေ့က ထွက်လာ၏၊ ထုံးစံအတိုင်း ချိုမာနှင့် ရှေ့ဆင့်နောက်ဆင့် ကပ်မလိုက်ရဲ၊ သူက လမ်းထိပ်မှာ မယောင်လည်နှင့် ကျန်နေခဲ့ပြန်သည်။ သူ ဘယ်လိုအနေအထားနှင့် ကျန်ခဲ့သည်ကို သိချင်သော်လည်း ချိုမာ လှမ်းမကြည့်ဝံ့၊ အိမ်ပြန်ရောက်တော့ ရယ်ချင်တော်တော်နှင့် သူ့စကားတွေကို ပြန်တွေးပြီး ကြည်နူးသည်၊

◈ ◈ ◈

သူ စောင့်နေတာ သေချာသည်၊ ကားပေါ်က ဆင်းတုန်းက သူ့ကို မြင်မိ၊ သူများ စောင့်ကြည့်နေသလားဟု ကြည်နူးမှုတစ်ဝက်၊ ရင်ခုန်မှုတစ်ဝက်နှင့် ပတ်ဝန်းကျင် ဘယ်ညာကို ကြည့်မိသော်လည်းမမြင်ရ၊ ညကတော့ တော်တော်များများပင်။ ဘယ်နေရာ ပုန်းမှန်းမသိ၊ သူ မစောင့်ပါ

www.burmeseclassic.com



ဘူး။ သူ မရှိပါဘူး ချိုမာ စိတ်လျှော့ သက်ပြင်းချလိုက်သည်။ ခြေလှမ်း သုံးလေးလှမ်းပဲ လှမ်းရသေးသည်။ ချိုမာ့အနား သူ ရောက်လာသည်။

"ကျောင်းပြန်လာပလား၊ ဒီနေ့ နောက်ကျတယ်နော်"

အမှန်ကတော့ နောက်မကျပါ၊ ပရယ်တီကယ် မရှိသောနေ့မို့ စော ပင် စောနေသေးသည်။ ထို့ကြောင့် . .

"ဘာနောက်ကျတာလဲ၊ ပရယ်တီကယ်မရှိလို့ ဒီနေ့ တစ်နာရီ လောက်တောင် စောနေတာကိုများ"

"ဩော် . . စောင့်ရတဲ့လူအနေက နောက်ကျတယ် ထင်တာ ဖြစ် တတ်ပါတယ်လေ။ ဟာ . . အေး . . ဒါ နိယာမဆိုတာမဟုတ်လား"

သက်သက် စပြန်ပြီဆိုတာ ချိုမာ သိလိုက်၏။

"ခု . . ချိုမာအသက်ဘယ်လောက်ရှိပလဲ"

"ဘာလဲ . . ကျောင်းပြီးရင် လ. ဝ. က မှာ အလုပ်လျှောက်ဖို့ စိတ် ကူးထားလို့လား"

ဤတစ်ခါ ချိုမာက ပိုင်ပိုင်နိုင်နိုင် ပြန်တွယ်လိုက်၏။

"အလုပ်အကိုင် ရှားပါးတဲ့ ခေတ်ဆိုတော့လည်း လောလောဆယ် မှာ သားကျွေးမှု မယားကျွေးမှုအတွက် ရရာအလုပ် ဝင်လုပ်သင့် လုပ်ရမှာ ပေါ့ဗျာ"

သူ၏ ညိုးငယ်မျက်နှာနှင့် တည်တည်ငြိမ်ငြိမ်စကားက ချိုမာ့ကို ဝမ်းနည်းသွားစေသည်။ သူ နယ်မှာ အိမ်ထောင်ရှိနေပြီကိုလည်း သဘော ပေါက်လိုက်၏။

"ကလေးက ဘယ်နှစ်ယောက်လဲ"

"ဗျာ"

ချိုမာ၏ တုန့်တုန့်လှုပ်လှုပ်အမေးကို သူ ကြောင်သွားပုံရ၏။

"ဩော် နယ်မှာ သားမယားတွေထားပြီး ကျောင်းလာတက်ရတာဆို"

"ဟာ . . မဟုတ်ပါဘူးဗျာ၊ တို့မှာ အိမ်ထောင်ရှိတယ်လို့ ဘယ်သူ ပြောလဲ"



"သူပဲ စောစောက ပြောပြီးတော့"

ခုမှ ချိုမာ့ရင်ထဲ အလုံးကြီး ကျသွား၏။

"တကယ်ရှိခဲ့ရင် ဆိုတဲ့ သဘောနဲ့ ပြောတာပါဗျာ၊ ခုမှ ကျွန်တော့် အသက်က နှစ်ဆယ့်လေးနှစ်ပါ၊ အိမ်ထောင်ပြုဖို့ စိတ်ကူးတော့ ရှိတာပေါ့။ ချိုမာ့အသက်ကကော"

"နှစ်ဆယ့်တစ်နှစ်"

ပြောပြီးမှ ဘာလို့ ပြောမိပါလိမ့်ဟု တွေးမိသည်။ သူကပဲ အငိုက်ကို ဖမ်းမေးတတ်၍လား၊ သို့မဟုတ် ချိုမာကပဲ အိုး . . ချိုမာ နောင်တရသွား မိသည်။

"တော်တော် မိုက်သေးတာပဲ၊ အဲ . . မဟုတ်သေးပါဘူးလေ၊ လိမ္မာ ရှာသားပဲ"

"ဘာလဲ . . ဘယ်သူ့ကိုပြောတာလဲ"

သူ့ဘာသာသူ တစ်ယောက်တည်းညည်းသလို ပြောသဖြင့် ခပ်ဆတ် ဆတ် မေးမိလိုက်၏။

"ဩော် အသက်က နှစ်ဆယ့်တစ်နှစ် ရှိပြီဖြစ်တဲ့ ရန်ကုန်သူ ချိုမာ လေး ခုအသက်အရွယ်ထိ ရည်းစားသန်တောင် မရှိသေးဘူးဆိုတော့ ဒီ သူငယ်မလေး တော်ရှာသားပဲလို့ ပြောမလို့ပါဗျာ၊ ဟဲ . . ဟဲ . ."

"ဘယ်လိုလုပ်သိလဲ . ."

ရယ်ချင်တစ်ဝက်နှင့် ချိုမာ့နှုတ်က ရွတ်တရက် ထွက်သွား၏။

"သိတာပေါ့ဗျာ၊ မှတ်မိသေးလား"

"ဘာကိုမှတ်မိရမှာလဲ"

"ဟောဗျာ . . မှတ်ဉာဏ်တော့ တိမ်းပါးချွတ်ချော်မှု မရှိသေးပါဘူး နော်၊ အေးလေ၊ တက္ကသိုလ်ကျောင်းသူတောင် ဖြစ်နေပြီပဲ၊ မှတ်ဉာဏ်က တော့ ကောင်းမှာပါ။ ဆယ်တန်းအောင်တုန်းက ဒီတွေဘာတွေ ပါသေးလား၊ ခုတော့ ဘာမေဂျာ . ."

"မဆိုင်တာတွေ လျှောက်ပြောမနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူ သိချင်တာတွေကို တိုက်ရိုက်မမေးဘဲ သို့မဟုတ် သူ မေးလျှင် ချိုမာက အမှန်အတိုင်း ပြောချင်မှ ပြောမည်ကို သိ၍ ချိုမာ့ကို စပြီး စကားအငိုက်ဖမ်းလို၍ တမင် စမှန်း သိသဖြင့် ချိုမာက အော်လိုက်ရသည်။

"ဆိုင်ပါသော်ကောဗျာ၊ အရင်တစ်ခါ တို့က အိမ်မှာ ပူညံပူညံနဲ့ ရည်းစားသန်ရှိရင် လိုက်ပြေးပါလားလို့ စမိတာတောင် မကြိုက်ဘူးဆိုတော့ ရည်းစားမရှိတာ သေချာတာပေါ့၊ တချို့မိန်းကလေးများဆိုရင် ရည်းစားရှိတာတောင် ဂုဏ်ယူတတ်ကြတာဗျာ၊ ချိုမာက တော်ရှာပါ"

"အနာပေါ်တုတ်ကျလို့ ဆတ်ဆတ်ခါ ဖြစ်သွားတယ်ဆိုရင်ရော"

"ဟဲ. . ဟဲ. . ချိုမာပြောမှ တို့လည်း သတိရတယ်။ ဟုတ်မယ်ဗျ၊ တို့အမေက ပြောဖူးတယ်"

"ဘာပြောတာလဲ"

"ကောင်မလေးတွေများ ရည်းစားသန်ရှိပြီဆိုရင် သိပ်ကို သိသာတယ် တဲ့။ မျက်နှာကလည်း မချိုမချဉ်နဲ့ အမြဲ မြူးနေတာပဲတဲ့။ ခု ချို့မာ့ မျက်နှာမျိုးဗျ၊ ဟုတ်တယ်မို့လား၊ ချိုမာ့မှာ ရည်းစားရှိနေပါပြီ"

"မဟုတ်ကဟုတ်က၊ သူများကို လာမပြောနဲ့ သွားစမ်း"

"ဟဲ. . ဟဲ. . ဒီတစ်ခါလည်း အနာပေါ် တုတ်ကျပြန်ပလား"

သူ ရယ်၍ ပြောလိုက်တော့မှ ဟာ. . မှားသွားပြန်ပြီဟု သတိရမိလိုက်၏။ တတ်လဲတတ်နိုင်တဲ့သူပဲ ဟု စိတ်ဆိုးကာ တအား အော်ပစ်လိုက်၏။

"သွား. . သွား၊ သူများကိုတွေ့တိုင်း စ,စနေတာ၊ လူကြီးတွေနဲ့ တိုင်ပြောတော့မယ်၊ ဒါပဲ သွား"

သူက ထုံးစံအတိုင်း ရယ်မော၍ ကျန်နေခဲ့၏။ ချိုမာကတော့ အိမ်ရောက်မှ သူ့စကားတွေ တွေးပြီး ကြည်နူးရမည်။ ဪ. . ဒီည အိပ်၍မှ ပျော်ပါ့မလား။

◈ ◈ ◈



သီတင်းကျွတ်လပြည့်နေ့နှင့် ကျောင်းပိတ်ရက် ဆုံနေ၏။ သီတင်းကျွတ်လပြည့်နေ့မှာ ရွှေတိဂုံဘုရားသွားကြရန် ချိုမာတို့အိမ်မှာ သူငယ်ချင်းတစ်စု တိုင်ပင်ကြသည်။

အသံကျယ်သော သန်းသန်းစိုးအသံကြောင့် သူ့အိမ်က ကြားသွားပုံရသည်။ ချိုမာတို့ ဘာပြောနေကြလဲဆိုတာ သူ ခိုးနားထောင်နေတာလည်း ဖြစ်ချင်ဖြစ်မည်။

သီတင်းကျွတ်လပြည့်နေ့ သူငယ်ချင်းသုံးယောက် ဘုရားသွားကြသည်။ တန်ဆောင်းထိပ်မှာ သူ ထိုင်စောင့်နေသည်ကို ချိုမာမြင်ရ၏။ ရင်ထဲ တဒိတ်ဒိတ်ခုန်သွားသည်။ သန်းသန်းစိုးနှင့် ကေသီတို့ကတော့ ရိပ်မိပုံမရ။ ချိုမာတို့ ဘုရားပေါ်တက်လာကြတော့ သူ မယောင်မလည်နှင့် နောက်က လိုက်လာသည်။ ချိုမာ လှည့်မကြည့်ဝံ့။

ချိုမာနှင့် ကေသီတို့က တနလ်ာသမီး၊ သန်းသန်းစိုးက သောကြာဆီမီး၊ ပန်းတွေ လှူပြီး ယကြာချေဖို့ ထီးဖြူ ကုက္ကား၊ မလေးပွားတွေ ဝယ်ရန် တန်ဆောင်းထိပ်က ပန်းဆိုင်ရှေ့ ရပ်လိုက်ကြတော့ သူလည်း ခပ်တည်တည်နှင့် အနားလာရပ်သည်။

ချိုမာက ထီးဖြူဆိုတော့ သူလည်း ထီးဖြူ လိုက်တောင်း၏။ ချိုမာက ကုက္ကားဆိုတော့ သူလည်း ကုက္ကား။

ချိုမာ သူ့ကို ဖျတ်ကနဲလှည့်ကြည့်တော့ သူက ခပ်တည်တည် လုပ်နေသည်။ ယခုအချိန်အထိ သန်းသန်းစိုးနှင့် ကေသီတို့ လုံးဝ ရိပ်မိပုံမရကြသေး။ ပန်းအစုံနှင့် ထီး၊ တံခွန်ကုက္ကား၊ မလေးပွားတွေ အစုံယူပြီး ဖြစ်သော်လည်း ချိုမာက နောက်ထပ် တံခွန်နှစ်ခု ထပ်ယူသောအခါ သူလည်း တံခွန်နှစ်ခု ထပ်ယူပြန်သည်။

ရယ်ချင်နေသော်လည်း ချိုမာ သူ့ကို မသိမသာ အံကြိတ်ပြသည်။ သူကတော့ ခပ်တည်တည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သန်းသန်းစိုးက "နင့်ဟာ တော်ရောပေါ့ဟယ်၊ တံခွန်သုံးခု ကုက္ကား သုံးခု ဝယ်ရတယ်" ဆိုသဖြင့် ကုက္ကားသုံးခု ထပ်ဝယ်ရပြန်၏။ သူလည်း ကုက္ကားသုံးခု ထပ်ဝယ်ပြန်သည်။

ဤတစ်ခါတော့ ကေသီရော သန်းသန်းစိုးပါ အံ့ဩသွား၏။ မေး ဆတ်ပြပြီး အကြည့်နှင့် "နင့်အဆက်လား" ဟု တီးတိုးမေးကြသည်။ ပြောရ မှာ ခက်သဖြင့် ချိုမာ သက်ပြင်းချလိုက်မိ၏။ သူ့ဘက်လှည့်ပြီး 'ဒါ ဘာ သဘောလဲ' ဟု အော်ပစ်လိုက်၏"

"ချိုမာတို့ ယတြာချေဖို့ လုပ်နေကြတာမဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မတို့ ယတြာချေဖို့ လုပ်နေကြတာနဲ့ ရှင်နဲ့ဘာ ဆိုင်လဲ"

သန်းသန်းစိုးနှင့် ကေသီတို့က ချိုမာ့စကားကို အံ့အံ့ဩဩ ကြည့် နေကြ၏။

"အမေက စာရေးမှာလိုက်လို့ပါ။ ဒီလ ငါ့သား အညွှတ်ရောက် . ."

"ညွှတ်ညွှတ် ကောင်းကောင်း လာပြီးကြောင်မနေနဲ့"

"မကြောင်ရပါဘူးဗျာ၊ အမေ့စာထဲမှာ ဂြိုလ်စီးဂြိုလ်နင်း၊ စမ်းနဝင်း၊ ဆန္ဒင်းမကင်းမလွတ်လို့ ယတြာချေပါ မှာထားတာကြာပြီ၊ ယတြာချေတဲ့ ပစ္စည်းတွေ မဝယ်တတ်တော့ ခု ချိုမာဝယ်တာကြည့်ပြီး ဝယ်ရတာ ခွင့် လွှတ်ပါ၊ ကျေးဇူးကမ္ဘာပါ ခင်ဗျာ"

"မလိုပါဘူး"

"တို့ကတော့ လိုကို လိုအပ်လို့ပါ"

သန်းသန်းစိုးနှင့် ကေသီတို့က ဝိုင်းရယ်ကြသည်။

ခြေဆေးပြီး ချိုမာ ပန်းဆိုင်နားလေးက ထွက်လာတော့ ပန်းစုံနှင့် ယတြာပစ္စည်းတွေကိုင်ပြီး သူလိုက်လာပြန်သည်။

သန်းသန်းစိုးနှင့် ကေသီတို့က တမင်နောက်ချန်နေခဲ့ကြသည်။ သူ က သန်းသန်းစိုးနှင့် ကေသီတို့ကို "ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီသူငယ်မ တို့ကို စိတ်ကောက်ပြီး စကားမပြောတာ သုံးလေးမိနစ် ရှိသွားပြီ" ဟု ချိုမာ



ကြားလောက်အောင် ပြော၏။ အာကျယ်မ သန်းသန်းစိုးက "ကဲ . . ဒါဆို လည်း မောင်ဘုရားက နှမတော်လေးကို လိုက်ချော့ပါဦး" ဟု ရယ်၍ ပြော သည်။

ချိုမာက "ဟော့ . . လာကြလေကွာ၊ မင်းတို့ဘာလုပ်နေကြလဲ" ဟု လှမ်းအော်တော့ လျှာထုတ်ပြကြသည်။ သူကတော့ ချိုမာ့အနား ချက်ချင်း ရောက်လာ၏။

"ဘုရားပေါ်ထိ ရှင်လိုက်နှောင့်ယှက်နေတာ ဘာသဘောလဲ"

"နှောင့်ယှက်တာမဟုတ်ပါဘူး ချိုရယ်"

ချိုမာပင်မဟုတ်တော့ဘဲ "ချို" ဖြစ်သွားသောအခါ ချိုမာပို၍ ရင်ခုန် သွားရသည်။

"ဘာလို့လိုက်လာတာလဲ"

"မကြားဘူးလား"

"ဘာကို ကြားရမှာလဲ"

"သတင်းစာထဲပါသားနဲ့"

"ဘာပါလဲ၊ သတင်းစာထဲ"

"ဘုရားပေါ် စုံတွဲတွေကိုတွေ့ရင် ဘုရားလူကြီးတွေက တစ်ခါတည်း လက်ထပ်ပေးစားလွှတ်ကြတယ်တဲ့၊ ခုလည်း ဖြစ်များ ဖြစ်မလားလို့ တို့ ဆိုက်မိတာပါ"

ဘယ်အချိန်ကပင် အနားရောက်နေကြသည် မသိသော သန်းသန်း စိုးနှင့် ကေသီတို့၏ ရယ်မောလက်ခုပ်သံနှင့်အတူ ဘုရားပေါ်မှ ဆည်းလည်း သံများကို ချိုမာ ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

# အချစ်သီတင်းသည်

နာရီစက်မြည်သံမရပ်မီ ကျွန်တော် အိပ်ရာကထသည်။ လက်
မီးကို စမ်းယူ၏။ အောက်ထပ်ကို ကမန်းကတန်း ဆင်းလာသည်။

"ဦးလေးရန် နိုးစက်ကျပြီဗျို့၊ မိုးလင်းတော့မယ် ထကြတော့"

ဦးလေး ရန်သာနှင့် ဒေါ်လေးပုတို့သည် ကျွန်တော့်ကို အံ့ဩ
မျက်လုံးနှင့် ကြည့်ကြသည်။ သူတို့အကြည့်ထဲက အဓိပ္ပါယ်ကို ကျွန်
သိပါသည်။ သည်နေ့ သည်ကောင် တယ်ဝီရိယကြီးနေပါလားဟု
သဘောပင်။

အိမ်ပေါ်ထပ်မှ ဆင်းလာသော ဘွားဘွားက ပို၍အံ့ဩကြည့်
၏၊ ဦးလေးရန်သာအား ကျွန်တော် လက်ဆွဲမီး ကူထွန်းပေးနေသည်။
ဟင်း မြန်မြန် ချက်ပြုတ်နိုင်ကြရန်ဖြစ်ပါသည်။

ဘွားဘွား၏ ဝိတိပြုံးက ကျွန်တော့်ကို မလုံမလဲ ဖြစ်သွား
ခါတိုင်း သီတင်းပတ်များတွင် လက်ဆွဲဓာတ်မီး ကူညီထွန်းပေးရန် မဆို
နှင့် အားလုံး ဆွမ်းဟင်းချက်ပြီးသည်အထိ ကျွန်တော် အိပ်ရာက မထ
အဘွား၊ ဦးလေး၊ ဒေါ်လေး တစ်ယောက်ယောက် လာနိုးရ၏။ ဤသ
ပင် အင်း. . အဲ. . ဟင်း လုပ်၍ တစ်ခါတစ်ခါ ပြန်အိပ်နေတတ်
အဘွားကိုယ်တိုင် အခန်းထဲဝင်ပြီး ဆွဲထုတ် ခေါ်ငင်ရလေ၏။



"အိမ်း. . ငါ့မြေးကလည်း ဘုန်းကြီးကျောင်းလိုက်ရမှာ ကျားမြီး သွား
ခွဲဖို့ အဖော်ခေါ်နေတာ ကျနေတာပဲ။ အမေ အဖေ၊ အဘိုးအဘွားတွေက
ကျောင်းဒါယကာ၊ ဘုရားဒါယကာ၊ သားကျတော့ သံဃာနဲ့တောင် စကား
ပြောင့်ပြောင့် မပြောတတ်ဘူး။ မရှက်ဘူးလား၊ နင့်ကို ဇိနတ္ထပကာသနီကျမ်း
တတ်ခိုင်းတာလဲ ဘာတွေဖတ်နေပါလိမ့်၊ ဇိနတ္ထထဲမှာ ဖတ်မိရဲ့လား၊ အနာ
ထပိဏ်သဌေးရဲ့သား မောင်သာဠအကြောင်းလေ။ အနာထပိဏ် သဌေးက
ဘုရားဒါယကာ၊ ကျောင်းဒါယကာဆိုတော့ သားကို ဘုရား ကျောင်းသွားပြီး
သီတင်း သီလစောင့် တရားနာစေချင်လို့ တစ်နေ့သွားရင် ငွေအသပြာ
တစ်ရာပေးမယ်ပြောပြီး လွှတ်ရသတဲ့။ ငွေလိုချင်တဲ့ မောင်သာဠက တစ်နေ့
အသပြာတစ်ရာပေးမယ်ဆိုတော့ ဘုရားကျောင်းသွားမယ်ပြောပြီး အိမ်က
ထွက်သွားလိုက်၊ တစ်နေ့ရာရာမှာ အိပ်လိုက်၊ ဒိုးထိုး ဂျင်ပေါက် ပြန်လာ
လိုက်၊ သူ့အဖေဆီမှာ ပိုက်ဆံတောင်းလိုက်ပေါ့။ နောက်တော့ သားအကျင့်
သိတဲ့ အနာထပိဏ် သဌေးကြီးက ဘုရားကျောင်း သွားပြီး တရားမနာ
နာအောင် "ချစ်သား၊ ဘုရားဆီသွားပြီး တရားနာပါ။ ဘုရားဟောတဲ့ ဂါထာ
တစ်ပုဒ်ပဲ ရအောင် မှတ်လာခဲ့၊ အိမ်ရောက်ရင် အသပြာ တစ်ထောင်
ပေးမယ်" လို့ ပြောပြီး တရားနာလွှတ်ရသတဲ့။ ခုလည်း နပ့်ကို ပိုက်ဆံပေးပြီး
တောရကျောင်း ခေါ်ရမလို ဖြစ်နေပြီ" ဟု ညည်း၏။

"တစ်ရာ တစ်ထောင်တော့ မပေးပါနဲ့ ဘွားဘွား၊ ကျွန်တော့်ကို
တစ်နေ့ တစ်ဆယ်ပဲ ပေးဗျာ။ ကျွန်တော် သီတင်းပတ်တိုင်း လိုက်ပါ့မယ်"
ဟု ပြောသောအခါ အားလုံး ဝိုင်းရယ်ကြသည်။

မှန်ပါသည်။ ကျွန်တော် ဘုန်းကြီးကျောင်းသို့ မလိုက်လိုပါ။
အင်မတန် ပျင်းစရာကောင်းပါသည်။ ကျွန်တော်တို့လို ဆယ့်ငါးနှစ်သား
လူငယ်များအတွက် ဘုန်းကြီးကျောင်းသည် ဘောလုံးကွင်းလောက် ပျော်စရာ
မကောင်းပါ။ ထို့ကြောင့်လည်း ဥပုသ်နေ့ကျမှာကိုပင် တွေးပူနေမိပါသည်။

မနက်လေးနာရီခွဲ ငါးနာရီလောက်တွင် လှူဖွယ်ဝတ္ထု ဆွမ်းဟင်းများ
ကို ချိုင့်ကြီးချိုင့်ငယ်တွေနှင့် ထည့်ပြီး မြင်းလှည်းနှင့် တောရကျောင်းသို့

www.burmeseclassic.com

www.burmeseclassic.com



သွားကြရသည်။ ရှစ်နာရီနီးမှ မြို့ပြင်က တောရကျောင်းသို့ ရောက်၏။ လှူဖွယ်ဝတ္ထုများ လှူဒါန်း၍ လူကြီးများ ဥပုသ်သီတင်း စောင့်ကြသည်။ လူငယ်လူရွယ်များက ငါးပါးသီလ ယူကြ၏။ ဘုန်းကြီးတရားက မပြီးနိုင်၊ ဆယ်နာရီကျော် ဆယ့်တစ်နာရီ နီးမှ အဟောအပြော ရပ်၏။

အဘွားနှင့်တကွ အမျိုးသမီး သီတင်းသည်များ ဥပုသ်ဇရပ်သို့ ဆင်းလာကြသည်။ အမျိုးသား သီတင်းသည်များ ဘုန်းကြီးကျောင်းပေါ်၌ ကျန်ခဲ့၏။

ကျွန်တော့်မှာ အဘွားနှင့်လာရသူမို့ ဥပုသ်ဇရပ်သို့ ဆင်းလိုက်လာရ၏။ ထမင်းဝိုင်းစားကြသည်။ ကုသိုလ်ရအောင်ဟု အဘွားက ဘုန်းကြီးကျောင်းမှ ချိုင့်ဆယ်လုံးကို ဆေးခိုင်းသည်။ အိမ်မှာဆိုလျှင် ကိုယ်စားသည့် ပန်းကန်ပင် ကိုယ်ဆေးရန် မလို။

အမျိုးသမီး သီတင်းသည်များထဲမှ မျက်စိကောင်းသူ၊ စာဖတ်တတ်သူများ ငါးရာ့ငါးဆယ်ပုံဝတ္ထု ဇာတ်ကြီးဆယ်ဘွဲ့ ဖတ်ကြသည်မှာ ညနေမိုးချုပ် အိမ်ပြန်ခါနီးထိ။

ကျွန်တော်တို့ လူငယ်တွေအတွက် ဘာမှအလုပ်မရှိ။ လူကြီးတွေဖတ်သောစာကိုလည်း စိတ်မဝင်စား။ အဘိုးအဘွားများနှင့် တောရကျောင်းလိုက်လာသော အချို့ကောင်လေးများဆိုလျှင် လေးခွပင် ဝှက်ယူလာကြ၏။ တောရကျောင်းတစ်ဘက်ရှိ တောထဲတွင် ငှက် လျှောက်ပစ်ကြသည်။ ကျွန်တော်က ဦးလေးရန်သာ၏ လေသေနတ်ကို မျက်စောင်းထိုးနေ၏။ အဘွားကို ကြောက်သဖြင့် ယူတော့ မယူရဲသေး။

လောကဓာတ်ကျောင်း နေနေရသည်မှာလည်း လေးငါးနှစ်ပင် ရှိပြီဖြစ်သဖြင့် ဘုန်းကြီးကျောင်းတွင် ဘယ်လိုမှမပျော်တော့။ ယခင်က နေခဲ့ရသည်များကို တွေးမိတိုင်းလည်း ငြီးငွေ့နေမိ၏။ ထို့ကြောင့်လည်း သီတင်းပတ်တိုင်း တောရကျောင်း လိုက်ရန်ကို အဘွားက အတင်းအကြပ် ခေါ်နေရခြင်း ဖြစ်၏။



ဤသီတင်းပတ်မှာတော့ ကျွန်တော် ဝီရိယကောင်းနေသည်။ မည်သူမှ မနိုးခင် ကျွန်တော် ဦးစွာနိုး၏။ အမှန်မှာ မနက်ဖြန် ဥပုသ်နေ့ပဲ။ အဘွားတို့နှင့် ကျောင်းကို လိုက်ရမှာပဲဟူသော အသိနှင့် အဖိတ်နေ့ကပင် ပျော်နေ၏၊ အိပ်မပျော်။ နာရီနိုးစက် မမြည်ခင်ကပင် နိုးနေ၏။

ဤသီတင်းပတ်၌ ကျွန်တော် ဤသို့ ဝီရိယကြီးနေသည်မှာ ခိုင်ဇင်မေ ဆိုသော သီတင်းသည်မလေးကြောင့်ပင် ဖြစ်လေသည်။

◈ ◈ ◈

သူ့ကို ကျွန်တော် လွန်ခဲ့သော သီတင်းနှစ်ပတ်ခန့်က တောရကျောင်း၌ စတွေ့ရလေ၏။ သူသည်လည်း ကျွန်တော်ကဲ့သို့ပင် သူ့အဘိုးအဘွားတို့နှင့် တောရကျောင်းသို့ လိုက်လာသူပင်။ သူ့အမေ အဖေတို့မှာ ဝါပါတို့နှင့် သိသည်၊ ပွဲရုံလုပ်ငန်း လုပ်သူချင်းဖြစ်သဖြင့် အဘွားတို့နှင့်လည်း ရင်းနှီးကြသည်။ အဖေ အမေတို့မှာ အရောင်းအဝယ် စီးပွားရေးလုပ်ငန်းကြောင့် သီတင်းပတ်တိုင်း တောရကျောင်းသို့ မလာနိုင်ကြသလို သူ့အဖေအမေတို့လည်း မလာနိုင်ကြပေ။

ခိုင်ဇင်မေနှင့် ကျွန်တော်မှာ ရွယ်တူပင် ဖြစ်၏။ ယောဂီထမီ အညိုဒူးမှာအကျီ အဖြူလက်ရှည်ကို ဝတ်ထားသည်။ လက်ကန်တော့ထိုးသော ဝါပိုင်း အညိုရောင်ကိုလည်း စလွယ်သိုင်း ရစ်ပတ်ထား၏။ အသားဖြူဖြူ သွယ်သွယ်လျလျ၊ သူ့ယောဂီဆင်နှင့် ကျွန်တော့်မျက်စိထဲဝယ် ဘယ်လိုကြည့်ကောင်းမှန်း မသိ။ မျက်ခုံး မျက်လုံး နှာတံကအစ ပြစ်မျိုးမှဲ့မထင်သော ခိုင်ဇင်မေလေးကို တွေ့တွေ့ချင်း စိတ်ညွှတ်နေမိသည်။

ပထမဦးဆုံး တွေ့ရသော သီတင်းပတ်ကိုလည်း မှတ်မှတ်ရရ ရှိသေးသည်။ သီတင်းသည်၏ ယောဂီဝတ်စုံနှင့် ကျောင်းပရဝုဏ်ထဲတွင် မတ်တပ်တံမြက်စည်းတစ်ချောင်းနှင့် တံမြက်စည်း လှည်းနေ၏။ သီလရှင် မခံယူရသေး။ သူ ကျောင်းကိုရောက်ရောက်ချင်း လှည်းနေပုံရ၏။ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်း ကျောင်းခြံဝတွင် ရပ်ပြီး ကျောင်းဝင်းထဲ ဝင်လာကြသည်။ သူက မျက်ခွံတစ်ချက် ပင့်ကြည့်သည်။ ကျွန်တော် လှမ်းအကြည့်နှင့် ဆုံသွား၏။ ကျွန်တော့်ရင် တဒိတ်ဒိတ် ခုန်သွားသည်။ နွေးထွေးသော ရင်ထဲက ဝေဒနာကြောင့်ပင် သူ့ကို သတိထားမိ၏။ သူ၏ လှုပ်ရှားမှုမှန်သမျှ အကဲခတ်နေမိ၏။ အသွားအလာ၊ အနေအထိုင်၊ အပြောအဆို အားလုံး သိမ်မွေ့ယဉ်ကျေးလွန်းသည်။ စကားပြောရာတွင် ပို၍ ညင်သာသည်။ သူက တရားတောင်းကို အသံနေအသံထားနှင့် ရွတ်ဆို၍ မထစ်မငေါ့ တရားတောင်း၏။ ဘုန်းကြီးနှင့်တကွ အားလုံး အံ့သြကြသည်။ ဦးပဇင်း၊ ကိုရင်များပင် ခေါင်းပြူကြည့်ကြ၏။ သူ တရားတောင်း ရွတ်ဆိုနေစဉ် တ ချိန်လုံး ကျွန်တော့်တစ်ကိုယ်လုံးမှာ ပီတိနှင့် ကြက်သီးမွေးညင်း ထနေမိသည်။

နေ့လည်တွင် ဥပုသ်သည်များကို ဇရပ်၌ စာဖတ်ပြသည်။ ပို၍ အံ့သြကြရသည်။ သူ စာဖတ်ပြနေသော တစ်ချိန်လုံး သူ့မျက်နှာ နုနုလေးကို ကျွန်တော် ခိုးကြည့်နေမိ၏။ သတိလစ်၍ ငေးငိုင်သွားသည်လည်း ရှိ၏။ လူကြီးတို့ကလည်း သူ့ကို ချီးကျူးကြသည်။ အိမ်အပြန်တွင် အဘွားက သူ့ကို တစ်လမ်းလုံး ချီးကျူးခန်း ဖွင့်လာ၏။

"တော်လိုက်တဲ့ ကလေးမနှယ်. . အမေအဖေ အဘိုးအဘွားများ ဘယ်အချိန်က သင်ပြထားကြပါလိမ့်၊ သူကိုယ်တိုင်ကလည်း ပါရမီရှင်ကလေး ထင်ပါရဲ့။ အဲဒီလို မြေးမလေးတစ်ယောက် လိုချင်လိုက်တာ။ သာသနာပြုတယ်ဆိုတာ ကျောင်းကြီးကန်ကြီး ဆောက်လှူပြီး တစ်နယ် တစ်ကျေး သွားဟောမှ ပြောမှ မဟုတ်ပါဘူး၊ မိမိအိမ်တွင်းမှာလည်း သာသနာပြုလို့ ရတယ်လို့ ဘုန်းကြီးက အမိန့်ရှိတာ မှတ်မိသေးတယ်၊ အိမ်က ကလေးတွေကို အိပ်ရာဝင်တိုင်း ငါးပါးသီလ နေ့စဉ်ယူခိုင်း၊ ဘုန်းကြီးတွေနဲ့ ရင်းနှီးအောင် ငယ်ငယ်ကလေးထဲက ကျောင်း ကန် ဇရပ်ခေါ်သွား၊ အဲဒီလို အထုံပါရမီဖြစ်အောင် လုပ်ပေးတာလဲ သာသနာပြုတာပဲတဲ့ ရန်သာရဲ့၊ ဒီကလေးမကို လူကြီးတွေ သာသနာပြုထားလို့သာ ခုလို လိမ္မာယဉ်ကျေးရှိတာပေါ့"



မြင်းလှည်းမောင်းနေသော ဦးလေးရန်သာကို အဘွားက လှမ်းပြော၏။

"ဟုတ်တာပေါ့ ကြီးကြီး၊ လောကုတ္တရာရေးမှာ ကလေးတွေကို ကျောင်းကန် ဘုရားခေါ်သွားပြီး ရတနာသုံးပါးနဲ့ နီးစပ်မိအောင် သာသနာပြုပေးရသလို ကျွန်တော်တို့ ရုံးပြင်ကနားတွေမှာလည်း စနေနေ့ဆို ကလေးတွေ ရုံးခေါ်လာကြတာ အစက ကျွန်တော် သဘောမပေါက်ဘူး။ နောက် လူကြီးတစ်ယောက်က ပြောမှ မှန်ပါလားလို့ လက်ခံမိတယ်"

"ဘာတဲ့လဲ"

"ကလေးတွေ ရုံးပြင်ကနားနဲ့ ရင်းနှီးအောင်လေ ကြီးကြီး၊ ပညာတတ်တဲ့ အရာရှိကြီးတွေကို အားကျပြီး ပညာသင်ချင်စိတ် ပေါ်ပေါက်လာအောင်၊ မိဘက အရေးကိစ္စရှိလို့ လွှတ်လိုက်ရင်လည်း သွားတတ် လာတတ် ပြောတတ် ဆိုတတ်ရှိအောင်ပေါ့။ ဘာမဆို ငယ်ငယ်ကတည်းက အလေ့အကျင့် လုပ်ပေးထားမှ၊ တချို့ကလေးတွေဟာ သူ့အဖေရုံးခန်းထဲတောင် မဝင်ရဲသလို တချို့လူကြီးတွေကျပြန်တော့လည်း ကလေးသာ ရှင်ပြုဖို့ နီးလာတယ် ဘုန်းကြီး ရဟန်းနဲ့တောင် စကားမပြောတတ်တာ အပိုပဲ။ ခု ဒီကလေးမတော့ ကျွန်တော်လည်း သတိထား ကြည့်မိတယ်။ တကယ့် ဇာတ်တော်တွေထဲက သီလဝတီလေးလိုပဲ။ ဒီအရွယ်နဲ့ ရှစ်ပါးသီလ စောင့်တာ သာ ကြည့်တော့"

ဦးလေးရန်သာ ပြောမှ ဇာတ်နိပါတ်များထဲက သီလဝတီလေးတွေ၊ ပါရမီဖြည့်ဘက် ခင်ပွန်း ဇနီးမောင်နှံတွေကို အတွေးပေါ်လာမိ၏။ ဝေဿန္တရာနှင့်မယ်မဒီ၊ သုမေဓာနှင့်သုမိတ္တာ၊ ဝိပ္ပလိနှင့်ဘဒ္ဒါမေ နှစ်သွယ် သက်ထား ကုသိုလ်ဘက် လင်မယားများ၊ ဆုတောင်းဘက်များ။

သူလေးလည်း ငါနဲ့ ပါရမီဖြည့်ဘက် မိန်းကလေးသာဖြစ်ရင် သိပ်ကောင်းမှာပဲ။ သူလုပ်သလို ငါ လိုက်လုပ်ရင် သူနဲ့ငါ ပါရမီဖြည့်ဘက် ဖြစ်မှာပဲ ဟူသော စိတ်အတွေးသည် တစ်လမ်းလုံး ရင်ထဲ၌ ပြည့်ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်သောအခါ ဥပုသ်ဇရပ်၌ သူ ဖတ်ပြသွားသော မေတ္တာသုတ်ထဲက စာပိုဒ်တွေကို သတိရ၍ အဘွားဗီရိုကို ဖွင့်၏။ ဆယ့်ငါးစောင်တွဲထဲက မေတ္တာသုတ် ပရိတ်မြန်မာပြန်ကို ဖတ်နေမိသည်။

"ပရော-သူတစ်ပါးသည်။ ပရံ-သူတစ်ပါးကို။ နနိကုပ္ပေထ-အမှန်မထွက်ရာ။ ကတ္ထစိ-တစ်စုံတစ်ခုသောအမှု၌။ နံ-ထို သူတစ်ပါးကို။ ဗျာရောသနာယ-ချုပ်ချယ်သောစကားဖြင့်လည်းကောင်း။ ပဋိဃသညာယ ပဋိဃသညာယ-အမျက်ထွက်သော အမှတ်ဖြင့်လည်းကောင်း။ ကိဉ္စိ-တစိုးတစိမျှ။ နာတိမညေထ-မထီမဲ့မြင် မအောက်မေ့ရာ။ အညမညဿ-အချင်းချင်း၏။ ဒုက္ခ-ဆင်းရဲကို။ နဣစ္ဆေယျ-အလိုမရှိရာ"

သူ့လို အသံနေအသံထားနှင့် မဆိုတတ်သော်လည်း နုနယ်သော ကျွန်တော့်နှလုံးသားပုံရိပ်တွင် သူ့အသံ သူ့ရုပ်တို့သာ ထာဝစဉ် လွှမ်းမိုးနေခဲ့သည်။

ထို့ကြောင့် လွန်ခဲ့သော သီတင်းပတ်က သူ တံမြက်စည်း လှည်းနေရာသို့ သွားပြီး တံမြက်စည်း ကူလှည်းပေးခဲ့၏။ သူနှင့်ယှဉ်တွဲ၍ တံမြက်စည်းလှည်းနေရသည်ကို ကြည်နူးပီတိ ဖြစ်နေ၏။ သူက အံ့ဩသလို ကြည့်သည်။ နှုတ်တော့မဆက်။ ကျွန်တော်ကလည်း ရင်ခုန်နေသဖြင့် စတင်၍ နှုတ်မဆက်ရဲပေ။ သူ့မျက်နှာကိုသာ ခဏခဏ ခိုးကြည့်နေမိ၏။ သူ့အကြည့်နှင့် ဆုံမိသည်။ မျက်နက်ဝန်းထဲတွင် ကြည်နူးရိပ်တွေ လွှမ်းနေ၏။ သို့သော် သူက မျက်လွှာ အသာချသည်။

ကျွန်တော် အချိန်ရှိသရွေ့ သူ့မျက်နှာကိုသာ ငေးနေမိ၏။ သူ ဥပုသ်ဇရပ်တွင် စာဖတ်လာသောအခါ စိတ်ထဲက လိုက်ရွတ်နေမိသည်။ သူနှင့် ဘယ်လိုလုပ် နီးစပ်ပါ့မလဲ။ သူ့ကို ချစ်မိနေကြောင်း ဘယ်လိုလုပ် ပြောရပါ့မလဲ။ စကားနှင့်သော် သူ့ကို တိုက်ရိုက်မပြောရဲ။ ဥပုသ် သီတင်းသည်ကို စော်ကားသည်ဟု အဘွားဆီ၌ အတိုင်ခံရမည်လည်း စိုး၏။ သူ သိအောင် မည်သို့ လုပ်ရပါမည်နည်း။ အချိန်ရှိသရွေ့ နည်းလမ်းရှာနေ၏။



ဤနေ့ အကြံတစ်ခု ရထားသည်။ ဘုံခန်းပျို့ထဲက စာပိုဒ်ကိုလည်း အမိအရ ကျက်ထားသည်။ သူသိအောင် ဤနည်းသည် အထိရောက်ဆုံး ဖြစ်မည်ဟု တွေးထားသည်။ ထို့ကြောင့်လည်း ဤ သီတင်းပတ်နေ့တွင် ကျွန်တော် အစောဆုံး အိပ်ရာက ထခြင်း ဖြစ်လေ၏။

◈ ◈ ◈

"စက္ခုမာ၊ လူတို့၏မျက်စိနှင့်တူသော အလင်းရှိသော ရွှေအဆင်းနှင့်ပြီးသော. . ."

နေမင်း၏အလင်းအရောင်ကို မြင်းလှည်းပေါ်က လှမ်းငေး၍ ဘွားဘွားက ဥဒေတယံဂါထာကို ရွတ်လာသည်။ ကျွန်တော့်စိတ်ကမူ သူ့ဆီ၌သာ။

တောရကျောင်း ခြံဝတွင် မြင်းလှည်းရပ်၏။ သူ တံမြက်စည်း လှည်းနေကျ ကံ့ကော်ပင်ရင်းသို့ ကျွန်တော် လှမ်းကြည့်လိုက်၏။ သူ့ကို မမြင်ရသေး။ ဝမ်းသာသွား၏။

ကျောင်းပေါ်တွင် ခဏပင်မထိုင်ဘဲ ကျွန်တော် ကျောင်းအောက်သို့ ဆင်းလာ၏။ သူ တံမြက်စည်း စလှည်းနေကျ ကံ့ကော်ပင်အောက်သို့ လျှောက်လာသည်။ သူ့ထက်ဦးအောင် တံမြက်စည်း စလှည်းသည်။ ပြီးခါနီးတွင် သူတို့မြင်းလှည်း ကျောင်းခြံဝတွင် ရပ်လာ၏။ ကမန်းကတန်း အပြီးသတ်လိုက်သည်။ အိတ်ထဲက မြေဖြူတောင့်နှင့် ကျောင်းသလင်း မြေပေါ်တွင် စာရေးလိုက်သည်။

မေတ္တာထပ်၍၊ လူရပ်တခြား၊
နတ်ပြည်သွားလည်း၊ တစ်ပါးမရွေ့၊
တစ်နေ့မကွာ၊ အတူသာလျှင်၊
ခန္ဓာရည်လျက်၊ အဆက်ဆက်၌၊
ချစ်ဖက်ပင်ကိုယ်၊ ဖြစ်ရလိုဟု၊

www.burmeseclassic.com

www.burmeseclassic.com



တံမြက်စည်းဆွဲပြီး သူ လှမ်းလာနေသည်ကို မြင်ရသဖြင့် ကဲ့ကော်ပင်အောက်က ကမန်းကတန်း ထွက်ခွာလာရ၏။ ဘုန်းတော်ကြီးကုဋီအနီးရှိ ပိန္နဲပင်မြစ်ဆုံတွင် သွားထိုင်ရင်း သူ့ကို အကဲခတ်ကြည့်ရ၏။

သူက ကျွန်တော် ရေးထားသော စာကို ခေါင်းငုံ့ဖတ်နေသည်။ အံ့ဩပုံ ရ၏။ သက်မချသံကို ကြားရလေမလား နားစွင့်သည်။ ကျွန်တော့်ရင်ထဲ တဒိတ်ဒိတ် ခုန်နေ၏။ ကျွန်တော့်ဘက်သို့ သူ လှည့်ကြည့်သောအခါ တစ်ကိုယ်လုံး ရှိန်းဖိန်းသွားလေသည်။ သူသည် ကျွန်တော့်ဘက်သို့ တစ်ချက် ငွေ့ကြည့်၏။ မျက်လုံးချင်း ဆုံလိုက်ကြသည်။ သူ့ မျက်နှာ ဝင်းဝနေသည်။ ကျွန်တော် အရဲစွန့်၍ ပြုံးပြ၏။ သူက မျက်လွှာချ၍ တံမြက်စည်း ဆွဲကာ ကျောင်းအောက်သို့ ပြန်လှည့်၍ သွားသည်။ မယောင်မလည်နှင့် နောက်က လိုက်သွား၏။ တံမြက်စည်း ပြန်ထား၍ ကျောင်းပေါ် တက်သွားသည်။ သူ့အဘွားနားတွင် သိမ်သိမ်မွေ့မွေ့ ပြန်ထိုင်နေ၏။ သူ့အလုပ်ကို ကျွန်တော် ဦးသွားသဖြင့် ဝမ်းနည်းသွားပုံတော့ လုံးဝမပြပေ။

ဘုန်းကြီး သီလပေးသောအခါ သူက ရှစ်ပါးသီလ ယူသဖြင့် ကျွန်တော်ပါ ရှစ်ပါးသီလလိုက်ယူမိ၏။ အဘွားသာသိလျှင် မည်မျှ ဝမ်းသာမည် မသိ။ သူကတော့ ရိပ်မိလိမ့်မည် ထင်ပါသည်။

ဤနေ့ သီတင်းသည်တစ်ယောက် တိုးလာသည်ကို သူ သိပါစေဟု ဆုတောင်းမိပါသည်။ သီတင်းသည်မှာ ရိုးရိုးသီတင်းသည် မဟုတ်၊ သူ့ကြောင့် လိမ္မာလာရသော အချစ်သီတင်းသည်တစ်ဦး ဖြစ်ပါ၏။

ကျွန်တော် ဆုတောင်းမိပါသည်။ သူနှင့်ကျွန်တော်သည် သံသရာဝဋ် မှ မကျွတ်လွတ်သေးသမျှ ဘဝအဆက်ဆက်တွင် မကွဲမကွာ၊ ပါရမီဖြည့်ဘက် ဖြစ်ရပါလို၏။

## အဖျတ္တ၏ကွဲအက်စီးကြောင်း

ထုံးစံအတိုင်း ရုံးသွားခါနီး မှန်ရှေ့ရောက်ရ၏။ ကိုယ်လုံးပေါ် မှန်ကြီးထဲတွင် သူ့အရိပ်က ခြေဆုံးခေါင်းဆုံး ထင်လာသည်။ မျက်နှာကို အရင်ကြည့်မိ၏။ မျက်ခမ်းနှစ်ဘက်အောက်မှ ကျေးခြေထောက်၊ စာခြေထောက် အစင်းကြောင်းများကို သတိပြုမိသည်။ သနပ်ခါး ပေါင်ဒါအဖွေးသား လူးထားသည့်ကြားက မသိမသာ ပက်ကြားအက်ကြောင်းကလေးများ ထင်လာသည်။

သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်မိ၏။ "ငါ့အသက် သုံးဆယ့်ခြောက်နှစ်တောင် ကျော်လာပါပကော" ဟု စိတ်ထဲက ရေရွတ်လိုက်မိသည်။ ရင်ထဲဟာပြီး စိတ်ထဲမှာ တစ်စုံတစ်ခုအတွက် အားငယ် ဝမ်းနည်းသွားသလို ခံစားလိုက်ရသည်။

ကိုယ်ခန္ဓာအနှံ့သို့ အကြည့်ရောက်သွားပြန်၏။ ခင်ကြီး အရပ်က ငါးပေ သုံးလက်မ ရှိ၏။ မိန်းကလေးတစ်ယောက်အနေနှင့် ဂလန်ဂလားတော့ဖြစ်မနေပေ။ ကိုယ်လုံးကိုယ်ထည် ဖွံ့ဖြိုးတောင့်တင်း၍ အရုပ်ဆိုးလှခန့်သည်ဟုပင် ထင်မိသည်။ ပုရိသများ မကြိုက် မနှစ်သက်ဆုံး ဖြစ်သောဒိုက်ပူနံကားများဖြစ်နေလားဟု တင်ပဆုံနှင့်ဝမ်းဗိုက်တို့ကို အထိတ်တလန့်

www.burmeseclassic.com

www.burmeseclassic.com



လှည့်ပတ်ကြည့်မိ၏။ အလယ်ပူ အောက်ရှူးလျှင် ခြောက်မူးတောင် မတန်တော့ဟု ဆိုရှိုးရှိသည်။

စားထွေတွင် လုပ်သော်လည်း ဗိုက်က မစူမပူသေးပါ။ ချပ်ချပ်ရပ်ရပ် မရှိတာတော့ မှန်၏။ သို့သော် ကြည့်မကောင်း ရှုမကောင်းတော့ မဟုတ်ပါ။ တောင့်တောင့်တင်းတင်း ပြည့်ပြည့်ဖြိုးဖြိုးနှင့် ကြည့်ကောင်းပါသေးသည်။ ယခင် အနှစ်နှစ်ဆယ်ကျော် ခင်ကြီးတို့ အပျိုဖော်ဝင်စ အရွယ်တုန်းက ဆိုလျှင် ယခု ခင်ကြီးတို့ ရုပ်မျိုးမှာ တစ်ပွေ့တစ်ပိုက်ကြီးဟု အစ်ကို ကာလ သားတို့ ကြိုက်ချစ်ချင်စရာပင်။ ထို့ကြောင့် ခင်ကြီးအသက် ဆယ့်ရှစ် ဆယ့်ကိုးအရွယ်တုန်းကဆိုလျှင် ရပ်ကွက်ထဲတွင် ဝိုင်းဝိုင်းလည်နေသည် ဟု မဆိုသာသော်လည်း ချစ်ချင် ကြိုက်ချင်သူတွေကား အတော်များခဲ့၏။ ထို့ကြောင့် ခင်ကြီး မာနလည်း တက်ခဲ့၏။ တော်တော်တန်တန် ရွယ်တူ တန်းတူများကိုပင် မမှန်းခဲ့။ ပညာတတ်ဖို့နှင့် ပညာတတ် ခင်ပွန်းရဖို့သာ မှန်းခဲ့သည်။

ဤသည်မှ လွန်ခဲ့သော အနှစ်နှစ်ဆယ်က ဖြစ်လေသည်။

ယခုတော့ ခေတ်ပြောင်းသွားပြီဟု ဆိုရမည်။ ဘွဲ့ရပြီး ရုံးစာရေး အဖြစ် ရောက်လာကြသော နှစ်ဆယ်ကျော် အသက်အရွယ် ကောင်လေး ကောင်မလေးများကို ခင်ကြီး ကြည့်ရမြင်ရသည်မှာ နည်းနည်းမှ မျက်စေ့ မတွေ့လှ။ သူတို့စကားအတိုင်း စိတ်ပိန်သလို လူတွေကလည်း ပိန်ပိန်ကပ် ကပ်ကလေးတွေ။ လေတိုက်လျှင်ပင် လဲကျမည့်ပုံတွေ။ ခိုင်းလိုက်လျှင်လည်း စားပွဲလေးတစ်လုံးကိုပင် နှစ်ယောက်သုံးယောက် မ,နေကြ၏။ ပုဆိုး ခြေ မျက်စေ့ဖုံးနှင့် ပိန်ပိန်ညှောင်ညှောင်ဖြစ်နေကြသော ကောင်လေးတွေတို့ ခင်ကြီး အလိုမကျ၍ အော်မိ ငေါက်မိသည်။ အထူးသဖြင့် သူ့ရှေ့တွင် ပြောင်တွတ်ထိုးနေကြသော အတွဲများဆိုလျှင် ခင်ကြီး ပို၍ အော်ငေါက် တတ်သည်။

"လူပုံကြည့်တော့ ကျောနဲ့ ရင်နဲ့ ကပ်နေတာ၊ ဆေးစွဲနေသလား ထင်ရတယ်။ နင်တို့ကို အားကိုးမိတဲ့ မိန်းကလေးတွေအတွက်တော့ ငါ



နင်လေးလိုက်တာ" ဟူသော စကားပင်မဆုံး၊ ကောင်လေးတစ်ယောက်က "ကျွန်တော်တို့ခေတ်က မမခင်ကြီးတို့ခေတ်နဲ့ မတူတော့ဘူးဗျ"

"ငါ ရိုက်မိလိမ့်မယ်နော်" ဟု အော်ငေါက်ပစ်လိုက်ရ၏။

ဤသို့ အော်မိသည်မှာလည်း သူ့ကို လူရာမသွင်းသလို မမခင်ကြီး တို့ခေတ်နဲ့ မတူတော့ဘူးဟု အပြောခံရသည်ကို နာကျည်းမိ၍ ဖြစ်သည်။ ခေတ်က ဘယ်လောက်များ ကွာသေးလို့လဲ ဒီကောင်လေးတွေ ငါ့ကို သက် သက် အိုတာကြီး အဘွားကြီးလို့ ပြောတာပဲ။ သူတို့မျက်ဝန်းထဲမှာ ငါ့ကို ဘကယ့်အဘွားကြီးလို့များ မြင်နေကြလေသလား ဟု အားငယ်မိပြန်သည်။

သူတို့မျက်ဝန်းထဲမှာ ရှုပ်ပြာရှုပ်ပြာနှင့် ထမီခြေသလုံးပေါ်မလေး တွေကိုသာ အပျိုဟု ထင်နေကြပုံရသည်။

ထိုနေ့ကပင် ခင်ကြီး မသိမသာ ထမီတိုတက်လာသည်။ ရှုပ်ပြာ လေးတွေလို ဆံပင် သွားညှပ်သွားကောက်ရမှာတော့ ယနေ့အထိ မဝံ့သေး။ အားငယ်စိတ်ကမူ နေ့စဉ်လိုလို ဝင်နေမိ၏။

ဤဝေဒနာကမူ ညီမများ၊ မောင်များ တစ်ယောက်ပြီးတစ်ယောက် အိမ်ထောင်ပြုပြီး အိမ်ခွဲဆင်းသွားကတည်းကပင် မသိမသာ ဝင်နေလေ သည်။ အငယ်ဆုံးမလေး ခင်ထွေး ဘွဲ့မရခင် အိမ်ထောင်ပြုသွားသဖြင့် ဆူမိဆဲမိသည်ကိုလည်း သတိရစရာ ဖြစ်လာသည်။

နောက် ခင်လေး အိမ်ထောင်ကျပြန်၏။ စိတ်ထဲ ဝေဒနာတစ်မျိုးက ငြို၍ တင်းတင်းကျပ်ကျပ်ကြီး ဖြစ်လာ၏။ အငယ်တွေ အိမ်ထောင်ပြုသွား ကြတော့ "မီးကျော်သွားပြီ၊ ခင်ကြီးတော့ တော်တော်နဲ့ ယောကျ်ားရတော့ မှာ မဟုတ်ဘူး" ဟု အချို့က ဆိုကြသည်။ ယခုတော့ တကယ်များလားဟု ပင် ထင်လာ၏။ မလိုသူများကလည်း "လင်ရမလား မျက်နှာထားကလည်း တင်း မာနကလည်း ခေါင်ခိုက်နေတာ" ဟု ကွယ်ရာတွင် အတင်းအဖျင်း ပြောကြ ဆိုကြသံကို တစ်ဆင့်စကား တစ်ဆင့်နားကလည်း ယခုလို စိတ် ဓာတ်ကျနေချိန်မှ ကြားလာရပြန်၏။ မိမိကိုယ်ကို မိမိ တကယ်များလားဟု ပင် မသက်မသာချင်သလို ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယခု ရုံးမှာပဲဖြစ်ဖြစ်၊ ရပ်ကွက်မှာပဲဖြစ်ဖြစ် မျက်နှာငယ် အချိုးသာဆုံးထား၍ နေတတ်လာ၏။

ခင်ကြီး အိမ်ထောင်ပြုရေးနှင့် ပတ်သက်လာလျှင် နောက်ထော အဖေကပါ သံသယဝင်လေသလားမသိ။ "ငါ့သမီးကြီးကတော့ မိဘပေးစား တဲ့ ယောကျ်ားပဲ ယူမယ်ဆိုပြီး နေတာဗျ၊ အဲဒါ ခင်ဗျားတို့ တွေ့ကြလျှ ရိုးရိုးသားသားဆို ပြောကြပါ ဟဲ. . ဟဲ" ဟု ပြောသောအခါ ခင်ကြီးမှာ မျက်နှာမထားတတ် ဖြစ်ပြီး "အို. . အဖေကလဲ" ဟုပင် ပြောမိရသည်။ သို့သော် စိတ်ထဲကမူ တစ်နေလုံး မကောင်း။ အဖေက ပွင့်ပွင့်လင်းလင်း သူ့ထုံးစံအတိုင်း ပြောသော်လည်း "ငါတော့ မိဘပေးစားတော့မှ တကယ် လင်ရတော့မယ် ထင်ပါရဲ့" ဟု အားငယ်သွားမိသည်။

ရပ်ကွက်ထဲမှာ၊ လမ်းမှာ ခင်ကြီးနှင့် သက်တူရွယ်တူ ဆို၍ မ သလောက် ရှားနေပြီ။ အမေကတော့ "အမလေး. . လေး၊ ကျုပ် အမေ တစ်ယောက်လုံးတောင် မပူဘဲနဲ့ ရှင်ကများတော် ရာရာစစ ကျုပ်သမီးကို ရုပ်ဆိုးလို့လား၊ ပညာမတတ်ဘူးလား၊ ကျုပ်သမီးက ရုပ်ချော ပညာတတ်ပါ အချိန်ကျတော့ ဖြစ်လာမှာပေါ့တော် မပူစမ်းပါနဲ့" ဟု ပြောလိုက်သောအခါ အဖေက အမေ့ကိုတစ်လှည့် ခင်ကြီးကိုတစ်လှည့် ကြည့်ပြီး ပြုံး၏။ အမေ့ အထင်တွင် သားအမိနှစ်ယောက် စည်းဝါးရိုက်ပြီးသား ရှိနေပြီဟု ထင်သွား ပုံ ရလေသည်။ သို့သော် ယခု အဖေသာ ဆုံးပါးသွားခဲ့သည်။ ခင်ကြီးကား အိမ်ထောင်မကျသေး။

အဖေဆုံးသောနှစ်က "သမီး မိန်းကလေးဆိုတာ မောင်ဘွားတစ်ရေ ပင် ရှိသော်ငြား လင်သားခင်ပွန်း မရှိရင် မတင့်တယ်ဘူးတဲ့။ သမီးတွေ့ထား တာရှိရင် အမေ့ကို ပြောပါ" ဟု ဆိုသောအခါ ငိုချင်စိတ်ပင် ပေါက်သွား မိသည်။ "အမေတို့ပဲ ရှာပေးစားမယ်ဆို" ဟု နှုတ်လှန်ထိုးမိမတတ် ဖြစ်သွား မိသည်။ နောက်မှ သတိကိုဆယ်ပြီး "မရှိပါဘူးအမေရာ သမီး အိမ်ထောင် ပြုဖို့ စိတ်မဝင်စားသေးလို့ပါ" ဟု အရှက်ပြေ ပြောလိုက်ရ၏။ ဤသည် ကိုပင် အမေကလည်း "အေးပါအေ၊ ငါ့သမီးကြီး အိမ်ထောင်ရေး စိတ်မဝင်



ဘူးဆိုတာ အမေသိပါတယ်။ သမီးသာ စိတ်ဝင်စားရင် အမေ့သမီးလို ညာတတ် ရုပ်ချောကို လိုချင်တဲ့သူတွေက အပုံပါတော်" တဲ့။

အမေက တကယ်ထင်သလို၊ ခုတော့ ခင်ကြီးကို လမ်းထဲက ရပ် ကွက်ထဲက လူတွေပင် အိမ်ထောင်ရေးစိတ်မဝင်စားဟု ထင်သွားပုံ ရသည်။ "အပျိုကြီး" ဟု ခေါ်တတ်ကြပုံက လွဲပြီး ခင်ကြီး လင်ရရေးကို စပင် မစ ကြတော့။ လူပျိုလူရွယ်တွေကပါ ခင်ကြီးကို အပျိုတစ်ယောက်မဟုတ်သလို ကြည့်အရှု အပြောအဆိုများနှင့် ဆက်ဆံလာကြသောအခါ ခင်ကြီး၏ ရင်ထဲမှာကား တနုံ့နုံ့ပင်။

ဖာသာလဝါ နေလာကတ်သောအကျင့်ကိုတော့ ရပ်ကွက်ထဲရော ရုံးထဲမှာပါ ရတတ်လာပြီ။ သို့သော် ရင်ထဲကမူ နည်းနည်းမှမကောင်း။ သက်တူရွယ်တူတွေ သားတွဲလွဲ သမီးတွဲလွဲတွေနှင့် ဘုရားသွား၊ အလှူမင်္ဂလာ ဆောင်သွားကြလျှင် ပို၍ ရင်ထဲ ထိခိုက်တတ်၏။ ငယ်စဉ်က သူ့ကို ကြိုက် ချည်ရဲ့ ချစ်လှချည်ရဲ့ ပြောဖူးကြသူများကို ချက်ချင်း သတိရတတ်တာက လည်း ရင်ထဲ ဝေဒနာတစ်မျိုးပင်။ သို့သော် ထိုသူများကား ချစ်သူကိုယ်စီ နှင့် ဖြစ်သွားကြလေသည်။

"ဟဲ့ သမီး၊ ရှစ်နာရီခွဲနေပြီ၊ ရုံးမသွားသေးဘူးလား၊ မနေ့ကလည်း ဘားမမီလိုက်လို့ ကားငှားသွားရသေးတယ်ဆို"

အတွေးလွန်နေသော ခင်ကြီးသည် အမေ့စကားသံကြောင့် ကမန်း ကတန်း မှန်မှခွာကာ အပြင်ထွက်လာရသည်။ ရှစ်နာရီခွဲနေပြီ။

အသင့်ဖြစ်နေသော ကြိမ်ခြင်းလေးကို လက်ဆွဲကာ စိတ် မကြည် သာနှင့် အိမ်ပေါ်က ဆင်းလာမိသည်။

ဆောင်းနှောင်း နွေဦးလေ၏ အထိအတွေ့ကြောင့် ရင်ထဲ ပို၍ ဟာ သွားမိ၏။ နွေရောက်တော့မည်။ လမ်းမပေါ်ရှိ ကုက္ကိုပင်ကြီးများပေါ်ရှိ ရော် ရက်ဝါများ လမ်းမထဲ တသဲသဲ ကြွေကျနေသည်။ စိတ်သည် ပို၍ ပျံ့ပွင့် လာသည်။ ရင်ထဲ ပိုဟာလာသည်။ "အထီးကျန်ဝေဒနာဆိုတာများ" ဟု အားငယ် နွမ်းလျစွာ တွေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခင်က အပျိုပေါက်စ အပျိုလတ်အရွယ်တုန်းကလို လ
ထဲတွင် မျက်လွှာချပြီး ကိုယ့်ခြေလှမ်းကို ကိုယ် ရေတွက်၍ လာခြင်းတ
မဟုတ်။ ဟိုအိမ်ရှေ့ စောင်းကြည့် ဒီအိမ်ရှေ့ရောက် ငေးကြည့်နှင့် စော
ငမ်းစောင်းငမ်း လျှောက်လာ၏။

ယခုနေအခါမှာ ဟိုတုန်းကလို လူပျိုတစ်ဦးဦး ရှိနေသော အိမ်
စောင်းကြည့်မိ၍လည်း ပြဿနာမရှိတော့ပါချေ။ လွန်ခဲ့သော အနှစ်
ဆယ်နီးပါးက မိမိလမ်းထဲတွင် လူပျိုရှိသော အိမ်တစ်အိမ်အိမ်ကို ခင်ကြ
ဤသို့ ကြည့်မိလျှင် အပြန်တွင် ရည်းစားစကား အပြောခံရပြီသာမှတ်။

ထိုအိမ်ရှိ လူပျိုက မပြောတောင် သူ့မိဘညီအစ်ကို မောင်နှမ ထ
ယောက်ယောက်ဆီတွင် ခင်ကြီးနှင့်သူ့သား၊ သူ့အစ်ကို သူ့မောင် စသည်
တစ်ယောက်ယောက်နှင့် ဖြစ်နေသလိုလို အတင်းအဖျင်း အပြောခံရဦးမည်
ယခုတော့ ခင်ကြီးကို သူတို့ ဂရုမစိုက်ကြတော့သလို၊ ခင်ကြီးကလည်
ဘယ်လူ ဘာပြောပြော သိပ်ဂရုမစိုက်တတ်ပြီ။ အသက်အရွယ်က စတာ
ပြောလာပြီ။ မိမိလမ်းထဲက တစ်အိမ်အိမ်ကို လှည့်ကြည့်လှည့်ကြည့် လုပ်
တင်မက အသိတွေ့လျှင် "ဟဲ့ ရုံးမသွားသေးဘူးလား၊ ဘယ်လူ ဘယ်သွ
တယ်ဆို ပြန်မရောက်သေးဘူးလား" ဟုပင် အော်ကြီးဟစ်ကျယ် နှုတ်ဆ
သွားတတ်နေပြီ။

ဒီလိုနှင့်ခင်ကြီး လူတကာဆုံသည့် ဘူတာရုံသို့ ရောက်လာသည်
ကိုးနာရီ လေးဆယ့်ငါး၊ ရထားအလာကို ရုံးသူရုံးသားတိုင်း မျှော်လင့်
ရပ်စောင့်နေကြသည်။ ခင်ကြီးလည်း လူအုပ်ထဲ ရောရပ်ကာ သမိုင်းဘူ
ဘက် တစ်ချက် လှမ်းကြည့်လိုက်ရ၏။ ရထားကား မလာသေးပါ။

"ဟော့လူ ဟော့လူ၊ ခင်ဗျား ဘူတာမှာ ဘာလာလုပ်တာလဲ"

"ကျွန်တော်က စာရေးဆရာပဲဗျ။ ဘာလာလုပ်ရမှာလဲ၊ ရည်းစ
ယောင်းတွေကို လှမ်းတော့ တစ်ခါတစ်ခါ လာလာကြည့်ရတာဗျို့"

အသံကြားရာဘက်သို့ ခင်ကြီး ရုတ်တရက် လှည့်ကြည့်မိလိုက်
သူ။



ကျယ်ကျယ်လောင်လောင်နှင့် မည်သူ့မှ ဂရုမစိုက်သလို တဟဲဟဲ
...ည်၍ ပြောလိုက်သော သူ့အသံကို ရထားစောင့်နေကြသော အသိ ရုံးသူ
...သားများအားလုံးက ဝိုင်းရယ်ကြသည်။

"ခင်ဗျားကတော့ ပြောရော့မယ်"

အသိတစ်ယောက်က ပြန်ပြော၏။

"တကယ်ပြောတာပါဗျာ။ အထူးသဖြင့် ခုလိုရာသီမှာ. ."

"ဟဲ့ကောင် လက်ပံတွေ ပွင့်တာလည်း ငါ မတွေ့မိသေးပါဘူးဟာ"

အဘိုးကြီးတစ်ယောက်က လှမ်းပြောပြန်၏။

"ဩော် ဦးလေး၊ ဟဲ. . ဟဲ နေကောင်းတယ်နော်၊ မတွေ့တာကြာပြီ၊
...သိန်းဦးတစ်ယောက်တော့ မိန်းမရသွားပြီဆို"

သူက ပြန်နှုတ်ဆက်သည်။

"အေး အသုံးမကျတဲ့ ငါ့သားတော့ စွံသွားပြီ၊ မင်းကတော့ ခုထိ
...နေသေးဘူးလား"

"ဦးလေးကလည်း သိသားနဲ့။ မိန်းမများဟာ ကျွန်တော်တို့လို လူ
...တော် လူကောင်းတွေကို ဘယ်မြင်တတ်ပါ့မလဲ။ အဲဒါကြော..လည်း
...ခန်တော့နော် နှာခေါင်းမပါရင် ဘာကိုစားမယ် ဆိုလား"

"အောင်မာ ဘယ်သူလဲမှတ်တယ်၊ လက်စသတ်တော့ စာရေးဆရာ
...ကြီးကိုး၊ ရှင့်ဘာသာရှင် မဟုတ်မဟတ်တွေ ရေးတာကတော့ အရေးမကြီး
...း၊ စကားပြောတဲ့အခါတော့ ကြည့်ပြော။ ဒါ လူပ..ကာစုံတဲ့ ဘူတာရုံနော်
... ဟဲ. . ဟဲ"

နောက်တစ်ယောက်ကလည်း သူ့ကို အသံကြားမှ သတိထားမိပုံ
...၏၊ "လာလည်တာလား" ဟု နှုတ်ဆက်သည်။

"ခင်ဗျား အုတ်ကျင်းလက်ဖက်ရည် မသောက်ရတာ ကြာရောပေါ့။
...ာ လက်ဖက်ရည် သွားသောက်ရအောင်"

သူနဲ့ ရွယ်တူ အမျိုးသားတစ်ယောက်က သူ့ကို ဆွဲခေါ်နေပြန်၏။
အမျိုးသမီး အသိများက ရုံးလာလည်ဖို့ စီစီညံညံ မှာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်ကွက်လုံးမှာ သူ့အသိတွေ ခင်မင်ကြသူတွေချည်းဖြစ်ရာ သူ ခဏ ရပ်သွားသော ဘူတာရုံမှာ ဆူညံသွားသည်။

ခင်ကြီးသည် သူ့ကို ငေးကြည့်ပြီး ယခင် အတိတ်ဆီ စိတ်ရောက် သွား၏။

၁၉၇၀ ခုဝန်းကျင်က ဖြစ်သည်။

မာလာမြိုင်ရပ်ကွက်၏ ပါရမီလမ်းကျယ်ထဲတွင် ယခင်က ဈေး ရှိ သည်။ ခင်ကြီး မနက်ဈေးလာတိုင်း လမ်းထိပ်က လက်ဖက်ရည်ဆိုင်တွင် သို့မဟုတ် ဘိန်းမုန့်ဆိုင်တွင် သူ့ကို တွေ့ရသည်။ ခင်ကြီးကို ငေးငေးကြည် နေတတ်၏။ သူ့ကို ခင်ကြီး နာမည်မသိသော်လည်း လူကို သိသည်။ လေ လမ်းထိပ်က ဦးချစ်လှိုင် ဒေါ်ထွေးတင်တို့အိမ်တွင် ထမင်းလခ ပေးစား သည်။ ဘယ်က ကလေကချေ၊ လေလွင့်ပြီး ရောက်လာသည်မသိ၊ ဦးချစ် လှိုင်၏ တူများနှင့်အတူ ဂုန်နီစက်ရုံတွင် အလုပ်လုပ်သည်။ စက်ရုံလုပ်သော သူတွေမှာ ကူလီတွေသာ များသည်။ စာရေးစာချီ ဆိုသည်မှာ စက်ရုံ အင်မတန် နည်းသည်။ ထို့ကြောင့် သူ့ကိုလည်း ကူလီဟုသာ ခင်ကြီး သတ်မှတ်ထားသည်။

တစ်နေ့ ခင်ကြီး ဈေးသွားတော့ သူ နောက်ကလိုက်လာသည် "ဒီက နာမည် ဘယ်လိုခေါ်သလဲ" ဟု မေးသည်။

"ဘာလုပ်မလို့လဲ"

ခင်ကြီး ပြတ်ပြတ်ပင် ပြောလိုက်သည်။

သူ့အကြည့်အရှုကို ခင်ကြီး ရိပ်မိနေပြီး မုန်းနေပြီ။

"နာမည်လေး သိထားချင်လို့ပါ"

"သန်းခေါင်စာရင်းရုံး သွားမေးပါလား"

"ကျွန်တော်လေ ခင်ကြီးကို တကယ် မေတ္တာရှိ . . ရှိနေလို့ပါ"

သူ့အလိမ်ပေါ်သွားတော့ ခင်ကြီး ပို၍ဒေါသထွက်သွား၏။ " ကောင် ဘယ်က ဘယ်လို သိသွားပါလိမ့်" ဟုလည်း အံ့ဩသွား၏။

"ရှင်နော်၊ ကျွန်မကို လာမနှောင့်ယှက်နဲ့။ ဘယ်လိုအစား ထင်



ခင်ကြီး အော်လိုက်တော့ ဈေးသည်တွေက လှည့်ကြည့်ကြသည်။ သူ ရှက်၍ တစ်ချိုးတည်း လစ်ပြေးသွား၏။ ခင်ကြီးကတော့ ရယ်ချင်သည်။ သူ့ပုံပန်းက ပိန်ညှောင်ညှောင်နှင့် သည်လိုကောင်မျိုး ခင်ကြီး စိတ်ကူးထဲပင် တစ်ခါမှ မထည့်။ ခင်ကြီး ရည်မှန်းသူတွေမှာ ထောင်ထောင်မောင်းမောင်း ခန့်ခန့်လှလှ ပညာတတ်တွေကိုသာ။

နောက်တစ်ခါ လမ်းထိပ်ကစောင့်ပြီး ဈေးခြင်းထဲ စာလိုက်ထည့်၏။ ခင်ကြီး ဒေါသထွက်ပြီး ပါးရိုက်ပစ်မည်ဟုပင် တွေးလိုက်သည်။ သို့သော် စာထည့်ပေးထားခဲ့ပြီး ချက်ချင်း နောက်လှည့်ပြန်သွားသဖြင့် သူ့နောက် ကျောကိုသာ မြင်လိုက်ရသည်။

ခင်ကြီး သူ့စာကို မဖတ်ကြည့်။ ဈေးက ပြန်လာတော့ အမေ့ကို ပြပြီး တိုင်၏။ အမေက သိပ်လိမ္မာတဲ့ သမီးဟု ချီးကျူးသည်။ သူ့ကိုလည်း "ဒီလို ကလေကချေ စက်ရုံမှာလုပ်တဲ့ ကူလီကများ ကျုပ်သမီးကို ရာရာစစ။ နောက်တစ်ခါဆို ပါးဆွဲရိုက်ပစ်လိုက် သမီး" ဟု ပြော၏။ ဤမျှနှင့် အမေက မရပ်သေး။ သူတို့အိမ်ရှေ့ သွားဆဲသဖြင့် ဦးချစ်လှိုင်နှင့် စကားများကြ၏။ "အပျိုကို လူပျိုက စာလိုက်ပေးတာ ဆန်းသလား" ဟူသော ဦးချစ်လှိုင်၏ စကားကို အမေက မကျေနပ်သဖြင့် အဖေ့ကို တိုင်သည်။ အဖေက ခင်ကြီး ကို လုံးဝ ဈေးမသွားရတော့။ ထိုအခါ ဈေးသွားရသော ညီမငယ်က "မမ ကြီး မလိမ္မာလို့" ဟု ခင်ကြီးကို အပြစ်တင်သည်။ ညီမငယ်၏စကားကို ထိုစဉ်က ခင်ကြီး ဘာပြောမှန်းမသိ။ သူကလည်း ရှက်ပြီး ဦးချစ်လှိုင်တို့ အိမ်က ပြောင်းသွားသည်။ သုံးလမ်းက အဘွားကြီးတစ်ယောက်အိမ်တွင် သွားနေသည်ဟု သိရသည်။

တစ်ရပ်ကွက်ထဲ နေကြသဖြင့် သွားသွားလာလာတော့ ဆုံမိကြ သည်။ သို့သော် နောက်ထပ် သူ မနှောင့်ယှက်ဝံ့တော့။ ခင်ကြီးလည်း သူ့ကိုမြင်လျှင် မျက်နှာကို ရှုံ့ပုပ်ထားမိသည်။

သည်လိုနှင့် လေးငါးနှစ်ခန့်ကြာသောအခါ သူ့ဓာတ်ပုံ သတင်းစာ ထဲ ပါလာ၏။ အမျိုးသားစာပေဆု ချီးမြှင့်ခြင်းခံရသော သတင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အားလုံးက အံ့ဩကြသည်။ ယခင်က စာရေးဆရာလောင်းမှန်း စာရေးနေသူမှန်း မည်သူကမှ မသိကြ။ သူနေသော အိမ်က အဘွားကြီးပင် သူ့ကို စာရေးဆရာမှန်းမသိ။ စာပေဆုရ၍ သတင်းဓာတ်ပုံရိုက်ရန် သတင်းစာတိုက်မှ သတင်းထောက်များ အိမ်ကို ဝင်မေးရာ အိမ်ရှင်အဘွားကြီးက "စာရေးဆရာ ပြည်ကျော်ဆိုတာ ကျွန်မအိမ်မှာ မရှိပါဘူး" ဟု ပြောလွှတ်လိုက်ကြောင်း တစ်ဆင့်စကား ကြားရသည်။ သတင်းထောက်များ ရောက်လာချိန်တွင် သူသည် စက်ရုံ၌ အလုပ်ဆင်းနေသည်တဲ့။

သည်လိုနှင့် သူ ခင်ကြီးတို့ရပ်ကွက်မှ ပြောင်းသွားသည်။ ခင်ကြီးနှင့် လုံးဝ မတွေ့သည်ကပင် ဆယ်စုနှစ် တစ်ခုခန့် ကြာသွားပြီ။

ယခု ဘူတာရုံတွင် မမျှော်လင့်ဘဲ ပြန်ဆုံမိကြပြီး သူ့စကားကို ကြားရသောအခါ ခင်ကြီး ရင်ခုန်သွားမိသည်။ ခင်ကြီးကို မြင်သဖြင့် သူ တမင် ပြောလိုက်လေသလားဟုလည်း ထင်လိုက်မိ၏။

ခင်ကြီး သူ့ဘက် လှည့်ကြည့်လိုက်သည်။ အကြည့်ချင်း ဆုံမိသွား၏။ ရင်ထဲ နွေးသွားသည်။ မိမိရင်ခုန်သံကို သူ ကြားစေချင်သည်။ သို့သော် သူ့အသိတစ်ယောက်က လက်ဖက်ရည်သောက်ကြရအောင်ဟု ဆွဲခေါ်သွား၏။ သူ လှည့်ကြည့်လှည့်ကြည့်နှင့် ပါသွားသည်။

ခင်ကြီးသည် သက်မတစ်ရှိုက်ကို ပင်ပန်းကြီးစွာ ချမိလိုက်သည်။ သူ စောစောက ပြောသွားသော စကားများကိုလည်း နားထဲ ပြန်၍ ကြားလာမိသည်။

"ကျွန်တော်က စာရေးဆရာပဲဗျ။ ဘာလာလုပ်ရမှာလဲ၊ ရည်းစားဟောင်းတွေကို လွမ်းတော့ တစ်ခါတစ်ခါ လာလာကြည့်ရတယ်ဗျို့"

## နှောင်းချစ်သည်သာ

ကိုမောင်မောင်ကို တင်တင် တွေ့ချင်လှသည်မှာ ကြာပေပြီ။ ကိုမောင်မောင် တင်တင်တို့အိမ်က ထွက်သွားသည်မှာလည်း သုံးလေးနှစ်ပင် ရှိလေပြီ။ သုံးလတစ်ခါ၊ လေးလတစ်ခါ ကိုမောင်မောင် အိမ်လာလည်သည် ဆိုစကားကိုတော့ ဒေါ်လေးဆီက တစ်ဆင့်ကြားရ၏။ သို့သော် တင်တင်နှင့်ကား လူချင်း တစ်ခါမှ မဆုံမိကြချေ။

ယနေ့ တွေ့မည် တွေ့ကြတော့လည်း တင်တင်တို့စက်ရုံရှေ့ ထမင်း ဆိုင်ထဲမှာမှ ကိုမောင်မောင်နှင့် လာတွေ့ရ၏။ ယခင်ကနှင့်စာသော် အဝတ် အဆင်တွေပါ အပြောင်းအလဲကြီး ပြောင်းလဲသွားသော ကိုမောင်မောင်ကို တင်တင်က ငေးကြည့်နေမိ၏။

"ဟော. . တင်တင်"

ကိုမောင်မောင်ကလည်း အံ့ဩသွားသည်။

ကိုမောင်မောင်သည် ဂမ်းသာအားရနှင့် တင်တင်တို့အနားသို့ လျှောက်လာ၏။

"မမျှော်လင့်ဘဲ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ" ဟုလည်း ထပ်ဆင့်၍ ဆိုသေး၏။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အဆင်သာမဟုတ် အသံနေအသံထား၊ အပြောအဆိုတို့က ပါ သွက်လက်ချက်ချာလွန်း၍ ယခင်ကနှင့် လုံးဝမတူတော့သော ကိုမောင်မောင်ကို တင်တင်ကတော့ အံ့သြနေတုန်းပင်။ ထို့ကြောင့်လည်း တစ်ခွန်းသော စကားကိုမှ မဆိုမိသေးဘဲ ပြုံးကြည့်၍သာ နေမိ၏။

"ကျွန်တော်က တင်တင်ကို အမြဲသတိရပါတယ်ဗျာ အိမ်လည်လာတိုင်း တင်တင့်အကြောင်းတွေ မေးရဘာလည်း အမောပါပဲ မတင်တင်ပရိုမိုးရှင်းရသွားပြီဆိုတာ ဒေါ်ဒေါ်ပြောလို့ ကျွန်တော်ဖြင့် ဝမ်းသာလိုက်တာ"

ကိုမောင်မောင်က ရွှန်းရွှန်းဝေအောင် ပြောနေသော်လည်း တင်တင်က ကိုမောင်မောင်ကိုသာ ငေးကြည့်၍ ဘာပြန်ပြောရမှန်း မသိပင် ဖြစ်နေမိ၏။

"ကဲ. . တင်တင်တို့ ထမင်းစားကြမှာပဲမဟုတ်လား၊ ဘာဟင်းနဲ့စားကြမလဲ ပြော၊ ဗျို့ ဒီမှာ နောက်ထပ် ထမင်းနှစ်ပွဲ"

"နေပါ နေပါ ကိုမောင်မောင် ကျွန်မတို့မှာ ထမင်းချိုင့် ပါပါတယ် ဟင်းမကောင်းတာနဲ့ ဆိုင်မှာ လာစားကြတာပါ"

တင်တင်က ကမန်းကတန်း တားလိုက်ရ၏။

"ကဲ. . ဘာဟင်းမှာမလဲ ပြော၊ ကြက်အသဲအမြစ် မှာပါလား"

ကိုမောင်မောင်သည် သူစားနေသော စားပွဲမှ စားလက်စ ထမင်းဟင်း ပန်းကန်များကို တင်တင်တို့ရှေ့က ခုံသို့ ရွှေ့ယူလာ၏။

ကြက်အသဲအမြစ်တစ်ပွဲ အစိမ်းကြော်တစ်ပွဲ၊ ဆယ့်နှစ်မျိုးဟင်းချိုငါးမြင်းဆီပြန်ဟင်း စသည်ဖြင့် တစ်ခုပြီးတစ်ခု ထပ်မှာနေသော ကိုမောင်မောင်ကို တင်တင်က တားယူရသည်။ ကိုမောင်မောင်၏ လှစ်လှစ်လဲလဲ ဟန်မှာ ဘေးလူများကိုပင် အားနာဖို့ ကောင်းနေပြီလားဟု ထင်ပါသည်။

"မခင်ဝေ ဒါ ကိုယ့်ဦးလေးအိမ်မှာ တင်တင်တို့နဲ့ အတူနေသွားတဲ့ ကိုမောင်မောင်ဆိုတာလေ ခု ပင်မမှာ ဘော်ဒါနေတယ်၊ ကိုမောင်မောင်



ဒါ ကျွန်မတို့စက်ရုံက အချိန်မှတ်စာရေးမ မခင်ဝေပါ၊ တင်တင့် သူငယ်ချင်းလေ"

"ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ်"

ထမင်းပွဲရှေ့ချ၍ ထိုင်မိကြသောအခါ တင်တင်က ကိုမောင်မောင်နှင့် မခင်ဝေကို မိတ်ဆက်ပေးသည်။

"ကိုမောင်မောင် ဒီမှာ ဘာလာလုပ်တာလဲဟင်"

"ဪ. . စက်မှုမှာ အရပ်က ချာတိတ်ကလေးတစ်ကောင် လာရှာရင်း ထမင်း ဝင်စားတာပါ၊ တင်တင်တို့တော့ ဒီဆိုင်မှာ နေ့တိုင်းစားနေကြဆင်တယ်"

စက်မှုတက္ကသိုလ်မှာ သူတို့ရွာက ကျောင်းသားလေးတစ်ယောက်ကို လာရှာသည်ဟု ဆိုသည်။

"ဟင်းမကောင်းတဲ့ တစ်နေ့တလေပါ"

"တင်တင်က ဟင်းမကောင်းဆိုလို့ ပြောရဦးမယ်၊ ဦးလေးတို့အိမ်မှာ နေတုန်းက တင်တင် အလုပ်အပြန်မှာ ဝယ်လာတဲ့ အသဲအမြစ်ဟင်းတွေကို ကျွန်တော် သိပ်သတိရတာပဲ"

ယခင်က တင်တင် အလုပ်အပြန်မှာ ဝယ်လာတတ်သော အသည်းအမြစ်ဟင်းလျာများကို သတိရသည် ဆိုသဖြင့် တင်တင် ဝမ်းသာလုံး ဆို့သွားမိသည်။

စက်ရုံမှ ဥသြသံနှင့်အတူ တင်တင်နှင့် ကိုမောင်မောင်တို့က လမ်းခွဲလိုက်ကြရသည်။

"တင်တင်နဲ့ အေးအေးဆေးဆေး စကားပြောရအောင် တစ်နေ့ကျွန်တော် လာဦးမယ်၊ လူချင်းမတွေ့ရတာ ကြာတော့ ပြောစရာတွေ တစ်ပုံကြီးပဲ"

ကိုမောင်မောင်၏ နောက်ဆုံးစကားကြောင့် တင်တင်၏ တစ်ကိုယ်လုံးမှာ မြောက်တက်သွားမလောက် ဝမ်းသာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ချိန်အတွင်းနှင့် အလုပ်ကအပြန်မှာ တင်တင်သည် ကိုမောင်မောင်အကြောင်းကိုသာ တစ်ချိန်လုံး တွေးငေးလာမိသည်။

◈ ◈ ◈

ကိုမောင်မောင်မှာ တောက ဖြစ်၏။ ဒေါ်မြမေ ဦးတင်အောင်တို့ အိမ်တွင် ထမင်းလခ ပေးစားရင်း ရန်ကုန်၌ ကျောင်းလာနေသူ ဖြစ်၏။ ကိုမောင်မောင်အမေနှင့် တင်တင်၏ကြီးကြီး ဒေါ်မြမေ၏ ခင်ပွန်း ဦးတင်အောင်မှာ မောင်နှမ တော်စပ်သည်ဟု သိရသည်။ သို့သော် ရင်းရင်းရှာရှာကား မဟုတ်။ ရပ်ဆွေရပ်မျိုးလောက်သာ။

တင်တင်၏အမေနှင့် ဒေါ်မြမေကတော့ ညီမအရင်းပင်။ တင်တင်၏အဖေမှာ တင်တင် ငယ်စဉ်ကပင် ဆုံး၏ အမေမှာ တင်တင် အသက်ဆယ့်ခုနစ်နှစ်ရောက်၍ ကိုးတန်းအောင်သောနှစ်က ဆုံးပါးသွားသည်။ ထိုအခါ ဆွေမျိုးနီးစပ်ရာ ကြီးကြီးတစ်ယောက်သာ ရှိသော တင်တင်မှာ ဒေါ်မြမေ ဦးတင်အောင်တို့ရှိရာ ရန်ကုန် ဆင်ခြေဖုံး အုတ်ကျင်းရပ်ကွက်သို့ ရောက်လာရသည်။ အဒေါ်ဖြစ်သူ၏ ခင်ပွန်းမှာလည်း ချည်မျှင်နှင့် အထည်စက်တွင် ကာယလုပ်သားတစ်ယောက်သာ ဖြစ်သဖြင့် တင်တင်ကို ဆက်၍ ကျောင်းမထားပေးနိုင်ရှာပေ။ ထိုအခါ တင်တင်က ဆေးဝါး ထုတ်လုပ်ရေးစက်ရုံတွင် နေ့စား စာရေးမလေးအဖြစ် အလုပ်ဝင်လုပ်ရသည်။ ဤသည်ကစ၍ ကိုမောင်မောင်နှင့် တင်တင်တို့က ဦးလေး အဒေါ်များ အိမ်တွင် ဆုံစည်းမိကြသည်။

ကိုမောင်မောင်မှာ ရိုးရိုးအေးအေး နေတတ်သည်။ အိမ်မှာဆိုလျှင် စကားကိုပင် ကျယ်ကျယ်လောင်လောင် မပြော။ ထမင်းဝိုင်းစားကြတော့လည်း တင်တင်ကို ရှက်၍လားမသိ။ ခေါင်းကို အမြဲ အောက်လျှိုထားသည်။ တင်တင်နှင့်ကိုမောင်မောင်တို့မှာ သက်တူရွယ်တူမျှသာ ဖြစ်ကြသော်လည်း



တောက ရောက်ခါစတွင် တင်တင်ကို "မမ တင်တင်" ဟု ခေါ်သည်။ တင်တင်ကရော သူ့ဦးလေး အဒေါ်တို့ကပါ ဝိုင်းပြောကြသောအခါ "မတင်တင်" ဟု မယုတ်မလွန် ခေါ်ပြန်သည်။

ကိုမောင်မောင်ကို ရန်ကုန်၌ ကျောင်းထားပေးရန် ရောက်လာသော ကိုမောင်မောင်တို့ သားအမိအား တင်တင့် ကြီးကြီး ဒေါ်မြမေနှင့် တင်တင်တို့က ဘုရားလိုက်ပို့ကြသည်။ ဦးလေးကတော့ အလုပ်မအားသဖြင့် ဘုရားသို့ ပါမလာပေ။ ဘုရားရောက်ပြီဆိုလျှင် သူ့အမေ၏ ထီး ဖိနပ်များကိုပင် သိမ်းကြုံး ကိုင်ဆွဲပြီး ဘုရားပေါ်တွင် ကလန်ကလား နောက်က ပါနေသော ကိုမောင်မောင် တောသားကြီးကို တင်တင်သည် ဝမ်းထဲက ကျိတ်၍ ရယ်မိသေး၏။ မိခင်ကြီး၏ ဝေယျာဝစ္စ အသေးအမွှားလေးတွေကိုပါ လုပ်ဆောင်ပေးတတ်သော ကိုမောင်မောင်ကိုကြည့်၍ တင်တင် စိတ်ထဲက ချီးကျူးမိသေး၏။ ဤသို့ လိမ္မာရေးခြား ရှိလွန်း၍လည်း မိခင်လုပ်သူက ကိုမောင်မောင်ကို တော်တော် ချစ်ရှာပုံရသည်။ အဖေမရှိသော မုဆိုးမသားမို့လည်း အလိုလိုက်ပုံ ရသည်။ အဖေသာ မဟုတ် အမေပါ မရှိသော တင်တင်ကလည်း ကိုမောင်မောင်ကို ကိုယ်ချင်းစာ၍ ထိုစဉ်ကပင် ကြင်နာသနား ပိုမိသည်။

ထိုစဉ်က ကိုမောင်မောင်မှာ အဋ္ဌမတန်းကျောင်းသားသာ ရှိသေးသည်။ ကမာရွတ် ကျားကျောင်းမှာ နေသည်။ ဆံပင်ကို တိုတိုညှပ်၍ ပင်နီတိုက်ပုံကို အမြဲဝတ်တတ်သည်။ ချည်ပုဆိုး ကွက်တုံးကို တိုတိုစည်း၍ ပခုံးမှ ဖြုတ်ကျမတတ် လေးလံသော လွယ်အိတ်ကိုလွယ်ကာ အုတ်ကျင်းမှ ကမာရွတ်သို့ သံလမ်းအတိုင်း ခြေလျင် ကျောင်းတက် သွားတတ်သော ကိုမောင်မောင်ကိုကြည့်၍ တင်တင် စိတ်ထဲက တစ်စုံတစ်ခုလိုနေသလိုပင်။ ရန်ကုန်က ကျောင်းသားတွေမှာတော့ လေးငါးခြောက်တန်း ရလာပြီဆိုကတည်းက အမောက်ကလေး တသသ၊ စာအုပ်တွေကိုလည်း တက္ကသိုလ် ကျောင်းတော်သားကြီးများဟန်နှင့် လက်ပိုက်ပွေ့သွားတတ်သော ကျောင်းသားတွေကြားထဲတွင် ကိုမောင်မောင်မှာ တစ်မျိုးတစ်ပုံစံ ဖြစ်နေသည်။ ဦးလေးကတော့

www.burmeseclassic.com



"ဒီကောင်နေပုံက တောသားမှန်း လူမမေးရဘူး၊ တယ်ရိုးတာ အတာကိုး" ဟု ချီးကျူးတတ်သည်။ စာတော်၍ ကြိုးစားသူမို့ ဦးလေးက အိမ်ဇာဟိရကိစ္စဆို၍လည်း ဘာတစ်ခုမှ မခိုင်းပေ။ ကိုမောင်မောင်ကလည်း အိမ်မှာရှိလျှင် သူ့အခန်းထဲမှာသာကုတ်၍ စာကျက်နေတတ်သည်။ ထမင်းစားချိန်ကလွဲလျှင် ကိုမောင်မောင်ကို ညည့်ခန်းပြင်၌ တစ်ခါမှ မတွေ့ရပေ။ ညဆိုလျှင်လည်း ဆယ်တစ်နာရီ ဆယ့်နှစ်နာရီထိ သူ့အခန်းထဲက မီးရောင်ကို မြင်နေရသည်။ မနက်ဆိုလျှင်လည်း တင်တင်တို့ ထမင်းထချက်သည့် အချိန်ကပင် စာထကျက်နေလေပြီ။ ဒေါ်လေးကတော့ "နည်းနည်းပါးပါးမှ အိမ်ဇာဟိရ ကူဖောင်လောင်ဖက်မရ" ဟု စိတ်ပျက်ချင်ပုံ ရသည်။ သို့သော် ထမင်းလခ ပေးစားသူမို့ မခိုင်းရဲ မပြောရဲပေ။

"ကိုမောင်မောင် အခန်းထဲချည်း အောင်းနေလို့ အညောင်းမိပြီး ချိသွားပါဦးမယ်နော်၊ စာကြိုးစားသလို ကျန်းမာရေးလည်း သတိထားပါဦး ကိုမောင်မောင်" ဟု ရင်းနှီးလာသောအခါ တင်တင်က သတိပေးမိသည်။ သို့သော် သူနေပုံ ထိုင်ပုံကား ဒုံရင်း ဒုံရင်း အတိုင်းပင်။

ကျောင်းလွယ်အိတ်ကို ပခုံးပြတ်ကျမတတ် လွယ်ကာ အုတ်ကျင်းမှ ကမာရွတ် ကျူးကျောင်းသို့ သံလမ်းအတိုင်း ခြေလျင် ကျောင်းတက်သွားသော ကိုမောင်မောင်ကို သနားကြင်နာ ပိုမိသဖြင့် တင်တင်ကသာ -

"ရထားနဲ့ သွားပါလား ကိုမောင်မောင်ရယ်၊ ရထားနဲ့ဆိုရင် စာကျက်ဖို့အချိန်တောင် ပိုရသေးတာပေါ့၊ တခြားကျောင်းသား ကျောင်းသူတွေလည်း ရထားနဲ့ သွားနေကြတာပဲ၊ ဘာလဲ ကိုမောင်မောင်က ရထားစရိတ်ကုန်မှာ စိုးလို့လားဟင်၊ တင်တင် လသုံးလက်မှတ် ယူပေးမယ်လေ"

"ပိုက်ဆံကုန်မှာ ကြောက်လို့မဟုတ်ပါဘူး မတင်တင်၊ လမ်းလျှောက်သွားရတာ လေကောင်းလေသန့် ရလို့ပါ၊ ခရီးက မဝေးပါဘူး၊ တောမှာတုန်းက ကျွန်တော် ကျောင်းသွားတက်ရတဲ့ အနောက်ရွာက ဒီထက် သုံးလေးပြန်တောင် ဝေးပါသေးတယ်၊ အပန်းမကြီးပါဘူး" ဟု တည်တည်ငြိမ် ငြိမ် ပြန်ပြောတတ်သည်။ ဤသည်ကိုပင် သူ့အပေါ် ကြင်နာသနားနေမိ



သော တင်တင်မှာ အားမလို အားမရ ဖြစ်မိသည်။ သည်ထက် ပို၍လည်း တင်တင်က အတင်း မတိုက်တွန်းရဲပေ။

ကိုမောင်မောင်မှာ နံနက် ၁၀ နာရီ ကျောင်းသွား၍ တင်တင်က မနက်ခုနစ်နာရီကပင် အလုပ်သွားရသည်။ ထို့ကြောင့် မနက်ပိုင်း ထမင်းဝိုင်းမှာတောင် တနင်္ဂနွေနေ့မှတပါး တခြားနေ့များမှာ ကိုမောင်မောင်နှင့် တင်တင်တို့ မဆုံမိကြ။ ညနေဆိုလျှင်တော့ တင်တင်နှင့် ကိုမောင်မောင်က ထမင်းဝိုင်းမှာ အမြဲဆုံမိကြသည်။

ချည်မျှင်နှင့် အထည်စက်တွင် အလုပ်လုပ်သော ဦးလေးတော်မှာ နံနက်ခုနစ်နာရီ အလုပ်ဝင်ရ၍ ညနေ သုံးနာရီကျော်ကို အလုပ်ပြန်ရသည်။ အလုပ်ကြမ်း လုပ်ရသူမို့ ဦးလေးက ညနေစာ ထမင်းကို လေးနာရီဆိုလျှင် စားပြီးပြီ။ ထိုအချိန်မှာ တင်တင်နှင့် ကိုမောင်မောင်တို့က အိမ်သို့ပင် ပြန်မရောက်ကြသေးပေ။ တင်တင်မှာ နေ့စား စာရေးမသာဖြစ်သဖြင့် တစ်ခါ တစ်ခါ အလုပ်သမားတွေ အချိန်ပိုဆင်းနေကြလျှင် ညနေ ခြောက်နာရီကျော်မှ အိမ်ပြန်ရောက်သည်။ ညနေ ငါးနာရီကျော် ကျောင်းလွှတ်၍ ကမာရွတ်မှ အုတ်ကျင်းသို့ ခြေလျင်လျှောက်လာသော ကိုမောင်မောင်မှာလည်း ငါးနာရီလေးဆယ် လေးဆယ့်ငါးလောက်မှ အိမ်ပြန်ရောက်လာတတ်၏၊ ထိုအခါ ညနေစာ ထမင်းဝိုင်းတွင် တင်တင်နှင့် ကိုမောင်မောင်တို့သည် ဆုံစည်းမိပြီးသား ဖြစ်ကြသည်။

ကိုမောင်မောင် တောက ရောက်ခါစ တင်တင်နှင့် မရင်းနှီးကြသေးခင်တော့ တင်တင်က ညနေစာထမင်းကို မိမိဘာသာ ခူးခပ်စားတတ်သည်။ ကိုမောင်မောင်ကို စောင့်နေခြင်း မရှိပေ။ တင်တင် ညနေစာ ထမင်းစားနေချိန်တွင် ကိုမောင်မောင် ကျောင်းကရောက်လာသောအခါ ကိုမောင်မောင်ကို ကြီးကြီးက ခူးခပ်ပေးရသည်။ နောက်တော့ အလီလီအခါခါ ခူးခပ်ပေးရသော ကြီးကြီးက "တင်တင် သိပ်ဆာနေပလား၊ စောင့်နိုင်ရင် မောင်မောင်ကို စောင့်ပါဦးလားကွယ်၊ လူတစ်ယောက် တစ်ခါစီ ထမင်းပွဲပြင်စားနေကြတော့ အကွဲကွဲအပြားပြားနဲ့ ရှေ့လူနောက်လူ ငဲ့ရတယ်၊ သိမ်းရ ဆည်းရ

www.burmeseclassic.com



တာလည်း တာဝန်များတာပေါ့ မောင်မောင်ရောက်မှ အတူစားကြပါလား။ မောင်မောင်လည်း ရောက်ခါနီးပါပြီ" ဟု ပြောတတ်သည်။

အကယ်၍ တင်တင်ထက် ကိုမောင်မောင်ကစော၍ ရောက်လာလျှင်လည်း "မောင်မောင် သိပ်မဆာသေးရင် တင်တင်ကို ခဏစောင့်ပါဦးလား ကလေးရယ်. . ဒေါ်လေး ဟိုဘက်အိမ် ခဏသွားလိုက်ဦးမယ်၊ တင်တင် ရောက်မှ မင်းတို့မောင်နှမ အတူစားကြပေါ့၊ တင်တင်က ခူးခပ်ပေးပါလိမ့်မယ်" ဟု ပြော၍ အိမ်လည်ထွက်သွားတတ်၏။

ကိုမောင်မောင် ညနေစာ ထမင်း မစားသေးမှန်းသိသဖြင့် တင်တင်က ထမင်းဟင်းခူးခပ်ပြီးမှ ကိုမောင်မောင်ကို ထမင်းစားခေါ်သည်။ တင်တင် ခေါ်သံကြားမှ ကိုမောင်မောင်သည် အခန်းထဲကထွက်လာတတ်၏။ နောက် တော့ တင်တင် အလုပ်ကပြန်၍ မီးဖိုဆောင်ဝင်သံကြားလျှင် ကိုမောင်မောင် လည်း မီးဖိုဆောင်သို့ ဝင်လာတတ်၏။ ပန်းကန် ခွက်ယောက်ကအစ ကူညီ ၍လည်း ဆေးပေးတတ်သည်။ အားနာတတ်သော တင်တင်ကတော့ "နေပါ ကိုမောင်မောင် တင်တင် လုပ်ပေးပါ့မယ်" ဟု ပြောတတ်၏။

လခထုတ်သောနေ့များဆိုလျှင် တင်တင်က ခေါက်ဆွဲကြော်၊ အစိမ်းကြော် အခေါက်ကင်၊ အသားကင်၊ အသဲအမြစ် ဟင်းလျာ စသည် တစ်ခုခု အလုပ်အပြန်မှာ အမြဲဝယ်လာလေ့ ရှိသည်။ ညနေစာထမင်းကို စားကြသောအခါ သူဝယ်လာသော စားသောက်ဖွယ်ရာများကို တင်တင်က ကိုမောင်မောင်နှင့်အတူ စားတတ်သည်။ ခေါက်ဆွဲဆိုလျှင်တော့ ဦးလေးနှင့် ဒေါ်လေးကို သီးသန့်တစ်ထုပ်ပေး၍ တင်တင်နှင့် ကိုမောင်မောင်တို့က တစ်ထုပ် စားကြသည်။ ခေါင်းလျှို၍ ထမင်းဟင်းကိုချည်းသာ ငုံ့လွေးနေသော ကိုမောင်မောင်အား တင်တင်က "ကိုမောင်မောင် ခေါက်ဆွဲလည်း စားပါဦး"ဟု ခဏခဏ ထည့်ခပ်ပေးရသည်လည်း ရှိ၏။ ကြာသော် ကိုမောင်မောင်က ခေါက်ဆွဲကြော်ထက် အသားကင် အသဲအမြစ် ဟင်းလျာများကို ပို၍ ကြိုက်တတ်မှန်း တဖြည်းဖြည်း ရိပ်မိလာ၏။ ထို့ကြောင့်လည်း လခ



ထုတ်ပြီဆိုလျှင် အသဲအမြစ်တင်းလျာနှင့် အကြော်အလှော်ကိုသာ တင်တင်က တမင် ရွေးဝယ်တတ်လာသည်။ ကိုမောင်မောင်ကို စောင့်၍ ညနေစာထမင်းကို တမင်တကာ စားတတ်လာ၏။ ကိုမောင်မောင်ကလည်း ရဲရဲဝံ့ဝံ့ခင် စားတတ်လာသည်မို့ တင်တင်မှာ ကျေနပ်ဝမ်းသာမဆုံး ဖြစ်မိသည်။

တက္ကသိုလ်ဝင်တန်းဖြေဆိုရမည့်နှစ်က မအိပ်မနေ စာကြိုးစားသဖြင့် သုံးလေး ငါးရက်အတွင်း ကိုမောင်မောင်၏ ရုပ်ရည်မှာ အတော်ကလေး ချောင်ကျသွားသည်။ ကိုမောင်မောင်အပေါ်တွင် ငြိတွယ်နေမိသော သံယောဇဉ်ကြောင့် တင်တင်က "သိပ်လည်း အစားပျက် အအိပ်ပျက် မခံပါနဲ့ ကိုမောင်မောင်ရေ၊ စာမေးပွဲဖြေခါနီးမှာ နေထိုင်မကောင်း ဖြစ်နေပါဦးမယ်၊ ကိုမောင်မောင် ကြိုးစားပုံမျိုးနဲ့ဆို အောင်မှာပါ၊ ကျန်းမာရေးလည်း သတိထားပါဦး" ဟု ပြောမိ၏။

"မကြိုးစားလို့မဖြစ်ဘူး မတင်တင်၊ ဒီစာမေးပွဲက ကျွန်တော့်အတွက် သိပ်အရေးကြီးပါတယ်၊ ဒီနှစ် စာမေးပွဲအောင်မှ ဖြစ်မယ်၊ ကျွန်တော် ကျောင်းနေရတဲ့ အခြေအနေကိုလည်း မတင်တင် သိသားပဲ" ဟု ဆိုသောအခါ တင်တင်၏ရင်မှာ ဆို့သွားရသည်။

ကိုမောင်မောင် ပြောသော တက္ကသိုလ်ဝင်တန်း စာမေးပွဲသည် ကိုမောင်မောင်အတွက် အရေးကြီးကြောင်း တင်တင်လည်း သဘောပေါက်၏။ ကိုမောင်မောင်ကို ကျောင်းထားပေးရသော မိခင်မုဆိုးမမှာ ယခုအခါ ပွားရေး ကျဆင်းနေသည်။ အရောင်းအဝယ် အဆင်မပြေသည့်ကြားထဲ န်းမသားမို့ မိမိပိုင်လယ်ယာမြေ အနည်းအကျဉ်းကို ကိုယ်တိုင်မလုပ်နိုင်ဖြင့် သီးစားချထားမိခါမှ သီးစားခ မရ၍ မိခင်ဖြစ်သူမှာ ခေါင်းမီးတောက်နေသည်။ ကျောင်းနေသော သားအတွက် ယခင်က ငွေမှန်မှန် ပို့ပေးနိုင်သော်လည်း ယခုနေမှာ ကျောင်းလခ ထမင်းစရိတ် စသည့် ငွေများကိုပင်မှန် မတင်ပို့နိုင်ရှာတော့ပေ။ ဤသည်တို့ကို သိ၍လည်း ကိုမောင်မောင်ကိုသာ ဖိကြိုးစားနေခြင်း ဖြစ်၏။ ကိုမောင်မောင်အတွက် တင်တင်နှင့်လေး ကြီးကြီးတို့ကပါ စိတ်မကောင်းကြ၊ ယခင်က သူ့သားအား

www.burmeseclassic.com



တက္ကသိုလ်အရောက် ကျောင်းထားပေးမည်ဟု ကြုံးဝါးခဲ့သော မိခင်မှာ ယခု အခါ ခါးချိနေလေပြီ။ သား၏ ပညာရေးအတွက် သူ့မိခင်မှာ မည်မျှ ပူပန် နေရှာပေလိမ့်မည်နည်း။

ကိုမောင်မောင် စာမေးပွဲ ဖြေဆိုချိန်တွင် တင်တင်မှာ ရင်တမမ ဖြစ်နေမိသည်။ စာမေးပွဲဖြေမပြီးခင် ကိုမောင်မောင် ဖျားနာ၍များ သွားလေ မလားဟူသော စိုးရိမ်ပူပန်စိတ်သည် တင်တင်၏ရင်ထဲ၌ အမြဲ ပြည့်သိပ်ခဲ့ရ သည်။ ကိုမောင်မောင်ရုပ်ကလည်း တစ်နေ့တခြား ချုံးကျသွားသည် မဟုတ် ပါလား။ သို့သော် ကိုမောင်မောင်ကား စာကြိုးစားမလျော့၊ မဆိမဆိုင်နှင့် တင်တင်မှာသာ ကိုမောင်မောင် စာမေးပွဲဖြေဆိုရသော ရက်ပိုင်းက ခွင့်ယူ၍ ပင် စောင့်ကြည့်မိသည်။ ကိုမောင်မောင် ကြိုက်တတ်သော အစားအစာများ ကိုလည်း တကူးတက တစ်ခုခု ရမယ်ရှာ၍ ချက်ပြုတ်ပေးရသည်မှာ မောရ ပန်းရမှန်းမသိ၊ ကိုမောင်မောင် စာမေးပွဲ ဖြေပြီးသွားမှ တင်တင်မှာ သက်မ ချနိုင်သည်။ စာမေးပွဲဖြေပြီးသည့် နောက်တစ်နေ့မှာ ကိုမောင်မောင် တော ကို ပြန်သွား၏။

◈ ◈ ◈

ကိုမောင်မောင် စာမေးပွဲအောင်သဖြင့် တင်တင်မှာ ဝမ်းသာမဆုံး ဖြစ်နေမိသည်။ ထို့ထက် ဝမ်းသာစရာ ကောင်းသည်မှာ ကိုမောင်မောင် တက္ကသိုလ်ပညာကို ဆက်လက် သင်နိုင်တော့မည်ဆိုသော သတင်းကလည်း ကိုမောင်မောင်နှင့်အတူ တောတ ပါလာသည်။ တက္ကသိုလ်ဝင်တန်း အောင် သွားသော ကိုမောင်မောင်ကို သူ့အဖေဘက်က ဆွေမျိုးတစ်ယောက် ကျောင်းဆက်ထားပေးသည်ဟု သိရသည်။

ကိုမောင်မောင် တက္ကသိုလ်ကျောင်းတော်ကြီးသို့ ကျောင်းအိပ် ကျောင်းစားနှင့် ဘော်ဒါသွားနေတော့မည်ဟု ဆိုသောအခါ တင်တင်မှာ မျက်ရည်ဝဲနေမိသည်။ ယခင်က သူ့ထက် ကံဆိုးရှာသည်ဟု ထင်၍ သနား



နေမိသော ကိုမောင်မောင်မှာ ယခုအခါ သူ့ထက် ကံကောင်းသွားလေပြီ။ ကိုမောင်မောင် တက္ကသိုလ်ရောက်သွား၍ ဝမ်းသာရမည့်အစား တင်တင်မှာ ဝမ်းနည်း၍ပင် နေမိသည်။ မိမိဘဝ အကျိုးပေးနည်းရှာပုံကို တွေးမိ၍လည်း စိတ်ထဲမှာ မချမ်းမြေ့၊ တင်တင်မှာ အမေလည်း မရှိ၊ အဖေလည်း မရှိ၊ ဆွေမျိုးဆို၍လည်း လခသုံးရာ ရသူပင် တင်တင်တို့ ဆွေမျိုးထဲမှာ မရှိ၊ အကယ်၍ တင်တင်တို့ ဆွေမျိုးထဲမှာ ငွေကြေးချမ်းသာသူများသာ ရှိပါက တင်တင်သည် ကိုမောင်မောင်ထက်ပင် တက္ကသိုလ်သို့ အရောက် စောလေ သည်။ ခုတော့ စက်ရုံနေ့စား စာရေးမငယ်ဘဝမှာ တင်တင်က ကျန်ရစ်ရပြီ။ ကိုမောင်မောင်နှင့် တက္ကသိုလ်မှာ ကျောင်းအတူ သွားနေရပါက မည်မျှ ပျော်စရာ ကောင်းလိုက်ပါမည်နည်း။

ကိုမောင်မောင် အထုပ်အပိုးပြင်နေသည်ကို ငေးကြည့်၍ ဦးလေးက စိတ်ကောင်းပုံမရ၊ ဒေါ်လေးကတော့ "မောင်မောင် ပညာသင်သွားတာမို့ ဝမ်းသာကောင်းလို့သာ မောင်မောင်ရယ်၊ အဒေါ့်ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ အိမ်ကနေပြီး ကျောင်းတက်လို့ကော မဖြစ်ဘူးလား ကလေးရယ်" ဟု ရင်ထဲက ဝေဒနာကို ဖွင့်အန်၍ပင် ဆိုသည်။ တင်တင်၏ ရင်ထဲမှာတော့ သည်းနှလုံးတွေ ပြုတ်တူနှင့် ဆွဲညှပ်ထားသလိုပင် တင်းကျပ်နေမိ၏။

"ကျောင်းဆောင်မှာဆိုတော့ စာကြိုးစားလို့ ပိုကောင်းတာပေါ့ ဒေါ် လေးရယ်၊ ကိုယ် မသိ မလိုက်နိုင်တဲ့ ဘာသာတွေကျတော့လည်း ကျောင်း သားကြီး သူငယ်ချင်းတွေဆီမှာ ကူးမှတ်နိုင်မယ်မဟုတ်လား၊ လှည်းတန်းနဲ့ တက္ကသိုလ်ကျောင်းဟာ ဘယ်လောက်မှ မဝေးပါဘူး၊ ကျွန်တော် ခဏခဏ လာလည် မှာပေါ့၊ ဦးလေးတို့ ချည်စက်နားက ကျောင်းဆောင်တွေ ဆောက်ပြီးရင် ကျွန်တော် အဲဒီကိုတောင် ပြောင်းချင်ပြောင်းရဦးမှာ၊ သမိုင်းကျောင်းဆောင် ပြောင်းရရင် ကျွန်တော် နေ့တိုင်း လာနိုင်တာပေါ့ ဒေါ်လေးရယ်"

တက္ကသိုလ်ကျောင်းတော်ကြီးသို့ ပညာသင်သွားရတော့မည်ဆိုသော ကိုမောင်မောင်၏ တက်ကြွ ရွှင်မြူးဖွယ်သော စကားကို တင်တင်၏နားထဲ ဝမ်းသာစကားဟုပင် မထင်မိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်မောင်ကို တစ်အိမ်သားလုံး လိုက်ပို့ကြသည်။ ပြန်ခါနီးမှာ တင်တင်က "တက္ကသိုလ်ကျောင်းသားကြီး ဖြစ်သွားလို့ တင်တင်တို့ကိုတော့ မေ့မသွားပါနဲ့ ကိုမောင်မောင်ရယ်" ဟူသော စကားကို တင်တင်မှာ ကတုန်ကယင်နှင့် ဆိုဖြစ်သည်။ ကိုမောင်မောင်နှင့် ဝေးသွားရမည်ကို တင်တင်မှာ တကယ်ပင် စိုးရိမ်နေရှာသည်။

"ဟာ. . ဘယ်မေ့ပါ့မလဲ မတင်တင်ရယ်၊ တစ်ခါတစ်ခါ ကျောင်းထမင်းကျောင်းဟင်းတွေဟာ သိပ်ညံ့တယ်လို့ ပြောသံကြားဖူးတယ်၊ ကျောင်းထမင်း ကျောင်းဟင်းညံ့ရင် ကျွန်တော်တော့ မတင်တင်တို့ဆီပဲ ပြေးလာမှာ၊ အဲ့ဒီအခါမှာသာ မတင်တင်က ကျွန်တော့်ကို ခူးခပ်ပေးရလို့ မစူမဆောင့်ပါ နဲ့လို့နော်" ဟု ကိုမောင်မောင်က ကြည်ကြည်သာသာပင် ပြန်ပြောသည်။

"ကိုမောင်မောင်ကို ခူးခပ်ပေးရလို့ တင်တင် ဘယ်တုန်းက စူး ဆောင့်ဖူးလို့လဲ"

"ဟုတ်ပါတယ်လေ. . အဲဒါကြောင့် မတင်တင်ကို ကျွန်တော် ဘယ် တော့မှ မေ့မှာ မဟုတ်ဘူးလို့ ပြောတာပေါ့"

ဤစကားကို ကြားရစဉ်က တင်တင်၏ရင်ထဲမှာ ရေခဲရေနှင့် ရ တရက် အပက်ခံလိုက်ရသလို အေးမြသွားမိသည်။ သို့သော် အိမ်အပြ မှာတော့ တင်တင်၏အသည်းနှလုံးတွေမှာ တက္ကသိုလ်ဝင်းထဲ၌ပင် ပြုတ် ကျန်ရစ်ခဲ့သလိုနှင့် စိတ်တွေကလည်း လေဟာပြင်ထဲမှာ လွင့်မျောပါ သလားဟုပင် ထင်မှတ်မိသည်။ ကိုမောင်မောင်သည် ဝေးလံသော က ဖပြင်ဘက်သို့ ထွက်သွားသည်တမျှလည်း ခံစားရမိသည်ပါတကား။

◈ ◈ ◈

"ကျောင်းထမင်း ကျောင်းဟင်းညံ့ရင် ကျွန်တော်ကတော့ မတင် ဆီပဲ ပြေးလာမှာ" ဟူသော ကိုမောင်မောင်၏စကားကြောင့် တင်တင် တနင်္ဂနွေနေ့တိုင်း ကိုမောင်မောင်ကို မျှော်မိသည်။ တစ်ပတ် နှစ်ပတ် သော်လည်း ကိုမောင်မောင်ကား ပေါ်မလာ။



"ကျောင်းဆောင်မှာ အနေအထိုင် မကျသေးလို့ ထင်ပါရဲ့" ဟု တင်တင်က တွေး၏။ "ကိုမောင်မောင် ကျောင်းမှာ အစားအသောက်များ သိပ်ဆင်းရဲနေမလား" ဟုလည်း နေ့စဉ် တွေးပူမိ၏။ တစ်လ နှစ်လကြာ၍ သည်း ကိုမောင်မောင် ပေါ်မလာသောအခါ ဦးလေးတော်ကပါ "ဒီကောင့် ယ် နေစိမ့်လိုက်တာ၊ နေထိုင်များမကောင်းလို့လား၊ ငါလိုက်သွားဦးမှ" ဆိုပြီး ကိုမောင်မောင်ကို သွားကြည့်သည်။

တနင်္ဂနွေနေ့မို့ အပြင်ထွက်နေ၍ ကိုမောင်မောင်ကို မတွေ့ခဲ့ရ။ နောက်တစ်နေ့မှာတော့ ကိုမောင်မောင် အိမ်ကိုရောက်လာသည်ဟု ကြီးကြီး ပြော၍ သိရ၏။ သူ့ဦးလေးတော် လိုက်လာသည်ကြား၍ အိမ်လည်လာ င်းပင်။ သို့သော် တင်တင်က အလုပ်ဆင်းနေသဖြင့် ကိုမောင်မောင်နှင့် တွေ့လိုက်ရပေ။

◈ ◈ ◈

ကိုမောင်မောင် တက္ကသိုလ်ရောက်ပြီး နှစ်နှစ်အကြာမှာ သူ့အမေ ပါးသွားသည်။ ထိုစဉ်က ကိုမောင်မောင်နှင့် တင်တင်တို့ တောမှာ ဆုံမိ သည်။ ထို့နောက်ကိုတော့ ကိုမောင်မောင်နှင့် တင်တင်က လူချင်း လုံးဝ ဆုံမိကြတော့ပေ။

အိမ်ကိုတော့ သုံးလ တစ်ခါ လေးလ တစ်ခါ အလည်ရောက်သွား ကြောင်း ကြီးကြီး ပြော၍ သိရ၏။ ကိုမောင်မောင် အထာကို သိနှင့်သော လေးကလည်း သွား၍ မမေးတော့ပေ။ ဤသို့ ကိုမောင်မောင်နှင့် မဆုံမိ သဖြင့်လည်း တင်တင်က ကိုမောင်မောင်ကို တွေ့ချင်လှခြင်း ဖြစ်သည်။ နေ့တွင် မမျှော်လင့်ဘဲ စက်ရုံရှေ့က ထမင်းဆိုင်မှာ ကိုမောင်မောင်ကို ရသဖြင့် တင်တင်က အလွန်အမင်း ဝမ်းသာသွားသည်။ သို့သော် င်းစားလွှတ်ချိန် မိနစ် ၃၀ မှာ ကိုမောင်မောင်၏ ပြောင်းလဲသွားသော ဟ်အဆင်၊ အပြောအဆိုတို့တွင် ငေးမောနေမိသည်။ သူပြောလိုသော းများကိုပင် တစ်လုံးတစ်ပါဒမျှ မပြောလိုက်ရ။

www.burmeseclassic.com

www.burmeseclassic.com



"လူချင်း မတွေ့ရတာ ကြာတော့ တင်တင်ကို ပြောစရာတွေ တစ်ပုံကြီးပဲ၊ ကျွန်တော် နောက်တစ်နေ့ လာပါဦးမယ်၊ အလုပ်က များတဲ့အပြင် တစ်ခါတစ်ခါ နယ်ထွက်ရသေးတော့ မလာအားဘူး" ဟူသော ကိုမောင်မောင် စကားနှင့်ပင် ကျေနပ်ခဲ့ရလေသည်။

◈ ◈ ◈

ယခင်က တနင်္ဂနွေနေ့တိုင်း မျှော်မိသော ကိုမောင်မောင်ကို တင်တင်မှာ ယခုလည်း မျှော်နေမိပြန်၏။ ယခင်က ပေါ်မလာသော ကိုမောင်မောင်သည် ယခုလည်း ပေါ်မလာပြန်ချေ။ သုံးလေးလ ကြာသောအခါ တင်တင်မှာ စိတ်ကို လျှော့ပစ်လိုက်သည်။ "တက္ကသိုလ်ကျောင်းသားကြီး ဖြစ်သွားလို့ ကိုမောင်မောင် ငါ့ကို မေ့သွားပြီ" ဟူသော အတွေးကြောင့် ရင်ထဲမှာ နာရသည်။ ကြာတော့လည်း ကိုမောင်မောင်ကို မေ့မေ့ပျောက်ပျောက်ပင် ဖြစ်သွား၏။

"မြမေ ငါ မောင်မောင်နဲ့ တွေ့ခဲ့တယ်ဟ၊ မနှစ်က သူ ဘွဲ့ရ ခု ပ-လ-ကမှာ အလုပ်ဝင်လုပ်နေသတဲ့၊ လခလည်း သုံးရာကျော်တော ရတယ်တဲ့ဟ၊ ဒါတွေ မင်းအတွက် ဝယ်ပေးလိုက်တာ၊ ဒေါ်လေးကို ပြော လိုက်ပါလို့လည်း မှာလိုက်သေးတယ်၊ ငါ့ကို ကျွေးလိုက်တာလည်း စုံ တာပဲဟ"

ဦးလေးက ကိုမောင်မောင် ဝယ်ပေးလိုက်သည်ဆိုသော ခေါက်ဆွဲ အစိမ်းကြော်ထုပ်ကို ကြီးကြီးအား လှမ်းပေးရင်း ဝမ်းသာအားရနှင့် ပြော ဦးလေးနှင့် ကိုမောင်မောင်တို့သည် မျှော်လင့်ဘဲ လှည်းတန်းအဝိုင်း မှာ ဆုံမိကြသည်ဟု ဆိုသည်။

ဦးလေးကို ထမင်းကျွေး၍ ဒေါ်လေးအား ခေါက်ဆွဲနှင့် အစိမ်းကြော် များ ဝယ်ပေးလိုက်သည် ဆိုစကားကို ကြားရစဉ်က တင်တင်မှာ ရှက် ရှက်မိသည်။ "ငါ့ကိုတော့ ကိုမောင်မောင် သတိတောင်မရပါလား" ဟုလည်း



စိတ်ထဲက နာကျည်းမိ၏။ ထို့ကြောင့်လည်း ကိုမောင်မောင်၏အကြောင်းကို တင်တင်က ဆက်၍ မတွေးရဲတော့ပေ။ ယခင်က ငြိတွယ်နေမိသော သံယောဇဉ်ကြိုးတို့သည်လည်း အလိုလို ပြေလျော့သွားလေပြီတည်း။

◈ ◈ ◈

"တင်တင်. ."

"တင်တင်. ."

ခေါ်သံမှာ နီးကပ်လွန်းလှသဖြင့် တင်တင်က လှည့်ကြည့်လိုက်သောအခါ ကိုမောင်မောင်မှာ တင်တင်အနားသို့ပင် ရောက်နှင့်နေလေပြီ။

လေဟာပြင်ဈေးကအပြန် ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း အဝင်တွင် ကိုမောင်မောင်နှင့် မမျှော်လင့်ဘဲ ဆုံစည်းမိကြ၏။

ကိုမောင်မောင်ကို တွေ့ရသည်မှာ အိပ်မက်ထဲတွင် တွေ့ရသူလိုပင် ဘယ်က ဘယ်လို ပေါ်လာမှန်းကိုပင် တင်တင်က မခန့်မှန်းတတ်ပေ။ ထို့ကြောင့်လည်း တင်တင်က ကိုမောင်မောင်ကို ရပ်တန့်၍ စကားလက်ခံပြောရန်ပင် သတိမရမိ။

"မမျှော်လင့်ဘဲ တွေ့ရတာ ဝမ်းသာလိုက်တာ တင်တင်ရယ်"

ကိုမောင်မောင်က ဆိုနေကြစကားကို ရေရွတ်၍ တင်တင်၏လက်တစ်ဖက်ကိုလည်း မသိမသာ ဆုပ်ကိုင်ထား၏။ ကွယ်ရင်မေ့ တွေ့ရင် သေအောင်လွမ်းတတ်သော သူ့အသံမှာ သိသိသာသာ နွဲ့နေသည်။

"တင်တင်. . ဘယ်က လာလဲဟင်"

"လေ. . လေ. . ဟာပြင်က"

"တစ်ခုခု စားပါဦးလား တင်တင်ရယ်၊ စကားပြောရင်းပေါ့၊ ကိုယ်က တင်တင်နဲ့ သိပ်တွေ့ချင်တာ အတော်ပဲ၊ အိမ်ကို လာမယ် လာမယ်နဲ့ အလုပ်က သိပ်များတော့ မအားဘူး၊ ဒါပေမယ့် တင်တင်ကိုတော့ နေ့တိုင်း သတိရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုမောင်မောင်က တင်တင်၏လက်ကို ခုထိ မလွှတ်သေး။

ရှယ်တူ မင်းယောကျ်ားတစ်ယောက်၏အကိုင်အတွယ် အထိအတွေ့ကို မကြုံဖူး မတွေ့ဖူးသော တင်တင်မှာ တစ်ကိုယ်လုံး မွန်ထူ၍ ခြေလှမ်းများကိုပင် ဘယ်က ဘယ်လို လှမ်းလာမှန်းမသိဘဲ စကြံအလယ်သို့ ရောက်လာ၏။ ရှက်လိုက်သည်မှာလည်း မျက်လုံးတွေပါ ပြာဝေနေသည်။ မတော်တဆ အုတ်ကျင်းက လူတွေများ မြင်သွားလျှင် ဟူသော စိုးရိမ်ပူပန်မှုကလည်း ရင်ထဲတွင် လှိုက်ဆူဘောင်ဘင်ခတ်နေ၏။

"တင်တင်. . တစ်ခုခု စားပါဦးလားကွယ်၊ စကားပြောရင်းပေါ့နော်"

"နေ. . နေပါစေ ကိုမောင်မောင်"

ဤစကားကိုတော့ တင်တင်က သေရေးရှင်ရေးတမျှ အရဲစွန့်၍ ပြောရ၏။

"ဆန်းဒေးတော့ ကိုယ်ဒီက စောင့်မယ်ကွယ်၊ ဆယ့်နှစ်နာရီခွဲ အမှီလာပါနော်၊ ကိုယ် ဘွတ်ကင်လုပ်ထားလိုက်မယ်၊ တင်တင်ကို ပြောစရာတွေ ကိုယ့်ရင်ထဲမှာ အများကြီးပဲ၊ အိမ်ကို လာလည်မယ်လို့ စိတ်ကူးနေတာ ခုတော့ အတော်ပဲ၊ ဆက်ဆက်လာပါနော်"

ကိုမောင်မောင်၏ စကားမဆုံးခင်ပင် တင်တင်၏ခြေလှမ်းက ဘုရားလမ်းဘူတာ အဝင်ဝကို ခြေချမိနေလေပြီ။

ကိုမောင်မောင်က တတွတ်တွတ်ပြော၍ ရထားဘူတာ အဝင်ဝအထိလား၊ တင်တင် ရထားပေါ် တက်လာသည်အထိလား၊ ရထားပေါ်ထိ လိုက်ပါလာလေသေးသလား၊ သူ့ကို အုတ်ကျင်းထိ လိုက်ပို့မည်ဟု နောက်ထပ်စကားဆိုသေးသလား၊ တင်တင် ဘာမှ သတိမထားမိနိုင်ခဲ့၊ လမ်းမတော်ဘူတာရောက်၍ သူ့နောက်က ကိုမောင်မောင် ပါမလာမှန်းသိမှ သက်မတို့အကြိမ်ကြိမ် ချမိသည်။

ထိုညက တစ်ညလုံး တင်တင် အိပ်မပျော်မိပေ။ မှေးကနဲ အိပ်ပျော်သွားလိုက် ပြန်နိုးလာလိုက်နှင့်ပင် မိုးလင်းခဲ့ရသည်။ နံနက်ထမှာ ကြီးကြီးမေကလည်း အတော်အတန် နေထိုင်ကောင်းသွားသဖြင့် အလုပ်ပင် သွားလိုက်



သေးသည်။ အလုပ် အသွားအပြန်နှင့် အလုပ်ထဲမှာလည်း ကိုမောင်မောင် အကြောင်းကိုသာ ဆက်တွေးဖြစ်ပြန်၏။ ညနေ အိပ်ရာဝင်ခါနီးမှာလည်း သူ့အကြောင်းပင်။

အိပ်မက်ထဲမှာလည်း ကိုမောင်မောင့်အကြောင်းသာ။ သို့သော် တန်ရေးတတ် စကားကြွယ်၍ အဝတ်အဆင်တွေပါ ပြောင်းလဲပြီး စပို့ရှပ် ဒြိ တက်ထရက်အဖြူ ဖိနပ်ဦးချွန်၊ လက်ဆွဲသားရေအိတ်ကြီးနှင့် ကိုမောင်မောင်ကား မဟုတ်ပါချေ။ ဆံပင်ကို တိုတိုညှပ်ပြီး ပင်နီ အပေါ်ဖုံးကို အမြဲတက်ကာ ခေါင်းငုံ့၍ သွားတတ်သော ကိုမောင်မောင်၊ ပုဆိုးကို တိုတိုစည်း၍ ကျောင်းလွယ်အိတ်ကို ပခုံးပြတ်ကျမတတ် လွယ်ကာ အုတ်ကျင်းမှ ကမာရွတ် ကျားကျောင်းသို့ သံလမ်းအတိုင်း ခြေလျင် ကျောင်းသွားနေသော ကိုမောင်မောင်ကိုသာ. .။

နောက်တစ်နေ့မှာ ကိုမောင်မောင် ချိန်းဆိုသော ဆန်းဒေးသို့ ရောက်လာသည်။

သို့သော် တင်တင်ကား မသွားဖြစ်တော့ သွားလိုစိတ်လည်းအလျဉ်း မရှိတော့။ ကိုမောင်မောင်နှင့် တွေ့ရမှာကို တင်တင်က မဝံ့တော့။ တစ်နေ့က ဘူတာရုံမှာ တွေ့ခဲ့သော ကိုမောင်မောင် အကြောင်းကို တွေးမိလျှင် ခြေဖျားလက်ဖျားတွေပင် တောင့်တင်း အေးစက်လာမိသည်။ ထို့ကြောင့်လည်း ကိုမောင်မောင် သူ့အား စောင့်မစောင့်ကို တင်တင်က ဘယ်လိုလုပ်ပြီး သိနိုင်ပါတော့မည်နည်း။

ထာ ထာ ထ ထ

www.burmeseclassic.com

www.burmeseclassic.com

# သံသရာဆုံးမည့်နေ့

မမျှော်လင့်ဘဲ သူနှင့် ဆုံရပြန်ပြီ။ သည်မှာဘက် နှစ်တွေမှာ သူနှင့် ဘယ်နေရာဆုံဆုံ ရင်ခုန်ရသော ဝေဒနာတစ်ခုတော့ အမြဲတိုးလာတ[illegible] သည်။ တစ်ရပ်ကွက်ထဲနေကြသူတွေဆိုတော့လည်း ဘုတာရုံမှာ၊ ကားဂိတ်မှာ တစ်နေရာရာတော့ ဆုံမိကြသည်သာ။ သို့သော် သူနှင့် ဆုံမိကြခြင်း သည် ဘယ်သောအခါမှ မျှော်လင့်၍ ဆုံမိကြခြင်းမဟုတ်။ မမျှော်လင့်[illegible] ချည်း ဆုံမိကြခြင်း ဖြစ်သည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလက[illegible] ဆုံလာခဲ့ကြရသော တွေ့ဆုံရခြင်းသည် သံသရာမှာ ဘယ်တော့ဆုံးပါလိမ့်[illegible]

"မ. . မ. . မမာသီ"

မမျှော်လင့်သော အသံနှင့်အတူ သူသည် မာသီဘေး ကပ်[illegible] သည်။ လမ်းမပေါ်မှာ ဖြစ်နေသော်လည်း လမ်းကြုံ၍မဟုတ် ဆိုတာ[illegible] သူ့အသံက ဝန်ခံနေသည်။

မာသီက လှည့်ကြည့်တော့ သူက စကားဆက်၏။

"မမာသီ ကျောင်းသွားမလို့လား"

"ဟုတ်ကဲ့. . ရှင့်"

"ကျွန်တော်. . ကျွန်တော်လေ မမာသီကို တွေ့စကပင် စိတ်ဝင်[illegible] တယ်၊ အဲဒါ ဒီစာလေး တဆိတ် ကျေး"



"လူကြီးတွေနဲ့ တိုင်ပြောမယ်၊ သက်သက် နှောင့်ယှက်တာ"

လူကြီးတွေနှင့် တိုင်ပြောမည်ဆိုသဖြင့် သူ့ခြေလှမ်းသည် ရှေ့သို့ လုံးဝ တိုးမလာတော့။ မာသီက ခြေဆောင့်၍ ကားဂိတ်ဘက် ဆက်လျှောက် လာတော့ သူ နောက်က ပါလာလေသလား၊ မပါဘဲ ပြန်သွားသလား မကြည့် မိ။ မကျေနပ်ချက် တစ်စုံတစ်ခုကိုသာ ပါးစပ်ထဲမှာ ရေရွတ်လာမိသည်။ သို့သော် ထိုမကျေနပ်ချက်ကိုလည်း ထိုစဉ်က ဘာမှန်းမသိ။

"ဒေါ်လေးမိတို့အိမ်က ဟိုကောင် သိလား၊ မာသီ့ကို လမ်းမမှာ ရိသဲ့သဲ့လုပ်တယ်၊ နောက်လုပ်ရင်တော့ အမေတို့နဲ့ တိုင်မယ်"

"ဟဲ့. . ဘယ်သူလဲ"

ဒေါ်လေးမိတို့နှင့် မာသီတို့အိမ်က ဘေးချင်းကပ်လျက်။ ဒေါ်လေး မိတို့ အိမ်မှာ ထမင်းလခ ပေးစားပြီး စက်ရုံအလုပ်၊ ကျောက်သွေးအလုပ် လုပ်နေကြသော ကောင်လေးတွေက လေးငါးယောက် ရှိသည်။ အဲဒါကြောင့် ဒေါ်လေးမိက "ဘယ်သူလဲ" ဟု မေးခြင်း ဖြစ်သည်။

"နောက်ထပ် ရောက်လာတဲ့ ပိန်ညှောင်ညှောင် ကောင်လေးပေါ့"

"မောင်တင်အောင်လား"

"နာမည် ကျွန်မ မသိဘူး"

အမှန်လည်း မာသီသည် သူ့နာမည်ကို မသိသေး၊ သူ့လို စက်ရုံ လုပ်သော ကောင်လေးမျိုးကို မာသီ စိတ်လည်း မဝင်စား။ ထိုခေတ်က [illegible]ခင်တို့အရွယ် သမြေခက်မို့ အသက်မငယ်တော့ဘူး ရှင်တို့ရယ်၊ ပုစွန် ဆိတ်သဖွယ် ပင်လယ်ကူးဖို့ စိတ်မှာ ဖြန့်ကူးရည်လို့ရွယ်" ဟူသော ရုပ်ရှင် သီချင်း ခေတ်စားနေသော်လည်း မာသီကား အိမ်ထောင်ရေးတည်း ဟူသော [illegible]င်လယ်ကိုကူးဖို့ မရည်ရွယ်သေးပါ။ အကယ်၍ ရည်ရွယ်လျှင်လည်း သူလို ဖြစ်စလောက် စက်ရုံတွင် အလုပ်လုပ်သော ကောင်လေးမျိုးကို မရည်ရွယ် [illegible]ါ၊ အရှင်းဆုံးဆိုရလျှင် မာနကြီးသည်ပဲ ပြောပြော သူ့ကို အထင်သေး သည်သာ။

www.burmeseclassic.com

www.burmeseclassic.com



"မောင်တင်အောင်က လူကောင်းလေးပါ မာသီရယ်. . တိုင်တော စရာလည်း မလိုပါဘူး၊ ဒေါ်လေး ပြောလိုက်ပါ့မယ်၊ မာသီ မကြိုက်ရင် နောက် မနှောင့်ယှက်ရပါဘူး"

ဒေါ်လေးမိ ပြောသလို နောက်ထပ်တော့ သူ လုံးဝ မနှောင့်ယှက် ရဲတော့။

သို့သော် အိမ်ချင်းကပ်လျက်မို့ မကြာခဏ မျက်နှာချင်း ဆုံမိကြ သည်။ လမ်းမှာ ကြုံမိကြသည်။ သို့သော် မာသီက သူ့မျက်နှာကို မကြည့် သူနှင့်တွေ့လျှင် မျက်နှာကို တည်တည်ထားရသည်။

သူ့မျက်နှာကတော့ မည်သို့ နေမည် မသိ၊ သူ့စိတ်ထဲမှာလည်း မည်သို့ ခံစားနေရမည်ကို မတွေးမိ။

သည်လိုနှင့် သည်နှစ်က မာသီ ဆယ်တန်းကို (ခ) နှင့် အောင်တော ဆောက်လုပ်ရေးရုံးမှာ အကူစာရေး ရသည်။ ညကျောင်းလည်း ဆက်တတ် သည်။ နောက်တစ်နှစ် မာသီ ဆယ်တန်းထပ်ဖြေတော့ (ခ) သာ ထပ်ရ သည်။ သို့သော် မာသီ အားမလျှော့၊ ဆယ်တန်းအောင်ရန် ဆက်ကြိုးစား လျက် ရှိသည်။ တစ်နှစ် နှစ်နှစ် ကာလဆိုတာက အပြောင်းအလဲ ရှိသည်။ ဒေါ်လေးမိတို့ အိမ်ရှိ ကောင်လေး အသီးသီးသည် အိမ်ထောင်ကျသွား ပြီး တဖြည်းဖြည်း ပျောက်သွားကြသည်။ သို့သော် ကိုတင်အောင် ဆိုသော ကောင်လေးတော့ အိမ်ထောင်မကျသေး၊ ဒေါ်လေးမိတို့ အိမ်က ထွက် မသွားသေး။ ခေတ်ကာလ အခြေအနေက ကုန်ဈေးနှုန်းတွေ အဆမတန် ကြီးလာရာ နောက်ထပ် လူသစ်တွေလည်း ဒေါ်လေးမိတို့အိမ်သို့ ထမင်း လခ ပေးစားရန် ပေါ်မလာကြတော့။ ဒီတော့ သူက ဒေါ်လေးမိတို့အိမ်မှာ တစ်ယောက်တည်း သောင်တင်နေသည်။

အသက် နှစ်ဆယ်ပင် မပြည့်သေးသော်လည်း မာသီမှာ အလုပ် တစ်ဖက်နှင့် ကျောင်းလည်း တက်ရသူမို့ လူကြီးတစ်ပိုင်း ဖြစ်လာသည်။ ကိုတင်အောင်ကမူ မာသီထက်ပင် အလုပ်စောစွာ လုပ်သူမို့ ပို၍ လူကြီး ဆန်လာသည်။



အိမ်နီးချင်း ကပ်လျက်ဆိုတော့ သူနှင့် မကြာခဏ ဆုံမိ ကြုံမိကြ၏။ ကြုံတော့ သူ့မျက်နှာကို ကြည့်ရဲလာသည်။ "သူ ဘာတွေလုပ်နေလဲ" သတိ ထားတတ်လာသည်။ သူနှင့်ပတ်သက်သော စကားတွေကို နားထောင်တတ် လာသည်။

"မောင်တင်အောင်ရေ. . သူများကလေးတွေ ကျောင်းနေကြတယ်၊ နင်လည်း ကျောင်းဆက်နေပါလား"

"ကျွန်တော့်မှာ ကျောင်းဆက်နေဖို့ အချိန်မှ မရတာ ဒေါ်လေးမိ ရယ်"

"အမလေး. . သူများ မိန်းကလေးတွေတောင် အလုပ်တစ်ဖက်နဲ့ ကျောင်းတက်နေကြတာ၊ မာသီတို့ဆိုရင် ဆယ်တန်းတောင် အောင်သွားပြီ၊ နင်ကျမှ အချိန်မရလို့"

ဒေါ်လေးမိက နီးနီးနားနား မာသီကို ဥပမာပေးတော့ ဒေါ်လေးမိ စကား မာသီလည်း စိတ်ဝင်စားမိသည်၊ ဂုဏ်လည်း ယူမိသည်၊ ဒေါ်လေးမိ သာ မဟုတ်၊ တစ်လမ်းလုံးက မာသီကို ချီးကျူးကြသည်မှာ ဘဝင်မြင့်စရာ သွေးကြီးစရာပင်၊ မိန်းကလေးပင် ဖြစ်သော်လည်း အလုပ်တစ်ဖက်နှင့် ကျောင်းနေပြီး ဆယ်တန်းစာမေးပွဲအောင်သူ ဆို၍လည်း ထိုစဉ်က မာသီတို့ လမ်းတွင် မာသီနှင့် ခင်ဝေ နှစ်ယောက်သာရှိသည် မဟုတ်ပါလား။ မာသီ တို့မှာ အရွယ်ကလည်း ငယ်သေးသည်မို့ ရပ်ကွက်ထဲတွင် ခေါင်းမော့၍ လျှောက်နိုင်ခဲ့ကြသည်။

"ကျွန်တော့်အချိန်နဲ့ သူများတွေအချိန်နဲ့ တူတာမှ မဟုတ်တာ ဒေါ်လေးမိရယ်၊ ကျောင်းနေဖို့ဆိုတာက ဆရာရော တပည့်ပါ အချိန်ရမှ၊ ကျွန်တော်က စက်ရုံလုပ်သား ဆိုတော့"

သူပြောသည်မှာ အမှန်တော့ ဟုတ်သည်။ ကိုတင်အောင်တို့ စက်ရုံလုပ်သားတွေမှာ မာသီတို့ ရုံးလို အချိန်မမှန်ပေ။ အလုပ်က ကာယ အားနှင့် လုပ်ရသလို အချိန်ကလည်း နေ့အလှည့်၊ ညအလှည့်၊ ညဥ့်အလှည့် ခွဲ၍ သုံးကြိမ်သုံးခါ ရှိသည်။ သူက ကျောင်းသာ မနေသော်လည်း စာရေး

www.burmeseclassic.com

www.burmeseclassic.com



၍ စာဖတ်၍တော့ အမြဲလိုလို မာသီ တွေ့ရသည်။ မာသီတို့ ဧည့်ခန်းဘေး ပြတင်းပေါက်နှင့် သူ့အိပ်ရာ ပြတင်းပေါက်မှာ မျဉ်းပြိုင်ဖြစ်နေသဖြင့် ည ဆိုလျှင်လည်း သူ့အခန်းမှာ မီးလင်း၍ တံခါးဖွင့်၍ မြင်ရသည်။ ဘာ စာ ရေးမှန်း မသိ၊ တကုပ်ကုပ် စာရေးနေသည်ကိုလည်း တွေ့ရသည်။ သို့သော် မည်သည့်စာ ရေးရေး၊ မာသီ စိတ်မဝင်စားသေးသည်မှာ အမှန်ပင်။

◈ ◈ ◈

"ဟိုက်. . မီးလည်း မဖွင့်သေးပါလား"

"ဒေါ်လေးရေ. . "

ညနေမှာ မာသီ ဒေါ်လေးမိတို့အိမ်ရှေ့ခန်း ရောက်သွားသည်။ အိမ်မှာ ဦးရှင်ကြီး တင်သဖြင့် ကောက်ညှင်း၊ ငှက်ပျောသီး သွားပေး၏။ မီးမဖွင့်ဘဲ ထားသဖြင့် မာသီက ဒေါ်လေးမိကို အော်ခေါ်တော့ သူ အခန်းထဲက ရုတ်ခြည်း ထွက်လာသည်။ မီးဖွင့်လိုက်၍ မာသီကို မြင်ရသော်လည်း ဘာမှ အံ့သြပုံမရ။ မာသီအသံကိုလည်း ကျက်မိထားပုံရသည်။

"မရှိကြဘူးဗျ၊ ရုပ်ရှင် သွားကြတယ်"

"အိမ်မှာ ဆွမ်းကန်တော့လို့"

မာသီက ဤတစ်ခါ သူနှင့် ဒုတိယအကြိမ် စကားပြောရသော်လည်း ယခင်တစ်ခါကလို မာရေကြောရေ မဟုတ်ပေ။ ပုံမှန်အသံနှင့် ပြော၏။

"ဟုတ်ကဲ့. . ပေးပါ၊ ကျွန်တော် လဲထားပေးပါ့မယ်"

သူက လေးလေးစားစားပင် မာသီ လက်ထဲက ပန်းကန်ကို ယူ၍ လဲပေးသည်။

"ပြန်ဦးမယ်နော်"

"ဟုတ်ကဲ့. . ဒေါ်လေးတို့ပြန်လာရင် ပြောလိုက်ပါ့မယ်"

မာသီကို သူ ဦးဆုံး စကားလိုက်ပြောသော နှစ်နှင့် ယခုနှစ် တွက်လျှင် ကာလသုံးနှစ် ကျော်ခဲ့ပြီ။ ထိုသုံးနှစ်ကာလတွင် သူက ရင့်ကျက် တည်ငြိမ်လာသလို မာသီအနေမှာလည်း ရင့်ကျက်လာပြီ မဟုတ်ပါလား



သည်နေ့ကစ၍ သူနှင့် မာသီက ဘယ်နေရာမှာတွေ့တွေ့ နှုတ်ဆက်စကား ပြောခဲ့မိကြသည်။ သို့သော် အိမ်ချင်းကပ်လျက်ပင် ဖြစ်သော်လည်း ဟိုအိမ် ဒီအိမ်တော့ လှမ်းမပြောကြ၊ လမ်းမှာ တွေ့လျှင်သာ "ဘယ်လဲ"၊ "အလုပ် လား"၊ "အလုပ်က ပြန်တာလား"၊ ပွဲမှာတွေ့လျှင် "ပွဲကြည့်မလို့လား" ဤမျှသာ ပြောဖြစ်ကြသည်။ သည်ထက်တော့ မပိုကြသေး။

◈ ◈ ◈

နွေလ တစ်နေ့လယ်၊ တနင်္ဂနွေနေ့။

ထိုနေ့ကိုတော့ မာသီ ကောင်းစွာ မှတ်မိထားသည်။

ပူအိုက်သော နွေတစ်ရက်မှာ ဒေါ်လေးမိက လက်ဖက်သုပ်စားရန် မာသီ့အမေကို လှမ်းခေါ်သည်။ သူတို့အိမ်နှင့် မာသီတို့အိမ်ကြား သရက် ပင်အောက်တွင် ဖြစ်သည်။ မာသီ့အမေ ဆင်းသွားပြီး မကြာခင် ဒေါ်လေးမိ နှင့် အမေက မာသီကိုပါ ခေါ်ပြန်သဖြင့် မာသီလည်း ဆင်းသွားမိသည်။ ဖျာပေါ်တွင် ရေနွေးကြမ်းအိုးနှင့် လက်ဖက်သုပ်နှင့် ငွေတာရီမဂ္ဂဇင်းအသစ် တစ်အုပ်လည်း ရှိသဖြင့် မာသီ ဝင်ထိုင်မိ၏။ ဒေါ်လေးမိ လဲလျောင်းရာတွင် လဲလျောင်းပြီး လက်ဖက်စားကာ ငွေတာရီထဲက ဝတ္ထုတိုလေးတွေ ဖတ်နေ မိသည်။

"ဟေး. . မောင်တင်အောင်ရယ် နင့်ဝတ္ထု ငါ ဒီနေ့တော့ ဖတ်ပြီးပြီ ကောင်းတယ်ဟဲ့၊ ဒေါ်လေး ကြိုက်တယ်၊ နင့်ဦးလာမှ ဖတ်ခိုင်းဦးမယ်"

ဒေါ်လေးမိက လှမ်းပြောတော့ မာသီက ရုတ်တရက် ထထိုင်လိုက် သည်။ စောစောပိုင်းက သူ အိမ်မှာမရှိ၊ ယခုမှ ဘယ်က ပေါက်လာသည် မသိ၊ လွယ်အိတ်တစ်လုံးနှင့် အိမ်ပြန်လာသည်။ စောစောပိုင်းက ဒေါ်လေးမိ ဖတ်ထားဟန်ရှိသော စာအုပ်ကို မာသီက ယောင်ယောင်မှားမှားပင် မသိ မသာ ပြန်ချထားလိုက်မိသည်။ ဤစာအုပ်သည် သူ့စာအုပ်ဟူသော အသိ ကြောင့် ရင်ခုန်သွားမိ၏။ သို့သော် သူ့ဝတ္ထုကို မာသီ မသိ၊ သူ ဝတ္ထု ရေး တတ်မှန်းလည်း ယခုမှ သိရသည်။

www.burmeseclassic.com



"မောင်တင်အောင် . . လက်ဖက်စားပါဦးကွဲ့"

ဒေါ်လေးမိကတော့ သူ့ကို မခေါ်၊ ဤသည်မှာလည်း မာသိတို့ သားအမိရှိနေ၍ ဖြစ်မည်။ စာအုပ်ကတော့ ဒေါ်လေးမိကို ဖတ်ကြည့်ရန် သူ ပေးထားသည်မှာ လေးငါးရက်လောက်တော့ ကြာပြီးနေမည်။ ဒီနေ့မှ ဖတ်ဖြစ်ပုံရ၏။

"စားကြပါ အန်တီ၊ ကျွန်တော် ခုလေးတင်ပဲ လက်ဖက်ရည်သောက်လာလို့ပါ ခင်ဗျား"

အမေက လောကဝတ်ခေါ်သည်ကို ဤမျှသာ ပြန်ပြောပြီး သူ အိမ်ပေါ်တက်သွား၏။ 'သူ့ဝတ္ထု ဘာပါလိမ့်' 'သူ့ကလောင်နာမည် ဘာပါလိမ့်' စိတ်ထဲကတော့ သိချင်လှ၏။ သို့သော် သူ့စာအုပ်ကိုတော့ ယောင်၍မျှပင် ပြန်မကိုင်ရဲတော့။ ခုနေခါ မာသိသည် အမျိုးကြီးဖြစ်နေပြီး ဣန္ဒြေနဲ့နေရသော အရွယ်မဟုတ်လား၊ ဟန်လည်း ဆောင်တတ်နေပြီ၊ ဟိုအရင် သူ ရည်းစားစာပေးရန် လိုက်လာသော အရွယ်မဟုတ်တော့။

နောက်ဆုံး ရုံးသွားတော့ ဘုရားလမ်းဘူတာက စာအုပ်ဆိုင်မှာ ထို ငွေတာရီစာအုပ်ဝယ်ပြီး ဝတ္ထုတွေ တစ်ပုဒ်မကျန် ရုံးမှာ ဖတ်သည်။ မပြီးတော့ ညနေ ဝတ္ထုရှည် အိမ်မှာဖတ်သည်။ သို့သော် ကိုတင်အောင်ဟူသော နာမည်သာ သိပြီး ကလောင်နာမည်ကို မသိတော့ သူ့ဝတ္ထုကို မသိ၊ စိတ်ထဲမှာသာရှိပြီး သူ့ကိုလည်း မမေးမိ။ ဒေါ်လေးမိ ဆိုတာကတော့ အရင်ပြဿနာ တင်ပြဖူးသဖြင့် ဝေလာဝေးပင်။ နောက်ပိုင်းရက်တွေမှာ သူ့ကို မြင်ရတိုင်း သူ့ကလောင်အမည်ကို သိချင်စိတ်တ မာသိ၏ ရင်ထဲမှာ အမြဲ ဖြစ်ပေါ်နေသည်။ သူ ဘာဝတ္ထုတွေ ရေးနေပါလိမ့်ဟူသော အတွေးကလည်း လဆန်းပိုင်းတွင် မဂ္ဂဇင်းအသစ်တွေကို မြင်ရတိုင်း တွေးတတ်လာသည်။

တစ်နေ့ ဘုရားလမ်းဘူတာမှာ ရထားစောင့်ရင်း သူနှင့် ဆုံမိကြသည်။ သူ့လက်ထဲမှာ မဂ္ဂဇင်းစာအုပ်သစ် သုံးလေးအုပ် ပါသည်။ မာသိ အနားတွင် သူ လာရပ်ပြီး. .



"အလုပ်က ပြန်လာတာလား"

ဟု ထုံးစံအတိုင်း မေးသည်။

"ဟုတ်ကဲ့"

"ကိုတင်အောင် ဘယ်ကလာသလဲ"

"ကျွန်တော် မဂ္ဂဇင်းတိုက်က"

"အလုပ်မဆင်းဘူးလား"

"အလုပ်ပြီးမှ လာတာပါ"

သူက မနက်အလုည်၊ အလုပ်ပြီးမှ ရန်ကုန်ထဲ လာကြောင်း ပြောသည်။ ထိုစာအုပ်ထဲမှ သူ့ကလောင်နာမည်ကို သိလို၍ သူ့ဆီက စာအုပ် တစ်အုပ် တောင်းကြည့်ရမလား။

ထိုစာအုပ်ထဲမှာ သူ့ကလောင်နာမည်ကို မဂ္ဂဇင်းတိုက်တစ်ခုခုက အမှတ်အသား လုပ်ပေးလိုက်လေမလား၊ တွေးနေတုန်း. .

"ဟေး ကိုပြည်ကျော်၊ ဒီလတော့ ခင်ဗျား လွန်တယ်ဗျာ၊ ကျွန်တော်တို့အတွက်လည်း နေရာပေးပါဦး"

သူ့ထက်ပင် အသက်ကြီးမည် ထင်ရသော လူနှစ်ယောက်က သူ့ဆီ ပြေးလာပြီး ပြောကြသည်။ သူကတော့ ပြုံးရုံသာ ပြုံးပြီး. .

"ဆရာတို့ ဘယ်က လှည့်လာကြလဲ"

"ဒါတွေ မမေးနဲ့၊ ခု ပုဇွန်တောင်ဘက်ကို သွားမလို့ လိုက်ခဲ့ဦး၊ ဒီလိုတော့ ဘယ်ရမလဲ လာလာ"

ထိုလူနှစ်ယောက်က သူ့ကို ဆွဲခေါ်သွားကြသည်။

မာသိသည် ဘူတာရုံက စာအုပ်ဆိုင်ကိုသွားပြီး မဂ္ဂဇင်းစာအုပ် တစ်အုပ်ပြီးတစ်အုပ် မာတိကာတွေကို လှျောက်ဖတ်သည်။ ကိုပြည်ကျော် ဆိုသော ကလောင်ရှင်သည် မြဝတီ၊ ငွေတာရီ၊ သွေးသောက်၊ ရှုမဝ၊ မိုးဝေ စန္ဒာ စသည့် မဂ္ဂဇင်းကြီးတိုင်းမှာ တွေ့ရသည်။ လဆန်းရက်လည်း ဖြစ်နေသဖြင့် မာသိသည် မဂ္ဂဇင်းကြီး (၆) စောင်ကို မဝယ်စဖူး ဝယ်လာမိသည်။ ရထားပေါ် လူကျပ်ကျပ်တည်းတည်းကြားထဲတွင် ကိုပြည်ကျော်၏ ဝတ္ထုထဲ

www.burmeseclassic.com

www.burmeseclassic.com



က ရုပ်ပုံတွေနှင့် စာမြည်းတွေကို ဖတ်လာမိသည်။ နောက်လတွေ နောက်လတွေမှာလည်း မာသီသည် မဂ္ဂဇင်းထွက်ရက်တွင် ကိုပြည်ကျော်၏ဝတ္ထု ပါသော မဂ္ဂဇင်းစာအုပ်တွေကို ဝယ်ဖြစ်သည်။

"ဒီလ ကိုပြည်ကျော် ဝတ္ထု မာသီ သိပ်ကြိုက်တာပဲ၊ မာသီကတော့ ကိုပြည်ကျော် ဝတ္ထုပါတဲ့ မဂ္ဂဇင်းဆို မလွတ်တမ်း ငှားဖတ်တာပဲ"

တစ်ခါတစ်ခါ ဘူတာရုံမှာ၊ ကားဂိတ်မှာ ကိုပြည်ကျော်နှင့် ဆုံမိလျှင် ပြောရန် စိတ်ထဲ အမြဲ တွေးမိသည်။ သို့သော် မပြောရဲ၊ ပြောမထွက်ရဲ မာသီ စကားလုံးစီနေတုန်း သူ့ကိုသိသော တစ်ယောက်ယောက်ကသာ ပြော သွားသည်။ သို့သော် ကိုပြည်ကျော်ကား ဝမ်းသာမှု များစွာမပြ၊ ပြုံး၍သာ နေတတ်သည်။ သူ့အနေမှာ ဤစကားမျိုး လူပေါင်း ဘယ်လောက်ဆီက ကြားဖူးထားပြီး ဆိုသည်ကို မာသီ မတွေးတတ်တော့။ ကိုပြည်ကျော်နှင့် ပတ်သက်၍ ဘာရယ်မသိသော သူ့ကိုယ်သူ မကျေနပ်ချက်နှင့်သာ မာသီ မှာ သက်မချနေမိသည်။

ဒီလိုနှင့် မာသီ ရင်မောရသော နေ့တစ်နေ့ကိုလည်း ကြုံရပြန်သည်။ ကိုပြည်ကျော်သည် ဒေါ်လေးမိတို့ အိမ်မှ တနင်္ဂနွေနေ့ တစ်နေ့မှာ ပြောင်း သွားလေသည်။ နောက်မှ သိရသည်ကား သူသည် တိုးချဲ့ရပ်ကွက်သစ် မင်္ဂလာဈေးချိုတွင် ခြံနှင့်အိမ် ဝယ်လိုက်သည်။ သူ့အမေကိုခေါ်၍ သား အမိနှစ်ယောက် နေကြသည်ဟု သိရသည်။ မင်္ဂလာဈေးချိုသို့ ကိုပြည်ကျော် ပြောင်းသွားသည်၏ နောက်တွင်တော့ ဟိုတုန်းကလို ကိုပြည်ကျော်နှင့် မကြာမကြာ မဆုံမိ၊ မကြုံမိကြတော့။ မေ့လောက်မှ တစ်ခေါက် တစ်ခါသာ။ ဒီတော့ မာသီ၏ ရင်ထဲမှာ သူနှင့်ပတ်သက်သော ဝေဒနာတစ်ခုက အမြဲ ရှိနေပါလေပြီ။

◈ ◈ ◈

သူနှင့် မကြာမကြာ မတွေ့ရသော်လည်း သူ့သတင်းကိုမူ မာသီ အမြဲ နားစွင့်တတ်လာသည်။ သူ့သတင်းကလည်း အထူး နားစွင့်စရာ မလို



ဘဲ ရပ်ကွက်ထဲ အမြဲ ပျံ့လွင့်လာသည်။ သူ၏ ပထမဦးဆုံး လုံးချင်းဝတ္ထု ထွက်လာတော့ ဘူတာရုံမှာ၊ ကားဂိတ်မှာ၊ တစ်ခါတစ်ခါ ရထားပေါ်မှာပင် လူတွေက သူ့စာအုပ်အကြောင်း ပြောလာကြတာ မာသီ ကြားလာရသည်။

ကားမှတ်တိုင်မှာ တစ်နေ့ဆုံတော့ သူက အရင်နှုတ်ဆက်သည်။

"မာသီ အလုပ်လား"

"ဟုတ်ကဲ့၊ ကိုပြည်ကျော်ကော"

ဤတစ်ခါတော့ မာသီက သူ့ကို အသိမှတ်ပြုသည့်အနေနှင့် အများ ခေါ်သလို ကိုပြည်ကျော်ဟု ခေါ်မိ၏။

"ကျွန်တော်လည်း ရန်ကုန်ထဲပါပဲ"

"ဒီလထုတ်တဲ့ ကိုပြည်ကျော့်စာအုပ် မာသီ သိပ်ကြိုက်တာပဲ"

မာသီက အရဲစွန့်၍ ပြော၏။

"ဟုတ်လား"

သူသည် ဤမျှသာပြောပြီး အကြာကြီး ငေးနေသည်။ မာသီက သူ့ မျက်နှာကို မကြည့်ရဲသေး။

"မာသီ ခါတိုင်းဆို ရထားနဲ့ သွားတယ်နော်"

"ဟုတ်ကဲ့၊ ဒီနေ့ ရထားနောက်ကျတာနဲ့"

"ကိုပြည်ကျော်တို့တော့ ကားနဲ့ နီးတယ်နော်"

"ဟုတ်ကဲ့. . ဟုတ်ကဲ့၊ ကဲ သွားဦးမယ်"

ကားတစ်စီးက မျှော်လင့်ဘဲ လာရပ်ရာ ကိုပြည်ကျော်သည် ကျပ် ကျပ်တည်းတည်းပင် တိုးဝှေ့လိုက်ပါသွား၏။ မာသီ ရင်ထဲမှာ ဟာကျန်ရစ် သည်။ ဘတ်စ်ကား လာတာ မာသီလည်း မြင်၏။ သူနှင့် စကားပြောလို၍ အရင့်အရင် ကားတွေ အနည်းငယ် ချောင်သော်လည်း မာသီ မတက်ပဲ၊ သူနှင့် လမ်းကြုံသဖြင့် သူနှင့် အတူသွားမည်ဟူသော ရည်ရွယ်ချက်ကြောင့် ဖြစ်သည်။ သူနှင့် ရင်းနှီးခင်မင်လိုသော စိတ်ကို ယခုတော့ မာသီ့နှလုံးသား က လိုလိုလားလား တောင့်တနေတတ်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မမ မာသီ. . မမ မာသီ၊ ခုနက မမ မာသီနဲ့ စကားပြောနေတာ ကိုပြည်ကျော်ဆို မဟုတ်လား"

သူတို့လမ်းထိပ်က နီလာထွန်းသည် မာသီကို အမောအပန်း မေး လာ၏။

"ဟုတ်တယ်"

"မမ မာသီနဲ့ ရင်းနှီးလားဟင်"

"ဟိုတုန်းက တို့နဲ့ ကပ်လျက်နေတာ၊ ရင်းနှီးတာပေါ့"

"နီလာ တစ်နေ့ လာခဲ့မယ်၊ မိတ်ဆက်ပေးပါလားဟင်"

"ဟိုတုန်းက နေသွားတာ၊ ခု သူ ဘယ်မှာနေမှန်းတောင် မသိပါဘူး ကွယ်"

မာသီက ဘာကြောင့်ရယ်မသိ လိမ်ပြောလိုက်မိ၏။

"နီလာ သိပါတယ်၊ သူက မင်္ဂလာဈေးချိုမှာ နေတာ၊ လိုက်ပို့ပေး ပါလားဟင်"

"ဘုရား. . ဘုရား"

မာသီသည် သူ့ရင်ဘတ်သူ လက်နှင့် ဖိထားမိသည်။ ကာလပေါ် မိန်းကလေးများသည် ကြောက်ဖို့ ကောင်းလေစွ။ မာသီက ဘာပြန်ပြော ရမှန်းမသိ ဖြစ်နေစဉ် ကားမှတ်တိုင်တွင် ရောက်နှင့်နေကြသော နီလာထွန်း ၏ သူငယ်ချင်း အထက်တန်းကျောင်းသူ တစ်စုလည်း ကိုပြည်ကျော် အကြောင်း ကြားသဖြင့် ဝိုင်းလာကြပြန်သည်။

"မမ မာသီ သိပ်စွံတာပဲဗျာ၊ ဒီလူကြီးကို ကိုပြည်ကျော်မှန်း တို့ မသိဘူးတော့"

"အရင်လတုန်းကလည်း ဒီမှာပဲ ကိုယ်တို့ သူ့ဝတ္ထုအကြောင်း ပြော နေကြတာ သူက မသိသလိုပဲ ဆရာ၊ ထီးလေး ခပ်ကုပ်ကုပ်ဆောင်းပြီး ရပ်နေတာ၊ ဒီတစ်ခါ တွေ့ရင်တော့ သိကြရောပေါ့"

"တို့လည်း တစ်ခါက ဒီလူကြီးကို မသက်သာတာနဲ့ 'ဆရာပြည်ကျော် ဆရာပြည်ကျော်' လို့ မကြားတကြား ခေါ်ကြတာ သူက လှည့်တောင်



မကြည့်ဘူး ဆရာ၊ နောက်တယ် ထင်လို့လား မသိဘူး၊ တစ်ချိုးတည်း ဆိုက္ကား ကမန်းကတန်းခေါ်ပြီး လစ်သွားတာ"

"သူက ဘဝင်လားဟင် မမ မာသီ၊ အော်တို ရေးခိုင်းရင် ရမလား ဟင်"

"အိုကွာ. . မင်းတို့ကလည်း မမ မာသီက ကြိုက်မှန်း မကြိုက်မှန်း မသိဘဲနဲ့၊ တို့တော့ မိတ်မဆက်ရဲပေါင်"

မာသီမှာ ရုတ်ခြည်း ရှုံချင်စိတ် ပေါက်သွားမိသည်။ ထို့ကြောင့် လည်း. .

"အိုကွယ်. . ညီမတို့ကလည်း"

ဟု ရယ်ရွှန်းဖတ်ရွှန်း ပြောပြီး ဘတ်စ်ကားပေါ် အတင်း တက်လိုက် လာရသည်။ သို့သော် ကိုပြည်ကျော်နှင့်ပတ်သက်သော အတွေးများက ပြေးမသွား။

ဒီကလေးမအုပ်နှင့် တွေ့မှ သောက မုန်တိုင်းတစ်ခုသည် ရင်ထဲ ဝေဒနာသစ်အဖြစ် တိုးလာပြန်၏။ ခုနေခါမှာ ကိုပြည်ကျော်နှင့် သိလို ခင်လိုကြသူတွေ ဒုနှင့် ဒေးပါလား။ ဒီခေတ် မိန်းကလေးများကား ရဲတင်း ပေစွ။ သူသာ တစ်ချိန်က ခု မိန်းကလေးများလို ရဲတင်းလိုက်လျှင် ကိုပြည် ကျော်သည် မာသီ့အပေါ် ဘယ်လို သဘောထားမလဲ။ မာသီသည် ဝေဒနာ သစ်တစ်ခုကို ရင်ဝယ်ပိုက်ကာ ကိုပြည်ကျော်ကို ကားဂိတ်၌ ရက်အတော် ကြာကြာ စောင့်မိသည်။ ကိုပြည်ကျော် လှည့်ကြည့်လျှင် မြင်နိုင်လောက် အောင် ကိုပြည်ကျော်၏ စာအုပ်ကိုလည်း ခြင်းထဲ အမြဲထည့်ယူလာ၏။

ရထား လသုံးလက်မှတ် ယူထားသော်လည်း ကိုပြည်ကျော်ကို တွေ့ လိုတွေ့ငြား ကားနှင့် ရက်အတော်ကြာကြာ အလုပ်သွားနေမိ၏။ ဤသည် မှာလည်း "ခါတိုင်း ရထားနဲ့ သွားတယ်နော်" ဟု ကိုပြည်ကျော် မေးသွား သည်ကို သတိရ၍ ဖြစ်သည်။ ခါတိုင်း အမြဲ ရထားနှင့် သွားသော်လည်း ယခု ကားနှင့် ပြောင်းသွားလျှင် "သူ သဘောပေါက်မှာပဲ၊ ဒီတစ်ခါ ဆုံမိရင် တော့ ငါ ငါ သူ့ကို ပြောရမှာပဲ" သည်အတွေးတွေနှင့် မာသီသည် ကားခ

www.burmeseclassic.com

www.burmeseclassic.com



တော်တော် ကုန်သွားသည်။ ကားဂိတ်မှာ သူ့ကို တစ်လ ကိုးသီတင်း မတွေ့ပြန်တော့ "ငါ ရထားနဲ့ သွားတယ်မှန်း သိလို့ သူ ဘူတာရုံမှာများ ငါ့ကိုစောင့်နေလို့ လွဲနေတာလား" မာသီက ရထား ပြန်စီးပြန်၏။ သည်လိုနှင့် ထိုရက်ပိုင်းမှာ မာသီ၏စိတ်ထဲ ဆောက်တည်ရာမရ ဖြစ်နေ၏။ သို့သော် သူ့ကိုကား ဘယ်မှ မတွေ့မိပြန်။ ရင်ထဲက ဝေဒနာသစ် မုန်တိုင်းသည် ပြန်၍ ငြိမ်ကျသွားပြန်၏။ သို့သော် သူ့ကိုတော့ တစ်နေ့မှ မမေ့။ ဘူတာရုံ ရောက်တိုင်း သတိရ၍ သူ့ကို ရှာကြည့်နေမိ၏။

◈ ◈ ◈

"ဟော. . မောင်တင်အောင်ပါလား၊ လာလည်တာလားကွဲ့"

"ဟုတ်ကဲ့ အန်တီ လာလည်ရင်း ဒေါ်လေးမိကို ရုပ်ရှင်လက်မှတ် လာပေးတာ၊ အန်တီတို့ နေကောင်းကြတယ်နော်"

"ကောင်းကြပါတယ်ကွယ်"

ကိုပြည်ကျော်ကို သူ့အမေ နှုတ်ဆက်သံကြား၍ မာသီ မီးဖိုထဲမှ ကမန်းကတန်း ထွက်ကြည့်တော့ သူ ဒေါ်လေးမိတို့ အိမ်ထဲ ဝင်သွားတာ ရိပ်ကနဲ မြင်လိုက်ရသည်။ အမေက အိမ်ရှေ့တွင် အဝတ်လျှော်နေသဖြင့် ဒေါ်လေးမိတို့အိမ်ဘက် ရဲရဲတင်းတင်း မကြည့်ရဲ၊ မီးဖိုထဲပဲ ပြန်ဝင်လာရ၏။ ခုနေခါမှာ အသက်သုံးဆယ်ပတ်ဝန်းကျင်က အပျိုကြီး မာသီ ဖြစ်နေပြီ မဟုတ်ပါလား။ ထိုနေ့က သူ မကြာခင် ပြန်သွားသည်ကိုတော့ မြင်လိုက်ရ၏။ သို့သော် ဒေါ်လေးမိတို့ ကြားလောက်အောင် သူ့ကို နှုတ်ဆက်ရမှာ ဝန်လေးနေမိ၏။

"မြိုင်မြိုင်ဆိုင်ဆိုင်ပါလား၊ ဒေါ်လေးမိနဲ့ အန်ကယ်တို့ ဘယ်သွားမလို့ ဟင်"

နှစ်ပါး တူတူ ထွက်ခဲ့လာသော ဒေါ်လေးမိနှင့် ဦးလေးသန်းတို့ အပြင် ထွက်ကြသည်ကို မြင်သဖြင့် တစ်နေ့ မာသီက လှမ်းမေး၏။



"ရုပ်ရှင်လေ မာသီ"

"ဦးလေးသန်းက ဒေါ်လေးမိကို ရုပ်ရှင်တွေ ဘာတွေတောင် ပြလို့ ပါလား"

"ငါက မသွားချင်ပါဘူး မာသီရယ်. . မောင်တင်အောင်က သူ့ဝတ္ထု ဦးဆုံးရိုက်တဲ့ကား ကြည့်ဖြစ်အောင် ကြည့်ရမယ်ဆိုပြီး ရုပ်ရှင်လက်မှတ် အတင်း လာပေးထားလို့"

"ဟင်း. . "

ဒေါ်လေးမိတို့လင်မယား ထွက်သွားကြတာ ငေးကြည့်ပြီး မာသီသည် မဆုံးနိုင်သော သက်မတစ်ချက်ကို ချမိပြန်သည်။ သိလိုစိတ်နှင့် ယနေ့ ပြသနေသော ရုပ်ရှင်ကား ကြော်ငြာတွေကို သတင်းစာထဲ ရှာကြည့်ရသည်။ ကိုပြည်ကျော်၏အမည်ကို တွေ့ရသောအခါ ဝမ်းသာမှုနှင့်အတူ ဝေဒနာ အသစ်တစ်ခုက ထပ်၍ ထပ်၍ တိုးလာပြန်သည်။ ကိုပြည်ကျော်နှင့် သူသည် နီးလျက်နှင့် ဝေးခဲ့ကြရသည်။ ကိုပြည်ကျော် လက်ကမ်းစဉ်က ထိုလက်ကို သူ ပုတ်ချခဲ့သည်။ ထိုစဉ်က မောင်တင်အောင်ဆိုသော စက်ရုံ လုပ်သားလေး ပိန်ညှောင်ညှောင် စုတ်ချွန်းချွန်း ကောင်လေးသည် "ကိုပြည်ကျော်" ဖြစ်လာလိမ့်မည်ဟု မည်သူကမျှမထင်ခဲ့ကြ။ ယခုတော့ သူ့သတင်းက မွှေးလှသလို သူ့ရုပ်ကလည်း ဟိုတုန်းကလို ပိန်ညှောင်ညှောင် စုတ်ချွန်းချွန်း မဟုတ်တော့၊ အသက်အရွယ်ကလည်း သုံးဆယ်ပတ်ဝန်းကျင်မို့ ပိုခန့်၍ ဝ၍ လှလာ ချောလာသည်ဟု မာသီသည် ကိုပြည်ကျော်၏ ရုပ်သွင်ကို မြင်ယောင်မိတိုင်း သူ့ရုပ်သူ မှန်ထဲ အကြိမ်ကြိမ် ကြည့်မိသည်။ သူလည်း သုံးဆယ်ပတ်ဝန်းကျင်မို့ လှတော့ လှသေးသည်။ သို့သော် သုံးဆယ်ရွယ် မိန်းကလေးသည် မျက်ရစ်ဝန်းအောက်မှ ကျေးခြေထောက် အက်ကြောင်းတွေ ပေါ်စပြုလာလေပြီ။ အသားအရေသည် ငယ်စဉ်ကလို တစ်တစ်ရစ်ရစ် မဟုတ်တော့။ တစ်နေ့ ကားမှတ်တိုင်တွင် ကိုပြည်ကျော်နှင့် ပတ်သက်ခဲ့ရသော မိန်းကလေးတွေနှင့်စာလျှင် မာသီက အန်တီအရွယ်ပင်။ အိမ်ထောင် မရှိ၍သာ သူ့ကို သက်သက်ညာညာ မမမာသီဟု ခေါ်ကြ၏။ အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



သာရှိလျှင် ကိုပြည်ကျော်သည် သူ့အနားတွင် ဝိုင်းဝိုင်းလည်ချင်နေကြသော နီလာ၊ ဇော်ထွန်းတို့လို ဖျိုရွယ်သော ကာလပေါ် မိန်းကလေးတွေနှင့်များ သူ့ကို စံထားကြည့်နေလေပြီလား. . ကာလပေါ် မိန်းကလေးများဆိုသည်မှာ "နာမည်ကျော်ရင် မိန်းကလေးတွေ ဝိုင်းကာပတ်လည်" ဆိုသော သီချင်းထဲ ကလို မိတ်ဆက်စာ ရေးဖို့၊ လူကိုယ်တိုင် သွားပြီး မိတ်ဆက်ဖို့၊ ဘယ်နေရာ တွေ့ တွေ့ ထိကပါး ရိကပါး စဖို့၊ အော်တိုစာအုပ် ထိုးပေး ရေးခိုင်းဖို့ ဆို တာလည်း ဝန်မလေးကြ၊ သည်ကစပြီး ကိုပြည်ကျော်တို့လိုလူတွေ ရင်ခွင် ထဲ ဝင်ဖို့ ကြိုးစားတတ်ကြသည် မဟုတ်ပါလား. . ခုနေခါ မာသီတို့အရွယ် မိဘတွေကိုပဲ အားကိုးရလေမလား။

မာသီ အမေကလည်း တုံးလွန်းသည်၊ တစ်နေ့က ကိုပြည်ကျော် တော့ ပြောရှာသား၊ လာလည်လား မေးတာ ရုပ်ရှင်လက်မှတ် လာပေးထား တဲ့၊ ဒေါ်လေးမိက ရုပ်ရှင်လက်မှတ် ဝယ်ခိုင်းလို့လား၊ ဘာကားလဲ စသည် မေးလိုက်လျှင် ကိုပြည်ကျော်က သူ့ဝတ္ထု ရုပ်ရှင်ရိုက်ရကြောင်း ပြော ပြောမှာ၊ သူက အဲသလို ပြောလာရင် အန်တီတို့လည်း ပေးပါဦးကွဲ့ မ ရဲတောင် ရေလာမြောင်းပေး "ဟ. . ငါ့တူရေးတဲ့ စာအုပ် ရုပ်ရှင် ရိုက်တ ဆိုတော့ အန်တီတို့လည်း အားပေးရဦးမှာပဲ ဘာကားတုန်းကွဲ့" ဟု မေ လိုက်လျှင် ကိုပြည်ကျော် ကျိန်းသေ မေတ္တာလက်ဆောင် လက်မှတ် ပေ ထားခဲ့မှာ၊ အကယ်၍ မာသီသာ သူ့အသည်းနှလုံးထဲမှာ ခုထိ ရှိနေပါသေ လျှင် သူကိုယ်တိုင်ပင် လိုက်ပြချင် လိုက်ပြမှာ၊ ဒေါ်လေးမိတို့ပါ ပါလျှ မာသီလည်း လိုက်သွားရုံပဲ။

ခုတော့ အမေက ဘာမှ အလိုက်မသိ၊ အမေတို့များ မဟုတ် တွေကျတော့ သိပ်စပ်စုတတ်တာ။

မာသီသည် အတွေးသံသရာထဲက မထွက်ဘဲ ရက်ဆက်၍ ကိုပြ ကျော်အကြောင်း တွေးတတ်လာသည်။ သို့သော် ထိုရက်အတွင်းမှာ ကိုပြ ကျော်နှင့် မတွေ့မိပြန်၊ ကိုပြည်ကျော်၏ ရုပ်ရှင်ကားကိုသာ တိတ်တိ သွားကြည့်ပြီး သက်မ ချနေရပြန်၏။ ဒီလိုနှင့် ထိုနှစ်က ကိုပြည်ကျေ



အမျိုးသားစာပေဆု ရကြောင်း သတင်းစာထဲ ဖတ်ရပြန်သည်။ မာသီ၏ ရင်မောရသော ဝေဒနာသည် ပို၍ပင် လှိုက်လှဲ တင်းကျပ်လာသည်။

ဒီတစ်ခါ ကိုပြည်ကျော်နှင့် တွေ့လျှင်တော့ မာသီသည် ကိုပြည် ကျော်ကို တွေ့လျှင် ပြောရမည့် စကားလုံးတွေကို နေ့စဉ် သီကုံးကာ အမော ကို ရင်ဝယ် ပိုက်ထားမိသည်။ သို့သော် ကိုပြည်ကျော်နှင့် မဆုံမိကြဘဲ လ အတော်ကြာနေပြန်သောအခါ ကာလပေါ် မိန်းကလေးတွေလို ပြောရဲ ဆိုရဲ အော်တိုရေးခိုင်းဖို့အရေး သီကုံးထားသော စကားလုံး အနုအလှတွေ လည်း ပျောက်ကုန်ကြပြန်သည်။

◇ ◇ ◇

သည်ကနေ့ ဘူတာရုံမှာ ကိုပြည်ကျော်ကို မမျှော်လင့်ဘဲ တွေ့ရ တော့ သူ့ခြင်းထဲ သူ ကြည့်မိသည်၊ ယခင်နေ့တွေက ထည့်ထည့် ယူလာမိ သော အော်တိုစာအုပ်ကိုလည်း မတွေ့ရ၊ ရင်မောရပြန်၏။ သို့သော် ဤ တစ်ခါတော့ ကိုပြည်ကျော်ရှိရာ သူက အရဲစွန့်၍လျှောက်လာမိသည်၊ ပြီး ကိုပြည်ကျော် ထိုင်နေသော ပလက်ဖောင်းနားတွင် မတ်တပ်ရပ်လိုက်သည်။ ကိုပြည်ကျော်သည် တုတ်တစ်ချောင်းနှင့် ကျောက်ပြားပေါ် အဓိပ္ပါယ်မဲ့ လျှောက်ခြစ်နေ၏။

"ဟင်. . ကိုပြည်ကျော်"

"ဪ. . မာသီ အလုပ်လား"

မာသီက အံ့ဩဟန်နှင့်နှုတ်ဆက်သည်ကို ကိုပြည်ကျော်မှာ တကယ် အံ့ဩရသည်။ ထို့ကြောင့်လည်း သူ့ထုံးစံ စကားအတိုင်း နှုတ်ဆက်၏။

"ဒီနှစ် ကိုပြည်ကျော် စာပေဆုရတာ မာသီ သတင်းစာထဲ ဖတ်ရ တယ်၊ သိပ်ဝမ်းသာတာပဲ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကိုပြည်ကျော်ကမူ ဘာမှ ထူးထူးခြားခြား အံ့ဩဝမ်းသာမှု ဖြစ်မသွား ဤသည်ကို မာသီတ အားမရ၊ သို့သော် ဤစကားစုတွေကလည်း ကိုပြည်ကျော်ကို လူ ဘယ်လောက် များများက ပြောပြီးကြပြီ မသိ။ အရင် တစ်ခါ တားမှတ်တိုင်မှ သူ့ဝတ္ထုကြိုက်ကြောင်း ပြောမိတာ မာသီ သတိရမိလိုက် သည်။

"ဒေါ်လေးမိတို့ ပြောတာနဲ့ ကိုပြည်ကျော်ဝတ္ထု ရုပ်ရှင်ကား မာသီ သွားကြည့်သေးတယ်"

"ရုပ်ရှင်က ဝတ္ထုကို မမီဘူးနော်"

တတ်သရွေ့ မှတ်သရွေ့နှင့် မာသီက သူ့ကို အမွှမ်းတင်ကြည့်၏။ ကိုပြည်ကျော်ကမူ ဘာမှမပြော၊ ပြုံး၍သာ နေ၏။ ရထားလာတော့ ကိုပြည်ကျော်က မာသီကို တစ်ချက်လှည့်ကြည့်ပြီး မတ်တပ်ထရပ်၏။

"ကိုပြည်ကျော် ခု ဘာစာအုပ် ရေးနေလဲဟင်"

"ကျွန်တော် ခရီးက ပြန်ရောက်တာ ရက်ပိုင်းပဲ ရှိသေးလို့ စာမ ဖြစ်သေးဘူး"

"အမေနဲ့ နေတယ်ဆို၊ အမေကြီး နေကောင်းလား"

"ဟုတ်ကဲ့. . နေကောင်းပါတယ်"

ရထားရပ်လိုက်သဖြင့် မာသီ ရထားပေါ် လှမ်းတက်လိုက်သည် သူပါ ပါလာလိမ့်မည်ဟု အထင်နှင့် ရထားပေါ် လှမ်းတက်တာပင် ဟန် အလှအပနှင့်. . ။

သို့သော် ရထားပေါ်ရောက်မှ သူက ပါမလာပြန်။ ပလက်ဖော ပေါ်တွင် မတ်တပ်ရပ်လျက်ပင် ရှိနေသေး၏။ မာသီသည် သက်မ တစ်ချ ကို မောမောပန်းပန်း ချမိပြန်၏။ အရင်တစ်ခါ ကားမှတ်တိုင်မှာ ဆုံကြတု က သူ အရင်တက်သည်ကို အမှတ်ထားမိသော မာသီသည် ယခု ရထား ပေါ်ကို အလျင်တက်ပါသည်။ ရထားလည်း ချောင်၏။ သူ ဘာကြော



မတက်ပါလိမ့်။ အတွေးတို့သည် မာသီရင်ထဲ ပြည့်လာပြန်၏။ သူ တစ်စုံ တစ်ယောက်ကိုများ စောင့်နေသလား။

သူ စောင့်နေသူသည် မိန်းကလေးများလား၊ ရထားကား ထွက်လာ ချေပြီ။ မာသီ အတွေးကတော့ မပျက်ပြယ်သေး၊ ငါ သူ့ကို "ဘယ်သူ့ စောင့်တာလဲ" "ဧကန္တ တစ်ယောက်ယောက် စောင့်နေတယ် ထင်တယ်" လို့ သူ့ကို ဘာကြောင့်မစမိပါလိမ့်။ ဤသို့ စမိလျှင် သူ့အခြေအနေ သိချင် သိရမည်။ သူ့ကို "လာ ကိုပြည်ကျော် သွားကြမယ်" လို့ ဘာလို့ မခေါ်မိ ပါလိမ့်။ သူ့အမေနှင့် နေတာပဲ မေးမိပြီး "ချက်ကျွေးမယ့်သူ ရရင်တော့ ကောင်းတာပေါ့ဗျာ" လို့များ သူကပြောလာလျှင်. . သို့မဟုတ်။

မာသီ အတွေးက မပြတ်ပြန်တော့၊ နောက်တစ်ခါ ကိုပြည်ကျော်နှင့် တွေ့လျှင် ပြောရမည့် ရေလာမြောင်းပေး စကားတွေကို မာသီ ကုံးသီနေမိ ပြန်ပြီ။ အမှန်တော့ ဤသံသရာသည် မဆုံးသေး။

သံသရာ ဆုံးမည့် နေ့သည် "ကိုပြည်ကျော်တစ်ယောက် မိန်းမ ရသွားပြီ" ဟူသော သတင်းကို မာသီ ကြားရသောနေ့၊ သို့မဟုတ် "မာသီ ကို ကျွန်တော် ဟိုတုန်းကပင် ချစ်ခဲ့တယ် ခုလည်း ချစ်နေတုန်းပါပဲ" ဟု ကိုပြည်ကျော် ပြောလာမည့်နေ့တည်း။

www.burmeseclassic.com

www.burmeseclassic.com

# ဒြပ်မဲ့အရှုတ္တနှင့် စေတသိကဟင်းလင်းပြင်

"ကျွန်မ တူမလေးလေ၊ တောက လာလည်တာ"

ဒေါ်စိန်မြင့်က အသံကိုမြှင့်၍ ပြော၏။

လက်သမားများနှင့် အိမ်ဝိုင်းဖျက်နေကြသော ကျွန်တော်တို့အားလုံး လှည့်ကြည့်ကြသည်။

"ဩော်. . ဟုတ်လား၊ မစိန်တူမလေးက အချောပဲ"

အမေ၏စကားကို သူ့တူမကပါ အသိအမှတ်ပြုသောအနေနှင့် ပြုံးပြသည်။

အကြည့်ရိုင်းသွားမှာစိုး၍ မျက်နှာလွှဲလိုက်ရသော်လည်း သူ့ရုပ်သွင်ပုံရိပ်က နှလုံးသားကို ချက်ချင်း လာ၍ရိုက်ခတ်သွားသလိုပင်။

အမေပြောသလို ဖြူဝင်းသောအသားနှင့် ထင်းနေသော နှာတံတို့မှာ အထူးခြားဆုံး၊ အလှပဆုံးပင်၊ ကိုယ်လုံးကိုယ်ထည်မှာ သွယ်လျသော်လည်း ရှိုက်ဖိုကြီးငယ်များက သူ့နေရာနှင့်သူ မိန်းမချောလေးတစ်ယောက်၏ အသွင်အပြင်ကို ဖော်ပြနေသည်။

အိမ်ချင်းကပ် ခြေရင်းခေါင်းရင်း ဖြစ်သဖြင့် သူ၏ လှုပ်ရှားမှုတို့ တစ်နေ့လုံး မြင်နေရသည်။ အိမ်ရှေ့ထွက်၍ အဝတ်လျှော်သည်။ အိမ်နောက်ဖေးဘက် ရေကပြင်သို့ ရေငင်သည်။ မီးဖိုဆောင်မှ ငရုတ်သီးထောင်းသံသည်ပင် သူ၏လှုပ်ရှားသံဟု နှလုံးသားထဲက သိနေသည်။



ညနေတွင် အိမ်ရှေ့ရှိ ရေတိုင်ကီတွင် သူ ရေထွက်ချိုးသည်။ ကျွန်တော်တို့မှာ အိမ်ဖျက်၍ မပြီးကြသေး။ အလုပ်သိမ်း၍ ရေချိုးနေချိန်တွင် ဒေါ်စိန်မြင့်သား မောင်ခင်မြင့်နှင့် အပြင်ထွက်သွားကြသည်။ သနပ်ခါးပါးကွက်ကျားနှင့် ဗျာပါဆံတစ်ဖက်တစ်စနှင့်မို့ သူ့ရုပ်သွင်မှာ ပို၍ နုပျိုငယ်ရွယ်သွားသည်ဟု မျက်စိထဲ မြင်နေမိ၏။

ဒေါ်စိန်မြင့်၏သား မောင်ခင်မြင့်နှင့် သူတို့အပြင်က ပြန်လာကြချိန်မှာ ထမင်းစားပြီး အိမ်ရှေ့ ထွက်ထိုင်နေချိန်ဖြစ်သဖြင့် အကြည့်ချင်း တစ်ချက် ဆုံမိသွားကြပြန်သည်။

မောင်ခင်မြင့်က "အစ်ကို၊ ထမင်း စားပြီးပြီလား" ဟု မေးသောအခါ ဝမ်းသာမှုအပြည့်နှင့် "အေးကွ၊ စားပြီးပြီ၊ ညီလေးတို့မောင်နှမကော" ဟု ရောကြောင်ပေါ်ကြောင် မေးလိုက်မိသည်။

မောင်ခင်မြင့်က မပြောဘဲ သူမက "ဟုတ်ကဲ့ရှင့် စားပြီးပါပြီ" ဟု ပြောလိုက်သောအခါ ချိုလွင်အေးမြသော သူ့အသံကြောင့် ရင်ထဲ ပီတိတွေ ချက်ချင်း ပြည့်သွားသည်။

"မောင်လွင် နှင်းတောထဲမှာ အိပ်မလို့လား၊ ချမ်းကချမ်းနဲ့ကွယ် အဒေါ်တို့အိမ် လာအိပ်လည်း ရသားနဲ့"

အမိုးအကာ ဖျက်ထားသော ကြမ်းခင်းပြင်တွင် ခြင်ထောင်ထောင်နေသော ကျွန်တော့်ကိုမြင်သဖြင့် ဒေါ်စိန်မြင့်က လှမ်းပြောသည်။

ဇန်နဝါရီလဖြစ်သဖြင့် ဒေါ်စိန်မြင့်ပြောသလို ချမ်းကောင်းချမ်းမည်။ အမေနှင့်အစ်မတို့ကတော့ အိမ်ဘေးတွင် အမိုးအကာလုပ်၍ အခန်းထဲ အိပ်ကြသည်။

ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ် ဒေါ်စိန်မြင့်က "မအုန်းသင် မောင်လွင့်ကို နှင်းတောထဲ အိပ်ခိုင်းမလို့လား၊ ကျွန်မတို့အိမ် လာအိပ်လည်း ဖြစ်တဲ့ဥစ္စာ၊ မောင်လွင်က နှာစေးချောင်းဆိုး ဖြစ်နေတော့ပါတိနဲ့" ဟု လှမ်း ပြောပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



အမေက ဘာမှမပြော၊ အစ်မက "ပစ္စည်းတွေလည်း လမ်းထဲ ပို့ထား ရလို့ အခေါ်ရေ" ဟု ပြန်ပြောသည်။

"အမယ်လေး သဲတွေ အုတ်တွေများကွယ်၊ ညတွင်းချင်း ဘယ်သူ လာခိုးမှာလဲ၊ တစ်လမ်းလုံး မီးတွေလည်း ထိန်နေတာပဲဟာ"

"ဟုတ်တယ်လေ၊ ဒီကောင်လေးက မစိန်မြင့် ပြောသလို နှာစေး ချောင်းဆိုးလည်း ဖြစ်တတ်ပါဘိနဲ့၊ သွားအိပ်ချင် အိပ်ပါလား သား"

အမေ့စကားကြောင့် ခြင်ထောင်ကို ဆွဲဖြုတ်လိုက်သည်။ ခြင်ထောင် စောင်၊ မွေ့ရာလိပ်တို့ကို ပတ်လိပ်ပြီး ဒေါ်စိန်မြင့်အိမ်သို့ ရွှေ့လာရသည်။

အလိုက်သိတတ်သော မောင်ခင်မြင့်က ဆီးကြို၍ အိပ်ရာလိပ်တို့ လှမ်းယူသည်။ သူတို့အိမ်ပေါ် ရောက်လာသည်ကို သူမက ယို့ယို့ကျုံ့ကျုံ့ ထိုင်၍ ငေးကြည့်နေ၏။

လေးပေချောင်း မီးရောင်အောက်တွင် သိမ်သိမ်မွေ့မွေ့ထိုင်နေသော သူ့အကြည့်နှင့် ဆုံမိပြန်၏။ နှလုံးသားလွင်တီးခေါင်တွင် နှင်းစက်နှင်းပေါက် တို့ ကျ၍ ချက်ချင်း စိုစွတ် စိမ်းလန်းစပြုလာသလိုပင်။

"မောင်လွင် ထမင်းစားပြီးခဲ့ပြီလား စားပါဦးလား၊ မင်းနှမကို ခူးခိုင်း လိုက်မယ်လေ၊ သမီး မြနှင်း ထမင်းခူး. ."

"ကျေးဇူးပဲ၊ ကျွန်တော် စားပြီးခဲ့ပါပြီ ဒေါ်ဒေါ်၊ နေ နေ ညီမ၊ မခူး ပါနဲ့၊ ကျွန်တော် စားပြီးခဲ့ပါပြီ"

"အေး အေး မင်းတို့တို့ မပြီးမချင်း ဒီမှာအိပ်ပေါ့၊ အားနာရမယ့် လူတွေမှ မဟုတ်တာ၊ ကဲ လက်ဖက်ကလေးနဲ့ ရေနွေးကြမ်းလေး ချပေးပါဦး သမီး"

"ဟုတ်ကဲ့" ဟု ပြောပြီး ရှေ့တွင် ရေနွေးကြမ်းနှင့် လက်ဖက်သုပ် ပန်းကန်ကို ယူလာချပေးသည်။

ချမ်းအေးသော ဟေမန္တ၏ ညနေချမ်းသည် နွေးထွေးစပြုလာ၏။



အပြင်ဧည့်ခန်းတွင် အိပ်ရသည်။ တစ်ညလုံး အိပ်မပျော်၊ သူ့ လှုပ် ရှားမှု မှန်သမျှကို နှလုံးသားထဲမှာ ကြားနေရသည်။ အမှောင်ညထဲတွင် သူ့လိပ်ပြာက အနားမှာ တဝဲလည်လည်။

ဆောင်းနှင်းတောထဲ မအိပ်ရသော်လည်း ချောင်းတဟတ်ဟတ် ဟတ်ကာ နှာစေးချောင်းဆိုး ဖြစ်ချင်နေသည်။ သတိထားမိသည်မှာ မိမိ ချောင်းဟတ်သံ၏ စက္ကန့်ပိုင်းအတွင်းတွင် အိပ်ခန်းထဲက သူမ၏ ချောင်း ဟတ်သံကို ကြားနေရသည်။

နှစ်ယောက်စလုံး အိပ်မပျော်နိုင်ကြသော သင်္ကေတများကို မည်ရွေ့ မည်မျှဟု ရေတွက်၍မရတော့။

မနက်မှာ သူ စောစီးစွာ ထသည်။

"မောင်လွင့်အတွက် မျက်နှာသစ်ရေ လုပ်ပေးထားလိုက်ပါဦး သမီး" တူသော ဒေါ်စိန်မြင့်အသံကြောင့် ပြန်၍ မေးနေလိုက်သည်။

"အဒေါ်ကလည်း ဧည့်သည်မှမဟုတ်တာ" ဟု ပြောပြီး မိမိအိမ်တွင် မျက်နှာသွားသစ်သည်။

လက်သမားများနှင့် မိမိ၏လှုပ်ရှားမှုကို သူမ တစ်နေ့လုံး မြင်နေရ သလို သူမ၏လှုပ်ရှားမှုကိုလည်း မိမိက တစ်နေ့လုံး သတိပြုမိနေသည်။

ညနေစာ စားပြီးချိန်တွင် ရေနွေးကြမ်းဝိုင်း၌ ဆုံမိကြပြန်၏။ ဒေါ်စိန် မြင့်က "ငါ လမ်းထိပ် ခဏသွားဦးမယ်၊ မင်းတို့မောင်နှမတွေ စကားပြော ကြဦး" ဟု ပြောပြီး ထွက်သွားသည်။

သူနှင့် စကားပြောချင်တာနှင့် အတော်ပင် ဖြစ်သွားသည်။ ဒေါ်စိန် မြင့်၏သား မောင်ခင်မြင့်မှာ ဆယ်နှစ်သားအရွယ်သာ ရှိသေးသည်မို့ ချစ်သူတို့ပြောကြသော ဘာသာဗေဒကို နားလည်နိုင်မည့် အသည်းနှလုံး လူလားမမြောက်သေး။

"ညီမက တောကဆိုတာ တကယ်ပဲလားဟင်"

"ဟုတ်ကဲ့ ဟုတ်ပါတယ်အစ်ကို ဘာဖြစ်လို့လဲ"

"တော၊ တောသူတွေ ဒီလောက်လှတာ တစ်ခါမှ မမြင်ဖူးလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



အမှန်မှာ သူမမျက်နှာ တစ်ချက်တည်သွားသဖြင့် စကားက ဦးတည်ရာ လွဲသွားခြင်းဖြစ်သည်။ တောသူများ သည်မျှခေတ်ဆန်တာ မမြင်ဖူးသော အကြောင်းကို ပြောလိုချက်လွဲပြီး "တောသူတွေ ဒီလောက်လှတာ တစ်ခါမှ မမြင်ဖူးလို့ပါ" ဟု ဖြစ်သွားသည်။

"မြောက်ပြောတတ်တဲ့ လူဆိုရင် ကျွန်မလည်း သိပ်ကြိုက်တာ၊ ထဲ လက်ဖက်သုပ်လေး သုံးဆောင်လိုက်ပါဦး အစ်ကို အဟီး. . ဟီ. . ဟဲ"

"အဟဲ. . ဟဲ"

ဖြိုင်တူ ရယ်မိကြသည်၊ "တကယ်ပြောတာပါ" ဟုလည်း အရှက် ပြေ ပြောရသေးသည်။

"တောသူမတွေ ဘယ်လောက်လှလှ ရန်ကုန်သူတွေကိုတော့ ဘယ် မီပါ့မလဲနော် အစ်ကို"

လက်သည်းခွံကို ပါးစပ်နှင့် ငုံ့ကိုက်ပြီး အရှက်မျက်လုံးဝေ့ဝေ့ရှ ထောင့်ကပ်ကြည့်ပြော၏။ ရင်ထဲ ရုတ်ချည်း နွေးထွေးသွားမိသည်။

"ရန်ကုန်သူတွေက ပင်ကိုယ်ရုပ် ဒီလောက်မဟုတ်ပါဘူးဗျာ၊ ဆေးဆိုး ပန်းရိုက်မျက်နှာနဲ့ ပြင်တတ်ဆင်တတ် ခေတ်ဆန်တတ်ကြလို့ပါ"

"ခုခေတ် တောသူတွေလည်း ပြင်တတ်ဆင်တတ်ကြပါတယ် အစ်ကို ရယ်၊ တောသူတွေဆိုပြီး အထင်မသေးလိုက်ပါနဲ့"

"အထင်သေးလို့မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့က တောသား လား မသိဘူး တောသူစစ်စစ်မှ မျက်စိတွေ့တာ၊ အိမ်ထောင်ပြုတာတော အမေကတော့ တောသူမှ ရွေးယူရမယ်လို့ ပြောထားတယ်၊ ဘာတဲ့-ပြော ကျွန်ကုလား၊ မယားတောသူ လို့ စာဆိုရှိတယ်တဲ့ ဟဲ ဟဲ"

"ဟင်း. . ဟင်း. . အစ်ကိုက စာဆိုနဲ့ကိုး၊ အစ်ကိုတို့တောက"

"ကျွန်တော်က ပြည်ဇာတိပါ၊ ဆယ့်ငါးနှစ်သားကမှ ရန်ကုန်ရောက် တာ၊ ညီမဇာတိကကော"

"တျွန်မ ခရမ်းသုံးခွကပါ"

ဒေါ်စိန်မြင့် ပြန်လာသဖြင့် ခဏ စကားပြတ်သွားကြသည်။



ဒေါ်စိန်မြင့်က နှစ်ယောက်စလုံးကို အကဲခတ်ကြည့်ရင်း "မောင်လွင် ကတော့ တိုက်ဆောက်တန်းလန်းနဲ့ဆို အားမှာမဟုတ်ဘူး ထင်ပါရဲ့" ဟု ပြောသည်။

"တိုက်က ပန်းရံတွေ လက်သမားတွေ ဆောက်နေကြတာပဲ အဒေါ် ရယ်၊ အဒေါ် ဘာလုပ်မလို့လဲ"

"အို ဒီလိုလေကွယ်။ ဒီက တူမလေး လာလည်တာနဲ့ ပွဲနဲ့လည်း ဆုံနေတော့ လိုက်ပြခိုင်းမလားလို့ပါ။ ပွဲထဲမှာ ဖုန်တွေက တထောင်းထောင်း နဲ့ဆိုတော့ အဒေါ်က မူးတတ်လို့"

"ဒါများ စိတ်ချပါအဒေါ်ရယ်၊ ကျွန်တော် လိုက်ပြလိုက်ပါ့မယ်"

"အေးကွယ်၊ ကျေးဇူးပါပဲ၊ ကဲ သမီး မြနှင်း၊ မောင်လွင် လိုက်ပို့လိမ့် မယ်နော်၊ မောင်ခင်မြင့်ကိုလည်း အဖော်ခေါ်သွားကြ၊ မောင်လွင်က အိမ်နီး ချင်းသာဆိုပေမယ့် အဒေါ်တို့နဲ့က ဆွေလိုမျိုးလိုပါပဲ၊ ဘာမှ အားနာစရာ ခရှိဘူး၊ သမီးသွားချင်တာသာပြော မောင်လွင် လိုက်ပို့ပေးပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်"

"အဒေါ်ပြောတာ ဟုတ်ပါတယ် ညီမရယ်၊ ဘာမှ အားနာမနေနဲ့ ညီမသွားချင်တာသာပြော၊ အစ်ကို လိုက်ပို့ပေးပါ့မယ်"

"ဟုတ်ကဲ့ အစ်ကို၊ ကျေးဇူးတင်ပါတယ်နော်"

သည်ညသည် မနေ့ကညထက် လှပနေသည်။ ရွှန်းမြသော သရောင်ထဲတွင် ဟေမန္တ၏ ပန်းချီကားချပ်က ကြည့်မဝ၊ ရှုမဝစရာ။ သို့ သော် ကျွန်တော်ကား မိုးမြန်မြန်လင်းရန်ကိုသာ ဆုတောင်းနေမိပါသည်။

"မိုးချုပ်လိုက်တာ၊ သား ဘယ်ကပြန်လာလဲ"

"ဒေါ်စိန်မြင့်တူမကို ပွဲလိုက်ပြတယ်လေ အမေ"

"နင်တို့နှစ်ယောက်တည်းလား"

အစ်မက ဝင်မေး၏။

"မောင်ခင်မြင့်လည်း ပါပါတယ်"

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



"ငါ မေးမယ်၊ နင် အဲဒီကောင်မလေးကို ကြိုက်နေလား"

"ဟာ မဟုတ်တာ အမေကလည်း"

"ဘာမဟုတ်တာလဲ ငါ့ကို မစိန်မြင့်က ပြောပြီးပြီ၊ နင့်ကို ကြည့်ရ တာ သူ့တူမကို ကြိုက်နေတဲ့ပုံပဲတဲ့"

"အမေကလည်းဗျာ"

ရှက်ရှက်နှင့် မျက်နှာမထားတတ်အောင် ဖြစ်သွားသော ကျွန်တော့် ကို အစ်မက ကြားဝင်ပြီး "နေ့ခင်းက ဒေါ်စိန်မြင့် ငါတို့ကို လာပြောသွား တယ်။ ကောင်မလေး အမေအဖေတွေက သူတို့မြို့မှာ ထိပ်ပဲတဲ့၊ စပါးစက် သစ်ခွဲစက်တွေလည်း ရှိတယ်၊ ကောင်မလေးက ရှစ်တန်း နှစ်ခါကျလို့ ကျောင်းထွက်နေတာ၊ မောင်နှမလည်း နှစ်ယောက်ပဲ ရှိတယ်တဲ့။ အဲဒီတော့ မောင်လွင့်ကို မေးကြည့်တဲ့၊ သူ့တူမကတော့ သူတစ်ခွန်းပါပဲတဲ့၊ သူ့အမေ အဖေတို့ကလည်း ဒေါ်စိန်မြင့်ကို အပ်ထားကြတယ် ပြောတယ်၊ အဲဒီတော့ နင့်သဘောက ဘယ်လိုလဲ ပြော၊ မမတော့ သဘောတူတယ်၊ ကောင်မလေး ရုပ်ရည်ကလည်း ဘာမှပြောစရာမရှိဘူး၊ ကြည့်ရတာ လိမ္မာရေးခြား. ."

"ဒီမှာ အေးအေးလွင် နင်က အမေလား ငါက အမေလား ပြောစမ်း ငါ့သားကို ငါ မေးစမ်းပါရစေဦးဟဲ့၊ မနေ့တစ်နေ့ကမှ တွေ့တဲ့ဟာကို မစိန် မြင့်စကားနဲ့ အထင်ကြီးနေလိုက်တာ၊ မစိန်မြင့်က လည်က လည်ပါဘိနဲ့ ဒီမှာ မောင်လွင် သား"

အမေ့မျက်နှာကို ကျွန်တော် စေ့စေ့မကြည့်ရဲပါ။ ဟုတ်ကဲ့ အမေ ဟုသာ ခေါင်းငုံ့၍ ပြောလိုက်ရ၏။

"ငါ့သား အဲဒီကောင်မလေးကို တကယ်ကြိုက်နေလား၊ အမေ့ကို မှန်မှန်ပြော၊ ဘာမှ ရှက်နေစရာမလိုပါဘူး၊ ငါ့သားကြိုက်ရင် အမေတို့လည်း သဘောတူရမှာပေါ့၊ ကောင်မလေးကြည့်ရတာ ရုပ်ရည်ရော၊ နေပုံထိုင်ပုံ ရော ပြောစရာတော့ မရှိပါဘူး"

"ဒါနဲ့များ အမေက ပြောနေရသေးတယ်၊ မောင်လေးကလည်း ကြိုက်ပါတယ်"



"ဟဲ့ ပြောရမှာပေါ့၊ ငါက အမေဟ၊ နင် နေရာတကာ ဝင်မပါနဲ့၊ သူ့ဘာသာ သူ ဆုံးဖြတ်ပါစေ၊ နေ့လယ်ကလည်း ငါ အတန်တန် မှာလိုက် တယ်၊ ဘိလပ်မြေအိတ်တွေ ခါးကျိုးနေတာကို ဈေးတူမပေးပါနဲ့ဆိုတာ"

"အို. . လက်သမားတွေကလည်း တန်ပါတယ်ပြောတာကိုး အမေရဲ့ ဒီခေတ်မှာ မဝယ်ရဲရင် ဘာပစ္စည်းမှ ရမှာမဟုတ်ဘူး"

"ဟဲ့. . မရရအောင် ဒီတစ်ဆိုင်တည်းပဲ ရှိလို့လား၊ နင့်အင်္ဂတေ အိတ်ထဲ သဲတွေ၊ မြေတွေ ဖောက်ထည့်ထားတာဆို ဘယ့်နှယ်လုပ်. ."

အမေနှင့် အစ်မတို့၏ စကားကို ကျွန်တော်က မဆုံးဖြတ်ရသေး ပါဘူး အမေရာ ဟူသော စကားနှင့် ဖြတ်ထားခဲ့သည်။

အမှန်က အမေရော အစ်မပါ တစ်သဘောတည်း ဆောင်နေကြ သဖြင့် ကျွန်တော်ကား ဒေါ်စိန်မြင့်တူမ မြနှင်းဝေကို ဆုံးဖြတ်ပြီးသား။ ရှက်၍ တိတိကျကျ မပြောရဲခြင်းသာ။

မနက်ဖြန် မြနှင်းဝေနှင့် ရွှေတိဂုံဘုရားသွားကြရန်လည်း ချိန်းပြီးသား သန်ဘက်ခါကျတော့ တိရစ္ဆာန်ရုံ၊ နောက်နေ့ နောက်နေ့တွေမှာလည်း တစ်နေရာရာ။

အိမ်ကိစ္စ၊ တိုက်ကိစ္စမှာ အစ်မတို့ အမေတို့နှင့် ပြီးသည်သာ။ ကျွန်တော်ရှိ၍လည်း များစွာ အကြောင်းမထူးသဖြင့် မြနှင်းဝေ သွားရေး လာရေး၊ မြနှင်းဝေကို အတိအကျ လက်ထပ်ခွင့်တောင်းရေးတို့သာ လော လောဆယ်မှာ ကျွန်တော့်အတွက် အရေးကြီးနေလေသည်။

အစ်မက ရက်လည်ဆွမ်းသွတ် တစ်ခုသွားနေသဖြင့် လက်သမား နှစ်ယောက်နှင့် မြို့ထဲ သံချောင်းဝယ်ရန် လိုက်ရသည်။ သို့သော် စိတ်ကမူ မြနှင်းဝေဆီ၌သာ တဝဲဝဲ တလည်လည်။

မြနှင်းဝေနှင့် အတူသွား၊ အတူလာ တစ်ပတ်ခန့် ကြာသွားပြီးရာ ချစ်သူဘဝကိုလည်း ရောက်နေကြလေပြီ။ မြနှင်းဝေလေးက ပြောသည်။ တိုလွင်မြကို အမှန်တကယ် မေတ္တာရှိရှိမှန်ရင် ကျွန်မတို့ ဟောထုံးစံအတိုင်း

www.burmeseclassic.com



အမေအဖေတို့ဆီ လာတောင်းပါ။ အရီးစိန်မြင့်ပါရင် အမေတို့ အဖေတို့ လည်း သဘောတူကြမှာပါတဲ့။

ကျွန်တော် ပျော်လိုက်သည်မှာ ပြောစရာမရှိ။ လက်သမား န ယောက်နှင့် သံချောင်းသွားဝယ်ရန် မြို့ထဲထွက်ရသည်ကိုပင် မြနှင်းဝေ က အိမ်ရှေ့ထွက်ကြည့်ပြီး ငေးငေးလေး ကျန်နေခဲ့၏။

ညနေလေးနာရီခွဲလောက်မှ သံချောင်းကားတစ်စီးတိုက်နှင့် မြို့ထဲ ပြန်ရောက်လာကြသည်။ လမ်းထဲ ကားဝင်လာ၍ အိမ်ရှေ့ရောက်သည် ဒေါ်စိန်မြင့် အိမ်ရှေ့ လှမ်းကြည့်မိသည်။ မြနှင်းဝေကို မတွေ့ရ၊ ရင် ဟာသွားသည်။

သံချောင်းများ သွားဝယ်ရာက ပြန်လာကြသံ ကြားလျှင် အိမ်ရှေ့ ထွက်ကြိုနေလိမ့်မည်ဟု မှန်းလာသော မှန်းချက်များ လွဲသွားသော ရင်ထဲ ပိုဟာသွားရလေသည်။

လက်သမား လေးငါးယောက်နှင့်အတူ ဝယ်လာသော သံချောင်း ကို ကားပေါ်က ဝိုင်းချပေးနေရသည်။ ဘယ်လောက်မှ မကြာလိုက်၊ အခ က သား ခဏဟုခေါ်သဖြင့် အမေနှင့် အစ်မတို့အခန်းထဲ ဝင်လိုက်ရသည်

ကျွန်တော်က သံချောင်းဝယ်၍ ကုန်ကျခဲ့သော ငွေများနှင့် ရန် ခေါ်သည်ဟု ထင်၏။ အမေနှင့် အစ်မတို့ မျက်နှာလည်း မကောင်း “ဘာဖြစ်လို့လဲ အမေ” ဟု ချက်ချင်း ကောက်မေးလိုက်သည်။ “မြနှင်း နဲ့ ပတ်သက်လို့ နင်ဘာသိလဲ၊ ဒီကောင်မလေးက သူ့အိမ်က သ မတူတဲ့ ကောင်လေးတစ်ယောက်နဲ့ လိုက်ပြေးလို့ အိမ်က ခွဲထားတာ နေ့လယ်က အဲဒီကောင်လေးနဲ့ သူ့အဖော် သုံးလေးယောက် လိုက်လာ တယ်။ အစကတော့ ကောင်လေးက သူတို့ချစ်ခြင်းကို မခွဲပါနဲ့၊ မြနှင်း ကို သူတို့နဲ့ ပြန်ထည့်လိုက်ပါလို့ ဒေါ်စိန်မြင့်ကို တောင်းတောင်းပန် ကောင်းကောင်းမွန်မွန်ပဲ ပြောကြတယ်။ သူနဲ့ မြနှင်းဝေက ရပြီး သုံး ရက်ပဲ ပေါင်းရသေးတယ်တဲ့။ မြနှင်းဝေ မိဘတွေက သဘောမတူလို့ ရန်ကုန်ပို့လိုက်ကြတာဆိုပဲ။ ဒေါ်စိန်မြင့်ကပဲ အဲဒီကောင်လေးကို သာ



ပေါ်အိပ်၊ သားရေနားစား ဘာဘာညာညာ ပြောတော့ ကောင်လေးက စိတ်ဆိုးတာပေါ့။ ကောင်လေးက သူတို့သစ်ခွဲစက်က အလုပ်သမားတဲ့။ ကောင်လေး သူငယ်ချင်းတွေကလည်း ဒေါ်စိန်မြင့်ကို ဝိုင်းတောင်းပန်ကြပါတယ်။ မရဘူး။ နင်တို့ကို ဂါတ်တိုင်ထားတယ်ဆိုတာ နင်တို့သိရဲ့လား၊ တစ်မှုက နှစ်မှုဖြစ်ချင်ရင် ငါ့အိမ်ပေါ် တက်ခဲ့ကြစမ်းလို့ ခြိမ်းခြောက်တော့ ကောင်လေးတွေက အိမ်ပေါ် မတက်ရဲကြပါဘူး။ ဒေါ်စိန်မြင့်ကို ပြောမရတော့ မြနှင်းဝေကို ဝိုင်းပြောပြီး အိမ်ပေါ်က ဆင်းလာခဲ့ဖို့ ခေါ်ကြတယ်။ ဒေါ်စိန်မြင့်နဲ့ သူ့အမေ အဖေတို့က ကောင်မလေးကို ဘယ်လို နားသွင်းထားကြလဲ မသိဘူး။ ကောင်မလေးကလဲ နင့်ကို ငါကြိုက်လို့ ယူတာ မဟုတ်ဘူးတဲ့-တဲ့။ ကောင်လေးက ပြောပါသေးတယ်၊ ချိန်းတွေ့ကြတာ သူ့မိဘတွေ မိသွားလို့ဆိုလား၊ ဗလုံးဗထွေးမို့ ငါ နားမရှင်းလိုက်ဘူး။ ဒီတော့ ကောင်လေးနဲ့ သူ့အဖော်တွေက ခုတော့ နင် ငါ့ကို ဘယ်ကြိုက်တော့မလဲ၊ ရန်ကုန်က တိုကောင်နဲ့ စခန်းသွားနေကြပြီမဟုတ်လား၊ ဘုရားရော၊ တိရစ္ဆာန်ရုံမှာရော နင်တို့ကို ငါတို့ တွေ့တယ်။ ခု ပြောလို့ရမလားလို့ လာပြောတာ၊ သစ္စာမရှိတဲ့ကောင်မ၊ ပလီမ၊ အို စုံနေတာပဲ။ ပြီးတော့ နင်ရော နင့်အကောင်တိုရော သတ်မယ်လို့ ကြိမ်းသွားကြတယ်။ သူတို့က တောသားတွေ၊ တကယ် လုပ်မှာ။ အဲဒါ ငါ့သားလေး ခု ကံကောင်းလို့၊ နို့မို့ ဘုရားပေါ်မှာတင် . . ”

အမေ၏ စကားကို ကျွန်တော် မကြားမိတော့ပါ။ အကြည့်ကို အမေနှင့် အစ်မတို့ဆီက လွှဲလိုက်ရသည်။ ကိုယ်ခန္ဓာရှိ ဒြပ်စင်များ တစ်ဖွဲ့ တစ်စစီ လွင့်စင်သွားကြသလား ထင်လိုက်ရသည်။ အဇ္ဈတ္တ၏ ရင်ထဲက အချစ်ဆိုသည်မှာလည်း. . .

www.burmeseclassic.com

www.burmeseclassic.com

# နိယာမ၏ ချစ်ခြင်းဗေဒ

သံလိုက်တွင် တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းတည်းဟူသော အညမည ဆန့်ကျင်ဘက်တစ်စုံ ရှိ၏။

စက်မှုဗေဒတွင်လည်း ပြုမှုနှင့် တုံ့ပြန်မှုဟူသော ဆန့်ကျင်ဘက် အညမညတစ်စုံ ရှိသည်။

ဓာတုဖြစ်စဉ် တစ်ရပ်တွင်လည်း အက်တမ်များ၏ ပေါင်းစပ်ခြင်း ခွဲခွာခြင်းဟူသော အညမညတစ်စုံ ရှိလေသည်။

အမှန်က ထိုဆန့်ကျင်ဘက်သည်ပင် . . .။

◈ ◈ ◈

လမ်းထိပ်အုတ်ခုံပေါ်ထိုင်ကာ သူ့အလာကို စောင့်နေမိသည်။ ထွက်လာမည့် သီရိမင်္ဂလာလမ်းထိပ်ကို ခဏခဏ လှမ်းကြည့်၍ ရင်ခုန်၏။ သူ့အလာကို ခဏခဏ လှမ်းလှမ်းကြည့်နေရသလို မိုးပေါ်ကိုလည်း ခဏခဏ လှမ်းလှမ်းကြည့်နေရသည်။



မသိမသာ တစ်ချက် ပြန်ကြည့်ပြီး ဘူတာပလက်ဖောင်း မြောက်ဘက် လျှောက်လာ၏။ ခင်ကြီး ရထားစီးတိုင်း စောင့်နေကျနေရာသို့ ရောက်လာသည်။ ရထားအလာကို မတ်တပ်ရပ် စောင့်ကြည့်ရင်း သူ့ကိုလည်း မသိမသာ ကြည့်ရသည်။ ခင်ကြီးရှိရာဘက် သူလျှောက်လာသဖြင့် ရင်ခုန်နှုန်းက ပိုမြန်လာသည်။ ရထားလည်း သမိုင်းဘူတာက ထွက်လာနေပြီ။ "တစ်နေ့ကလို ခင်ကြီးအနား လာကပ်ထိုင်ဦး မှာပဲ၊ စကား စလာဦးမှာပဲ" ဟူသော အတွေးနှင့် မျက်နှာကို တည်ထားရ၏။

"ဟာ. . ကိုခင်မောင်သန်း၊ လာလည်တာလား၊ လာဗျာ၊ လက်ဖက်ရည် သွားသောက်ရအောင်၊ ခင်ဗျားနဲ့ မတွေ့တာ ကြာပြီ"

"မ. . မသောက်တော့ဘူးဗျာ"

သူက လာနေသော ရထားကို လှမ်းကြည့်၍ ပြော၏။

"လက်ဖက်ရည် သောက်ရအောင်" ဟု ခေါ်သူက လက်ကို ဆွဲပြီး အတင်းခေါ်သွား၏။ မာလာမြိုင်ထဲတွင်နေသူတစ်ယောက်မှန်းတော့ သိ၏။

"လာစမ်းပါဗျာ၊ သံယောဇဉ် ထားမနေပါနဲ့၊ ၉ နာရီ ၅၅ မိနစ်နဲ့ပဲ သွားပါ၊ ကျွန်တော်လည်း မြို့ထဲသွားမှာပဲ၊ အတူသွားကြတာပေါ့"

သူက ခင်ကြီးဆီ လှည့်ကြည့်လှည့်ကြည့်နှင့် ပါသွား၏။

"သံယောဇဉ် ဖြတ်လိုက်စမ်းပါဗျာ၊ နောက်ရထားတွေ အများကြီး ရှိပါသေးတယ်၊ ဒီရထားက လူကျပ်ပါဘိနဲ့"

ခင်ကြီး မသိမသာ သက်မ ချမိလိုက်သည်။

"သူ. . သူ ငါ့ကို လာစောင့်တာ အမှန်ပဲ၊ ဟိုလူ ခေါ်သွားလို့ သက်သက် ရှုပ်တဲ့ကောင်" ဟု အံကြိတ်လိုက်မိသည်။

ထွက်လာသော ရထားကို ဘူတာဘေးရှိ လက်ဖက်ရည်ဆိုင်ထဲက သူ ငေးကြည့် ကျန်ရစ်သည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကလိုပင် ဘူတာကြီးတွင် သူ့ကို တွေ့ရပြန်သည်။ မနက်က စကားမပြောလိုက်ရသဖြင့် ယခု ရုံးအပြန်မှာ လာစောင့်မှန်း သိသာ၏။ နံပါတ် (၁) စကြံပလက်ဖောင်းမှ ခင်ကြီး နံပါတ် (၄) စကြံပလက်ဖောင်းဘက် လျှောက်အလာကို သူက မတ်တပ်ရပ် စောင့်ကြည့်နေသည်။ ခင်ကြီး၏ မသိမသာ ငေးအကြည့်ကို မြင်သွား၏။ ပြုံးပြုံးရွှင်ရွှင်ပင် ခင်ကြီးအနားရောက်လာသည်။ ရင်ခုန်ရလွန်းသော ခင်ကြီးမှာ သူ့ကိုပင် မကြည့်ရဲတော့။

"ဒီက နာမည် မခင်ကြီးနော်"

"ဟုတ်. . ဟုတ်ကဲ့ရှင့်"

သူက ပိုပြီး အနားကပ်လာသည်။

"မခင်ကြီးမှာ ညီမတစ်ယောက် ရှိပါတယ်နော်"

"ဟုတ်ကဲ့၊ ရှိ. . ရှိပါတယ်"

"မခင်ကြီး ညီမ မခင်လေးက ခု ဘယ်မှာလဲဟင်"

"ဟင်. . မ. . မခင်လေး"

ခင်ကြီးက "မခင်လေး" ဟူသော စကားကို အံ့ဩစွာ ရေရွတ်လိုက်မိသည်။ သူက ခင်ကြီး မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။

"ဟင်. . မခင်ကြီး၊ ခု ခင်လေး ဘယ်မှာလဲဟင်"

"ဘယ်က ခင်လေးပါလိမ့်"

"ကျွန်. . ကျွန်မ ညီမ နာမည်က ခင်လေးမဟုတ်ရပါလားရှင်၊ မမြမေပါ"

"ကျွန်တော့်ကို မသနားဘူးလားဗျာ"

"ရှင်"

"ဒီလူ ဘာလာပြောနေပါလိမ့်" ဟု ခင်ကြီး ခေါင်းရှုပ်သွားသည်။ သူ့စကားကို ခင်ကြီး လုံးဝ နားမလည်။ ခင်ကြီးညီမ မမြမေမှာလည်း ယခု အိမ်ထောင်နှင့် ကလေးပင် နှစ်ယောက်ရှိပြီ။

"ကျွန်. . ကျွန်တော် ခင်လေးကို ဘယ်လောက် ချစ်ခဲ့ရတယ်ဆိုတာ တစ်ရပ်ကွက်လုံး အသိပါဗျာ၊ ကျွန်တော့်ကို သနားရင် ခင်လေး ဘယ်မှာ



ရှိတယ်ဆိုတာ တစ်ဆိတ်လောက် ပြောပါဗျာ၊ အစ်မဟာ မခင်ကြီး ဆိုကတည်းက ခင်လေးရဲ့ အစ်မဆိုတာ ကျွန်တော် သိပါတယ်၊ မညာပါနဲ့ဗျာ၊ ခင်လေး ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော့်ကို သနားရင်. . "

"အိုး. . ရှင် ဘာတွေ လာပြောနေလဲ၊ ရှင့်စကား ကျွန်မ နားကိုလည်ဘူး၊ ကျွန်မ ညီမနာမည်က မမြမေ၊ ခင်လေး မဟုတ်ဘူး၊ မမြမေ. . မြမေ"

၄ နာရီ ၃၅ မိနစ် ရထားနီးပြီ။ အရှေ့ဘက်စကြံပေါ်မှ ပြုဆင်းလာကြသော လူအုပ်တွေက အနားရောက်လာကြသဖြင့် ရှက်လည်း ရှက်မိသည်။ ထို့ကြောင့် စိတ်ပေါက်ပေါက်နှင့် အော်ပစ်လိုက်မိ၏။ သူ့စကားကို ခင်ကြီး တကယ်လည်း နားမလည်ပါ။

"မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ ကျုပ်ကို ညာနေကြတာပါ၊ ခင်လေးကို ဘယ်မှာ ဝှက်ထားကြလဲဆိုတာ ပြောရမယ်ဗျာ၊ ခင်ဗျား သိပါတယ်"

"မသိဘူးရှင့်၊ မသိဘူး၊ ကျွန်မ ဘယ်လိုလုပ် သိမလဲ၊ ကျွန်မ ညီမကပြောတဲ့ ခင်လေးမှ မဟုတ်တာ၊ မမြမေပါဆို ဘယ်နှခါ ပြောရမလဲ၊ ကြောင်ကြောင်နဲ့"

သူက အတင်းအကျပ် ပြောလာသည့်စကားကို ခင်ကြီးက ဒေါသနှင့် အော်ပစ်လိုက်သောအခါ သူ ငိုင်သွားသည်။ ခင်ကြီး မျက်နှာကို စက္ကန့်တော်ကြာ ငိုင်ကြည့်နေ၏။ ခင်ကြီးမှာ မျက်နှာတည်ထားရသော်လည်း ကို ကြောက်လာမိ၏။ လက်ဖျားခြေဖျားတွေပင် အေးစက်လာမိသည်။

သူ၏ရှည်လျားသော သက်မချသံကို ကြားလိုက်ရစဉ် ခင်ကြီးတို့နှင့်လမ်းတည်း နေကြသော ကုန်သွယ်ရေး (၁) မှ မမထား၏အသံကိုလည်း ပြုံင်တည်း ကြားလိုက်ရသည်။

"ခင်ကြီးတို့အလုပ်က ဘူတာနဲ့ နီးတော့ ဟန်ကျတယ်တွယ်၊ မမမှာ ဒီရထား မီဖို့အရေး သေပြေးရှင်ပြေး ပြေးလာရတာ၊ ဒီတစ်နေ့ပဲ သေးတယ်၊ ဒါတောင် ရထားက သဘောကောင်းပြီး နောက်ကျနေလို့ ကြီးကတော့ ၂ နေ့တိုင်း ဒီရထားနဲ့ ပြန်နေကျလား"

www.burmeseclassic.com



"ဟုတ်. . ဟုတ်ကဲ့ မမ"

ခင်ကြီးမှာ ယခုမှ အသက်ရှူရတော့သည်။ သို့သော် သူကား အနားမှ မခွာသေး။ ခင်ကြီးကိုသာ စိုက်ကြည့်လျက် ရှိနေသေး၏။

"ဒါကြောင့် တစ်နေ့မှ အပြန် ဘူတာထဲ မဆုံမိကြတာကိုး၊ မောင်လေး မောင်ခင်မောင်သန်းပါလား"

ခင်ကြီးအနားတွင် ရပ်နေသော သူ့အား မမထားက ခုမှ မြင်သဖြင့် နှုတ်ဆက်၏။ မမထားနှင့်လည်း သူ သိကြပါလားဟု ခင်ကြီး အံ့သြသွားသည်။

နောက်မှ သူ ယခင်က မာလာမြိုင်တွင် နေသွားဖူးသည်ဟု ဘူတာမှာ ပြောကြ ဆိုကြသံတွေကို ပြန်ကြားမိသည်။

"မင်း. . မင်း နေကောင်းတယ်နော် မောင်လေး၊ ခု ဘယ်သွားမှာလဲကွယ်"

"ဘယ်မှမသွားပါဘူး မမ၊ ကျွန်. . ကျွန်တော်လေ ခင်လေးကို စောင့်နေတာပါ ခင်ဗျာ"

မမထားက သူ့ကိုကြည့်ပြီး သက်ပြင်းရှည်ရှည် ရှိုက်လိုက်သည်။ ပြီးမှ တီးတိုးတိုးတိုး ရေရွတ်လိုက်သည်။

"သြော်. . မောင်လေးရယ်"

မမထားက သူ့ကို ဆက်မပြောတော့ဘဲ ရထားသံလမ်းကို ငုံ့ကြည့်နေ၏။ မမထား၏အမူအရာကြောင့် ခင်ကြီးပင် ကြောင်သွားသည်။ သူကတော့ မမထား၏စကားကို ကြားမိလိုက်ပုံမရ။

"မမ ကျွန်တော် ပြန်ပါဦးမယ်ခင်ဗျား၊ မခင်ကြီးရောနော်၊ မနက်ဖြန်မှ အေးအေးဆေးဆေး ကျွန်တော် ရုံးကို လာခဲ့ပါဦးမယ်"

ပြောပြောဆိုဆိုပင် အရှေ့စင်္ကြံဘက် ထွက်သွား၏။ ခင်ကြီးမှာ "မနက်ဖြန် ရုံးလာဦးမယ်" ဟူသော သူ့စကားကို ဘုရားတည်၍ ပါးစပ် အပေါင်းသားနှင့် ငေးကျန်ခဲ့ရသည်။

"ခင်ကြီးနဲ့ မောင်ခင်မောင်သန်းတို့လည်း သိကြတာကိုး"



"ဟင့်အင်း. . မသိဘူးမမ၊ ကျွန်မ အလုပ်သွား အလုပ်ပြန်မှာ သူ လိုက်လိုက် နှောင့်ယှက်နေတာ သုံးလေးခါရှိပြီ၊ ဒီနေ့လည်း"

"ဟင်. . ခင်ကြီးကို သူ လိုက်နှောင့်ယှက်တယ်"

မမထားက ခင်ကြီးစကားကို အံ့သြသွားသလိုနှင့် ခင်ကြီးမျက်နှာကို စိုက်ကြည့်နေ၏။

"ဟုတ်တယ် မမရယ်၊ သူ့ကို မမ သိလားဟင်"

"အိမ်း. . သိပ်သိတာပေါ့ကွယ်၊ သူ မာလာမြိုင်မှာ နေတုန်းကဆို မမတို့အိမ်ဟာ သူ့စားအိမ်သောက်အိမ်ပေါ့၊ မမမောင်လေး မောင်တင်အောင်နဲ့ဆို ညီအစ်ကိုလို ခင်ကြတာ၊ သနားပါတယ်ကွယ်၊ သူ ယဉ်ယဉ်လေးနဲ့ စိတ်နောက်နေရှာတယ်၊ သိပ်နှမြောစရာကောင်းတဲ့ ကလေးပါ"

"ရှင်၊ သူ. . သူ ရူးနေတယ်"

"အေးကွယ်၊ သူ့ခမျာ ရူးနေရှာတယ်"

"ဘယ်လိုဖြစ်လို့ ရူးတာလဲ မမ၊ သူ့ကြည့်ရတာ လူကောင်း တစ်ယောက်လိုပဲနော်"

"ဟုတ်တယ်ကွဲ့၊ သူ့အကြောင်း မသိကြတဲ့ လူတွေကတော့ ခုထိ သူ့ကို လူကောင်းပဲ ထင်နေကြမှာပဲ၊ ဟိုတုန်းကဆို ရပ်ကွက်ထဲမှာ လူချစ်လူခင် အင်မတန်များတဲ့ ကောင်လေးပါ၊ အပြောအဆိုလည်း သိပ်ယဉ်ကျေးသိမ်မွေ့တယ်၊ ရပ်ရေးရွာရေးဆိုလည်း သူက ရှေ့ကပဲ၊ အဲဒါကြောင့်လည်း သူရည်ချွန် နှစ်ထပ် သုံးထပ်ကွမ်း ရတာပေါ့၊ ပညာလည်း သိပ်တော်တယ်၊ ဘွဲ့လည်း ရပြီးသား၊ နိုင်ငံခြားတွေ ဘာတွေတောင် ပညာသင်သွားခဲ့ရသေးတာ၊ သိပ်နှမြောစရာကောင်းတာ"

"ဘယ်လိုဖြစ်လို့ ရူးသွားတာလဲ မမ"

ရှည်လျားသော မမထား၏စကားကို မအောင့်အည်းနိုင်တော့သဖြင့် ခင်ကြီးက အလောတကြီး မေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဒီကောင်လေးအဖြစ်က ရင်နာစရာပါကွယ်၊ တို့ မာလာမြိုင် လမ်းထိပ်က တစ်အိမ်ကျော် ခု အနောဝဒတ် ဆေးခန်းဖွင့်ထားတာ ခင်ကြီး သိပါတယ်”

“ဟုတ်ကဲ့ မမ၊ သိပါတယ်”

“အဲဒီဆေးခန်းမှာ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က ခင်လေးဆိုတဲ့ ဆရာဝန်မလေးတစ်ယောက် သူနဲ့ပတ်သက်ပြီး ဆေးခန်း လာဖွင့်တယ်၊ အညာသူဆိုပေမယ့် အသားမညိုဘူး၊ ဖြူဖြူနွဲ့နွဲ့ ချောချောလေးရယ်၊ စကားပြောတာလည်း လေသံလေးနဲ့ သိပ်ကို ညင်ညင်သာသာ ဆက်ဆံတတ်တယ်၊ သူ့အသံ ကြားတာနဲ့ ရောဂါတစ်ဝက် ပျောက်တယ်လို့တောင် တို့ မာလာမြိုင်က လူတွေက ပြောကြတာ၊ မမလည်း လေးငါးခါ ဆေးသွားထိုးဖူးတယ်၊ အဲဒီဆေးခန်းက မောင်ခင်မောင်သန်းနဲ့ အဲဒီ ဆရာဝန်မလေးတို့ စပ်တူ ဖွင့်ကြတာတဲ့၊ တိုတိုပြောရရင် လူငယ်ဘာဝ ရည်ငံနေကြတယ်ဆိုပါတော့၊ အဲဒါကို ဆရာဝန်မလေးရဲ့ အဖေ အမေတို့က သိတော့ ချက်ချင်း လာခေါ်သွားကြတယ်တဲ့၊ ဘယ်သူမှတောင် မသိလိုက်ကြဘူး၊ မောင်ခင်မောင်သန်းတစ်ယောက်ပဲ သိလိုက်တယ်တဲ့၊ ခက်တာက အဲဒီအချိန်မှာ မောင်ခင်မောင်သန်းတို့ဌာနကလည်း မောင်ခင်မောင်သန်းကို နိုင်ငံခြားပညာတော်သင် လွှတ်ဖို့ အော်ဒါထွက်ပြီးသားဆိုတော့ သူ့ခမျာ အညာက ချစ်သူဆီ မလိုက်နိုင်ဘဲ နိုင်ငံခြားကို ထွက်သွားရတယ်၊ အဲဒီစိတ်နဲ့ပဲ နိုင်ငံခြားမှာ ရှူးတော့ သင်တန်းမပြီးခင် ပြန်လာရတယ်လို့ မမ မောင်ထေး မောင်တင်အောင်က ပြောပြဖူးတယ်၊ နိုင်ငံခြားက သူပြန်လာတော့ ဆရာဝန်မလေးကို သူ့အမေ အဖေများက ဝှက်ထားကြတယ်ဆိုပဲ၊ ခင်လေးတို့မှာ ခင်ကြီး၊ ခင်ထွေးဆိုတဲ့ နောက်ညီအစ်မနှစ်ယောက်လည်း ရှိသေးတယ်တဲ့၊ သူ့အစ်မကတော့ အညာမှာ ထိတ်ထိတ်ကြဲဆိုပဲ၊ အဲဒါကြောင့်လည်း မောင်ခင်မောင်သန်း မကပ်နိုင် ဖြစ်သွားတာနေမှာပေါ့၊ နို့မို့ရင် ခင်မောင်သန်းတို့ဘက်ကလည်း ပေါက်ရောက်တဲ့ လူတွေ အထက်မှာ အများကြီး”



မမထား၏ စကားမဆုံးခင်မှာပင် ရထားဆိုက်လာသဖြင့် စကားဖြတ်ကာ ရထားပေါ်ကို အလုအယက် တက်လိုက်ကြရသည်။ သို့သော် သူ့ရုပ်၊ သူ့အသွင်၊ သူနှင့် သူ့အသိများ ပြောဆိုခဲ့ကြသော စကားများကို ပြန်လည် ကြားယောင်နေမိ၏။

သူ့အသိတွေကို သူက “ပင်္ဂိဇိဝ ရောဂါရှာဖွေရေးဌာန” မှာ လုပ်သည်ဟု ယခုတိုင် ပြောတုန်း။ အမှန်မှာ သူသည် လွင့်မျောသွားသော ပုံရိပ်ကို လိုက်ဖမ်းနေသော ဝေဒနာသည်တစ်ယောက်သာ ဖြစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## သုံးနှင့်လေး

ကျွန်တော် အလုပ်က အိမ်သို့ ပြန်လာသောအခါ ဘိုနီသည် ခါတိုင်းနေ့များလို ကျွန်တော့်အား မလိုမုန်းထားသော မျက်လုံးနီနီကြီးဖြင့် စိုက်ကြည့်နေသည်ကို ယနေ့၌ မတွေ့ရပေ။ ခါတိုင်းနေ့များ ကျွန်တော် အလုပ်က အိမ်သို့ ပြန်လာပြီဆိုလျှင် ဘိုနီသည် ကျွန်တော့်အား မလိုမုန်းထားသော မျက်လုံးအစုံဖြင့် အမြဲ ဆီးကြို စိုက်ကြည့်နေတတ်သည်၊ ဤနေ့၌ကား ဘိုနီသည် ကျွန်တော်အား တစ်ချက်မျှပင် လှည့်မကြည့်ဘဲ သူ့နေရာ၌သာ ခွေခွေကလေး အိပ်နေ၏။

အမှန်မှာ ဘိုနီသည် ကျွန်တော်အား ကြည့်သည်ဖြစ်စေ၊ မကြည့်သည် ဖြစ်စေ၊ ကျွန်တော်က ဘိုနီကို အရေးလုပ်သူ မဟုတ်၊ ဘိုနီနှင့် ကျွန်တော်မှာ တစ်ဦးမျက်နှာ တစ်ဦး စေ့စေ့စိုက်စိုက် ကြည့်ကြသည်ဟုလည်း မရှိ၊ အကယ်၍ မလွှဲမရှောင်သာ၍ ကြည့်မိကြပြန်တော့လည်း မလိုမုန်းထားခြင်း၊ စက်ဆုပ်ရွံရှာခြင်း၊ ဒေါသမာန်မာနထွက်ခြင်း၊ တစ်ဦးအပေါ် တစ်ဦး အပြစ်ရှာလိုခြင်း စသည့် အာဂတ တရားတို့နှင့်သာ ကြည့်မိကြသည်မို့ ဘိုနီနှင့် ကျွန်တော့်မှာ တစောင်းစေးနှင့် မျက်ချေးပမာသာ။



ထို့ကြောင့်လည်း ကျွန်တော်သည် ဘိုနီကို ဂရုမစိုက်ဘဲ အလုပ်ခွင်တွင် ပင်ပန်း နွမ်းနယ်လာသမျှကို အိမ်ရောက် ပက်လက်ကုလားထိုင်တွင် ထိုင်ကာ အမောဖြေ ချွေးသိပ်နေမိသည်။

အတော်ကလေး ကြာသောအခါ ကျွန်တော့်ဇနီး 'မာ' က ထမင်းခူးခပ်ပြီးပြီဖြစ်ကြောင်း လာပြောသဖြင့် တစ်အိမ်သားလုံး ထမင်းဝိုင်းစားကြပြီဆိုလျှင် ဘိုနီသည် 'မာ' ၏အမေအဖေ နှစ်ယောက်ကြားတွင် သူ့အတွက် သီးသန့် ပြင်ဆင်ပေးထားသော ခုံအောက်က ထမင်းပွဲနားသို့ မခေါ်ပင့်ချေ ရောက်လာပြီး ထမင်းကို အခန့်သား မြိန်ရေယှက်ရေ ဝင်စားတတ်သည်။ ဤနေ့ထမင်းဝိုင်းမှာ လူစုံပြီဖြစ်သော်လည်း ဘိုနီကား ပေါ်မလာသေး။ ဘိုနီအတွက်ဟုလည်း ခါတိုင်းနေ့များလို ထမင်းပွဲ သီးသန့်ပြုပြင်ထားသည်ကို မတွေ့ရသဖြင့် ကျွန်တော်သည် ဘိုနီအိပ်ရာဘက်သို့ မျက်မှောင် တစ်ချက်ကြုတ်၍ ကြည့်လိုက်မိ၏။ ဘိုနီကား တုတ်တုတ်မျှပင် မလှုပ် သူ့အိပ်ရာ၌ ငြိမ်၍သာ အိပ်နေ၏။

"ဒီနေ့ ဘိုနီ နေမကောင်းဘူးကို  မာတို့ နေ့လည်က အင်းစိန်ဆေးရုံမှာ သွားပြကြသေးတယ်။ ဆရာဝန်က ဆေးထိုးပေးလိုက်လို့ ခုလောက် သက်သာနေတာ"

ကျွန်တော်သည် မကြည့်စဖူး ဘိုနီဘက်သို့ တစ်ချက် စွေကြည့်မိသဖြင့် အလိုက်သိတတ်သော မာက ဘိုနီ နေမကောင်းကြောင်း ပြောသည်။

ဘိုနီနှင့်ပတ်သက်လာလျှင် ကျွန်တော်မှာမ သိလိုက် မသိဘာသာနေတတ်သည်။ ထမင်းစားပြီးကြ၍ ညအိပ်ရာဝင်ကြသည်အထိ ဘိုနီ ဘာဖြစ်နေသည်ဆိုတာ ကျွန်တော် မမေးမိ။ မာနှင့် မာ့အမေအဖေတို့ကတော့ ဘိုနီအနားမှာပင် တရစ်ဝဲဝဲ လုပ်နေကြသည်။

ညအိပ်ခါနီးတွင် မာနှင့် အမေအဖေတို့သည် ဘိုနီအား ဆရာဝန်ပေးလိုက်သော ဆေးကို တိုက်ကြသည်။ ဘိုနီသည် ဆေးမသောက်လိုသဖြင့် ဒူဝူးဝါးဝါး အော်ညည်းနေသံကို ကျွန်တော် အိပ်ရာပေါ်က ကြားနေရသည်။ ဝေဒနာကြောင့် ဝူးဝူးဝါးဝါး အော်နေသော အသံကို ကြားနေရပြန်တော့

www.burmeseclassic.com



လည်း ကျွန်တော် မှန်းတီးနေသော ဘိုနီအကြောင်းသို့ပင် စိတ်အတွေးက ရောက်သွားမိပြန်၏။

❖ ❖ ❖

အစကပင် ရေးရမည်ဆိုလျှင် မာနှင့် ကျွန်တော်မှာ လူငယ်တို့ဘာဝ ချစ်ကြိုးသွယ်မိကြသည်။

မာကို ကျွန်တော်က ခိုးပြေးလာ၍ တစ်ပတ်လောက် အကြာမှာ မာ့အဖေအမေတို့ကို ကျေအေးရာ ကျေအေးကြောင်း တောင်းပန် ဝန်ချ၍ မိသားဖသားပီပီ မာ့ကို ပြန်အပ်ရသည်။

ထိုနေ့က အိမ်ပေါ်သို့ တက်လာကြသော ကျွန်တော်နှင့် အပေါင်းပါ အဖော်များအား ဘိုနီ အစိမ်းလိုက် ဝါးစားပစ်ချင်သော မျက်လုံးနီနီကြီးဖြင့် စိုက်ကြည့်၍ တဝေါင်ဝေါင် ဟောင်နေ၏။ ဤနေ့ကစ၍ ဘိုနီနှင့် ကျွန်တော် ရန်စပျိုးခဲ့ကြသည်ဟု ဆိုရချိမ့်မည်။ ကျွန်တော်တို့ကို စိုက်ကြည့်၍ တဝေါင်ဝေါင် ဟောင်နေသော ဘိုနီအား "ဟေ့ ဘိုဘို. ." ဟု မာက အသံပေးလိုက်မှ ဘိုနီသည် ကျွန်တော်တို့အား စိုက်ကြည့်၍ ဟောင်မနေတော့ဘဲ တစ်ပတ်ကျော်လောက် ပျောက်နေသော သူ့သခင်မ မာဆီသို့ ပြေးပြီး မာ၏ခြေသလုံးကို မနာတနာခဲကာ အမြီးကလေး နှံ့နှံ့နှင့် ကျီစယ်ကလူ နှုတ်ဆက်လာသည်။ ဤသည်တို့မှာ ဘိုနီ၏သဘောကို ပထမဦးဆုံး ကျွန်တော် စောကြောမိခြင်းပင်။

မာနှင့် ကျွန်တော် လူသိရှင်ကြား မင်္ဂလာဆောင် လက်ထပ်ပြီးကြသောအခါ ကျွန်တော်မှာ မာတို့အိမ်၌ပင် နေရလေသည်။

နေ့ခင်းနေ့လည် မာအနားကို ကျွန်တော်သွားကပ်၍ ညားကာစ ဇနီးမောင်နှံတို့၏ သဘာဝအတိုင်း မာအား ကျွန်တော်က ဖက်လား၊ နမ်းလား ဆွဲလားလုပ်လျှင် ပထမ တစ်ရက်နှစ်ရက်တွင် ဘိုနီသည် ကျွန်တော်အား လိုက်၍ပင် ကိုက်တတ်သည်။ အမြင်ကပ်လွန်း၍ သုံးလေးခါ ရိုက်တော့မှ ဘိုနီက မကိုက်ရဲတော့ပေ။ မာ့အနားကို ကျွန်တော် သွားကပ်လျှင်



ရိုက်မှာစိုး၍ လိုက်မကိုက်ဝံ့သော်လည်း မနီးမဝေးက ဆောင့်ဆောင့်ထိုင်ပြီး စူးစမ်းသော မျက်လုံးနီနီကြီးနှင့် စိုက်ကြည့်ကာ တဝေါင်ဝေါင် ဟောင်နေတတ်သည်။ နောက်တော့ ဘိုနီရှေ့မှာဆိုလျှင် ကျွန်တော်သည် မာ့အနားကိုပင် ရဲရဲတင်းတင်း မကပ်ဝံ့ ဖြစ်ခဲ့ရသည်။ မာ့ကို မွေးမွေးပေးနေတုန်း နောက်ကနေ ဘိုနီ လာဆွဲမှာလည်း စိုးရိမ်ကြောက်ရသည် မဟုတ်ပါလား။ မာကတော့ ဤသည်ကိုပင် သဘောကျ၍ တခစ်ခစ် ရယ်နေတတ်သည်။ ကျွန်တော်ကတော့ ခွေးဆိုးရန်တမှောင့်ကြောင့် ညားကာစ ဇနီးမယားလေး အနားကို ကပ်ရသည်မှာပင် စနောင့်စနင်း ဖြစ်ခဲ့ရလေသည်။

"ကိုက ဘိုနီကို ဘာမှတ်သလဲ၊ ဘိုနီက လူထက်သိတတ်တာ ကိုက မာ့အနားကိုချည်း ကပ်ကပ်နေတော့ ဘိုနီက မျက်စိရှက်တာပေါ့။ အဲဒါကြောင့် ဘိုနီက ကို့ကို လိုက်လိုက်ကိုက်တာ ဖြစ်မှာပါ"

ဘိုနီမည်သော ခွေးတိရစ္ဆာန်သည် မာပြောသလို တကယ်ပင် မျက်စိရှက်တတ်လေသလားဟု ကျွန်တော်မှာ သံသယဖြစ်မိသည်။ အမွေးစုတ်ဖွားနှင့် မျက်နှာဖြူဖိုလ်အိမ်များ သူဌေးသူကြွယ် မျက်နှာကြီး လူဂုဏ်တန်များဆိုသော ငွေရှင်ကြေးရှင် ဓနရှင်များသာ မွေးစားနိုင်သော ဤခွေးသည် မာပြောသလို တကယ်သိတတ် လိမ္မာလွန်းလှပါကလားဟုလည်း ကျွန်တော့်စိတ်ထဲမှ ချီးကျူးနေမိလေသည်။

"အေးကွ၊ မာတို့အိမ်က ခွေးဟာ သိတတ်လိမ္မာတာတော့ တကယ်ပဲ မာရယ်။ ဒါပေမယ့် အင်း. ."

"ဒါပေမယ့် ဘာဖြစ်လဲကို"

"မာ့ကိုများ ဘိုနီက ပိုးနေသလားလို့ပါ"

ကျွန်တော်က အတည်ပြောသည်ကို မာက သဘောကျ၍ တခစ်ခစ် ရယ်သည်။

"ဟုတ်တယ်ကို၊ ဘိုနီက မာ့ကို ပိုးနေတာ။ မာ ကိုနဲ့ လိုက်ပြေးသွားတော့ ဘိုနီက မာပျောက်လို့ စိတ်ပူနေသတဲ့။ မိုးလင်းရင် မာ့ကို သူက နေ့စဉ် လိုက်ရှာတယ်လို့ အမေက ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ မာပြောသမျှသာ ခေါင်းညိတ်နေရ၏။ မာတို့အိမ်ရောက်၍ ဘိုနီကို လက်ပွန်းတတည်း နေရလေ ဘိုနီကို ကျွန်တော် အံ့ဩလာရလေပင်။

ဘိုနီကို မုန်းတီးနေသူ အလိုမကျ ဖြစ်နေသူဆို၍ ဤအိမ်တွင် ကျွန်တော်တစ်ယောက်သာ ရှိလေသည်။ မာနှင့် မာ့အမေအဖေတို့ကတော့ ဘိုနီကို အလွန်ချစ်ကြသည်။ ဘိုနီဆိုလျှင် ကျွန်တော့်ထက်ပင် အရေးပေး အလိုလိုက်ကြသည်ဟု ထင်သည်။ မနက်ထ ကော်ဖီသောက်ကြလျှင် ကျွန်တော်နှင့် မာတို့မှာ ဆယ်ပြားတန် နံပြားတစ်ချပ်စီကိုသာ စားကြရသော်လည်း ဘိုနီကား နို့ပျစ်ပျစ်တစ်ခွက်နှင့် တစ်မတ်တန် ကိတ်မုန့် တစ်ချပ်ကို စားသည်။ တစ်နေ့ကို ဆပ်ပြာမွှေးနှင့် ရေ နှစ်ခါ ချိုးပေးရသော ဘိုနီနှင့်စာသော် အလုပ်မအားလပ်၍ ဆပ်ပြာတိုက်ကာ စိမ်ပြေနပြေ ရေချိုးရန်ကိုပင် အချိန်မရသော ကျွန်တော်က အရေးနှုံးနိမ့်နေရပြန်၏။ နေ့ခင်းနေ့လည် သွားရေစာ စားကြလျှင်လည်း ဘိုနီကို အမြဲကျွေးရသည်။ ကျွန်တော့်မှာ နေ့ခင်းနေ့လည်ဆို၍ တနင်္ဂနွေနေ့မှတစ်ပါး အခြားနေ့များတွင် ဘိုနီလို အိမ်၌ ဇိမ်နှင့် နေရသူတစ်ယောက် မဟုတ်ပေ။

ကုန်ကုန်ပြောရလျှင် မာ့အမေအဖေတို့သည် ညမနက်စာ ဟင်းလျာဝယ်ရာ၌ပင် ဘိုနီ ကြိုက်တတ်သော အသားငါးများကိုသာ ရွေးချယ် ဝယ်ချက်လေ့ ရှိ၏။ တစ်နေ့တလေ အသားငါးရှားပါး၍ ကျွန်တော်တို့ ကုလားဟင်း ချဉ်ရေဟင်း ချက်စားကြရလျှင် ဘိုနီအတွက် ထိုနေ့ ပြဿနာဖြစ်၏။ ဘိုနီကား ကုလားဟင်း ချဉ်ရေဟင်း စသည်တို့နှင့် စားသူမဟုတ်။ သူသည် အနောက်နိုင်ငံမှမျိုးဆက်နွယ်ယှက်လာသူမို့ မဟာမြန်မာတို့၏အစားအစာကို သူက မကြိုက်။ ထိုအခါ ဘိုနီအတွက်နှင့် ထမင်းစားနေရင်းတန်းလန်းက မာ့အမေ၏ခိုင်းစေချက်အရ ကျွန်တော်က လမ်းထိပ် တရုတ်ဆိုင်သို့ သွား၍ ငါးသေတ္တာပြေးဝယ်ပြီး ဘိုနီကို ကျွေးရသည်။ ဘိုနီစားပြီး၍ ကျန်မှ ကျွန်တော်တို့က စားရဲကြသည်။ ငါးသေတ္တာများ ရှားပါးလာသောအခါ ဘိုနီ့ညမနက်စာအတွက် ဂွကျရသည်မို့ ငါးသေတ္တာဟင်းကို မည်သူမျှ



မစားရဲကြတော့ပေ။ ဘိုနီသည် ကျွန်တော်တို့လို ကုလားဟင်း ချဉ်ရေဟင်းကို စားသူမဟုတ်သဖြင့် ဘိုနီအတွက် ဂွကျရမည်ဟု မာ့အမေက အမိန့်တစ်ရပ် ထုတ်ပြန်ပါလေသည်။

ဘိုနီကို အလိုလိုက်ရာတွင် မာ့အဖေလောက်ဆိုလျှင် ကျွန်တော်မပြောလိုသော်လည်း မာ့အမေကတော့ ပိုသည် ကဲသည်။ ဘာမဟုတ်သော ခွေးတိရစ္ဆာန်တစ်ကောင်ကို ဤမျှအလိုလိုက် အရေးပေး၍ ယုယမြတ်နိုးလုပ်နေကြသည်ကို ကျွန်တော်က မနှစ်မြို့နိုင်။ တကယ်ဆိုလျှင် ဘိုနီသည် မာနှင့် မာ့ အမေအဖေတို့ကို လုပ်ကျွေးသမှု ပြုနေသူလည်းမဟုတ်။ စင်စစ်မှာ ကျွန်တော်ကသာ မာနှင့် မာ့ အမေအဖေတို့ကို နေ့ရှိသရွေ့ လုပ်ကျွေးနေရသူ ဖြစ်သည်။ ထို့ကြောင့် ခွေးတိရစ္ဆာန်ဘိုနီထက် လူက မွေးထားသော၊ မာ့ အမေအဖေတို့ကို လုပ်ကျွေးသမှု ပြုနေသော ကျွန်တော့်ကို ပို၍ အရေးပေး အလိုလိုက်ကြဖို့ ကောင်းသည်ဟု ကျွန်တော်က ထင်သည်။ ဘိုနီသည် တိရစ္ဆာန် အစားသမား။ ကျွန်တော်ကား လူသားတစ်ယောက်။ မာနှင့် မာ့ အမေအဖေတို့ကို လုပ်ကျွေးသမှုပြုနေသူ။ သို့သော် မာနှင့် မာ့ အမေအဖေတို့ကတော့ ကျွန်တော့်ကို အရေးမစိုက်ကြ။ ဘိုနီလောက်ပင် ကျွန်တော့်ကို အရေးစိုက်စရာမလိုဟု အထင်ရောက်နေကြသလား မသိ၊ ထို့ကြောင့် ဘိုနီတို့အကြောင်းပြု၍ ကာလကြာသောအခါ ကျွန်တော့်မှာ မာ့ အမေအဖေတို့ကိုပါ မုန်းတီးလာပါတော့သည်။

အဟိတ်တိရစ္ဆာန်တစ်ကောင် ဖြစ်သော ခွေး ဘိုနီလိုလောက်မှ ကျွန်တော့်ကို အရေးမထားကြသော မာ့ အဖေအမေတို့ကို အဘယ်မှာ ကျွန်တော် မမုန်းဘဲနေနိုင်ပါမည်နည်း။

◈ ◈ ◈

လဆန်းပိုင်းဖြစ်သော တနင်္ဂနွေတစ်ရက်ဖြစ်သည်။ ကျွန်တော်သည် မင်္ဂလာဆောင်ဝင်း အခန်းဆက် ဝတ္ထုရှည်တစ်ပုဒ်ကို စိမ်ပြေနပြေ ဖတ်နေ၏။ ထိုနေ့

www.burmeseclassic.com

www.burmeseclassic.com



က မာနှင့် မာ့အမေအဖေတို့က အိမ်လည်သွားနေကြသဖြင့် အိမ်တွင် ဘိုနီနှင့် ကျွန်တော်သာ ရှိသည်။ စာ တစ်နာရီလောက် ထိုင်ဖတ်ပြီးသော အခါ အိမ်သာသွားချင်လာသဖြင့် ကျွန်တော်သည် နောက်ဖေးသို့ ထွက်လာသည်။ ဖတ်လက်စနှင့်မို့ မဂ္ဂဇင်းစာအုပ်ကို ခုံပေါ်တွင်မှောက်လျက် တင်ထားပစ်ခဲ့၏။

အိမ်သာက ပြန်လာသော ကျွန်တော့်မှာ မျက်လုံးပြူးသွားသည်။ ဘိုနီသည် ကျွန်တော် တင်ထားပစ်ခဲ့သော မဂ္ဂဇင်းစာအုပ်ကို ဆယ်ရွက် တစ်တွဲ ဆယ့်ငါးရွက်တစ်တွဲ ကိုက်ဖွဲ့ ဆုတ်ဖြဲထားပြီး ဖြစ်သည်။ စာရွက် တွေမှာ ဘိုနီ ကိုက်ဖြတ်ထားသော အစွယ်ပေါက်သွားရာတွေနှင့် စုတ်ပြတ်ပြီး ဧည့်ခန်းတစ်ခုလုံး ပွကြနေကြသည်။

မမြင်စဖူးမြင်ရသော ဤမြင်ကွင်းမှာ အမှန်တကယ်မှ အံ့သြစရာပင် ဖြစ်၏။ ကျွန်တော် ဤအိမ်သို့ ရောက်နေသည်မှာ ခြောက်လကျော်သွားပြီ ဖြစ်သော်လည်း ဘိုနီသည် လူ့အသုံးအဆောင် ပစ္စည်းပစ္စယများကို ကိုက်ဖျက်ပစ်သည်ဟု တစ်ခါမှ မမြင်ဖူး မတွေ့ဖူးပေ။ အကယ်၍ ဘိုနီသာ ဤသို့ ဖျက်ဆီးပစ်တတ်လျှင်လည်း ဤအိမ်တွင် အဝတ်အဆင်ဆို၍ လူတွေ ဝတ်ဆင်စရာပင် ကျန်တော့မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဘိုနီသည် အထဲဝင် ပြင်ထွက်နှင့် ကျွန်တော်မှတစ်ပါး တစ်အိမ်သားလုံးတို့၏ အလိုလိုက် အရေးပေး ယုယထားခြင်းကို ခံနေရသူ မဟုတ်ပါလား။

ယနေ့မှသာ ငါးမိနစ်ကျော်ကျော် အချိန်ကလေးအတွင်း ကျွန်တော့် စာအုပ်ကို ရစရာမရှိအောင် လှုပ်တပြက် ကိုက်ဖျက်ပစ်ခြင်းသည် ကျွန်တော့်ကို တမင်မုန်းတီးနေ၍ မဟုတ်ပါလား။ လူထက်ပင် လိမ္မာသည် ဟု သူ့သခင်များကပြောသော ဘိုနီသည် ကျွန်တော့်ပစ္စည်းမှန်း သိ၍ တမင် ကိုက်ဖျက်ပစ်ခြင်းသာ ဖြစ်ရမည်။ ကျွန်တော့်ကို မုန်းတီး၍ ကျွန်တော့် ပစ္စည်းအား ဖျက်ဆီးပစ်သော ဘိုနီကို ကျွန်တော်က သနားညှာတာရမည် လား။ ဤမျှ ဆိုးသွမ်းသော ခွေးတိရစ္ဆာန်ကို ယောနိသော မနသိကာရ



လျစ်လျူရှု၍ အသင့်အတင့် နှလုံးသွင်းရန် ကျွန်တော့်တွင် ပါရမီဓါတ်ခံ မရှိချေ။ ထို့ကြောင့် ကျွန်တော်သည် ပွကြနေသော စာရွက်တွေကို မြင်ရ သောအခါ လွန်စွာပင် ဒေါသထွက်လာသည်။ ဤမျှ ဆိုးသွမ်းရမ်းကားနေ သော ခွေးတိရစ္ဆာန်ကို ဤတစ်ခါတော့ မှတ်လောက်သားလောက် ပညာပေး ဆုံးမလိုက်ဦးမည်ဟု စိတ်ကို ဆုံးဖြတ်ကာ အိမ်ရှေ့တံခါးကို အလျင်စလို သွားပိတ်ထားလိုက်၏။

ဂျိုင်းကနဲ တံခါးပိတ်သံကြားတော့မှ ဘိုနီသည် သူ၏သမားရိုးကျ ခုံအတိုင်း မျက်လုံးနီနီကြီးနှင့် စာအုပ်ကို ကိုက်ဖျက်နေရာက ကျွန်တော့် အား တစ်ချက် မျက်စောင်းထိုးကြည့်သည်။

ကျွန်တော်သည် ဘိုနီအား ရိုက်ပုတ်သတ်ပစ်ချင်နေသော်လည်း အခွင့်အခါ မသာခဲ့။ ယနေ့ကား ကျွန်တော် မုန်းတီးနေသော ဘိုနီအား ဆက်စားချေရန် အခွင့်အခါသင့်နေလေပြီတကား။

“ခွေးတိရစ္ဆာန် ဒီတစ်ခါတော့ မင်းနဲ့ငါ တွေ့ကြပြီပေါ့ကွာ”

ကျွန်တော်သည် ယင်းသို့ ကြုံးဝါးပြီး နံရံတွင် ချိတ်ဆွဲထားသော မာ့အဖေ၏ ထားဝယ်ကြိမ်လုံးကို လှမ်းဆွဲလိုက်သည်။

ဘိုနီသည် ကျွန်တော့်ကို အရေးမစိုက်သလို စုတ်ပြဲနေပြီဖြစ်သော မဂ္ဂဇင်းစာရွက်များကို သူ့နေရာသို့ပင် ကိုက်ချီ၍ ယူသွားလိုက်သေး၏။ ဤမျှ မခန့်လေးစားလုပ်သော ဘိုနီကို ကျွန်တော်သည် သည်းခံနိုင်စွမ်း မရှိတော့ပြီ ဖြစ်သဖြင့် ထားဝယ်ကြိမ်ကို လေထဲသို့ ဝှေ့ရမ်းပစ်လိုက်သည်။

လေထဲတွင် ဝဲပျံနေသော ထားဝယ်ကြိမ်လုံးသည် သူ့ကျောပေါ်သို့ ဖြောင်းဖြောင်း ကျလာတော့မှ ဘိုနီသည် ဂိန်ဂိန်ဟုအော်ပြီး ခုံအောက်သို့ ဝင်ပြေးသွားလေသည်။ ကျွန်တော်သည် ဒေါသဖြစ်ဖြစ်နှင့် ခုံကို ခြေထောက် နှင့် လှဲကန်ပစ်ကာ ဘိုနီကို ဆက်လက်၍ တဖြောင်းဖြောင်း ရိုက်နှက်နေ၏။ ဘိုနီသည် ဟိုပြေးသည်ပြေးနှင့် ဆောက်တည်ရာမရ ဖြစ်နေ၏။ ကျွန်တော် ကလည်း နောက်ကလိုက်၍ ဆက်ရိုက်မြဲပင်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဖျက်ဆီးဦးကွာ၊ ဖျတ်ဆီးဦး။ ဒီတစ်ခါတော့ ငါ့အကြောင်း မင်းကောင်းကောင်း မှတ်မိပြီပေါ့ ဟင်. . မင်းသခင်တွေ. . "

"ဟဲ့ မောင်လွင် မောင်လွင် ဘိုနီတော့ သေပါပြီ။ ခွေးကို ဒီလောက်တောင် ဘာဖြစ်လို့ လိုက်ရိုက်နေရတာလဲဟဲ့။ တံခါးဖွင့်စမ်း"

ကျွန်တော် စကားမဆုံးခင်ပင် ငှက်ဆိုးထိုးသံတမျှ ကျယ်လောင်လှသော မာ့အမေ၏ အော်လိုက်သံက ကျွန်တော့်စကားနှင့် ကျွန်တော့်လက်ကို ရုတ်ခြည်း တန့်ရပ်သွားစေသည်။

ဘိုနီကို မဲ၍ ရိုက်နေရာက အိမ်ရှေ့သို့ လှမ်းကဲ ကြည့်လိုက်သောအခါ မာ့အမေသည် သံဇကာပေါက်မှ ဒေါသအလျှောက် ကျွတ်ထွက်မတတ်သော မျက်လုံးပြူးကြီးနှင့် ကျွန်တော့်ကို စိမ်းစိမ်းဝါးဝါး စိုက်ကြည့်ကာ တံခါးဖွင့်ခိုင်းနေ၏။ သူ့နောက်တွင် မာနှင့် မာ့အဖေကိုလည်း တွေ့ရသည်။ သူတို့သည် အိမ်လည်ရာက ပြန်လာကြပြီ ဖြစ်သည်။

ချစ်လှစွာသော ခွေးလိမ္မာလေးအား သေလုမျောပါး ရိုက်နှက်ထားမှုကြောင့် သူ့အမေကြီးဆီ၌ အဆိုအပြောခံရတော့မည်ကို အတတ်သိသော မာက ကျွန့်တော့်အား အပြစ်တင်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လျက်ရှိသည်။

မာ့အမေသည် ဒေါသနှင့် ဆောင့်ကြီးအောင့်ကြီး အိမ်ထဲဝင်လာပြီး ကျွန်တော့်ကို မေးခွန်းထုတ်ပါလေတော့သည်။

"ကဲ မင်းက ဘာဖြစ်လို့ ဘိုနီကို ဒီလောက်တောင် ရိုက်ရတာလဲ"

"ဘာဖြစ်လဲဆိုတာ ဒေါ်ဒေါ် ဟိုမှာပဲ ကြည့်တော့"

စုတ်ပြတ် ပျံ့ကြဲနေသော စာရွက်များဆီသို့ ကျွန်တော်က လက်ညှိုးထိုးပြလိုက်၏။

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ ဒေါ်ဒေါ့်ခွေးလိမ္မာကြီး ဘိုနီပေါ့၊ ကျွန်တော် အိမ်သာ ခဏတက်နေတုန်း အသစ်စက်စက် မဂ္ဂဇင်းစာအုပ်ကို ကိုက်ဖျက်ထားတာလေ"



"ဘိုနီက စာအုပ်ကို ကိုက်ဖျက်ပစ်ရအောင် မင်းစာအုပ်က ဘယ်မှာထားလို့လဲ။ မင်းကကော စည်းနဲ့ကမ်းနဲ့ ထားတတ်လို့လား"

"ဘယ်မှာထားရမှာလဲဗျ၊ ဖတ်လက်စမို့ စားပွဲပေါ် တင်ပစ်ခဲ့တာ။ ခွေးကိုက သောင်းကျန်းလွန်းတော့ စားပွဲပေါ်က စာအုပ်ကို တက်ကိုက်ချတာပေါ့"

မာ့အမေသည် ဘိုနီဘက်သို့ တစ်ချက် လှည့်ကြည့်လိုက်၏။ ဘိုနီသည် ကျွန်တော် ရိုက်နှက်ထားသဖြင့် ဟောဟဲဆိုက်ပြီး စားပွဲခုံအောက်တွင် ဝပ်နေသည်၊ မာကတော့ ဘိုနီ ကိုက်ဖျက်ထားသဖြင့် ဧည့်ခန်းတွင် ပလူပျံကြဲပျံ့နေသော စာရွက်များကို လိုက်သိမ်းနေသည်။ မာ့အဖေက ကျွန်တော်တို့ကြားတွင် ဘာမျှဝင်မပြောဘဲ ခေါင်းရင်းဘက် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်နေ၏။

"ဘိုနီဟာ တစ်ခါမှ ဒီလို လူ့အသုံးအဆောင်ပစ္စည်းပစ္စယတွေကို ဖျက်ဆီးပစ်တယ်ဆိုတာ မတွေ့ရ မကြားရဘူး။ ဘိုနီနဲ့ ဒို့ နေလာတာ သုံးလေးနှစ်ရှိပြီ၊ ခုနေ့မှသာ မင်းစာအုပ်ကို ရွေးပြီး ကိုက်ဖျက်ပစ်တယ်ဆိုတော့ မင်းက တမင်သက်သက် ဘိုနီကို အပြစ်ရှာချင်လို့လားမှ မသိတာ"

"ဒေါ်ဒေါ်တို့ ဘိုနီကို ကျွန်တော်က ဘာလို့ အပြစ်ရှာချင်ရမှာလဲဗျ၊ ဒေါ်ဒေါ်မယုံရင် ဟိုမှာကြည့်ပါလား စာရွက်တွေတောင် သူ ကိုက်ချီသွားလို့ သူ့နေရာမှာ ရှိသေးတာပဲဟာ"

ကျွန်တော်က ဘိုနီ့နေရာ၌ ပျံ့ကြဲနေသော စာရွက်ထုပ်များဆီသို့ ဒေါသနှင့် လက်ညှိုးထိုးပြ၍ ပြော၏။

"ဒို့မရှိတော့ မင်းပြောသလို ဖြစ်တာပေါ့၊ ဘိုနီဟာ လူထက် လိမ္မာတာအေ့၊ ဒို့ပစ္စည်းဆိုရင် ဘယ်တော့မှ မဖျက်ဆီးဘူး။ ခုမှ မင်းစာအုပ်ကို ကိုက်ဖျက်ပစ်တယ်ဆိုတော့ မင်းလို ဆောင့်ကြွားကြွား ကန်ကန်ကန် အကောင်မျိုးကို ဘိုနီက အမြင်ကပ်လို့ နေမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မာ့အမေစကားကြောင့် ကျွန်တော်သည် လွန်စွာ ဒေါသထွက်သွား၏။ ဘိုနီ ကိုက်ဖျက်ထားကြောင်း လက်တွေ့ အကောင်အထည် သက်သေ အထောက်အထား ပြလျှက်ကယ်နှင့် ဘိုနီဘက်ကသာ ရှေ့နေလိုက်တာ ကျွန်တော့်ကိုသာ ဆောင့်ကြွားကြွား ဂျစ်ကန်ကန် အကောင်မျိုးဟု နှိမ်ချ ပြောလာသည်ကို မခံချင်စိတ်နှင့် ကျွန်တော်ကလည်း ဒေါသအလျောက် ပြောမိ၏။

"ဟုတ်မယ် ဟုတ်မယ်၊ ကျွန်တော့်ကို အမြင်ကပ်လို့ ကျွန်တော့် ပစ္စည်းကို ဖျက်ဆီးရင် ကျွန်တော်ကလည်း အမြင်ကပ်လို့ ရိုက်တယ် ဒါပဲ"

"ဟဲ့ ဘာပြောတယ်၊ အမြင်ကပ်တိုင်း လိုမ့်ရိုက်နေရအောင် နင်က မွေးထားတဲ့ ခွေးမို့လားအေ့"

"ကျွန်တော်က မမွေးထားပေမယ့် ကျွန်တော့်လုပ်စာထဲက မသထာ ရေစာ အချောင်ခိုစားနေတဲ့ ခွေးဆိုးကို ကျွန်တော်ထ ရိုက်နှက်ဆုံးမနိုင်တယ်၊ ခွေးဆိုတာ လူက မွေးထားတာဗျ၊ လူထ ထမင်းကိုစားနေရင် ခွေးက ထမင်း ရေပဲ သောက်ရမယ်။ ခုတော့ ဒီအိမ်ကခွေးဟာ ဒီလိုမဟုတ်ဘူး။ လူက ကော်ဖီနဲ့နံပြားစားရင် ခွေးထ ကိတ်မုန့်နဲ့ပေါ့လစ်မှ၊ ဒီကြားထဲ လူ့အသုံး အဆောင်တွေထိ ဖျက်ဆီးသေးတယ်။ ကျွန်တော်တို့ အမျိုးမှာ ဒီလိုခွေးကို အိမ်ဦးခန်းတင်ပြီး ကိုးကွယ်နေတာ မရှိဘူး"

ကျွန်တော်သည် အရက်ရက် အလလက အောင့်အည်း မျိုသိပ်ထား ခဲ့ရသော ဘိုနီအပေါ်၌ မကျေနပ်ချက်များကို ဒေါသနှင့် ဖွင့်အန်လိုက်၏။

"ဘယ်ရှိမလဲ၊ နင်တို့အမျိုးက ခွေးလောက်မှ မလိမ္မာထား၊ ဒီခွေး က နင်တို့အမျိုးတွေထက် လိမ္မာတယ် မှတ်ထား။ ဒီခွေးကို မကြည်ဖြူ ဒို့ကို မကြည်ဖြူတာနဲ့ အတူတူပဲ"

"ဩော် . . ဒီလိုဆိုရင် ခင်ဗျားတို့က ဘိုနီနဲ့ အတူတူပေါ့"

"ဟုတ်တယ်၊ အတူတူပဲ့ အတူတူ၊ နင်က ဘာပြောချင်သေး



ဒီခွေးကို မကြည်ဖြူရင် နင့်ဘာသာ နင် တခြားမှာသွားနေ၊ ခွေးလောက်မှ မလိမ္မာတဲ့အကောင် ခွေးနဲ့ဖက်ပြီး ရန်ဖြစ်နေရတယ်လို့ ကြားဘဲ မကြားဖူး ပါဘူးတော်"

"ကျွန်တော်တို့အမျိုးက ခွေးနဲ့ အတူနေတဲ့ အမျိုးမဟုတ်ဘူးဗျ၊ ခွေးနဲ့ အတူနေတဲ့ အမျိုး မ. ."

ခွေးနှင့် နှိုင်းပြောရမည်လားဟု မချိအောင် နာသော ကျွန်တော်က လည်း ယောက္ခမကို အားနာ ရှိသေရမှန်း မသိအောင် ရိုင်းရိုင်းပြပြ ပြော ချလိုက်မိသည်။

"အောင်မာ နင်က ဒို့ကို လုပ်ကျွေးနေရတယ်ဆိုတဲ့ မာနနဲ့ပေါ့လေ၊ နင် လုပ်မကျွေးရင်လည်း ဒို့က ထမင်းငတ် မသေသေးဘူးဟဲ့၊ သွားသွား ကြိုက်တဲ့လမ်းက ကြွတော်မူပါ"

ဤသည်တို့မှာလည်း အမှန်တကယ်ဆိုရမူ လူထက် လိမ္မာသော ဘိုနီသည် ကျွန်တော့်အား အိမ်ပေါ်က နှင်ချခြင်းဟု ဆိုရလိမ့်မည်။

◈ ◈ ◈

ကျွန်တော် မာတို့အိမ်ပေါ်က ဆင်းလာ၍ တစ်လလောက်အကြာ တွင် ကျွန်တော့်အမေအဖေတို့က ကျွန်တော့်အား မာတို့အိမ်သို့ တဖန် ပြန်ပို့ကြပြန်သည်။

ကျွန်တော် မာတို့အိမ်သို့ ရောက်သည့်နေ့ကစ၍ ယနေ့အထိ ဘိုနီ နှင့်ကျွန်တော်မှာ ကင်းကင်းရှင်းရှင်း နေရသည်။ ဘိုနီနှင့် ကျွန်တော် လုံးဝ မပတ်သက်တော့ပေ။ ထို့ကြောင့်လည်း ယနေ့ ဘိုနီ နေမကောင်းဖြစ်နေ မှန်း သိသော်လည်း ဘိုနီ ဘာကြောင့် နေမကောင်း ဖြစ်ရသည်ကိုပင် ကျွန်တော်က မမေးမိ၊ ဘိုနီအကြောင်းဆိုလျှင် ဥပေက္ခာသာ ပြုနေလိုက် သည်။

"ဘိုနီ သေပြီ တို့"

www.burmeseclassic.com

www.burmeseclassic.com



ဘိုနီ သေပြီဖြစ်ကြောင်း မနက်ထမှာ မာက ပြောလာသည်။

ကျွန်တော် မုန်းတီးနေသော ဘိုနီ သေပြီဟု ဆိုသောအခါ လော
သားတစ်ယောက်အနေနှင့် ကျွန်တော့်မှာ ဝမ်းသာဖို့ကောင်း၏။ သို့သေ
အဘယ်ကြောင့်ဟုမသိ၊ ဘိုနီ သေပြီ ဆိုသောအခါ ကျွန်တော့်စိတ်ထဲ
ဝမ်းမသာသည့်အပြင် ရင်ထဲကလည်း ဟာနေမိသည်။ ဟင်းလင်း လေ
ပြင်တစ်ခုမှာ တစ်ယောက်ထဲ လမ်းလျှောက်နေရသလိုလည်း ခံစားမိသည်
နေ့စဉ်နှင့်အမျှ မြင်နေကြည့်နေရသော ဘိုနီကိုလည်း ကြည့်ချင်မြင်
စိတ်က ကျွန်တော့်ရင်ထဲ၌ အလိုလို ပြည့်သိပ်၍ လာပြန်သည်။ ကျွန်
သည် ဘိုနီအလောင်းကို ကြည့်ရှုရန် အပြင်သို့ ထွက်လာမိ၏။

အပြင်သို့ရောက်၍ ဘိုနီအလောင်းကို မြင်ရသောအခါ အရက်
အလလက ဘိုနီအား မုန်းတီးလာသော ကျွန်တော့်စိတ်များမှာ ဘယ်ဆီ
လွင့်ပျောက် ထွက်ပြေးသွားကြသည်မသိ၊ ရင်ထဲမှာ ဝမ်းနည်း ကြေကွဲ
သလို ဖြစ်လာမိသည်။

ကျွန်တော် စဉ်းစားမိသည်။ သူတစ်ဦးတစ်ယောက်အား အ
ထာဝရ မုန်းတီးနေသော်လည်း အမုန်းကုန်ဆုံးသောအခါ သနားကြင်နာ
သို့ပင် စိတ်က ကူးပြောင်းသွားတတ်လေသလား၊ ချစ်ခြင်း မုန်းခြင်း ဆို
မှာ အမှန်က သုံးနှင့်လေးလို ကျောချင်းကပ် နီးလျက်နှင့် ဝေးနေကြခြင်း
ဖြစ်လေမည်။ သုံးကို တစ်ဘက်သို့ လှည့်လိုက်သောအခါ လေးဖြစ်လာ
လေးကို တစ်ဘက်သို့ လှည့်လိုက်ပြန်သောအခါ သုံးဖြစ်လာသည် မဟု
ပါလား။

အချစ်၏အဆုံးသည် အမုန်းဖြစ်၍ အမုန်း၏အဆုံးကား အချ
ဖြစ်ရလေမည်။ ခု ကြည့်ပါဦး။ ကျွန်တော် အစဉ်ထာဝရ မုန်းတီးလာ
ဘိုနီကို ယနေ့၌ ကျွန်တော် သနားမိ ချစ်မိလေပြီ။ အမုန်း၏ အဆုံး
တစ်ဘက်သို့ ရောက်သောအခါ သနားကြင်နာခြင်း ဆိုသည်မှာ အ
ပေါ်လာချေတော့သည်။

နောက်တစ်ချက်က လူသူမနီးသော တောကြီးမြိုင်လယ်တွင်



း၍ ရက်စက် ကြမ်းကြုတ်စွာ ကြီးပြင်းလာရသော ခြင်္သေ့ သစ် ကျားများ
ည်ပင် တစ်ခါတစ်ခါ လူတို့အား လိင်စိတ်နှင့်ပဲဖြစ်ဖြစ် စစ်မှန် မွန်မြတ်
သော မေတ္တာစိတ်သန့်သန့်နှင့်ပဲဖြစ်ဖြစ် ချစ်ခင် တွယ်တာသည်ဟု ဆိုကြ
င် ယခု ကျွန်တော် မုန်းတီးနေသော ဘိုနီသည် မာ့အား မည်မျှ ချစ်ခင်
ယ်တာနေလိမ့်မည်ဆိုတာ ကျွန်တော် တစ်ညနေလုံး တွေးမိသည်။ ဘိုနီ
ည် လူနှင့် လူ့ပတ်ဝန်းကျင်တွင် မွေးဖွားကြီးပြင်းလာသူ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

# အကျည်းတန်ပုံရိပ်နှင့် အလှကြိုက်ကြေးမုံ

အဘွားအလောင်း မြေကျသည်အထိ ဆွေမျိုးအားလုံးက ခင်မြ တို့ ဇနီးမောင်နှံကို မျှော်ခဲ့ကြသည်။ သံကြိုး ရိုက်ထားသဖြင့် အဘွ အလောင်း မြေမချမီ ခင်မြသူတို့ဇနီးမောင်နှံ မုချ ရောက်လာကြလိမ့်မည် ဟု ထင်ခဲ့ကြသည်။ သို့သော် အဘွားအလောင်းသာ မြေချသဂြိုဟ် ပြီး သွားသည် ခင်မြသူတို့ဇနီးမောင်နှံကား ရောက်မလာ။

ထိုအခါ အဘွားဆုံးသောနေ့က သံကြိုးသွားရိုက်ပေးရသူ ခင်မူ ခင်ပွန်း ဦးအောင်မြင့်ဆီ ဆွေမျိုးများ သံသယအကြည့်က ဝိုင်းဝိုင်းလာ လာကြ၏။ ဦးအောင်မြင့်မှာ သစ်ထုတ်လုပ်ရေးမှ ခရိုင်မန်နေဂျာကြီး ဖြ သည်။ အဘွားဆုံးသောနေ့က ပျဉ်းမပင်တွင် ဇနီးသည်နှင့်အတူ ဦးအော မြင့် ရှိနေသည်။ ကားရှိသူ၊ ကားနှင့်လာနိုင်သူဆို၍ သူတစ်ယောက်တည် သာရှိရာ ထိုနေ့က အဘွားဆုံးသည်နှင့်တစ်ပြိုင်နက် သူ့ကို မြို့သွား သံကြိုးရိုက်ရန် ခိုင်းလိုက်ကြသည်။



သူလည်း မြို့ကို ချက်ချင်းထွက်သွား၏။ နောက်တစ်နေ့ ညနေမှာ သူ ပျဉ်းမပင်သို့ ပြန်ရောက်လာသည်။ "မင်း ခင်မြသူတို့ဆီ သံကြိုး ရိုက် ထားခဲ့တယ်နော်" ဟု ခင်မြသူ၊ ခင်မြမူတို့အဖေက မေးသည်။

ဦးအောင်မြင့်က သူ့ထုံးစံအတိုင်း အေးတိအေးစက်နှင့် ယောက္ခမ ကို "ဟုတ်ကဲ့" ဟု ဖြေ၏။

"မနေ့ညနေကပင် ဘာလို့ ပြန်မလာလဲ" ဟု ခင်မြမူက သူ့ ယောကျ်ားကို တစ်ခွန်း ဝင်မေး၏။

"သံကြိုးရိုက်ပြီး ရုံးခဏဝင်တာ၊ ရုံးချုပ်က ညွှန်ကြားလွှာတစ်စောင် အရေးတကြီး ဝင်နေလို့ မူမူ" ဟု ဖြေသည်။

မြို့နှင့် ပျဉ်းမပင်မှာ ၁၅ မိုင်သာ ဝေးသဖြင့် သံကြိုးရိုက်ပြီးသည်နှင့် ပျဉ်းမပင်သို့ ပြန်လာနိုင်သည်။ သို့သော် ဦးအောင်မြင့်က နောက်တစ်နေ့ ညနေမှ ရောက်လာသည်ကို ဇနီးသည် ခင်မြမူကိုယ်တိုင်က သဘောမတွေ့ ဖြစ်သွား၏။

ခင်မြမူ၏သဘောမှာ သူ့ခင်ပွန်း ဦးအောင်မြင့်သည် သူတို့ ဆွေမျိုး သားချင်းတွေ သာရေးနာရေးအပေါ် မည်မျှ အလေးဂရုထားသည်ဆိုတာ ဤလို အခါမျိုးမှာ ပြချင်သည်။ သို့သော် ဦးအောင်မြင့်ဆိုသူကတော့ သူ့ ပင်ကိုယ်အတိုင်းပင် အဘွားအသုဘကိစ္စမှာလည်း အေးဆေးတည်ငြိမ်စွာ ပင်။

ထို့ကြောင့် အဘွားအလောင်း မြေကျသွားသော်လည်း ခင်မြသူတို့ ဇနီးမောင်နှံ ရောက်မလာကြသောအခါ အဘွားဆုံးသောနေ့က သံကြိုးရိုက် ရန် မြို့တက်သွားသော ဦးအောင်မြင့်သည် ထိုနေ့က သံကြိုးမရိုက်မိဘဲ နောက်တစ်နေ့ကျမှ သံကြိုးရိုက်သဖြင့် ခင်မြသူတို့ဇနီးမောင်နှံ အချိန်မီ ရောက်မလာကြခြင်းလားဟု ဆွေမျိုးတွေက ထင်သွားကြပုံရသည်။

ဆွေမျိုးတွေကြားထဲ ဤသို့ အထင်အမြင်လွဲမှားမှုကို မခံနိုင်သော ခင်မြမူက. .

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ဘယ်နေ့က သံကြိုးရိုက်လဲ၊ ဘွားဘွား ဆုံးတဲ့နေ့တ မြို့ကို ရောက်ရောက်ချင်း သံကြိုးရိုက်ရဲ့လား"

ဟု အလောင်းချကာနီး ထပ်မေးရသည်။

"ရိုက်ခဲ့ပါတယ်၊ ဘာဖြစ်လို့လဲ"

"အစ်ကိုကြီး မြို့ကို ရောက်ရောက်ချင်း ရိုက်ရင် မမကြီးတို့ အဘွား သင်္ဂြိုဟ်အမီ ရောက်သင့်တာပဲ၊ ခု ရောက်မလာတော့. ."

"ကိုထွန်းသော် ခွင့်မရလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့ မှုမှုရာ၊ လူဆိုတာ တခြား ကိုယ်ရေးကိုယ်တာ အလုပ်ကိစ္စတွေလည်း ရှိတတ်ကြတာပဲ"

ခင်မြမှု စကားအဆုံးကိုပင်မစောင့်ဘဲ ပြောလိုက်သော ခင်ပွန်းသည် ၏စကားကို ခင်မြမှုက အဖုအထစ် ဖြစ်သွားသည်။

ဆွေမျိုးတွေကြားထဲ သူစိမ်းတွေကြားထဲ ထပ်ပြောမိလျှင် သူ့ထုံးစံ အတိုင်း တုံးတိတိ ထပ်ပြောမှာစိုး၍ အံကြိတ်ခံနေလိုက်ရ၏။

ထိုနေ့က အဘွားအလောင်း မြေကျအပြီးမှာ ခင်ပွန်းသည်၏အလုပ် ကိစ္စ အရေးကြီးနေသဖြင့် မြို့ကို ပြန်လာကြရသည်။ တစ်လမ်းလုံးတွင် ခင်ပွန်းသည်ကို စကားတစ်ခွန်းမှ မပြောမိ။

ခင်ပွန်းသည် ဦးအောင်မြင့်နှင့်ပတ်သက်၍ ခင်မြမှု အလိုမကျ ဖြစ်ခဲ့သည်မှာ ကြာပြီ။ ယခုမှ မဟုတ်၊ အိမ်ထောင်ကျကတည်းကပင်ဟု ဆိုရမည်။

အဖေကမူ သူ့သားမက်နှင့်ပတ်သက်၍ တစ်ခါမျှ ဝေဖန်စကား မဆိုဖူး။ ဤသည်မှာလည်း ချောင်းအုပ်သာ ဖြစ်သော အဖေသည် သားမက် ခရိုင်မန်နေဂျာကြီးကို မည်သို့ ပြန်ပြောဝံ့မည်နည်း။ ဦးအောင်မြင့်ဆိုသူကို ခင်မြမှု လက်ထပ်ခဲ့ရသည်မှာ အဖေ သဘောကျ၍ပင်။

◈ ◈ ◈



နောက်တစ်နေ့မှာပင် မိုးမိတ်က ခင်မြသူတို့ဇနီးမောင်နှံ မိမိမြို့ကို ရောက်လာကြသည်။

"မနေ့ကပင် အဘွားကို သင်္ဂြိုဟ်ပြီးပြီ၊ ဘွားဘွားဆုံးတဲ့နေ့ကပင် တို့ဆီ သံကြိုး ရိုက်တာပဲ၊ သံကြိုးစာ ဘယ်နေ့ကရလဲ"

"ဆယ့်လေးရက်နေ့ကလေ မှုမှု၊ သံကြိုး အချိန်မီ ရောက်ပါတယ်၊ ထွန်းသော် ကုန်းတန်းဘက် ကျောင်းဖွင့်ပွဲ သွားနေတာ လိုက်ခေါ်နေရ နောက်ကျသွားတာ"

အစ်မဖြစ်သူ၏စကားကို ကြားမှ ခင်မြမှုမှာ ခင်ပွန်းသည်အပေါ် ချက်ပြေသွားသည်။ သို့သော် ခင်ပွန်းသည်နှင့် ပတ်သက်သော အတွန့် တက် စကားကိုတော့ ထွက်ဖြစ်အောင် ထွက်လိုက်သေးသည်။

"မသိဘူးလေ၊ ကျွန်မတို့က ကိုအောင်မြင့်ပဲ အပြစ်တင်နေကြတာ အေးတိအေးစက်ဆိုတော့ သူများ သံကြိုးရိုက်တာ တစ်ရက် နောက် သွားလားလို့"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ကျောင်းဖွင့်ပွဲ သွားနေရလို့ပါ"

ခင်မြသူ ယောကျ်ား ဦးထွန်းသော်က အမှန်အကိုင်း ဝန်ခံစကား သည်။

"ခု ကိုအောင်မြင့်ကော၊ ပျဉ်းမပင်မှာလား"

"ရုံးမှာလေ၊ သူ့အလုပ်ကိစ္စက အရေးကြီးနေလို့ဆိုပြီး မနေ့က အဘွားအလောင်း မြေကျတာနဲ့ ကျွန်မတို့ရွာက ပြန်လာကြတာ"

"မနေ့ကမှ ပြန်လာကြတယ်ဆိုတော့ အားနာစရာကြီးဟယ် ငါတို့ ရွာကို ဆင်းချင်တာနဲ့ ဖြစ်ပါ့မလား၊ သူ အားပါ့မလား"

"အားရမှာပေါ့ မမရယ်၊ ဒါ နာရေးပဲ"

ခင်မြမှုက သူ့ယောကျ်ားအား သူ မည်မျှ သြဇာရှိကြောင်း အစ်မရှေ့ သားယူ ပြောလိုက်၏။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



ဝီလီဂျစ်ကားပေါ်တွင် နေရာယူကြရာ ခင်မြမူ့ယောကျ်ား ဦးအော မြင့်မှာ ကားကို သူကိုယ်တိုင် မောင်းမည်ဖြစ်သဖြင့် ဒရိုင်ဘာနေရာ တက်ထိုင်သည်။ ခင်မြမူက "မမတို့နဲ့ စကားပြောရအောင်" ဟု နော တွင် လာထိုင်သည်။

ညီမဖြစ်သူနှင့် တစ်ဘက်တည်း ဘေးချင်းကပ် ထိုင်နေသော သည်ကို ဦးထွန်းသော်က "သူသူ အဲဒီဘက်က လေသိပ်တိုက်လိမ့် မိုးရွာရင်လည်း မိုးပက်မှာပေါ့၊ ဒီဘက် လာထိုင်ပါလား" ဟု ဆို၏။

ပညာရေးမှူး ဦးထွန်းသော်မှာ ဇနီးသည်အား အသေးအဖွဲလေး အစ ဂရုစိုက် ပြောနေသည်ကို မြင်နေ၊ တွေ့နေရသောအခါ ခင်မြ ခင်ပွန်းသည်အပေါ် မကျေနပ်ချက်တွေက ပိုပြီး ဖိစီးဖြစ်လာသည်။ အ နေ့အရက်ရက်က စုစည်းထားသော မကျေနပ်ချက်တွေကလည်း ချ ခေါင်းထောင်ထလာ၏။

သူ့ယောကျ်ား ဦးအောင်မြင့်ကား သူ့ကို ဤသို့ တစ်ခါမှ ကြ နာနာ ယုယုယယ အလိုက်တသိ မရှိခဲ့။ ယခုလည်း "မူမူ ရှေ့လာပါ အင်ကြင်းအလွန်မှာ လမ်းသိပ်ဆိုးတာ" ဟု တစ်ခွန်းမဆို။ ခရိုင်မန်နေ ဟု ဘယ်လိုမှ ထင်စရာမကောင်းသောရုပ်နှင့် ဒရိုင်ဘာနေရာမှာသာ အ သား တက်ထိုင်နေသည်။

ခင်မြမူ၏အစ်မ ခင်မြသူမှာ ယခု ကလေးနှစ်ယောက် ရပြီ၊ ထောင်သက် ခုနစ်နှစ်ခန့် ရှိပြီးဖြစ်သော်လည်း ဦးထွန်းသော်ကား ခင် အပေါ် ယခုထိ ကြင်နာမဆုံး၊ ယုယမဆုံးပင် ရှိသေး၏။ ခင်မြမူကမူ ဦးအောင်မြင့်နှင့် အိမ်ထောင်ကျသည်မှာ နှစ်နှစ်ပင် မပြည့်တတ်သေ ထိုနှစ်နှစ်အတွင်းမှာပင် ဦးအောင်မြင့်ကား ဦးထွန်းသော်လို ဇနီးသေ အပေါ် အသေးအဖွဲကိစ္စတွေကို တ [illegible] တစ်ခါမှ ယုယကြင်နာစေ မဆိုစဖူး။



အစ်မခင်ပွန်း ဦးထွန်းသော်နှင့်စာလျှင် သူ့ခင်ပွန်း ဦးအောင်မြင့်မှာ အစစအရာရာ ဟာကွက်တွေနှင့် ပြည့်နေသည်။ ဦးထွန်းသော်က ခင်မြသူကို ချစ်စနိုးနှင့် 'သူသူ' ဟု ခေါ်၏။ ဦးအောင်မြင့်ကမူ ခင်မြမူကို 'ခင်မြမူ' ဟုပင် ခေါ်၏။

ဤသည်ကို ခင်မြမူက လုံးဝ နားမတွေ့။ တစ်အိမ်သားလုံးနှင့် ဆွေမျိုး၊ ရင်းနှီးသူအားလုံးက 'မူမူ' ဟု ခေါ်ကြပါလျက်နှင့် မိမိနှင့် အရင်းနှီးဆုံး ခင်ပွန်းကျမှ နာမည်အပြည့်အစုံ ခေါ်ရလားဟု ရန်ထောင်သည်။

သည်တော့ ဦးအောင်မြင့်က ရယ်ကြဲကြဲနှင့် "သူများတွေ အားလုံးထက် မင်းကို ငါပိုချစ်လို့ သူများတွေ ခေါ်သလို မခေါ်ဘဲ နာမည်အပြည့်အစုံ ခေါ်မိတာပါ" ဟု စောဒက တက်သည်။

"မလိုချင်ဘူး၊ သူများတွေ ခေါ်သလို မူမူပဲ ခေါ်ပါ" ပြောမှ ယခု 'မူမူ' ဟု ခေါ်တတ် ပြောတတ်လာသည်။

တစ်ခါက သူ တောထဲမှာ ငှက်ဖျားမိလာပြီး အပြင်းဖျားပြီးကာစ ငါးခူကြော် စားချင်သည်ပြောသဖြင့် ခင်မြမူကိုယ်တိုင် ငါးခူ အပြင်ရေတွေကို စဉ်းတီတုံးပေါ် အကောင်လိုက် ကိုင်တိုက်ပြီး ရေဆေးနေစဉ် သူ မီးဖိုဆောင်ထဲ ဘယ်အချိန်က ရောက်လာသည် မသိ၊ "ရေထဲက လာတဲ့ ငါးပဲ ကွာ [illegible] တစ်ထပ်နှစ်ထပ် တိုက်ဆေးနေစရာလိုလဲ၊ စင်ပြီးသား ဆေးပြီးသားပဲ အကောင်လိုက်ကြော်လိုက် ပြီးတာပဲ" ဟု နောက်က လှမ်းပြောသည်။

ခင်မြမူမှာ ရုတ်တရက် ကြောင်သွားပြီး သူ့ကို လှမ်းကြည့်ရာ "ချောင်းအုပ်ကြီးသမီးကလည်း ခုမှ သန့်နေလိုက်တာ၊ ဦးမြသင်ဆို ဆင်သမားတွေနဲ့ ငါးကြီး ငါးခူတွေ အူမဖောက်ဘဲတောင် ချက်စားတာ" ဟု ထပ်ပြောမှ သူရောက်နေမှန်း သိသည်။

"အရေးပိုင်ကြီးသားက ညစ်ပတ်လွန်းတော့လည်း ချောင်းခေါင်းသမီးက သန့်ရတော့တာပေါ့ရှင်" ဟု အော်ပစ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခင်မြမှုယောက်ျား ဦးအောင်မြင့်ဆိုသူမှာကား ဤကဲ့သို့သော် လူမျိုးပင်။ ထို့ကြောင့်လည်း အိမ်ထောင်သက်သာ နှစ်နှစ်ကျော်လာသည်၊ ခင်ပွန်းသည်အပေါ် ခင်မြမှုက တစ်ခုမှ စိတ်တိုင်းကျ မတွေ့မိသေး။ သိပ် အရိုင်းအစိုင်းဆန်သော လူတစ်ယောက်ကို လင်လုပ်နေရသည်ဟုသာ စိတ်ထဲအနာတရ ဖြစ်နေ၏။

◈ ◈ ◈

မိုးဖွဲဖွဲ ကျလာသည်။ ဦးထွန်းသော်က ခင်မြသူအား "ချမ်းလား။ အနွေးထည် ထုတ်ပေးရမလား" ဟု မေး၏။

"သူသူတော့ မအေးဘူး၊ ကိုကိုချမ်းရင် ဝတ်ထားလေ" ဟု ဆိုသည်။

သူ့မိန်းမက မအေးဘူးဆို၍လား မသိ၊ ဦးထွန်းသော်လည်း အနွေးထည် ထုတ်မဝတ်။

ဦးအောင်မြင့်ကမူ ကားကိုသာ မြန်မြန်မောင်းနေ၏။ သူ့ဇနီး ခင်မြမှုကို ချမ်းသလား၊ ပူသလား လှည့်ကြည့်ဖော်ပင်မရ။

မိုးက မမျှော်လင့်ဘဲ သည်းလာသည်။ ကားပေါ်တွင် ဦးထွန်းသော်နှင့် ခင်မြသူတို့က အနွေးထည် ထုတ်ဝတ်ကြ၏။ ဦးအောင်မြင့်ကမူ ယခုထိလည်း ခင်မြမှုကို လှည့်ကြည့်ဖော်မရသေး။ ချမ်းသလား၊ အေးသလား မေးဖော်မရသေး။ ကြားထဲက ဦးထွန်းသော်နှင့် ခင်မြသူတို့ကသာ. .

"မှုမှု အေးမယ်၊ အနွေးထည် ဝတ်ထား" ဟု သတိပေးကြ၏။

ခင်ပွန်းသည်အပေါ် ဒေါသဖိလင် ဝင်နေသော ခင်မြမှုမှာ တကယ်လည်း အေးရမှန်း၊ ချမ်းရမှန်းမသိ ဖြစ်နေ၏။

သည်လိုနှင့် မိုးသည်းသည်းထဲ ဦးအောင်မြင့်ကလည်း ကားကို အပြင်း မောင်းလာ၏။ တစ်နာရီခန့်ကြာ၍ ကညင်ချောင်းအဆင်း လမ်းအရောက်မှာ မိုးစသွားသည်။ နေခြည်ပျ . . . သစ်တောလမ်းဘေးဝဲယာများမှာ မြင်လာရပြန်၏။



သည်လိုနှင့် ကညင်ချောင်းဘေးနားရှိ သစ်ထုတ်လုပ်ရေးစခန်းတစ်ခုသို့ ရောက်ကြသည်။ မမျှော်လင့်ဘဲ ရောက်လာသော ခရိုင်မန်နေဂျာကို စခန်းခွဲရှိ လက်ထောက်မန်နေဂျာက ပျာပျာသလဲ ထွက်ကြိုသည်။ သို့သော် ဖျဉ်းမပင်မှ အဘွား အသုဘကိစ္စမှန်းတော့ မနေ့ကပင် သိထားသဖြင့် ထွေထွေထူးထူး မမေးပေ။

ဦးအောင်မြင့်ကသာ "ဒီဘက် မိုးသိပ်သည်းသွားလား ဦးသန်းငွေ" ဟု လက်ထောက်မန်နေဂျာကို မေး၏။

"အစ်ကိုကြီးတို့ မရောက်ခင်လေးတင် မိုး တစ်မ နှစ်မတော့ ရွာသွားတယ်၊ ကညင်ချောင်းကို ကားကူးလို့တော့ ရမယ်မထင်ဘူး"

ဦးသန်းငွေစကားအဆုံးမှာ ဦးအောင်မြင့်က မသိမသာ ခေါင်းကုတ်သည်။

"အေးဗျာ၊ ဒီချောင်းကို စိတ်မချလို့ ကားကို အပြင်း မောင်းလာမိတာ၊ ထင်တဲ့အတိုင်းပဲ၊ ဟိုမှာလည်း နာရေးကိစ္စဆိုတော့ အရေးကြီးတယ်၊ အင်ကြင်းတောင် အတက်မှာတောင် သစ်ဆုံကြီးတစ်ခုနဲ့ ကားနောက်မြီး နည်းနည်း ချိတ်မိသွားတယ်၊ ကားကို ထားခဲ့မယ် ဦးသန်းငွေ၊ ပန်းပဲသာ ပို့ထားလိုက်ပါ၊ ကျွန်တော် ညနေ ပြန်ချင် ပြန်လာခဲ့မယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး၊ ညနေ ပြန်လာမယ်ဆိုရင် ဒီက ကျော်လှတို့အဖွဲ့ ထည့်ပေးလိုက်. ."

ဦးသန်းငွေ၏စကားမဆုံးခင် ဦးအောင်မြင့်က လက်ကာပြလိုက်ပြီး

"မလိုပါဘူးဗျာ ရပါတယ်၊ စခန်းက အလုပ်တွေသာ ကြိုးစားကြပါ။ ကဲ. . သွားကြမယ်"

ဟု ပြောပြီး ကားပေါ်မှ ဟင်းဘတ်အိတ်တစ်လုံးကို လှမ်းဆွဲကာ စခန်းဝိုင်းထဲက ထွက်သွား၏။

ဦးထွန်းသော်တို့ဇနီးမောင်နှံနှင့် ခင်မြမှုတို့မှာ ကိုယ့်အိတ် ကိုယ်လွယ်ပြီး ဦးအောင်မြင့်နောက် လိုက်ပါလာကြရလေသည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



ပျဉ်းမနားနှင့် ကညင်စခန်းကြားရှိ ကညင်ချောင်းမှာ ပေတစ်ရာကျော် ခန့် ကျယ်သည်။ နွေတွင် ရေကာ စီးရုံသာ စီးနေသော စမ်းချောင်းဝ ဖြစ် သော်လည်း မိုးတွင်းဆိုလျှင် ခနောနီ-ခနော်နဲ့ ဝါးတံတားပေါ်က ကူးသွား ကြရ၏။

ယခုအခါ မိုးဖြိုင်ဖြိုင် မကျသေးသဖြင့် တံတားကို မပြုပြင်ကြသေး တံတားတိုင်တွေမှာ ချောင်းထဲတွင် ရှိနေကြသော်လည်း အပေါ် အခင်း ဝါးလုံးများကမူ ရှိသည့် အပိုင်းကရှိပြီး မရှိသည့်အပိုင်းက များသည်။ နွေ ဆိုလျှင် တံတားမလိုသဖြင့် ဧနွမှာ ဂရုမစိုက်ဘဲ ပစ်ထားကြသော မိုးတံတား ပင်။

ကညင်ချောင်းနားအရောက်မှာ ဦးအောင်မြင့်သည် ခြေညှပ် သားရေ ဖိနပ်ကို ချွတ်ကိုင်ပြီး ရှေ့က ကူးသွား၏။ ဤလမ်း၊ ဤခရီးမှာ နယ်ကျွမ်းပြီး သား သူ့အတွက် ခလုတ်မထိ ဆူးမငြိပင်။

ခင်မြမူတို့ ညီအစ်မနှစ်ယောက်နှင့် ဦးထွန်းသော်တို့ကမူ နောက်ထိ နေသော ရေကိုကြည့်ကာ စိတ်ထဲ မဝံ့မရဲဖြစ်နေကြ၏။ သို့သော် ဦးအောင် မြင့် ရှေ့က မားမားမတ်မတ် ကူးသွားသဖြင့် သူတို့မှာလည်း ဖိနပ် ကိုယ်စီ ချွတ်ကာ ဦးအောင်မြင့်နောက် ကူးလိုက်ကြသည်။

ချောင်းကို စကူးစဉ်က ချောင်းရေမှာ ဒူးခေါင်းလောက်သာ နက် သဖြင့် ဦးထွန်းသော်က သူ့ဇနီး ခင်မြသူကို "လာလေ သူသူ" ဟု ပြောပြီး လင်မယားနှစ်ယောက် လက်တွဲကူးလာကြ၏။ သူတို့နောက်မှာတော့ ခင်မြမူက တစ်ယောက်တည်း။

ရေလယ်သို့ပင် မရောက်သေး။ ရေစီးက သန်လာ၏။ ပေါင်လယ်ထိ ရောက်လာသော ရေထဲတွင် သူတို့မကူးရဲကြတော့။ ထိုအခါ လူကူးလမ်း ဘေးရှိ တံတားတိုင်ငုတ်တွေကို ရမိရာ ဖက်တွယ်ထားကြရသည်။

ခင်မြသူတို့ ဇနီးမောင်နှံမှာ ငှက်ဖြစ်လျှင်ပင် တစ်ကိုင်းတည်း နား ကြမည့် လင်မယားဖြစ်လေရာ ချောင်းထဲ ဆင်းကတည်းကပင် လက်တွဲလာ



ကြသူတွေပီပီ တံတားတိုင်တစ်တိုင်တည်းကို နှစ်ယောက် တွယ်ဖက်ထား ကြ၏။

ခင်မြမူကမူ သူ့ကိုမခေါ်ရ ကောင်းလားဟု စိတ်ကောက်ပြီး နောက် က တုံ့နှေး တုံ့နှေးနှင့် လိုက်လေရာ ရေစီးသန်လာသောအခါ သူ့အစ်မတို့ ဇနီးမောင်နှံနှင့် နှစ်လံကွာဝေးသော တိုင်တစ်တိုင်ကို လှမ်းဖက်ထားလိုက် ရ၏။

"ကိုအောင်မြင့်၊ ကိုအောင်မြင့် ကျွန်မတို့တော့ ရှေ့ကို မကူးရဲတော့ ဘူး၊ လုပ်ပါဦး ရေစီးက အရမ်းသန်လာပါလား"

ရှေ့က မားမားမတ်မတ် ကူးသွားနေသော ကိုအောင်မြင့်ကို ခင်မြသူ က လှမ်းအော်ပြီး အကူအညီ တောင်း၏။

"ဟုတ်တယ်ဗျို့. . ကိုအောင်မြင့်၊ ဒီအတိုင်းဆို ကျွန်တော်တို့တော့ ဘယ်လိုမှ ကူးမရတော့ဘူး၊ နောက်ကို ပြန်ဆုတ်ရင်လည်း ရေစီးအားနဲ့ လဲမှာပဲ၊ တံတားတိုင်သာမရှိရင် ရပ်လို့တောင်ရမှာ မဟုတ်တော့ဘူး"

ခင်မြသူတို့ဇနီးမောင်နှံ အသံကို ကြားသဖြင့် ဦးအောင်မြင့်က နောက်ပြန် လှည့်ကြည့်သည်။ တံတားတိုင်ကို ဖက်တွယ်ထားကြသော ဦးထွန်းသော်တို့ လင်မယားနှင့် သူ့ဇနီးတို့ကို မြင်ရသဖြင့် သူက လက် တစ်ဖက်တွင် ကိုင်ထားသော ဖိနပ်ကို ချက်ချင်း ခါးထိုးလိုက်ကာ ပြန် လှည့်ကူးလာသည်။

သူ့မိန်းမဆီ တစ်ချက် အကြည့်ဝေ့လိုက်ပြီး ဦးထွန်းသော်၏လက်ကို လာဆွဲ၏။

"လာ. . လာ၊ ဘာမှမကြောက်ပါနဲ့၊ ခင်ဗျားတို့က ရေနဲ့ စိမ်းနေကြ လို့ပါ၊ ကျွန်တော်တို့ကတော့ မိုးတွင်းဆို ဒီချောင်းကို အလောင်းအစားနဲ့ တောင် အပျော်ဖြတ်ကူးနေကျပါ"

ဦးအောင်မြင့်က ဦးထွန်းသော်ကို လက်တွဲလိုက်သောအခါ ဦးထွန်း သော်နှင့်တွဲထားသော ခင်မြသူလည်း တစ်ဆက်တည်း ပါလာရ၏။

"ကို. . ကိုအောင်မြင့်၊ မူမူ့ကိုလည်း ခေါ်ဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



"နေဦးဗျ သုံးယောက်စလုံးကို တစ်ခါထဲ ဆွဲခေါ်နိုင်မှာ မဟုတ် မှုမှုကို နောက်မှ ခေါ်မယ်၊ လာ. . လာ ကြာရင် ရေစီးက ပိုကြမ်းလာ မယ်၊ ရဲရဲသာ လှမ်းကြပါ ငုတ်တွေ ခဲလုံးကြီးတွေ မရှိပါဘူး၊ ခြေထော ရေမှာ မြှုပ်မထားပါနဲ့၊ မြှောက်ပြီး လှမ်းကြပါ"

သူ့ဇနီးကိုပါ တစ်ပါတည်း ခေါ်ရန် သတိပေးသော ခင်မြ စကားပြန်ရင်း ဦးအောင်မြင့်သည် သူတို့လင်မယား နှစ်ယောက်ကို လာ၏။

ခင်မြမှုကမူ တံတားတိုင်ကို ဖက်တွယ်ထားကာ အံတကြိတ် နှင့် လှမ်းကြည့် ကျန်ရစ်၏။

ဦးထွန်းသော်တို့ ဇနီးမောင်နှံအား ရေစီးနည်းသော ကမ်းနား ထားခဲ့ပြီး ဦးအောင်မြင့်က ဇနီးသည် မှုမှုရှိရာသို့ ကူးလာသည်။

အနားရောက်သောအခါ "ကဲ. . လာ မှုမှု" ဟုပြောပြီး လက်က

မှုမှုက သူ့လက်ကို ချက်ချင်း လှမ်းမတွဲသေး၊ ဒေါသဖြစ် ခင်ပွန်းသည်၏မျက်နှာကိုသာ စိမ်းစိမ်းစိုက်ကြည့်နေလိုက်သည်၊

"အိုး. . လာပါဆို မြန်မြန်" ဟု ပြောပြီး ဦးအောင်မြင့်က ခင် လက်ကို ဆောင့်ဆွဲလိုက်၏။

"တကတည်း ကြမ်းတမ်းလိုက်တာ၊ ဖြည်းဖြည်းဆွဲပါရှင့်"

"ဖြည်းဖြည်း လုပ်မနေနဲ့ ကျောင်းအစ်မ၊ ချောင်းရေက မိနစ် အတွင်း ဝါးလုံးထိုး စီးလာမှာဗျ"

"စီး စီး ...ာက် စိုးရိမ်တတ်ရင် စောစောကပင် ဘာလို့ မခေါ်. . "

"အို. . ခက်လိုက်တာ၊ မရီးတွေရှေ့ ရှက်လို့ပါဗျ လာပါဆို မြ သေဖို့ မကြောက်ဘူးလား"

"မကြောက်ဘူး မကြောက်ဘူး ရှင့်လို အရိုင်းအစိုင်းတစ်ယော ပေါင်းသင်း. . "

"ဒေါသချည်းပဲ၊ တိုးတိုးပြောပါဗျ၊ သူများတွေ ကြားဦးမယ်"



"ကြား ကြား၊ ရှင် အရိုင်းအစိုင်းဆန်တာကျတော့. . "

"အေး. . ဒီနေ့ ခင်ဗျားတို့ အသက်ရှင်တာ ကျုပ်လို အရိုင်းအစိုင်း တစ်ယောက် ပါလာလို့ဆိုတာ မြဲမြဲမှတ်ထားပါ"

"မမှတ်ဘူး. . မမှတ်ဘူး တစ်သက် မမှတ်. . "

"ခင်ဗျားက မမှတ်ပေမယ့် ကျုပ်ကတော့ ဇနီးမယားတစ်ယောက်ကို မှတ်မှတ်ရရ ဆုံးရှုံးမခံနိုင်ပါဘူးနော်၊ ကဲ. . ဆွဲခေါ်တာ ကြမ်းတမ်းလို့ မကြိုက်ရင် ထမ်းပွေ့ပြီး ခေါ်မယ် ကဲ. . "

ဦးအောင်မြင့်က သူ့အား ကလေးငယ်တစ်ယောက်ပမာ ကောက်ချီ ပွေ့ခေါ်လာ၏။

ဦးအောင်မြင့် ရုတ်တရက် ကောက်ချီလိုက်စဉ် ရင်ထဲ ထိတ်လန့် တကြားနှင့် ရင်ထဲ အေးသွားသော်လည်း ဦးအောင်မြင့် ရင်အုပ်ကြားထဲမှာ ခင်မြမှုက ကျေနပ်ပြုံးနှင့်. . .

www.burmeseclassic.com

www.burmeseclassic.com

# ပိယဒဿန ပန်းချီကား

တံတားအောက်နားတွင် ရေချိုးနေကြသော အမျိုးသမီး ကြီး၊ ငယ်
ရွယ်၊ လတ်များဆီ အကြည့်တစ်ချက် ဝေ့မိ၏။ ရောက်တုန်း ရောက်ခိုက်
ပန်းချီတစ်ကား ရေးရလျှင် ရနိုင်လိမ့်မည်ဟုတော့ သူ့စိတ်၊ သူ့လက်
သူ ယုံကြည်သည်။ သို့သော် ထမင်းဆိုင်များမှ ပူပူလောင်လောင် သီချင်း
တွေနှင့် ဖျစ်ညှစ်အော်ဟစ်နေကြသော ကက်ဆက်ဇာတ်လမ်းသံတွေကြော
အာရုံ ရုတ်တရက် ပျက်သွားမိသည်။ စိတ်အလိုမကျစွာနှင့် ရေမြောင်
ဘက် ကမ်းပါးအတိုင်း အထက်ဘက်သို့ တက်လာ၏။ ရေချိုးနေကြသော
လူသံများနှင့် ကက်ဆက်သံများ ဝေးရာ တိတ်ဆိတ်မှုကို ရှာလာသည်။

ရေစီးထဲက ကျောက်တုံးတစ်တုံးပေါ် ထိုင်ချလိုက်၏။ နေရော
သဘောကျသွားသည်။ စီးကရက်တစ်လိပ်ကို ညှိသောက်ကာ ရေပြင်ပေါ်
ထိုးကျနေသော နေရောင်ခြည်၏ အလင်းအမှောင်စွမ်းအားကို အကဲခတ်
သည်။ ရှုကွင်းရှုကွက်ကို အကဲခတ်ကြည့်သည်။ ကွန်ပါစူဆာထဲက ကီရို
ကိုထုတ်၍ အနီးအဝေး၊ အလင်းအမှောင် အနေအထားကို ချိန်ဆကြည့်
သည်။ ကြိုက်သွားပြီ။



တဝေါဝေါစီးဆင်းနေသော ရေစီးသံများက နားစည်ထဲ ပြေးဝင်လာသည်။ ကျောက်တုံးကျောက်ဆောင်များ အကြိုအကြားမှ စီးဆင်းလာသော ရေအလျဉ်ကို ဝိညာဉ်စိတ်ဖြင့် ဖမ်းချုပ်ထားလိုက်သည်။ ရေမြှုပ်၊ ရေပလုံစီများ ဖွေးဖွေး ထလာသည်။

ပုံကြမ်းစကက်ချ်တစ်ခုကို အလျင်ထုတ်ကြည့်သည်။ မျက်အိမ်ဝန်းကျယ်ထဲမှာ ပုံချောကိုပင် မြင်လာသည်။ စိတ်ကို ပန်းချီကားထဲ နှစ်ထားလိုက်သည်။ လက်ကလည်း အချိန်အဆမှန်မှန် သွက်လက်နေသည်။ အကြည့်ကို တောတောင်ရေမြေ ပကတိအနေအထားမှ ပန်းချီကားထဲသို့ စုစည်း ဖမ်းခေါ်ထားသည်။ ရေစီးသံ၊ ငှက်ကလေးတွေ အော်မြည်သံနှင့်တကွ အာရုံအားလုံးသည် ပန်းချီကားထဲ ရောက်နေကြလေသည်။

◇ ◇ ◇

'အမေ့' ဟု မတိုးမကျယ် အော်လိုက်သော အမျိုးသမီးတစ်ယောက်အသံကြောင့် လက်တွန့်သွားသည်။ မဆုံးသင့်သော ဆွဲချက်တစ်ပိုင်းတစ်စနှင့် လက်က ရပ်သွား၏။ စိတ်တိုသွားမိသည်။ အသံကြားရာ နောက်ဘက်သို့ လှည့်ကြည့်မိလိုက်၏။

ရုတ်တရက် ပခုံးတွန့်သွားသည်။ ကမ်းစပ်ချုံနွယ် သစ်တောစိမ်းနောက်ခံရှေ့တွင် လုံချည်အစိမ်းနှင့် အမျိုးသမီးတစ်ယောက် အင်္ကျီလက်ရှည်အဖြူကတော့ ထင်းထင်းပေါ်နေသည်။ လုံချည်မှာ ခြေသလုံးအလယ်လောက်ထိ ရေစိုနေသည်။ ကျောက်တုံးတွေပေါ် လျှောက်လာရင်း ခြေချော်ကျမှန်း သိသာသည်။ ရေစီးထဲကျသွားသော တောပန်းတစ်ခိုင်ကို ကမန်းကတန်း လိုက်ကောက်ပြီး ရှိုးတံရင်းကို ပါးစပ်နှင့် ကိုက်ထားသည်။ စောစောကလည်း ဤသို့ပင် ပန်းခိုင်ကို ပါးစပ်နှင့်ကိုက်ကာ လျှောက်လာရင်း ခြေချော်ကျသဖြင့် 'အမေ့' ဟု လန့်အော်ကာ ပန်းခိုင် ပါးစပ်ထဲက လွှတ်ကျမှန်း သိသာသည်။ ဒါ ပန်းချီကားကောင်း တစ်ကားပါပဲလား။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် ပန်းခိုင်ကို ပါးစပ်နှင့် ဖြန်ကိုက်ကာ သူ့အ... တစ်လှမ်းချင်း လျှောက်လှမ်းလာနေသည်။ သူ ငေးကြည့်နေမိ၏။ ယ... ထုတ် မဂ္ဂဇင်းတစ်စောင်စောင်တွင် မြင်မိသောပုံမျိုးဟု ထင်လိုက်၏။ ... စမ်းထဲ ပန်းခိုင်တစ်ခိုင်ကို ပါးစပ်နှင့်ကိုက်၍ ရပ်နေသောပုံ။ ယခု... ရေစီးထဲ ရွေ့ရွေ့ လှမ်းလာနေ၏။ မဂ္ဂဇင်းနာမည်နှင့် ပန်းချီဆရာအမည်... ခေါင်းထဲက အလောသုံးဆယ် တွေးမိလိုက်သည်။ ရွှေပြည်တန်မဂ္ဂဇင်း... သူငယ်ချင်း ဇော်တေဇ၏လက်ရာ။ သို့သော် ဇော်ကြီး၏လက်ရာတ... ကျကြမ်းတတ်သည်။ သရုပ်သကန် ပီပြင်သဖြင့် ပညာရှင်များ ကြိုက်... ...ျား။ ယခု အမျိုးသမီးပုံက ချောလွန်းသည်။ အနားရောက်မှ သူ့မျက်... ပေါ်က ပုံရိပ်တစ်ခုကို သတိထားမိသွားသည်။ ညှိုးနွမ်းဟန်ရှိသော မျက်... ပြာပြာနှင့် ဝ...သာဝမ်းနည်း ဝေခွဲမရသော အကြည့်၏ အရွေ့အယ... လှုပ်ရှားမှုများ။

အံ့သြစွာပင် ထိုအမျိုးသမီးကို သူ ငေးကြည့်နေမိသည်။

ရေမြောင်းကြီး တံတားအထက် ဤလို တောစပ်၊ တောင်ခြေ... အမျိုးသမီးတစ်ယောက်တည်းကို တွေ့ရသည်မှာ ကြောက်ရွံ့တတ်သူ... ဆိုလျှင် ဥစ္စာစောင့်မလေလားဟုပင် ကျောချမ်းစရာ။ သို့သော် သူ... ကြောက်တတ်သူမဟုတ်။ ထို့ကြောင့် ကိုယ်လုံးကိုယ်ထည် အချိုးအစ... ပြေပြစ်လှသော အမျိုးသမီးကို သူ့အနား ရောက်လာသည်ထိ သူ ငေးကြ... နေမိသည်။

"ကျွန်မကြောင့် အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပါဆရာ..." ချိုလွင်သောအသံနှင့် လိုက်မောမှုတစ်ခုကို သတိပြုမိလိုက်သ...

"ကိစ္စမရှိပါဘူးခင်ဗျား"

"ကျွန်မ ပန်းချီပညာကို မြတ်နိုး တန်ဖိုးထားတတ်သူပါ ဆရာ၊ ... စောစောက ဆရာ ပန်းချီရေးနေတာ မြင်တော့ အနားကပ် ကြည့်ချင်... အသာ လျှောက်လာတာပါ၊ အနှောင့်အယှက်ဖြစ်မှာစိုးလို့ လျှောက်လာ...



...တော်တဆ ခြေချော်ကျလို့ ယောင်အော်မိလိုက်တာ၊ ဆရာ့ကို အနှောင့်အယှက်ပေးသလို ဖြစ်သွားတာ ခွင့်လွှတ်ပါ"

"ကိစ္စမရှိပါဘူးခင်ဗျား၊ ခုလို ပန်းချီပညာကို မြတ်နိုး တန်ဖိုးထားတဲ့ သူတစ်ယောက်နဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ပါဆရာ၊ ကိုယ်တိုင် မရေး...တတ်ပေမယ့် ကျွန်မ ပန်းချီပညာကို တန်ဖိုးထားတတ်ပါတယ်၊ အဲဒါကြောင့်လည်း ကျောင်းက ကလေးတွေကို နိုင်ငံတကာ ကလေးသူငယ်များ ပန်းချီပြိုင်ပွဲဝင်နိုင်အောင် ကျွန်မ ...စ်တိုင်း အားပေးနေကျပါ"

"ဩော်... ကျောင်းဆရာမပါလား ခင်ဗျား"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မ ကျောင်းဆရာမပါ"

"ဟုတ်ကဲ့ သိရတာ ဝမ်းသာပါတယ် ခင်ဗျား၊ ဆရာမ ဘယ်ကျောင်း ...ပါလဲ ခင်ဗျား"

"ကျွန်မ လမ်းမတော် အထက ( - ) ကပါ"

"ဩ"

ဆရာမ ဟု ဆိုလာသူ၏ မျက်နှာကို စေ့စေ့ကြည့်မိလိုက်သည်။ ဆရာမကမူ သူ့ကိုမကြည့်၊ သူ၏ရေးလက်စ ပန်းချီကားကိုသာ အကြည့်ရောက်နေ၏။

ပြီးတော့ သူ့ဘေးနားရှိ ကျောက်တုံးတစ်တုံးပေါ် ထိုင်ချလိုက်၏။ သူ့တစ်ကိုယ်လုံး ရှိန်းဖိန်းထူပူသွားသလို ခံစားလိုက်ရသည်။

"ကျွန်- - ကျွန်တော် ဆေးလိပ် နည်းနည်း ဖွာပါရစေနော် ဆရာမ"

"ဆေးလိပ်သောက်ပြီးရင် ဘာသောက်ဦးမလဲ ဆရာ"

"ခင်ဗျာ"

ဆရာမက အသံညင်းညင်းနှင့် ရယ်ပြန်၏။

"ဩော်. . ဒီလိုပါ၊ ပန်းချီဆရာတချို့ဟာ အရက်လည်း ကြိုက်တတ်ကြတယ် ကြားဖူးလို့၊ ဆေးလိပ်သောက်ပြီးရင် အရက်များ ဆက်သောက်လေမလားလို့. ဟင်း. . ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အရက်မသောက်တတ်ပါဘူး ဆရာမ"

"သာခုခေါ်ပါတယ်ရှင်၊ ကျွန်မကတော့ ပန်းချီပညာကို ကြိုးမှ၊ အထူး သဖြင့် ဆိုပါတော့လေ၊ ကျောင်းဆရာမဖြစ်လာမှ လေ့လာချင်၊ ရေးဆွဲ တဲ့ ဆန္ဒရှိပေမယ့် ပန်းချီဆရာများဟာ အရက်သောက်တတ်ကြတယ်ဆို ကြားဖူးတာနဲ့ သူတို့ဆီ ချဉ်းကပ်ပြီး ပန်းချီသင်ရမှာ ကြောက်လို့ အနေ တောင် မကပ်ရဲပါဘူး၊ ပန်းချီပညာရှင်တွေဟာ လူတစ်မျိုးတွေလို့လည်း စာထဲ ဖတ်ဖူးထားတာကိုး"

သူတို့နှစ်ယောက် ပြိုင်တူ ရယ်လိုက်မိကြသည်။ ခဏချင်းလည်း ရင်းနှီးသွားသလို ခံစားမိလိုက်ကြ၏။

"ခု ဘုရားဖူးလာတာ အဖွဲ့နဲ့လား ဆရာမ"

"ဟုတ်ကဲ့ရှင့်၊ ကလေးတွေလည်း ပါပါတယ်၊ ကျွန်မနာမည် နန္ဒာ မင်းခိုင်ပါ"

"ကျွန်တော်လည်း ရန်ကုန်က လာတာပါ ဆရာမ၊ နာမည်ကို ကျော်မိုးပါ"

"ဟုတ်ကဲ့၊ ဆရာက ပန်းချီပညာတစ်ခုတည်းနဲ့ အသက်မွေးထား ပေါ့နော်"

"မဟုတ်ပါဘူး ခင်ဗျား၊ ကျွန်တော် အထည်အလိပ်ရုံးချုပ်မှာ 'ဒိုင် နာ' ပါ"

သူက အလုပ်လိပ်စာကို စာရွက်တစ်ရွက်ပေါ် ရေးပေးလိုက်၏။ ဆရာမကမူ သူလွယ်လာသော ဆလင်းဘက်လုလုလေးကို ဖွင့်၍ အောက် စာအုပ်လေးတစ်အုပ်ကို ထုတ်ပေးသည်။ စာရွက်တိုင်း အပေါ်ပိုင်းတွင် ပန်းချီ ရှုခင်းပုံတွေကို မြင်ရ၍ အလွန် ဝမ်းသာသွား၏။ ဆရာမ ပန်း ဝါသနာပါသည်၊ ပန်းချီပညာကို မြတ်နိုးသည် ဆိုခြင်းမှာ ယုံမှားသံသယ မရှိတော့။

"ကျွန်မကို အမှတ်တရ အဲဒီမှာ ပန်းချီပုံတစ်ပုံ ရေးပေးခဲ့ပါလား ဆရာ"



"ဟုတ်ကဲ့ခင်ဗျား၊ ဆရာမပုံကိုပဲ ပုံကြမ်းရေးပေးပါ့မယ်"

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ဘယ်လို အနေအထားမျိုး နေပေးရပါ့မလဲ ဆရာ"

"အဲဒီကျောက်တုံးပေါ်ပဲ ထိုင်နေပါဆရာမ၊ ကျွန်တော် တစောင်းဘေးတိုက်ပုံ ရေးပေးပါ့မယ်၊ ဪ. . ပန်းခိုင်လေးကို ပါးစပ်နဲ့ ကိုက်ထားနော်"

နာရီဝက်အတွင်း ရေးပြီးသွားသည်။ သူထင်ထားတာထက်ပင် ပုံကကောင်းနေသဖြင့် ဝမ်းသာသွား၏။ ဆရာမကို စာအုပ်လှမ်းပေးရင်း မျက်နှာကို ငုံကြည့်နေမိသည်။ ဆရာမကား ထိုင်နေရာ ကျောက်တုံးပေါ်က မထသေး။ ကြည်လင် ဝင်းပနေသော မျက်နှာက ကျေနပ်သွားကြောင်း သိသာသည်။ သူ ရေးပေးထားသော ပုံကို ပီတိအပြည့်နှင့် ငုံ့ကြည့်နေ၏။

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျွန်မလည်း ဆရာ့လို ပန်းချီရေးတတ်ချင်လိုက်တာ"

"သင်ရင်ရပါတယ် ဆရာမ"

"ဆရာသင်ပေးမလားဟင်"

"သင်ပေးပါတယ်ဗျာ၊ ဆရာမ သင်ချင်ရင် အချိန်မရွေးပါဘူး"

"ရန်ကုန်ပြန်ရောက်ကြရင် လာသင်မယ်နော် ဆရာ"

"လာပါဗျာ၊ ရပါတယ်"

"ဒါဆို ဆရာနဲ့ ကျွန်မ ဆရာတပည့် ဖြစ်သွားပြီပေါ့"

"ဒါပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော့်ကို ကိုကျော်မိုးလို့ပဲ ခေါ်ပါ"

"ကျွန်မကိုလည်း နန္ဒာလို့ ခေါ်ပါနော်"

နန္ဒာက မတ်တပ် ထရပ်လိုက်၏။ သူ ပုံရေးပေးထားသော အော်ကို စာအုပ်ငယ်ကိုလည်း ဆလင်းဘက်အိတ်ထဲ တရိုတသေ ထည့်လိုက်သည်။

"ပြန်လိုက်ပါဦးမယ်နော် အစ်ကို"

နန္ဒာ၏အခေါ်အဝေါ်ကြောင့် သူ့ရင်မှာ လှိုက်ကနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီနန္ဒာ၊ ဩော်. . ဒါနဲ့ နန္ဒာတို့ ဘုရားပေါ် ဘယ်အချိန်တက်ကြမလဲဟင်"

"ဘာလုပ်မလို့လဲရှင့်"

"ဩော်. . အင်. . အတူလိုက်ချင်လို့ပါ"

"ဒါတော့ နန္ဒာလည်း မပြောတတ်ဘူး၊ ဟိုက ဆရာ ဆရာမတွေနဲ့ ညှိရဦးမှာပေါ့"

"ဟုတ်. . ကောင်းပါပြီ နန္ဒာ"

သူ့အသံ တိမ်ဝင်သွားသည်ကို နန္ဒာ သိပါစေဟု ဆုတောင်းလိုက်မိသည်။ တရွေ့ရွေ့ စလှမ်းသွားသော နန္ဒာ၏ ခြေလှမ်းများကို ရေတွက်ရမတတ် ငေးကြည့်နေမိသည်။ ပန်းချီလည်း ဆက်မဆွဲဖြစ်တော့။ နေခြည်နွမ်းစမှာ ဆွဲလက်စ ပန်းချီကားကို ရုပ်သိမ်းလာခဲ့၏။

ကမန်းကတန်းပင် နန္ဒာ့နောက် လိုက်လာမိသည်။ နန္ဒာ ဝင်သွားသော ထမင်းဆိုင်ကို မှတ်ထားမိလိုက်သည်။

◇ ◇ ◇

နန္ဒာ ရှိနေသော ထမင်းဆိုင်ထဲ တမင် ရွေးဝင်လာရသဖြင့် စိတ်ထဲက မလုံချင်။ ရင်ခုန်နေမိသည်။ များစွာ ရှာမကြည့်ရ၊ ထမင်းဆိုင်ထဲတွင် နန္ဒာ့ကို မြင်နေရ၏။ သူ့အနားတွင် သူတို့အဖွဲ့ကဟု ထင်ရသော ဆရာမနှစ်ယောက်နှင့် ဆရာတွေဟု ထင်ရသော လူကြီးသုံးလေးယောက် စုထိုင်နေကြသည်။ ကျောင်းသားကျောင်းသူ ဆယ်ယောက်ကျော်ကျော်လည်း မြင်နေရ၏။ အားလုံးမှာ စကားဝိုင်းဖွဲ့ ပြောနေကြသော်လည်း နန္ဒာကား တစ်ယောက်တည်း ထရံကို မှီထိုင်ကာ ငိုင်နေသည်။ သူ့ကို ငေးကြည့်နေသည်ဟု ထင်၏။

နန္ဒာများ နှုတ်ဆက်လေမလားဟု နန္ဒာအနားရှိ ထမင်းစားပွဲနား တမင် ရွေ့ထိုင်သည်။ နန္ဒာက မခေါ်။ မသိသလိုပင်၊ သူ့ဆရာမတွေရှေ့



ကျွန်ုပ် လုပ်နေ၏။ သူကလည်း ရုတ်တရက် မခေါ်ဝံ့။ သူရှိနေသော ထမင်းဆိုင်ကို ရွေးပြီး တမင် လာစားတာဟု နန္ဒာက အသိအမှတ်ပြုခံရလျှင် တော်ပါပြီ။

ထမင်းစားနေရင်းကလည်း နန္ဒာဆီ အကြည့် ခဏခဏ ရောက်၏။ သို့သော် နန္ဒာကား မလှုပ်မချောက်။ ထိုင်မြဲ ထိုင်၍ ငိုင်မြဲ ငိုင်နေသည်။ မည်သူနှင့်မျှ စကားမပြော။ သူ့ကိုသာ အသိအမှတ်မပြုသလို နေနေသည် မဟုတ်၊ သူ့အဖော် ဆရာ၊ ဆရာမတွေကိုလည်း အတူလာကြသူတွေ၊ တစ်ကျောင်းထဲ စာအတူ သင်ကြရသူတွေ မဟုတ်သလို စကားဆိတ်နေ၏။ သူ့ကိုကြည့်သော အကြည့်ပင် ညနေက ရေမြောင်ကြီးနားတွင် တွေ့ခဲ့၊ ကြုံခဲ့၊ စကားပြောခဲ့ကြသူနှစ်ယောက် မဟုတ်ကြသလိုပင်။

ဆရာမကြီးကလည်း ခုမှ ကျွန်ုပ်ကြီးနေလိုက်တာဟု သူက ရယ်ချင်နေသည်။ ထမင်းစားပြီးသွား၍ လက်ဆေးရင်းက သတိထားကြည့်မိပြန်၏။ ယခုထိလည်း ဆရာမကြီးက မလှုပ်မချောက်။ မည်သူနှင့်မျှလည်း စကားမပြော။ သူက စူးစူးရဲရဲ တစ်ချက် ကြည့်လိုက်သောအခါ မျက်လွှာချ၍ ခေါင်းငုံ့သွား၏။ ဒူးခေါင်းပေါ် မေးလေးတင်ကာ သူ့ခြေဖျားကို သူ ငုံ့ကြည့်နေသည်။ ပန်းချီဆရာ၏ မျက်စိထဲမှာ ပို၍ ချစ်စရာကောင်းနေသည်။

"ဒီမှာ. . ဒီမှာ၊ ပိုက်ဆံလာယူပါဦး ညီမလေး၊ ဘယ်လောက်ကျလဲ၊ လိမ္မော်ရည်တစ်ပုလင်း ပေးပါဦး" ဟူသော စကားများကို ကြားလောက်အောင် အသံကျယ်ကျယ်နှင့် တမင်ပြောလိုက်၏။ မော့၍မျှပင် မကြည့်၊ "လိမ္မော်ရည်ဖိုး ယူပြီးပြီလား" ဟူသော စကားကိုလည်း ကျယ်ကျယ်လောင်လောင်ပင် ပြော၏။ ပြန်တော့မည်ဆိုသည်ကို နန္ဒာ သိစေချင်သည်။ မျက်ခွံပင့်၍ တစ်ချက်မော့အကြည့်မှာ သူက ကျေနပ်စွာနှင့် ဆိုင်ထဲက ထွက်လာလေသည်။

အတွေးတစ်ခု ဝင်လာသည်။ နန္ဒာတို့အဖွဲ့ မနက်အစောကြီးမှာတ်မီး မီးတုတ်တွေနဲ့များ ဘုရားပေါ် တက်ကြလေမလား။ ငါ စောစော သွားအိပ်ပြီး စောစော ထစောင့်မှဟု စိတ်ကူးရလာ၏။ တည်းခိုနေသော ထမင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲ ဝင်လာသည်။ ဘုရားဖူး အတော်များများပင် မောမောနှင့် အိပ်နေကြလေပြီ။ သူသည် ပါလာသော စောင်ပါးကိုထုတ်၍ လွယ်အိတ်ကို ခေါင်းအုံးကာ အိပ်လိုက်၏။ အိပ်၍ကား တော်တော်နှင့်မပျော်။ စိတ်ထဲမှာ နောက်တစ်နှစ် သည်အချိန် နန္ဒာနှင့်လက်ထပ်၍ ဤသို့ပင် ကျိုက်ထီးရိုးကို ဘုရားဖူးလာနေသည်။

◈ ◈ ◈

နံနက်စောစော သူ အိပ်ရာက ထတော့ ထမင်းဆိုင်မှ ဘုရားဖူးအချို့ မီးတုတ်တွေ ဝိုင်းညှိနေကြသည်ကို တွေ့ရ၏။ ရင်တဒိတ်ဒိတ် ခုန်သွားသည်။ နန္ဒာတို့အဖွဲ့လည်း ထွက်များ ထွက်သွားကြလေပလားဟု ကမန်းကတန်း အိပ်ရာထဲက လူးလဲထပြီး နန္ဒာတို့ရှိနေသော ထမင်းဆိုင်ဘက် ထွက်လာ၏။ မည်သူမျှ လှုပ်လှုပ်ရှားရှား လုပ်နေကြသည်ကို မမြင်ရသေး။ ဆိုင်နားကမူပေါ်တွင် ငုတ်တုတ်ထိုင်ကာ ဘုရားမီးထွန်းထားသော ဘက်ထရီ မီးတွင်းလေး အလင်းနှင့် နန္ဒာတို့ဆိုင်ထဲ ငေးကြည့်နေ၏။

မကြာခင် ထမင်းဆိုင်ထဲမှ ဘက်ထရီ မီးချောင်း လင်းလာ၏။ ဘုရားဖူးများ လှုပ်လှုပ်ရွရွ ထလာကြသည်။ မိုးလင်းမှန်းပင် သတိမထားလိုက်မိ။ ရင်တဒိတ်ဒိတ် ခုန်ကာ ဆိုင်ထဲသို့ ငေးကြည့်နေသည်။ မကြာခင် မီးတွေ အားလုံး မှိတ်သွား၏။ မိုးလင်းနေပြီ။

နန္ဒာတို့အဖွဲ့ဟု ထင်ရသော ကျောင်းသူကျောင်းသားတွေနှင့် ဆရာ ဆရာမများ ထွက်ခွာသွားကြသောအခါ နန္ဒာလည်း အိတ်ကြီးတစ်လုံးကို မနိုင်မနင်း လွယ်ပြီး ထွက်လိုက်လာသည်။ သူ့ကိုမြင်သော်လည်း နန္ဒာက နှုတ်မဆက်။ ရင်ထဲဆွေးသွားသည်။ နန္ဒာနောက်ကို သူ မယောင်မလည်နှင့် လိုက်လာ၏။ နန္ဒာက သူ့ကို တစ်ချက်လှည့်ကြည့်သည်။ သူ ပြုံးပြလိုက်သော အပြုံးမဆုံးခင်ပင် နန္ဒာသည် အုတ်လှေကားထစ်တွေကို တစ်ထစ်ပြီး တစ်ထစ် တက်သွားနေသည်။ လုံးဝကို လှည့်မကြည့်ခဲ့တော့။ လေစိမ်းတိုး ခံလိုက်ရသဖြင့် ရင်ထဲ မောသွားသည်။



မောရှိနားတာလား၊ တကယ်ပဲ ကျိုက်ထီးရိုး ဝါးပုတီးတွေကို လိုချင်၍လားမသိ၊ ဝါးပုတီးတွေနှင့် တောင်ဝှေး၊ ဝါးသေနတ်တွေ ရောင်းသောဆိုင်ရှေ့ နန္ဒာ ခြေလှမ်းရပ်သောအခါ သူလည်း နန္ဒာနား မယောင်မလည် သွားရပ်သည်။ နန္ဒာက ဝါးပုတီးတွေ တစ်ကုံးပြီးတစ်ကုံး ဝယ်ဆွဲနေသည်။ သူ့စိတ်ထဲ ဝါးပုတီးတွေဝယ်၍ နန္ဒာ့ကို ဆွဲပေးချင်လိုက်သည်မှာ လက်ယားနေသည်။

နန္ဒာ့တပည့်တွေလား ထင်ရသော ကောင်လေးတွေက ဝါးသေနတ်တွေ ဝယ်နေကြသည်ကို နန္ဒာက "အပြန်ကျမှဝယ်ရတယ် ကလေးတို့ရယ်" ဟု ပြော၏။ ဤသည်ကို သူကလည်း "ဟုတ်တယ်ကွ၊ ညီလေးတို့ရာ ခု အသွားကတည်းက ဝယ်သွားရင် ဝါးသေနတ်တွေက လေးပါဘိနဲ့" ဟု ဝင်ရော၏။ နန္ဒာက "ဟုတ်တယ်လေကွယ်" ဟု ထောက်ခံ၍ သူ့ကို ပြုံးပြသည်။ သူလည်း ပြန်ပြုံးပြလိုက်၏။ နန္ဒာအနားကိုလည်း တိုးကပ်သွားမိသည်။ ကောင်လေးတွေကလည်း ဝါးသေနတ်တွေမဝယ်ဘဲ တစ်ယောက်နှင့် တစ်ယောက် နောက်ပြောင်ကာ ထွက်သွားကြသည်။ သူ့စိတ်ထဲ သံသယ တစ်ခု ဝင်သွားသည်။ ကောင်လေးတွေမှာ နန္ဒာ့ ကျောင်းသားလေးတွေ ဟုတ်ပုံမရ။

နန္ဒာက ကောင်လေးတွေနောက် လိုက်ရန် ခြေလှမ်းအရွေ့တွင်. .

"ရှေ့ဆို တောင်စောက်တွေချည်း တက်ရတော့မယ် နန္ဒာရယ်၊ ဒီဝါးတောင်ဝှေးလေး တောင်တက်ဖို့ ယူသွားပါလားဟင်"

"ကျေးဇူးပဲ" ဟုပြောပြီး လှမ်းဆွဲယူ၏။ သူက နန္ဒာ၏မျက်နှာကို အပြုံးနှင့် ငေးကြည့်သည်။ နန္ဒာက ခုထိ ဣန္ဒြေအပြည့်နှင့်။

ရှေ့နောက်ဝဲယာတွင် ဘုရားပေါ် တက်လာနေကြသော လူတွေက တစ်လမ်းလုံး ပြည့်လာသည်။ စောစောကထက်ပင် လူတွေ များလာသေးသလား ထင်ရသည်။ မေဆွိနှင့် ဇော်ဝမ်းတို့၏ ကျိုက်ထီးရိုးသီချင်းကိုလည်း တောင်လေး၊ ကောင်မလေးများက အော်ဆိုလာကြသည်။ လူကြီးတွေတသော ချွေးဒီးဒီးကျလာကြသော်လည်း သူတို့လေးတွေကား တအားပျော်လာကြပုံ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ မောရ ပန်းရမှန်းပင် မသိ။ အမှန်က ခုနေချိန်မှာ သူလည်း မောရ ပန်းရမှန်းမသိ ဖြစ်နေသည်။

သိချင်းသံတွေကြားတွင် အသံသေး အသံကြောင်တွေကို ကြားဖူးတယ်ဟု လှည့်ကြည့်လိုက်ရာ တစ်ယောက်နှင့်တစ်ယောက် သူဦး ငါဦး ပြေးတက်လာကြသော ပန်းချီဆရာ၊ စာရေးဆရာ၊ စာအုပ်ထုတ်ဝေသူ အသိ သုံးလေးယောက်ကို မြင်လိုက်ရ၏။

"ဟိုက်-ရှာလပတ်လည်း ကျော်မိုး၊ တစ်ယောက်တည်းလားကွ ဟဲ. . ဟဲ" ဟု ပြောအော်ပြီး တော်ဘော်က သူ့လက်ကို လာဆွဲ၏။ ပြေးလာသဖြင့် မော၍ ဟောဟဲ၊ ဟောဟဲလည်း ဖြစ်နေသည်။

"အေးကွ" ဟု ပြောလိုက်စဉ် နန္ဒာကား ခြေလှမ်းပင် မတုံ့ခဲ့ဘေး ဘိုးပြန်တောင်ပေါ် လှမ်းတက်သွားလေ၏။ သူ့ရင်ထဲ ဟာကျန်ခဲ့သည်။ ဘုရားဖူးတွေများနေ၍ သူငယ်ချင်းတွေကတော့ သတိထားမိလိုက်ပုံ မရကြ။

စောစောက နန္ဒာတို့ တည်းသော ဇရပ်မှာပင် ဝင်လိုက်တည်းမည်ဟု တွေးလာသော စိတ်ကူးလည်း ပျက်လေ၏။ ဘုရားပေါ်ရောက်လို့ ရှာရင်တော့ တွေ့မှာပါဟု အားတင်းထားလိုက်ရလေသည်။

သူငယ်ချင်းတွေမှာလည်း ဘုရားဖူးလာရင်း ပန်းချီရေးကြမည် ဆိုသဖြင့် အပေါင်းအသင်းကို မင်တတ်သော သူလည်း အနုပညာသမားပီပီ ပျော်သွားသည်။

◈ ◈ ◈

သူတို့ တည်းကြသော အုတ်ဇရပ်ကြီးထဲတွင် နန္ဒာကို ရှာမတွေ့ သဖြင့် နောက်ဇရပ်တစ်ခု၌ သွားရှာ၏။ နန္ဒာကို တွေ့သည်။ ရေမြောင်ကြီး ထမင်းဆိုင်မှာကဲ့သို့ပင် သူ့ကို နှုတ်မဆက်၊ တစ်ချက်သာ လှည့်ကြည့်၏။ နန္ဒာ့ကို သူလာရှာမှန်းသိလျှင် သူကျေနပ်ပါပြီ။ နောက်လည်း ဘုရားပေါ်



ကျိုးကန်းပါးစပ်၊ ရသေ့တောင် ဖားဘုရား စသည် အသွားအလာ တစ်နေရာရာမှာတော့ ဆုံနိုင်သေးသည်ဟု သူဝမ်းသာနေ၏။

နေ့ခင်းဆိုလျှင် သူငယ်ချင်းတွေနှင့် ပန်းချီလိုက်ရေးနေသဖြင့် ကြိုတင် မှန်းထားခဲ့သလို ဘယ်နေရာရာမှာမှ မဆုံမိကြ။ သို့သော် တစ်နေ ကုန်၍ တစ်မိုးချုပ်တိုင်း နန္ဒာတို့တည်းခိုနေရာ ဇရပ်ထဲကိုတော့ သူ ညတိုင်း ရောက်သည်။ နန္ဒာနှင့်လည်း အကြည့်ချင်း ဆုံမိကြသည်။ သူ အားမလို အားမရ ဖြစ်မိသည်က နန္ဒာ သူ့ကို နှုတ်မဆက်ခြင်းနှင့် အကြည့်အရှုက အားမရစရာကြီး။ သို့သော် ဆရာ၊ ဆရာမတွေရှေ့ ကလေးတွေရှေ့ ဆရာမကြီးက ဣန္ဒြေ သံပတ္တလားကြီးနှင့်ဟု သူကျေနပ်နေသည်။ အထူးသဖြင့် သူ လမ်းက ဝယ်ပေးလိုက်သော ဝါးတောင်ဝှေးလေးကို နန္ဒာ့အနားတွင် ထောင်၍ အမြဲတွေ့နေရသဖြင့် သူ့ရင်ထဲ နွေးနေ၏။

ဘုရားပေါ်ရောက်ပြီး သုံးညမြောက်နေ့တွင် သူ ဆွေးမိသည်။ ညနေ သွားကြည့်ရာ အလျှင်နေ့ ညတွေကလို နန္ဒာ့ကို မတွေ့ရတော့။ တပိုတပါး သွားနေတာလား၊ ရေသွားချိုးနေတာလားဟူသော အတွေးနှင့် တစ်နာရီ နှစ်နာရီကြာ စောင့်၏။ နန္ဒာ့ကို မတွေ့ရ။ သူ့လက်ဆောင် ဝါးတောင်ဝှေး လေးကိုလည်း အုတ်ဇရပ် ဘယ်နေရာမှာမှ ရှာမရ။

သူနှင့်အတူ လာကြသူတွေဟု ထင်ရသော ဆရာ၊ ဆရာမတွေဆီ သွား၍ နန္ဒာ့ကို မေးမိ၏။ ဆရာ၊ ဆရာမတွေက နန္ဒာကို မသိကြ။ သူတို့နှင့်အတူ လာသူလည်းမဟုတ်။ ဒီနေရာမှာ အိပ်တတ်တဲ့ အမျိုးသမီးလား မနက်ကပင် သူ့အဖော်တွေ တွေ့လို့ ပြန်လိုက်သွားပြီဟု နေ့စဉ် လာကြည့် နေကျ သူ့ကိုမှတ်မိသော ဆရာမတစ်ယောက်ကပြော၏။ ဆရာနှင့် ဆရာမ အုပ်က သူ့ကို ဝိုင်းဟားချင်နေကြပုံရသည်။ ရှက်ရှက်ဆွေးဆွေးနှင့် သူ တည်းခိုရာ ဇရပ်သို့ ပြန်လာရ၏။ သို့သော် အားမလျှော့သေး။ နန္ဒာ့လိပ်စာ ပေးထားခဲ့တာပဲ။ ရန်ကုန်ရောက်ရင် တွေ့ရမှာပဲဟု ဝမ်းသာနေလေသည်။

သူငယ်ချင်းတွေနှင့် ပန်းချီ လျှောက်ရေးရင်း ကျိုက်ထီးရိုးတောင်ပေါ် တွင် တစ်ပတ်ခန့် ကြာသွားသည်။ ရန်ကုန်ပြန်ရောက်သည်နှင့် နန္ဒာ ပေးခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော ရိုးမရိုပ်သာ အိမ်လိပ်စာနှင့် စာရေးသည်။ စာမပြန်။ ကျောင်းလိပ်စာနှင့် ရေးပြန်၏။ နွေရာသီရောက်၍ ကျောင်းတွေသာ အားလုံး ပိတ်သွားကြသည်၊ ပြန်စာမရခဲ့။ နောက်တော့ အချိန်ကာလက သူ၏ နန္ဒာ အစွဲအလန်းအဆွေးကို ကုစားသွားလိမ့်မည်ဟု သူ စိတ်လျှော့လိုက်သည်။

◈ ◈ ◈

ပူအိုက်သော တပေါင်းလ ရာသီမို့ ရင်ပူကာ အအေးသောက်ရန် သက်သာဆိုင်ဘက်သို့ သူထွက်လာသည်။

ရုံးကြီး၏ အမိုးစွန်နားရှိ ကုက္ကိုပင်ကြီးထက်မှ ရော်ရွက်တွေ ဝေအဝေ့ သဲ့သဲ့ကြွေနေကြသည်ကို မြင်ရသောအခါ ရင်ထဲ ပိုဟာလာသည်။ တစ်ခါဖူးမျှ မခံစားရဖူးသော ဝေဒနာသစ်တစ်ခုသည် ဤနေ့ သူ့ရင်ထဲ ရောက်လာနေ၏။

ရုံးကြီးနှင့် သက်သာဆိုင်ကို ဆက်သွယ်ထားသော ကွန်ကရစ်လမ်းကလေးအတိုင်း သွက်သွက်မြန်မြန် လျှောက်လာရင်း ကုက္ကိုပင်ကြီးတစ်ပင်နားအရောက်တွင် ခြေလှမ်းတုံ့သွားမိသည်။ လမ်းဘေးတစ်ဘက်တွင် ထိုင်ရင်းမှ သူ့ကို ငေးကြည့်နေသော အမျိုးသမီးတစ်ဦးကို မြင်လိုက်ရ၍ သေသေချာချာ ပြန်ကြည့်မိ၏။ နန္ဒာမှ နန္ဒာအစစ်။

ခြေလှမ်း သုံးလေးလှမ်းနှင့် နန္ဒာ့အနား သူ ရောက်လာ၏။ နန္ဒာက သူ့ကို မျက်တောင်မခတ် ငေးကြည့်နေသည်။ သူ့ရှေ့ ရပ်လာသည်ကို တစ်ချက် မော့ကြည့်ပြီး ချက်ချင်း ထရပ်သည်။

"အစ်ကို နန္ဒာ့ကို မှတ်မိပါတယ်နော်"

"မှတ်မိပါတယ်၊ ဘာလို့ မမှတ်မိရမှာလဲ"

သက်ပြင်းမှုင်မှုင် ရှိုက်လိုက်သည်ဟု ထင်လိုက်မိသည်။

"ပြီးတော့ ဘာကို မှတ်မိသေးလဲ အစ်ကို"

"နန္ဒာ ဘာကို ပြောတာလဲ"



"အစ်ကိုနဲ့ နန္ဒာ စတွေ့ကြတဲ့နေ့၊ စပြီး အသိဖြစ်ကြတဲ့နေ့ကို ပြောတာလေ အစ်ကို မှတ်မိပြီလားဟင်"

ရုတ်ချည်း ငိုင်သွားမိ၏။ နန္ဒာနှင့်သူ ကျိုက်ထီးရိုးဘုရား ရေမြောင်ကြီးတံတားအထက်တွင် ဦးဆုံး ဆုံတွေ့မိကြသောနေ့ကို သူ တိတိကျကျ မမှတ်မိ။ "ဒီလတော့ ဒီလပဲ၊ တစ်နှစ်တောင် ကြာခဲ့ပြီပဲ" ဟု တွေးလိုက်၏။

"ဩ. . အစ်ကိုရယ်၊ နန္ဒာနဲ့ အစ်ကို တွေ့ကြတာ ဒီနေ့ တစ်နှစ်ပြည့်တဲ့နေ့ပေါ့၊ အဲဒါကြောင့် နန္ဒာ အမှတ်တရ လာတာပါအစ်ကို"

သူ အံ့ဩသလို ဝမ်းသာသလို ဖြစ်သွားသည်။

"ဒါနဲ့များ နန္ဒာရယ်၊ အစ်ကို စာထည့်တာ ဘာလို့ စာမပြန်လဲ"

"ဟင်. . နန္ဒာ့ဆီ အစ်ကို စာထည့်သေးတယ်"

"သိပ်ထည့်ပါ့ဗျာ၊ နန္ဒာ ပေးထားခဲ့တဲ့ ရိုးမရိပ်သာ လိပ်စာအတိုင်းပါပဲ"

"အစ်ကို စာထည့်ပေးတာ နန္ဒာ ဆေးရုံတက်နေတုန်းက ဖြစ်မယ်၊ ဒီလိုလေ အစ်ကို၊ ကျိုက်ထီးရိုးက ပြန်လာတော့ နန္ဒာ သုံးလလောက် ဆေးရုံတက်ရသေးတယ်"

"ဟင်. . ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ကျိုက်ထီးရိုးက ငှက်ဖျားမိလာတယ် ထင်တာပဲ အစ်ကိုရယ်"

"အစ်ကို မသိလို့ပါကွယ်၊ ဒါကြောင့် ကျောင်းကိုလည်း စာထည့်သေးတယ်"

"ခု နန္ဒာ လမ်းမတော် အထကမှာ မဟုတ်တော့ဘူးအစ်ကို အင်းစိန်အထကကို ပြောင်းရတယ်လေ"

"ဟုတ်လား. . ခု ဘယ်က လာတာလဲ"

"အင်းစိန်ကျောင်းကလေ အစ်ကို၊ ကလေးတွေ စာမေးပွဲအမှတ်ချက်ပေးနေရင်းက ထလာတာ"

www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်များစွာ ခြားပြီးမှ အမေး၏ အဖြေစကားကို သတိပြုမိသွားသည်။ ကျိုက်ထီးရိုးဘုရားတွင် တွေ့ခဲ့ကြစဉ်ကလိုပင် လုံချည်အစိမ်း၊ အင်္ကျီလက်ရှည်အဖြူနှင့်။

"ဒါဆို အစ်ကို့ဆီ တမင်လာတာ ဆိုပါတော့"

"ဟုတ်ပါတယ်၊ အစ်ကိုနဲ့ နန္ဒာ ဦးဆုံး စတွေ့တဲ့နေ့ဟာ ဒီနေ့ပဲလေ အစ်ကို မှတ်မိလား၊ အဲဒါကြောင့် နန္ဒာ မှတ်မှတ်ရရ လာတာပါ၊ ကလေးတွေအတွက် အမှတ်ဖျက်နေတာတောင် တခြားဆရာမတွေနဲ့ လွှဲထားရတယ်"

နန္ဒာ့အပေါ် မေ့မေ့လျော့လျော့ ဖြစ်နေမိခဲ့သော အချိန်တွေ နှမြောသလို ခံစားလိုက်မိသည်။ ကိုယ်နဲ့ပတ်သက်လို့ နန္ဒာ ဒီအထိ အလေးအနက် မှတ်ထားသည်ကို သိရခြင်းက မနှစ်က သည်အချိန်မှာ ဖြစ်ပေါ်ခဲ့သော ခံစားမှုများကို ပြန်လည် ထိတွေ့လိုက်ရသည်။

"နန္ဒာ့ကို ပြန်တွေ့ရတာ အစ်ကို ဝမ်းသာလိုက်တာ၊ ကဲ-လာ အအေး ဘာလေး သောက်ရအောင်"

နှစ်ယောက်သား သက်သာဆိုင်ဘက်သို့ လျှောက်လာကြသည်။

"နန္ဒာလေ လာသာ လာရတာ၊ အစ်ကို့ကို တွေ့မှ တွေ့ပါ့မလား ရုံးများ ပြောင်းသွားပလားနဲ့ ရင်တထိတ်ထိတ်ပဲ"

"အဲဒါကြောင့် ဝင်ရကောင်းနိုး၊ မဝင်ရ ကောင်းနိုးနဲ့ ကုက္ကိုပင်အောက် ထိုင်နေတယ် ဆိုပါတော့"

"မဟုတ်ပါဘူး၊ ကုက္ကိုရွက်လေးတွေ လေထဲ ကြွေကျလာတာ ကြည့်ကောင်းလွန်းလို့ ထိုင်ကြည့်နေမိတာပါ အစ်ကိုရယ်"

"ဟောဗျာ အထက်တန်းကျောင်းသားကြီးတွေကို စာသင်ပေးနေတဲ့ ဆရာမကြီးရယ်၊ ကျွန်တော်တို့ အနုပညာသမားတွေ စိတ်ကူးယဉ်တယ် ဆိုဖို့လည်း ချန်ထားပေးပါဦးနော်"



ရယ်ရယ်မောမောနှင့် ဆိုင်ထဲ ရောက်သွားကာ စားပွဲတစ်ဝိုင်းမှာ ဝင်ထိုင်ကြသည်။ ပြီးတော့ နန္ဒာ့ဆန္ဒအတိုင်း လက်ဖက်ရည်ပဲ မှာသောက်ကြ၏။

လက်ဖက်ရည်သောက်ရင်း ဆေးလိပ်ဖွာတတ်သော အကျင့်ရှိသဖြင့် ဆေးလိပ်ဝယ်ရန် ကောင်တာသို့ ထလာသည်။ ကောင်တာမှ ကိုညိုကြီးက သူ့ကို စေ့စေ့ကြည့်၍ ပြော၏။

"အမျိုးသမီး အချောအလှလေးတွေ စုဝေးနေတဲ့ ရုံးချုပ်မှာ ဒီပန်းချီဆရာ ဘာသံမှ မကြားသေးပါလား အောက်မေ့နေတာ၊ လက်စသတ်တော့ အိုး. . ဟိုး. . ဒါကြောင့်ကိုး"

"မဟုတ်ပါဘူး ကိုညိုကြီးရာ"

နန္ဒာရှိရာ စားပွဲသို့ ရင်ဖိုစွာ ပြန်လာသည်။ နန္ဒာ့ရှေ့ ထိုင်လိုက်သည်နှင့် အံ့ဩမှုက သူ့ရင်ကို ခုန်ဆောင့်သည်။ ပန်းကန်ပြားထဲက မုန့်လေးခုအပြင် သူ့ပန်းကန် သောက်လက်စထဲက လက်ဖက်ရည်ကိုပင် နန္ဒာ ယူသောက်ထားပြီ။ နန္ဒာက သူ့ကို ရေနွေးကြမ်း ငှဲ့ပေးသည်။ နန္ဒာ၏မျက်နှာကို ငေးကြည့်ကာ သူ့မှာ စကားပင် မဟနိုင်တော့။ ဘယ်လိုပါလိမ့် နန္ဒာရယ်။

သူက စိတ်လေးလေးနှင့် ပြန်ထတော့ နန္ဒာက သူနှင့်အတူ ထသည်။ ပြီးတော့ သူ့နောက်မှ ကပ်လိုက်လာ၏။ ကွန်ကရစ်လမ်းဘေးရှိ ကုက္ကိုပင်ကြီးတစ်ပင်နားအရောက်တွင် နန္ဒာ ခြေလှမ်းရပ်တော့ သူပါ လိုက်ရပ်မိလိုက်သည်။

"ကုက္ကိုရွက်ဝါဝါလေးတွေ လေထဲလွင့်နေတာ ကြည့်ကောင်းလိုက်တာနော် အစ်ကို"

"အိမ်း" ဟုပြောပြီး နန္ဒာ့မျက်နှာကို ကြည့်လိုက်မိ၏။

နန္ဒာ မျက်ရည်ဝဲနေသည်ကို မြင်သဖြင့် ထိတ်လန့်ချင်သလို ဖြစ်သွားမိသည်။ ရွက်ဝါလေးတွေကို နန္ဒာ ဘာလို့ ဒီလောက်တောင် ငေးကြည့်နေပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



"ခု နန္ဒာ ဘယ်သွားမလဲ"

"မသွားပါဘူး၊ အစ်ကို့ဆီ တမင်လာတာပါဆို"

မသိမသာ သက်ပြင်းချလိုက်မိသည်။

သူ့ပန်းချီခန်းထဲ ရောက်လာကြသည်ထိ နန္ဒာကို စကားမပြော တော့။ နန္ဒာက သူ့ပန်းချီခန်းအနှံ့ကို ကြည့်၏။ "ထဘီဆင်တွေ များတယ် နော်" ဟု ပြော၏။ သူက ခေါင်းညိတ်ရုံသာ ညိတ်ပြမိသည်။ ရုံးဆင်းချိန် ရောက်သည်ထိ နန္ဒာက ပြန်မည်ဟု စကားမဟ။ စိတ်ထဲ ကသိကအောင့် ဖြစ်နေမိသည်။ သူ ရုံးဆင်းတော့လည်း နန္ဒာက သူနှင့်အတူ ပါလာသည်။ ရုံးသူရုံးသားများက သူတို့နှစ်ယောက်ကို အကဲခတ်ကြသည်။ ရုံးဖယ်ရီကား ရပ်သောနေရာတွင် ပြိုင်တူ မတ်တပ်ရပ်လိုက်ကြသည်။ သူတို့နှစ်ယောက် က ဦးစွာ ရောက်လာကြသဖြင့် မည်သူမျှ မရှိကြသေး။

"နန္ဒာ ခု ဘယ်သွားမှာလဲ၊ ရိုးမရိပ်သာပဲ မဟုတ်လား၊ ကားကြုံ ရှိပါတယ်"

"မဟုတ်ဘူး အစ်ကို၊ ခု နန္ဒာ ရိုးမမှာ မနေတော့ဘူး၊ အင်းလျားလမ်း မှာ ပြန်နေတယ်၊ နန္ဒာ အိမ်မပြန်သေးဘူး အစ်ကို"

"ဩော်. . ဟုတ်လား၊ ဒါဆို လှည်းတန်းဘက်က သွားတဲ့ ရုံးဖယ်ရီ တွေ ရှိတယ်၊ လိုက်သွားနော်"

"ဗိုလ်ချုပ်ဈေးမှာ ရေမွှေးတစ်ပုလင်း ဝယ်မလို့ပြောထားတာ၊ အစ်ကို ပိုက်ဆံပါရင် နှစ်ရာလောက် ခဏချေးပါနော်၊ မနက်ဖြန် နန္ဒာ လာပေး မယ်၊ ငွေနည်းနည်းလိုနေလို့"

သူ့ဆလင်းဘက် လှလှကို ဖွင့်၍ ငွေရေတွက်ကာ ပြော၏။ စိတ်ထဲ ပို၍ ထင့်သွားသည်။

"နန္ဒာ့ ရေမွှေးပုလင်းက ဘယ်လောက်တောင်မို့လဲ"

ဆလင်းဘက်ထဲက နှစ်ရာတန် တစ်ရွက်နှစ်ရွက်နှင့် ငါးဆယ်တန် နှစ်ဆယ်တန် ငါးကျပ်တန်တွေကို ငုံ့ပြီး ရေတွက်နေသော နန္ဒာကို မသိ မသာ အကဲခတ်ကြည့်ရင်း မေးလိုက်၏။



"တစ်ထောင်ကျော်လေ အစ်ကို"

"ကိုယ့်မှာ နှစ်ရာတော့မပါဘူး၊ ငါးဆယ်ပဲ ပါတယ်"

နန္ဒာနှင့် ငွေကြေးစကား ပြောရခြင်းကို သူ မလိုလားတာ အမှန်ပါ။

"လကုန်ရက်ဆိုတော့ အင်း. . နေပါစေ အစ်ကို၊ ဆိုင်က နန္ဒာ ဝယ် နေကျ ဆိုင်ပါ၊ အကြွေးယူလည်း ရပါတယ်၊ အစ်ကို့မှာ ခု ငွေငါးဆယ်ပဲ ရှိတော့တာပေါ့နော်"

မလုံမလဲနှင့် ခေါင်းညိတ်ပြလိုက်ရ၏။

"ဒါဆို လကုန်ဖို့ သုံးလေးရက်တောင် လိုသေးတာပဲ အစ်ကိုရယ်၊ ဒီကြားထဲ ငွေငါးဆယ်နဲ့ ဘယ်လို လောက်မလဲ၊ ရော့ နန္ဒာဆီက နှစ်ရာ ယူထားလိုက်"

"ဟာ. . နေ နေပါစေ၊ နန္ဒာ နေပါ၊ အစ်ကို သုံးတတ်ပါတယ်"

"အိုး. . မဟုတ်တာ ယူထားလိုက်"

"ရပါတယ်၊ မယူပါဘူး"

"အိုး. . အစ်ကိုကလည်း ယူထားလိုက်ပါဆို၊ ဆိုင်က နန္ဒာဝယ်နေကျ အသိပါ၊ အိမ်မှာလည်း လက်ကျန်နည်းနည်း ရှိပါသေးတယ်၊ သတိရတုန်း ဝယ်ထားမလို့ပါ၊ ရော့ ယူ"

"ဟာ. . မယူပါဘူးဆို၊ နေပါ၊ နေနေ ကိုယ်လည်း ပန်းချီခ ဒီကြားထဲ ရစရာ ရှိပါသေးတယ်"

"ယူထားလိုက်ပါဆို၊ ဩော်. . အစ်ကိုကလည်း. . "

ဖယ်ရီစီးမည့် ရုံးသူရုံးသားများ အလျှိုလျှို ရောက်လာကြသဖြင့် "ယူပါ၊ နေပါ" လုပ်နေကြသော သူတို့နှစ်ယောက်မှာ အိုးတိုးအမ်းတမ်း ဖြစ်သွားကြသည်။ ထိုအချိန်၌ပင် ရန်ကုန်ထဲထိ သွားမည့် ဖယ်ရီက ထိုး ဆိုက်လာသဖြင့် "ဟဲ-နန္ဒာ ဗိုလ်ချုပ်ဈေးသွားမယ်ဆို၊ တက်တက် ကားက ဗိုလ်ချုပ်ဈေးရောက်တယ်၊ ဗိုလ်ချုပ်ဈေးရောက်ရင် ရပ်ပေးဖို့ ကားသမား ကို အစ်ကို မှာလိုက်မယ်" ဟု ပြောပြီး ဖယ်ရီပေါ် တင်ပေးလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကားထွက်သွားသောအခါ သူ ငိုင်ကျန်ခဲ့သည်။ နန္ဒာက သူ့ကို လက်ပြသွား၏။

"ဟောတော့ ပန်းချီဆရာ ဒီမှာ ငွေနှစ်ရာတန် တစ်ရွက်ပါလား ဘာလဲ ချစ်ချစ်က စိတ်ဆိုးပြီး ပစ်ထားခဲ့တာ ထင်တယ်၊ ငိုင်နေလိုက်တာ တော့၊ ကောက်ထားလေ၊ ငွေဆိုတာ သုံးလို့ရတယ်၊ သိပ်လည်း ဆွေးမနေပါနဲ့၊ စိတ်ကောက်တော့လည်း ခဏပေါ့ ဟဲ. . ဟဲ ဟင်း. . ဟင်း ဖြစ်နေလိုက်တာ ဟာဟ"

သူတို့အဖြစ်ကို စောစောကပင် မြင်ထားပုံရသော ဌာနခွဲ အစ်မကြီး စကားကြောင့် သူ အံ့ဩသွားသည်။ သူ့ခြေရင်းတွင် ကျနေသော နှစ်ရာတန် ငွေစက္ကူလေးကို ငုံ့ကြည့်၍ ခုမှ ပိုဆွေးသွား၏။

ကိုယ် နားမလည်တော့ပါလား နန္ဒာရယ်၊

❂ ❂ ❂

တစ်ညလုံး အိပ်မပျော်။ နန္ဒာ၏အခြေအနေကို စဉ်းစားမရလောက်အောင် ဖြစ်နေမိသည်။ မိုးလင်းသည်နှင့် ကျိုက်ထီးရိုးမှာ တွေ့ကြစဉ်က နန္ဒာပေးထားသော လိပ်စာအတိုင်း ရိုးမရိပ်သာသို့ ရောက်သည်။ အမှိုက်သိမ်း အဆောင်တွင် နန္ဒာကို ရှာမတွေ့၊ အဆောင်ပိုင်ရှင် လူကြီးက သူ့စာရင်းစာအုပ်ကို တစ်ရွက်ချင်း လှန်ကြည့်ပြီး "ဟိုတစ်နှစ်ကတော့ နန္ဒာမင်းခိုင်ဆိုတဲ့ နာမည် တွေ့တယ်" ဟု ဆိုသည်။ ခု အင်းလျားလမ်းမှာ နေတယ်ဟု ပြောခဲ့သည်ကို သတိရ၍ ရုံးသို့ ပြန်လာသည်။

ရုံးရောက်တော့ အင်းစိန် အ. ထ. ကကို ဖုန်းဆက်၏။ ကျောင်းအုပ်ဆရာမကြီးက "ကျွန်မ ဒီကျောင်းမှာ ကျောင်းအုပ်လုပ်နေတာ ငါးနှစ်ရှိပါပြီ ဒေါ်နန္ဒာမင်းခိုင်ဆိုတဲ့ နာမည်နဲ့ ဆရာမ တစ်ခါမှ မရှိခဲ့ပါဘူး" ဟု ပြန်ပြောသည်၊ လမ်းမတော်ကျောင်းကို ဖုန်းယပ်ဆက်ပြန်၏၊ ထိုနာမည်မျိုး ကျောင်းမှာ ကြားပင် မကြားဖူးဟု ဆို၏။



နန္ဒာကို သူ မတွေ့တတ်အောင် ဖြစ်သွားသည်။ ရုံးက စောစောပြန်လာ၏။ သူ့အိမ်ရောက်ပြီး မကြာခင် တူမောင် ဘိုဘိုက ကျောင်းက ပြန်လာသည်၊ အိပ်ခန်းထဲဝင်ကာ နဖူးပေါ် လက်တင်၍ နန္ဒာအကြောင်း တွေးနေသည်။

နန္ဒာဆိုသော မိန်းကလေးသည် နာမည်လည်း နန္ဒာ ဟုတ်ချင်မှ ဟုတ်မည်။ နေရပ်လိပ်စာတွေကလည်း တစ်ခုမှ အမှန်မဟုတ်။ အင်းလျားလမ်း ဆိုသည်မှာတော့ ဝေလာဝေးပင်။ ကျောင်းဆရာမ ဆိုသည်မှာလည်း ဘယ်လိုမှ မဖြစ်နိုင်မှန်း သိသောအခါ သူ ခေါင်းမှာ ဆူဝေလာသည်။

ဤ နန္ဒာဆိုသော မိန်းကလေးသည် သာမန် လိမ်ညာစားနေသော မိန်းကလေးမျိုးတော့ ဟုတ်ပုံမရ။ ဘိန်းဖြူစွဲနေသော မိန်းကလေးများလေလား၊ ဘိန်းဖြူရရှိရေးအတွက် ငွေကြေးတတ်နိုင်သူ ယောကျ်ားပေါင်း မည်မျှ၏ ရင်ခွင်ထဲ ရောက်ဖူးပြီလဲမသိ။ ယခုလည်း လူပျိုလူလွတ်ဖြစ်သော သူ့အခြေအနေကို သိ၍ တမင် ပန်းချီဝါသနာရှင်ယောင်ယောင်၊ စာပေဝါသနာရှင်ယောင်ယောင် အတည်မကျသော စကားလုံးများကို လှိုင်လှိုင်ပြော၍ သူ့ရင်ခွင်ထဲ ဝင်ကာ ငွေချေးရန် ကြိုးစားလာခြင်းများလေလား၊ ဒီလိုတွေးမိသည်နှင့် သူ့ရင်မှာ နာလာသည်။ တကယ့် ပန်းချီဝါသနာရှင် ကျောင်းဆရာမလေးသာ ဖြစ်လိုက်ပါတော့ နန္ဒာရယ်. .

"ဦး. . ဦး" ဟုခေါ်ကာ သူ့အိပ်ခန်းထဲ ခေါင်းပြူလာသော တူတော်မောင် ဘိုဘိုကြောင့် အတွေးပြတ်သွားသည်။

"ဘာလဲကွ"

"အပြင်မှာ ဦးဦးအသိ အမျိုးသမီးတစ်ယောက် ရောက်နေတယ်"

"ဟေ"

ခုတင်ပေါ်က ခုန်ထလိုက်၏။ ဧည့်ခန်းသို့ လိုက်ထွက်လာသည်၊ ဧည့်ခန်း ဆိုဖာပေါ်တွင် အငြိမ့်သားထိုင်နေသော နန္ဒာကို တွေ့ရသည်၊ ဒို၍ ရင်ခုန်သွား၏။ စေ့စေ့ကြည့်မိသည်။ နန္ဒာကို ရှင်းရှင်း မွှင့်မေးလိုက်ချင်သော်လည်း ဘိုဘိုရှေ့မို့ ဟန်ဆောင်ထားရ၏။ ဘိုဘိုမှာ ဆယ့်လေးငါး

www.burmeseclassic.com

www.burmeseclassic.com



နှစ်သားအရွယ် လူရေးလူရာ အလွန်ပါချင်နေသော ကောင်လေးမို့ သိသွားမှာ စိုးမိသည်။ ယခုလည်း သူ့စားပွဲတွင် စာကြည့်သလိုလိုနှင့် သူတို့ နှစ်ယောက်ကို အကဲခတ်ကြည့်နေသည်။ အစ်မလာလျှင် တိုင်တောပြောမှာ စိုးရ၏။

"ဘယ်. . ဘယ်တလာလဲ နန္ဒာ"

"အစ်ကို့ရုံးကို ရောက်သေးတယ်၊ ပြန်သွားပြီ ပြောလို့ လိုက်လာတာ"

သူ သက်ပြင်းချမိလိုက်၏။

နန္ဒာက ဘာမှပြန်မပြောသေးဘဲ ဝမ်းနည်းသွားသလိုနှင့် သူ့မျက်နှာကို မော့ကြည့်နေသည်။

"အစ်ကို့အိမ်ကို သိထားချင်လို့ပါ၊ နောက်တော့မှ အေးအေးဆေးဆေး လာလည်ရအောင်လို့"

ဘာပဲဖြစ်ဖြစ် နန္ဒာကို သူ ခဏတော့ ရှောင်နေလိုတ်ချင်သည်။ နန္ဒာ ဘာလဲဆိုတာ သေသေချာချာ မသိခင်ပေါ့။

"ဟုတ်ကဲ့၊ ကျွန်တော်တော့ ရှေ့အပတ် ခရီးထွက်မလို့"

"ဘယ်ကိုလဲဟင် အစ်ကို"

"ပုဂံမှာ ပန်းချီသွားရေးမလို့"

"နန္ဒာ အစ်ကိုနဲ့ လိုက်ချင်လိုက်တာ"

"ဟင်း. . ဟင်း ကျောင်းမပိတ်သေးဘူးလေ ဆရာမ"

ကျောင်းဆရာမ ယူနီဖောင်းနှင့် ဖြစ်သဖြင့် သူက တမင်ပြောပြီး နန္ဒာ့မျက်နှာကို အကဲခတ်လိုက်သည်။

"ခွင့်ယူမှာပေါ့ အစ်ကိုရယ်"

နန္ဒာ၏ အသံက လှိုက်မောနွမ်းလျနေသည်။ ပကတိ ရိုးစင်းသူ၏ အသွင်မျိုးပါလား။ သူဘာတွေပြောပြီး ဘာတွေလုပ်နေမှန်း သူ့ကိုယ်သူ သိပါလေစ။ သူက နန္ဒာကို စိတ်မကောင်းစွာ ကြည့်မိသည်။

"နန္ဒာ တစ်ယောက်တည်း လျှောက်သွားမနေနဲ့လေ"



"မသွားပါဘူးအစ်ကို၊ အခု နန္ဒာ ပြန်တော့မယ်နော်"

နန္ဒာ ဖြည်းညင်းစွာ ထသွားသည်ကို သူ ကြည့်နေမိသည်။ အခုနေ နောက်ယောင်ခံလိုက်သွားလျှင် ဖြစ်နိုင်သော်လည်း သူ့တူရှေ့မှာမို့ လိုက်လို့မဖြစ်သေး။ ပြီးတော့ သူ့ဆီ နန္ဒာ ပြန်လာလိမ့်မည်ဟု အလိုလို သိနေသည်လေ။ သူကလည်း နန္ဒာ့ကို တွေ့ချင်သည်ပင် ဖြစ်ပါ၏။ သို့သော်လည်း စိတ်တွေ ထွေပြားနေချိန်မို့ နန္ဒာကို သူရှောင်ဖို့လည်း စဉ်းစားမိပြန်သည်။

"ဦးဦး တကယ် ပုဂံကို သွားမှာလားဟင်"

ဘိုဘိုကပါ သူ့စကားကို ယုံသွားဟန်ရှိသည်။

"မသွားပါဘူးကွာ"

"ဒါဖြင့် ဘာလို့ ပြောရတာလဲ ဟိုမမက အဟုတ်မှတ်သွားပုံရတယ်၊ ဘာလဲ ဦးဦးတို့ အဆင်မပြေလို့လား"

ဘိုဘို့မျက်နှာက ပြောင်ချော်ချော်ဖြစ်နေ၍ သူက ခပ်တည်တည် ပြန်ကြည့်လိုက်၏။

"ဘာမှ မဟုတ်ဘူး ဘိုဘို၊ သားအမေကို သွားမပြောလိုက်နဲ့နော်၊ ဦးဦး သူနဲ့ မတွေ့ချင်လို့ တမင်ပြောလိုက်တာ၊ နောက်တစ်ခါ ဦးဦး မရှိတုန်း လာမေးရင် ပုဂံသွားတယ်သာ ပြောလိုက်"

"ဟုတ်ကဲ့ ဦး"

သူ ပုဂံသွားမည်ဆိုခြင်းကို နန္ဒာလည်း ယုံကြည်ပုံရပါသည်။ နောက်တစ်နေ့နံနက် ပန်းချီရေးနေချိန်တွင် နန္ဒာ ရောက်လာ၏။

"ဟင်" ဟုပင် ပါးစပ်ထဲက အသံထွက်သွား၏။ ရေးလက်စ စုတ်တံကို ကိုင်ကာ ငိုင်သွားမိသည်။ နတ်ပြည် မိုးသူဇာ ပျံကျလာသို့ဟုပင် ဆိုထိုက်သည်။ ဝတ်ဆင်လာလိုက်သည်မှာ မျက်စိပင် ကျိန်းမတတ်။ စိန်နားတပ်၊ စိန်လက်စွပ်၊ စိန်လည်ဆွဲ၊ ကျောက်စီလက်ကောက်တွေနှင့် အဝါရောင် ဝမ်းဆက်တို့မှာ ပြိုးပြိုးပြက် လွင့်နေလေသည်။ နေ့စဉ်နှင့်အမျှ အရောင်တွေနှင့် နပန်းလုံးနေရသော ပန်းချီဆရာပင် မျက်စိကျိန်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ဘယ်သူမှမရှိသဖြင့် နန္ဒာသည် သူ ပန်းချီရေးနေရာသို့ တန်းတန်းမတ်မတ်ပင် ရောက်လာသည်။ သူ စောစောက ဆေးလိပ်ထွက်ဝယ်ရာတွင် အိမ်ရှေ့တံခါးကို မပိတ်မိဘဲ ပန်းချီဇောကပ်မိသွားသည်တို့ လည်းမှ ဇဝေဇဝါ ဖြစ်သွားမိသည်။

"ညက တစ်ညလုံး နန္ဒာ ပန်းချီရေးနေတာ အစ်ကို၊ မိုးကို လင်းရော နန္ဒာရေးထားတဲ့ ပန်းချီပုံတွေ ကြည့်ပေးပါဦး၊ ပန်းချီဆရာမ ဖြစ်နိုင်မလား ဟင်"

လက်ထဲကိုင်လာသော စက္ကူလိပ်ကို လှမ်းပေး၍ ပြော၏။ ချက်ချင်း ဆွဲယူပြီး ဖြန့်ကြည့်လိုက်သည်။ ကျိုက်ထီးရိုးစေတီ၊ ရေမြောင်ကြီး၊ ကုက္ကိုပင်ကြီး၊ သမီးရည်းစားအတွဲများ၊ တစ်ခုမှတော့ ဟုတ်တိပတ်တိ မရှိ၊ ထင်မိ ထင်ရာ ရေးလာခြင်းသာ၊ အရောင်မျိုးစုံပါသဖြင့် မျက်စိကစားနိုင်သည်က လွဲလျှင် ဘယ်ပန်းချီမှ မဟုတ်။ နန္ဒာပေးသော စက္ကူလိပ်တွေကို တစ်ခုပြီး တစ်ခု ဖြန့်ကြည့်နေသော သူ့ကို နန္ဒာက ရွှင်ရွှင်ပျပျ စိုက်ကြည့်နေသည်။ သူက နန္ဒာ၏ စက္ကူလိပ်တွေကို ဘေးမှာချလိုက်ပြီး နန္ဒာ၏မျက်နှာကို တည့်တည့် ကြည့်လိုက်၏။ ပြီး ဆုံးဖြတ်ချက်တစ်ခု ချကာ အသံမာမာဖြင့် မေး လိုက်သည်။

"ဒီမှာ ခင်ဗျားနာမည် ဘယ်သူလဲ"

"ရှင် အစ်ကို"

"အစ်ကိုတွေ ဘာတွေ လာလုပ်မနေနဲ့၊ ဒါမျိုးတွေ ရိုးနေပြီ၊ ကျုပ်တို့ ပန်းချီဆရာမှန်းသိလို့ ပန်းချီဝါသနာရှင်အနေနဲ့ စည်းရုံးပြီး တမင် ဟန် ဆောင်လာတာ မဟုတ်လား၊ ခင်ဗျား ဘာသဘောနဲ့ အဲဒီလို လုပ်တာလဲ ခင်ဗျားအကြောင်း ကျုပ် စုံစမ်းပြီးပြီ၊ ခင်ဗျား ပြောခဲ့တာတွေ တစ်ခုမှ မဟုတ်ဘူး"

"ဟို. . ဟို နန္ဒာ့ကို အထင်မလွဲပါနဲ့ အစ်ကိုရယ်၊ နန္ဒာ နန္ဒာလေ အစ်ကို့ကို တကယ်ခင်လို့ပါ၊ အစ်ကို့ ပန်းချီပညာကို လေးစားလို့ပါ အစ်ကို ပြောခဲ့ဖူးတာ မှတ်မိသေးလားဟင်"



"ကျုပ်က ခင့်ဗျားကို ဘာပြောခဲ့လို့လဲ"

"ကျိုက်ထီးရိုးမှာ တွေ့ကြတုန်းက ပန်းချီ သင်ပေးပါ့မယ်ဆို၊ အဲဒါ ကြောင့်. ."

"ပန်းချီသင်ပေးတယ်ဆိုတာ တကယ် ဝါသနာရှင်ကိုမှ သင်ပေးလို့ ရတာ၊ ခင်ဗျားလို ဟန်ဆောင်ဝါသနာရှင်ကို သင်ပေးလို့မရဘူး"

နန္ဒာက သူ့ကို ဝမ်းနည်းသော မျက်လုံးများနှင့် မော့ကြည့်သည်။ ပြီးတော့ ချုံးပွဲချ ငိုလိုက်၏။ ဤသို့ သူ့ရှေ့မှာ သံယောဇဉ်မလေး ငိုနေသည်ကို မြင်ရချိန်တွင် သူ တင်းထားသမျှ အားလုံး လျော့သွား၏။ နန္ဒာ့အနားသို့ တိုးကာ ပခုံးနှစ်ဖက်ကို မဝံ့မရဲ ကိုင်မိလိုက်သည်။

"မငိုပါနဲ့ နန္ဒာရယ်၊ အစ်ကိုလည်း အစ်ကို့အပေါ်မှာ လိမ်ရက်တယ် ဆိုပြီး ရတ်တရက် စိတ်မထိန်းနိုင်လို့ပါ၊ နန္ဒာဟာ အဲဒီလို လူလိမ်လူညာ မဖြစ်နိုင်ပါဘူးကွယ်၊ အဲဒီတော့ အစ်ကို့ကို အမှန်အတိုင်းပြောပြနော်၊ နန္ဒာ နာမည် ဘယ်သူလဲ၊ ဘယ်မှာ နေသလဲ၊ ဘယ်သူနဲ့ နေသလဲ"

ရှိုက်ကြီးတငင် ငိုနေသော နန္ဒာက သူ့လက်များကို ဖယ်ကာ ဗြုန်း တနဲ မတ်တပ်ရပ်လိုက်သည်။ သူ့ကို မာမာထန်ထန် ဆက်ခံလိုက်ခြင်းကို ဝမ်းနည်းမပြေသေးဟန်လည်း ရှိ၏။

"တော်ပြီ၊ နန္ဒာ့ကို ဒီလို အထင်သေး အမြင်သေး စကားတွေ ပြော တာ ဝမ်းနည်းတယ်၊ နန္ဒာ ပြန်မယ်၊ နန္ဒာခင်သလို အစ်ကို မခင်တာ နန္ဒာ သိပြီ၊ နောက်ဆို အစ်ကို့ဆီ ဘယ်တော့မှ မလာတော့ဘူး"

မျက်ရည်မခြောက်သေးဘဲ နန္ဒာ ပြေးအဆင်းမှာ အိမ်ရှေ့လိုက် ကြည့်မိ၏။ ခြံဝတွင် ရပ်ထားသော ကားတစ်စီးထဲ ပြေးဝင်သွားကာ ဝူးကနဲ မောင်းပြေးသွားတာ မြင်လိုက်ရသည်။ ဟော. . ဖိနပ်ချွတ်မှာ နန္ဒာ၏ ထောင်တော့်တန်ဖိနပ် ကျန်ခဲ့ပါလား။ နန္ဒာ ဘယ်က လာတာလဲကွယ်။

နန္ဒာကို ရှောင်နေဦးမည်ဟူသော စိတ်ကူးကို ချက်ချင်း ပယ်ဖျက် တာ နန္ဒာနောက်ကို လိုက်ဖို့ သူ ဆုံးဖြတ်လိုက်တော့သည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com



"ဦးဦး ဟိုနေ့က အမျိုးသမီး လာသွားတယ်ဗျ"

အလုပ်က ပြန်လာလာချင်း ဘိုဘိုက ဆီးပြော၏။ နန္ဒာ သူ့ဆီ ပြန်လာသတဲ့လား။ ဒီရက်တွေမှာ နန္ဒာ့ကို သူ လိုက်ရှာနေမိသော်လည်း အပုန်းကောင်းသော နန္ဒာ့ကို မတွေ့ရ။ လက်စသတ်တော့ နန္ဒာက သူ့နောက်မှာ ရှိနေပုံပါလား။

"ဟိုတစ်နေ့က လာတဲ့ အမျိုးသမီး ဦး၊ ကားသစ်ကြီးနဲ့ လှလိုက်တာ။ ဝတ်လာတာကလည်း အပြတ်လှတယ်၊ ဦးဦးကို မေးတယ်၊ သားက အဲဒီနေ့က ဦးပြောခဲ့တဲ့အတိုင်း ပန်းချီရေးဖို့ ပုဂံထွက်သွားပြီဆိုတော့ ဝါးတောင်ဝေ့း တစ်ခု ပေးထားခဲ့တယ်၊ ပြန်လာရင် ပေးလိုက်ပါတဲ့"

နန္ဒာ ပေးထားခဲ့သည်ဆိုသော ဝါးတောင်ဝေ့းကို ဘိုဘိုက ယူလာပေး၏။ ကျိုက်ထီးရိုးတွင် နန္ဒာကို သူပေးခဲ့သော ဝါးတောင်ဝေ့းပါလား။ နန္ဒာ သူ့ကို စိတ်ဆိုးသွားပြီထင်ကာ စိုးရိမ်နေသော သူ့ရင်မှာ အတန်ပေါ့ပါးသွားသည်။ သူ့ကို နန္ဒာ ဘာလို့ စိတ်မဆိုးနိုင်တာပါလိမ့်။ တကယ်တော့ သူ့စကားလုံးတွေ ရင့်သီးသွားတာ အမှန်ပင်။ နန္ဒာ၏ ဘဝအမှန်ကို သိချင်၍ နန္ဒာ့စိတ်ကို ဆွပေးလိုက်ခြင်းသာ ဖြစ်သည်။

ဩော်. . နန္ဒာရယ် အခုထိ အမှန်ကို မပြောသေးပါလားကွယ်။

"ရော့ ဘိုဘို၊ ဦးဦး ပန်းချီခန်းထဲ သွားထောင်ထားလိုက်ကွယ်"

"ဟုတ်ကဲ့ပါ ဦး"

နန္ဒာ ဘာလို့ ကိုယ်ပေးခဲ့တဲ့ တောင်ဝေ့းကို မှတ်မှတ်ရရ သိမ်းထားတာလဲ။ နန္ဒာနှင့်တွေ့လျှင် မေးလိုက်တော့မည်။

◈ ◈ ◈

ဆိုင်တွင် လက်ဖက်ရည်သောက်ရင်း ကြော်မုံသတင်းစာ ကြော်ငြာများကို လှန်ကြည့်နေမိသည်။ သူငယ်ချင်း ပန်းချီ ပျပ်ပြသမားတွေ ဘယ်နှစ်ယောက် စာအုပ်ထုတ်ဖြစ်ကြပါလိမ့်။



လူပျောက်ကြော်ငြာ ဟူသော ခေါင်းစဉ်အောက်မှ နန္ဒာ၏ဓာတ်ပုံကို တွေ့လိုက်ရသောအခါ သူ ထိတ်လန့်သွားမိသည်။

*အထက်ပါ ဓာတ်ပုံရှင် ကျွန်တော်၏သမီး နန္ဒာမင်းခိုင်မှာ စိတ်ဝေဒနာရှင်တစ်ဦး ဖြစ်ပါသည်။ မကြာခဏ အိမ်က ထွက်သွားတတ်ပါသည်။ ယခုအခါ အိမ်က ကားနှင့် လက်ဝတ်လက်စားအပြင် ငွေတွေပါ ယူသွားသဖြင့် အန္တရာယ်ဖြစ်မှာ စိုးရိမ်နေရပါသည်။ ကားနံပါတ်မှာ ( - ) ဖြစ်ပါသည်။ တွေ့ရှိက ကျွန်တော့်ထံ အမြန်ဆုံး အကြောင်းကြားကြပါ။ ကျေးဇူးဆပ်ပါမည်။ ဖျားယောင်းခေါ်ဆောင်ထားသူများကို ထိရောက်စွာ အရေးယူမည်။ နန္ဒာကို တွေ့လျှင် ဆွေမျိုးများ အမြန်ဆုံး အကြောင်းကြားကြပါ။*

*ဦးမင်းခိုင်*

*အမှတ် (---) အင်းလျားလမ်း*

*ဖုန်း (-----)*

သတင်းစာကြော်ငြာကို ကြည့်ကာ စိတ်ထဲ ဆောက်တည်ရာမရ ဖြစ်သွားမိသည်။

အင်းလျားလမ်းက အိမ်အမှတ်ကို စိတ်ထဲမှတ်ကာ အသိအိမ်တွေကို ချက်ချင်း စဉ်းစားရသည်။ ၅၀/ဘီက ကိုအောင်မြင့်တို့အိမ်၊ ပြီးတော့ နောက် ခိုင်ဇင်တို့အိမ်၊ ဟုတ်ပြီ - ခိုင်ဇင်တို့အိမ်နဲ့ နန္ဒာတို့အိမ်က နီးနီးလေးပဲဟု တွေးလိုက်ကာ ချက်ချင်း ရုံးပေါ် ပြေးတက်လာ၏။ ဒုစီမံကိန်းမှူး ကိုထွန်းသာထွန်းအခန်းထဲ ပြေးဝင်သည်။

"အစ်ကို ကျွန်တော့် ကားခဏ"

အရေးကိစ္စရှိတိုင်း ဤသို့ပင် သူ့ကား ယူနေကျဖြစ်သဖြင့် ကိုထွန်းသာထွန်းက သူ့ကို ဘာလုပ်ဖို့လဲပင်မမေး။ အံဆွဲထဲက ကားသော့ကို လှမ်းပစ်ပေး၏။ အင်းလျားလမ်းရှိ ခိုင်ဇင်တို့အိမ်ကို သူ ဘယ်လို ကားမောင်း၍ ရောက်လာမှန်းပင် သူ့ကိုယ်သူ သတိမထားမိလောက်အောင် ရင်ထဲပူလောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ပေါ်တော်မူကြီး၊ ဘယ်က လာလဲ"

သူ့ကို မြင်မြင်ချင်း ခိုင်ဇင်က ဆီးမေး၏။

"တမင်လာတာ၊ ဒီမှာ အိမ်အမှတ် (---) က နန္ဒာမင်းခိုင် သိလား ဟင် ခိုင်ဇင်"

"ဪ. . ဒါလား၊ သိပါတယ်၊ နင်နဲ့ နန္ဒာနဲ့ သိလို့လား ကျော်မိုး"

"ဟုတ်တယ်၊ သိတယ်၊ ခု ကြေးမုံထဲ ကြော်ငြာတွေ့လို့"

"အမယ်လေး မပူပါနဲ့ဟာ၊ ဆွေမျိုးတစ်အိမ်အိမ် ရောက်နေမှာပေါ့ ဟိုတုန်းကလည်း နန္ဒာ ခုလိုပဲ နိုင်ငံအနှံ့ ထွက်သွားနေကျပါဟ"

"ပြောစမ်းပါဦးဟ၊ နန္ဒာ့အကြောင်း နင် သိသလောက်ပေါ့"

"အေးပါဟာ၊ ပြောပါ့မယ်၊ အအေးလေး ဘာလေး သောက်ပါဦး"

"ငါ အမြန်ဆုံးကို သိချင်တယ်ဟာ"

"ကျော်မိုးရယ်. . အမှန်က နန္ဒာဟာ သနားစရာပါဟာ၊ ငါနဲ့ တီတီစီမှာ သူငယ်တန်းကတည်းက အတူနေလာခဲ့ကြတဲ့ ငယ်သူငယ်ချင်းပါ၊ သူ့အမေက သူငယ်ငယ်တုန်းက ဆုံးသွားတော့ သူ့ခမျာ မေတ္တာငတ်နေရှာတယ်၊ သူ ရှစ်တန်းအရောက်မှာ သူ့အဖေ နောက်မိန်းမယူတော့ အဲဒီမှာတင် စိတ်ဖောက်ဖယက် ဖြစ်တော့တာပဲ၊ စိတ်လည်တဲ့ အရွယ်ကိုးဟာ၊ သူ့မိထွေးနဲ့လည်း လုံးဝမတည့်ကြတော့ ပိုဆိုးတော့တာပေါ့၊ အမှန်က သတင်းစာထဲ သူတို့ကြော်ငြာသလို စိတ်ဖောက်ဖယက် ဖြစ်တာတောင် မဟုတ်ပါဘူး၊ စိတ်လည်တာပါ၊ အဲဒါကို သူ့မိထွေးက ပစ္စည်းတွေ အပိုင်စီးချင်တော့ နန္ဒာ ရူးနေပြီလို့ လူတကာကို လိုက်ပြောပြီး စိတ်ကျန်းမာရေးဆေးရုံ သွားပြ၊ ဘာပြ အတင်းအကျပ်လုပ်တော့ နန္ဒာက ပိုကြမ်းပစ်လိုက်တာပေါ့"

"ဖြစ်မှဖြစ်ရလေဟယ်"

"နန္ဒာကို သူ့မိထွေးက အဲသလို သွားပုပ်လေလွင့် လျှောက်ပြောတော့ ရူးနေတယ်ဆိုပြီး ဘယ်လူတမှလည်း အပေါင်းအသင်း မလုပ်ချင်ကြတော့ဘူး၊ ငယ်ငယ်တုန်းက သူငယ်ချင်း ကောင်လေး၊ ကောင်မလေးတွေတို လည်း မိဘတွေက ဟန့်တားကြတော့ သူ့ခမျာ အထီးကျန်ဖြစ်ပြီး ပိုစိတ်လည်တာပေါ့"

"ကျောင်းလည်း မနေရတော့ဘူးပေါ့"

"ဒါပေါ့၊ နန္ဒာက ကျောင်းဆရာမ သိပ်လုပ်ချင်တာ၊ ကျောင်းသားလေးတွေကို မြင်ရင် သူ့ကိုယ်သူ ဆရာမလုပ်ပစ်လိုက်ရော၊ ပြီးတော့ နင်တို့လိုပဲ ပန်းချီလည်း ငယ်ငယ်ကတည်းက ဝါသနာပါတယ်၊ သေသေချာချာ မသင်ရပေမယ့် ပန်းချီကားတွေ ဆွဲနေတာပဲ၊ ငါ့ကိုတော့ နန္ဒာ အင်မတန်ခင်ရှာပါတယ်၊ အင်းလျားလမ်းက ရွယ်တူ အသိအကျွမ်းတွေထဲမှာ သူ့ကို ငယ်ငယ်တုန်းကလို လူကောင်း ပကတိလို ဆက်ဆံတာလည်း ငါ တစ်ယောက်ပဲ ရှိတာကိုး၊ အဲဒါကြောင့် ဟိုတုန်းကဆို ငါ့ဆီ နေ့တိုင်းလိုလို ရောက်တတ်တယ်၊ တစ်ခါတစ်ခါ ငါနဲ့အတူတောင် လာလာအိပ်တတ်တယ်၊ နောက်တော့ ပါပါလည်း စစ်သံမှူးနဲ့ နိုင်ငံခြားရောက်၊ ငါလည်း အိမ်ထောင်ကျ၊ နိုင်ငံခြားက ပညာသင်သုံးနှစ်လည်း သွားလိုက်တော့ နန္ဒာနဲ့ အဆက်ပြတ်သွားကြတယ်၊ ငါ နိုင်ငံခြားက ပြန်လာတော့ နန္ဒာ ရူးနေပြီလို့ ပြောကြတာပဲ၊ အဲဒါလည်း သူ့အမွေတွေလိုချင်လို့ သူ့မိထွေးဘက်က အသံလွှင့်ကြတာပါ၊ နန္ဒာ ရူးတဲ့အထိ ဘယ်တော့မှ မဖြစ်ဘူးဆိုတာ ငါ သိပါတယ်၊ ခု အိမ်က ကားနဲ့ ပစ္စည်းတွေ ယူသွားတယ်ဆိုတာလည်း သူ့မိထွေးကို အမြင်ကပ်လို့ တမင် အရွဲ့တိုက်တာ နေမှာပဲ၊ ငါတော့ ဝမ်းသာတယ်၊ နို့မို့ ဒီကားသစ်ကြီး ကိစ္စကလည်း နန္ဒာနဲ့ သူ့မိထွေးနဲ့ ခဏခဏ စကားများကြတယ်တဲ့၊ သူ့မိထွေးက စိန်ရွှေရတနာ အရောင်းအဝယ် အလုပ် အကြောင်းပြပြီး ဖဲလည်ရိုက်ဖို့ ကားသစ်ကြီးကို အပိုင်စီးထားတယ်တဲ့၊ ခု တော့ မှတ်ကရော၊ နန္ဒာက ငါ့ကို ပြောပါတယ်၊ သူ့မိထွေး. . "

"ငါ ငါ ပြန်မယ်ဟာ"

"ဟဲ့. . နေစမ်းပါဦး၊ နင်ကလည်း အအေးတောင် မသောက်နိုင်လောက်အောင် ဘယ်လိုဖြစ်တာလဲ"

"ငါ အလုပ်ကလာတာ၊ အရေးကြီးတဲ့ ဒီဇိုင်းတစ်ခု ရှိနေလို့"



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ဇင်ကို ပြောလည်းပြော၊ ဆင်းလည်းဆင်း အိမ်က ထွက်လာခဲ့သည်။

သူ့ဆီ နန္ဒာ လာသွားစဉ်က ဆိုင်တွင် နန္ဒာ ပြောသွားသော စကားတွေကို သတိရလာသည်။ သတင်းစာတိုက်ကို အမြန်ဆုံး သွားရမည်။ အင်္ဂလိပ် မြန်မာ သတင်းစာများတွင် ကြော်ငြာရန် စာသားများကိုလည်း ချက်ချင်း စီကုံးလာရသည်။

*နန္ဒာ၊ ရောက်ရာအရပ်က အစ်ကို့ဆီ အမြန်ပြန်လာပါ၊ နန္ဒာ့ကို အစ်ကို သဘောပေါက် နားလည်ပါတယ်။ အထင်မှားပြီး ပြောခဲ့တဲ့ အစ်ကို့ကိုလည်း ခွင့်လွှတ်ပါ။*

*(ပန်းချီ-ကျော်စိုး)*

သတင်းစာတိုက်က ရုံးပြန် ကားအပ်ပြီး ချက်ချင်း အိမ်ပြန်လာ၏။ နန္ဒာ ပေးထားခဲ့သော ကျိုက်ထီးရိုး ဝါးတောင်ဝှေးလေးကို တရိုတသေ သိမ်းဆည်းကာ နန္ဒာ ကျန်ခဲ့သော ဖိနပ်ကိုလည်း သိမ်းထုပ်ထားလိုက်သည်။ နန္ဒာ ပြန်လာလျှင် ပေးရမည်။ သူ့ကြော်ငြာကို တွေ့လျှင် နန္ဒာ မုချ ပြန်လာလိမ့်မည်ဟုလည်း သူ ယုံကြည်နေသည်။

◈ ◈ ◈

သည်ရက်ပိုင်းမှာ ပန်းချီရေး၍ စိတ်မဖြောင့်၊ ခြေသံကြားတိုင်း နန္ဒာ လာပြီဟူသော အတွေးနှင့် အခန်းဝကို လှည့်လှည့်ကြည့်ရသည်မှာလည်း အမောပင်။ နန္ဒာကား ယခုထိ သူ့ဆီ ပေါ်မလာသေး၊ ကားပါသွားသဖြင့် သူ့အဖေ စိုးရိမ်သလို သူလည်း စိုးရိမ်နေမိသည်။ သူ စကားတွေ မာမာ ထန်ထန် ပြောလိုက်သောနေ့က နန္ဒာ ကားမောင်းသွားပုံကို ပြန်လည် မြင်ယောင်မိသောအခါ သတင်းစာထဲတွင် ကားမှောက်၍ ကားတိုက်၍ ဟူသော သတင်းတွေကို ဖတ်ရတိုင်း ရင်တမမ ဖြစ်နေရသည်။

"ပန်းချီဆရာ၊ သံကြိုးစာဗျို့"



ဆက်သွယ်ရေး လုပ်သားကြီးထံမှ သံကြိုးစာအိတ်ကို လက်မှတ်ထိုး ယူရင်း လက်တွေ တုန်နေသည်။ အမေ များစွာ နေမကောင်းဟု ဦးလေးဆီက စာကို ရသည်မှာ ရက်ပိုင်းလောက်သာ ရှိသေးသည်။ ကမန်းကတန်း သံကြိုးစာအိတ်ကို ဖွင့်ဖတ်လိုက်၏။

*အစ်ကို*

*နန္ဒာလာသေးတယ်၊ ပုဂံကို ပန်းချီရေး ထွက်သွားတယ်ဆိုလို့ နန္ဒာ အစ်ကို့ကို ဘုရားကြီးဘုရားကြားမှာ ရှာနေပါတယ်၊ နန္ဒာနဲ့ ပန်းချီ အတူ ရေးရအောင် ပုဂံကို အမြန်ဆုံး လိုက်လာခဲ့ပါ၊ သီရိပစ္စယာဟိုတယ်က စောင့်ကြိုနေပါတယ်။*

*အစ်ကို့ နန္ဒာ*

သိမ်းဆည်းထားသော ပန်းချီခန်းထဲက ဝါးတောင်ဝှေးနှင့် နန္ဒာ့ဖိနပ် ထုပ်ကို မျက်စိထဲ မြင်မိလိုက်သည်။ ချက်ချင်းပင် နန္ဒာရှိနေသော ပုဂံသို့ လိုက်သွားရန် ခွင့်ရက်ရှည်တင်ကာ ရုံးခန်းထဲက အပြေးထွက်လာမိလေသည်။

www.burmeseclassic.com

# ရေရိပ်ထဲက မိုးကောင်းကင်

ယန္တရားစခန်းဘက် ဆင်းလာသည်။ စက်ကြီးဂိတ်နားမှ ဝင်လျှောက်လာ၏။ ဈေးပြန် ကားတစ်စီး ဆည်ဝင်းထဲ ဝင်လာသည်။ ဖုန်ရော အလိပ်လိပ် နောက်က ပါလာ၏။ နှာခေါင်းကို ရုတ်တရက် လက်နှင့် အုပ်လိုက်မိသည်။ လမ်းကွေ့တွင် ခဏ ရပ်စောင့်နေရ၏။

ဈေးကားအရပ်တွင် မြို့ဈေးလိုက်သွားသူအချို့ ကားပေါ်က ဆင်းလာကြသည်။ လုပ်သားတန်းလျားဘက်မှ အမျိုးသမီးနှစ်ယောက်နှင့် အလုပ်သမားတစ်ယောက်ကို သတိထားမိသည်။ မြင်ဖူးတွေ့ဖူးသော မျက်နှာများပင်။ သို့သော် လူနှင့် နာမည်ကို တွဲပြီးတော့မသိ။

"အစ်ကို ဟန်ထွန်း. . ဈေးထဲမှာ ကြီးကြီးသန်းနဲ့ တွေ့ခဲ့တယ်"

နှာခေါင်းကို ပိတ်၍ ခေါင်းငုံ့နေရာက ပက်လက်ကားပေါ် မော့ကြည့်မိသည်။ လူတွေအားလုံးမှာ ဖုန်တွေ ပေကျံလာကြသည်။ အမျိုးသမီးများက ဆံပင်ကို ပဝါနှင့် အုပ်လာကြ၏။ အမျိုးသားများ၏ ဆံပင်တွေမှာတော့ နီကျင်ကျင် ဖုန်တွေနှင့် အကြည့်ရဆိုးနေသည်။

အသံကိုကြားရမှ သူ့အား လှမ်းပြောနေသူကို မှတ်မိသွားသည်။ အထွေထွေအုပ်ချုပ်ရေးဌာနတွင် ရုံးအကူလုပ်နေရသော မိမိတို့ မြို့က မောင်တင်အောင်။ တစ်လမ်းတည်းဖြစ်သဖြင့် ယခင်ကပင် ရင်းနှီးသည်။ ထို့ကြောင့်လည်း မောင်တင်အောင်က အကျွမ်းတဝင် လှမ်းပြောခြင်း ဖြစ်သည်။



"အေး. . ငါလည်း မြို့မရောက်တာ တစ်လကျော်ပြီကွ၊ အမေ နေကောင်းလား"

"ဟုတ်ကဲ့. . ကြီးကြီး နေကောင်းပါတယ် အစ်ကိုကြီး၊ ဈေးမှာ တွေ့လို့ အစ်ကိုကြီးကို အိမ်လာပါဦးလို့ မှာလိုက်တယ်"

"ဟုတ်လား"

"ဟုတ်ကဲ့"

"တခြား ဘာများ မှာလိုက်သေးလဲကွ"

"တခြားတော့ ဘာမှ မမှာလိုက်ပါဘူး အစ်ကိုကြီး"

"အေး. . အေး" ဟု ပြောလိုက်သည်။

ဈေးကားသည် ဖုန်တထောင်းထောင်းနှင့် အရာရှိရိပ်သာဘက် ဆက်တက်သွားသည်။

မောင်တင်အောင် ပြောသွားမှ စိတ်ထဲက အမေ့ကို လွမ်းသလို ဖြစ်သွားမိသည်။ ငယ်စဉ်ကပင် အဖေမရှိသော သူတို့မောင်နှမ ငါးယောက်ကို ဈေးရောင်းပြီး ကျွေးမွေး ပြုစုလာခဲ့သော အမေ။ ယခုဆိုလျှင် အမေ့အသက်က ငါးဆယ်ကျော်ပြီ။ သို့သော် ဈေးရောင်းတုန်း၊ သန်တုန်း၊ မြန်တုန်း၊ ကျန်းမာရေး ကောင်းတုန်း။ ညီငယ် ညီမငယ်များကို ကျောင်းထားပေးတုန်း။

နိုင်ငံခြားသား အင်ဂျင်နီယာများကိုထားသော ဧည့်ရိပ်သာဘက် တစ်ချက် လှမ်းကြည့်မိသည်။ ဟေမန္တ၏ ဆေးသားများက မှုန်ဝါးစပြုနေပြီ။ နွေ၏ အခင်းအကျင်းက ရင်ထဲ လာဟပ်သွားသည်။ သီဂီရောယှက် မြသစ်ရွက်တို့ လေထဲ လှုပ်ခတ်နေကြသည်။

သက်ပြင်းမောတစ်ချက်ကို မသိမသာ ချမိသွားသည်။

အမေနှင့် မတွေ့ရတာ မြို့ကို မရောက်ဖြစ်တာ တစ်လကျော်သွားပြီ။ ပန်းလှိုင်ဆည် စီမံကိန်းသို့ ဟန်ထွန်း မရအရ လိုက်လာရခြင်းမှာ မိမိမြို့နှင့် နီး၍ ဖြစ်သည်။ အမေနှင့် ဝေးဝေးလံလံတွင် မနေချင်တာလည်း ပါသည်။ သို့သော် ဆည်တည်ဆောက်စတမှ သုံးလကြာ၍ပင် အမေနှင့် တစ်ခေါက် မတွေ့ဖြစ်၊ မြို့ကို မရောက်ဖြစ်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ဆည်စီမံကိန်းကြီးနှင့် ပတ်သက်သော မြို့ပြဆိုင်ရာ လုပ်ငန်းများမှာ ၉၉ ရာခိုင်နှုန်း ပြီးစီးသွားပြီ။ တမံမကြီး၊ တမံငယ် တစ်နှစ်-သုံး။ ရေပိုလွှဲ အဆောက်အဦး၊ ရေလွှဲဥမင်၊ အရေးပေါ် ရေပိုလွှဲ၊ ရေထိန်း တံခါး၊ လျှပ်စစ် စသည့် အဆောက်အအုံများကို ကန်ထရိုက်ရထားသော ဟွန်ဒိုင်း (Hyundai) ကုမ္ပဏီမှ ပါရဂူအချို့ပင် ပြန်သွားကြပြီ။ ကျန်နေခဲ့ ရသော ပါရဂူအချို့နှင့် အင်ဂျင်နီယာအချို့မှာလည်း ယခုမှ မြန်မာနိုင်ငံ ကို လည်နိုင်ပတ်နိုင်ကြတော့သည်။

ယန္တရားစခန်းဘက် လျှောက်လာရင်း မနက်ဖြန်တော့ ဈေးတာနဲ့ မြို့ကို လိုက်သွားလိုက်ဦးမှ။ အမေ့ဆီ ဝင်ခဲ့ဦးမှဟု တွေးလာသည်၊ အမေ ဤသို့ မကြာခဏမှာတတ်သည်ကို သတိရသဖြင့် ရင်ထဲမှာ ဘာမှမခံစားရ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက်ပင် ယန္တရားစက်ကြီးဘက် ရောက်လာ သည်။

◈ ◈ ◈

တွေ့နေမြင်နေကျအတိုင်း အမေ့ကို ဈေးဆိုင်တွင် ဈေးထိုင်ရောင်း၍ တွေ့ရသည်။ ငယ်စဉ်က အမေ့အနားတွင် ထိုင်ပြီး ဈေးကူရောင်းပေးခဲ့ သည်ကို သတိရမိသည်။ ရင်ထဲ ကြည်နူးသလို၊ ဝမ်းနည်းသလို ခံစားလိုက် ရသည်။ မုဆိုးမ အမေခမျာ ခုထိ ဈေးရောင်းပြီး ညီငယ်၊ ညီမငယ်များကို လုပ်ကျွေးတုန်း၊ ပညာသင်ပေးတုန်းပင် ရှိသေးသည်။

ဟန်ထွန်းအပါအဝင်သားနှစ်ယောက်၊ သမီးတစ်ယောက်က အလုပ် နှင့်အကိုင်နှင့် ဖြစ်နေကြတော့ အမေ့ကို ဈေးမရောင်းဖို့ သားတွေ၊ သမီး တွေက ဝိုင်းပြောကြသည်။ ဤသည်ကို အမေက "အမေ ဈေးလျှောက်လည် ရောင်းရတာမှ မဟုတ်တာကွယ်၊ ကိုယ့်ဆိုင်ကိုယ် ဇိမ်နဲ့ထိုင်ပြီး ရောင်းရ တာပဲ. ခြေဖျား ရေစိုသလား၊ ဖုန်ကပ်သလား၊ သားတို့ သမီးတို့ အမြင်ပဲ



တဲ - အမေ ဈေးမရောင်းတော့ပါဘူး ဆိုပါတော့၊ သားတို့သမီးတို့ ရတဲ့ လခနဲ့ ညီငယ်၊ ညီမငယ်နှစ်ယောက် ကျောင်းစရိတ်တောင် လုံလောက်ပါ့ မလား၊ တွက်ကြည့်လေ" ဟု ဆိုသည်။

ညီလေးနှင့် ညီမလေးနှစ်ယောက်စလုံးမှာ မန္တလေးတက္ကသိုလ်တွင် ပညာသင်နေကြသဖြင့် စရိတ်က မသေးလှ။

ထို့ကြောင့် အမေ့စကားအဆုံးမှာ ဘွဲ့ရ သားသမီးသုံးယောက်၏ ပါးစပ်ပေါက်တွေက အလိုလို စေ့သွားကြလေသည်။

အမေ့ဆိုင်ရှေ့ သွားရပ်သည်နှင့် သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ အမေက "လာ. . သား ထိုင်" ဟု ဆီးကြိုပြောသည်။ ခါတိုင်းလို အမေ့အပြုံး ကို မမြင်ရ၍ ဖြင့် ရင်ထဲ တစ်မျိုး ခံစားလိုက်ရသည်။ အမေ့ဘေးနားတွင် ဝင်ထိုင်လိုက်၏။

"သားကို မနေ့က ခင်မေ့တူလေးနဲ့ အမေ မှာလိုက်တာ"

"ဟုတ်ကဲ့. . မောင်တင်အောင်က ပြောပါတယ် အမေ၊ အဲဒါကြောင့် လာတာ"

"သား. . ခု ဘာစားခဲ့ပြီလဲ၊ လက်ဖက်ရည်မှာလိုက်. . "

"ဘာမှ မှာနဲ့အမေ၊ သား စားသောက်လာခဲ့ပြီ"

ဈေးဝယ်သူတစ်ယောက် လာသဖြင့် အမေ့စကား ခဏရပ်သွား သည်။

"ခု သား ပန်းလှိုင်က ဘာနဲ့လာသလဲ"

"ဈေးကားနဲ့အမေ"

"ဟင်. . ဒါဆို စောစောပြန်ရမှာပေါ့"

အမေက သူ့မျက်နှာကို ကြည့်သည်။ သူကလည်း အမေ့မျက်နှာကို အကဲခတ်ကြည့်၏။ ဘာများ အကြောင်းထူးရှိလို့လဲဟု တွေးသည်။

"သားတို့အလုပ်က သိပ်များနေလား"

"ဟိုတုန်းကနဲ့စာရင် ဘာမှ အလုပ်မများတော့ပါဘူး အမေ၊ ဆည် တာ ပြီးနေပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ထမင်းစားပြီးမှ ပြန်ပါလား၊ သား ကြိုက်တတ်တဲ့ ငါး
သလောက်ပေါင်း၊ အမေ မနေ့ထဲက ပေါင်းထားတာ"

အမေ့ကို တွေ့ပြီး ပြန်ရုံပဲ အထင်နှင့် အလုပ်တွင် ဘာမှ မမှာခဲ့ရ
ဟန်ထွန်း ခဏ တွေသွားသည်။ အမေ ဘာစကားများ အရေးတကြီး ပြော
စရာရှိပါလိမ့်။

"ဪ. . သား အပြန်ခက်မယ် ထင်တယ်နော်၊ ပန်းလှိုင်တောသွား
ကားကြုံရှိပါ့မလား"

"အမေ ဘာပြောစရာရှိလို့လဲ၊ ခု ပြောလိုက်လည်း ရတာပဲ"

သားမျက်နှာကို ကြည့်သည်။ ဘေးပတ်ဝန်းကျင်ကိုလည်း အကဲခတ်
သည်။ ရုတ်တရက် အမေ့ဆီမှ ဘာစကားမှ ထွက်မလာ။ ပို၍ စိတ်တင်း
ကျပ်သလို ဖြစ်လာသည်။

"ကားကြုံမရှိလည်း အိမ်က စက်ဘီးတစ်စီးစီး ဆွဲသွားတာပေါ့၊ အချိန်
မနက်ဖြန်မှ ဈေးကားနဲ့ တင်ပေးလိုက်ရင် ရပါတယ်၊ အမေ ဘာတိုင်ပင်
စရာ ရှိလို့လဲ"

"ငါ့သား ပန်းလှိုင်ထိ စက်ဘီးနဲ့ သွားရမယ်ဆိုတော့ ဖြစ်ပါ့မလား
နှစ်နာရီ သုံးနာရီများ ကြာနေမလား"

"မကြာပါဘူး အမေ၊ ခု လမ်းကောင်းနေပါပြီ၊ အများဆုံး တစ်နာရီ
တစ်နာရီခွဲလောက်ပါ"

'အေး. . အေး' ဟုဆိုကာ ဆိုင်ကို ထပိတ်သည်။ တစ်ခုခု အကြောင်း
ထူးပြီ ဆိုတာတော့ သိလိုက်၏။

"အမေ ကျွန်တော် ထမင်းစားပြီးမှ ပြန်တော့မယ်၊ ဈေးကား
အလုပ်ကို သွားမှာလိုက်ဦးမယ်"

"အေး. . အေး"

အလုပ်ကို သွားမှာပြီး သူ ပြန်လာသည်။ အမေ ဆိုင်ပိတ်ပြီးနောက်
သားအမိနှစ်ယောက် လမ်းလျှောက်ရင်း ဈေးထဲက ထွက်လာကြသည်။



ဈေးဝထိပ်တွင် အမေက မုန့်ဟင်းခါး စားဦးမလားဟု မေးသေးသည်။ မစား
ချင်တော့ဘူးပြောမှ ဆိုင်ရှေ့ရပ်နေသော အမေ့ခြေလှမ်းက ရွေ့သည်။

"အမေ ဘာပြောမလို့လဲ"

မအောင့်နိုင်၍ လမ်း၌ပင် မေးမိသည်။

အမေ၏ မသိမသာ သက်မ တစ်ချက်ချလိုက်သံကို ကြားလိုက်ရ
သလိုပင်။

"အမေ သားကို ပြောမှာက မေသူနဲ့ပတ်သက်လို့ပဲ သား"

"ဟုတ် ဟုတ်ကဲ့ အမေ"

မေသူနှင့်ပတ်သက်၍ ဆိုသဖြင့် ရင်ခုန်သွားသည်။

"မေသူ ဘာဖြစ်လို့လဲ အမေ"

ခါတိုင်း ဆုံးမစကား၊ တိုင်ပင်စကားပြောလျှင် အလွန် နှုတ်သွက်
သော အမေသည် ဤတစ်ခါ တုန့်ဆိုင်းဆိုင်း ဖြစ်နေသည်။ ဤသည်ကိုပင်
ဟန်ထွန်းကလည်း အားမလိုအားမရနှင့် မေးနေမိ၏။

"အေး. . ဖြစ်တယ်ပဲ ပြောရမလား၊ မဖြစ်ဘူးပဲ ပြောရမလား၊ အမေ
ကြားတာကတော့ မေသူ ကောင်လေးတစ်ယောက်နဲ့ တွဲနေတယ်တဲ့၊ ကောင်
လေးက ရုပ်လည်း ချောတယ်၊ ပစ္စည်းရှိပုံလည်း ရတယ်တဲ့၊ ကျောင်းတက်
တာလည်း ကားနဲ့တက်တယ်တဲ့"

ဤတစ်ခါ သက်မ ချလိုက်သူကတော့ ဟန်ထွန်း။

အမေ့စိုးရိမ်သလို သူ့ရင်ထဲမှာလည်း ရုတ်ချည်းပူလောင်သွားသည်။

"အမေ့ကို ဘယ်သူ ပြောသလဲဟင်. . အမေ"

"မင်းနှမ လှကေသီက ပြောတာ သား"

ရင်ခုန်နှုန်းက ဗဟိုချက်မ ဖြစ်သော နှလုံးသားကို လာထိသွား
သည်။

"အမေနဲ့ လှကေသီနဲ့ ဘယ်မှာ တွေ့ကြလို့လဲ"

"ကုန်ခဲ့တဲ့အပတ်က ကေသီ လာသွားတယ်၊ အမေက နင့်အစ်ကိုနဲ့
တွေ့ရအောင် တစ်ညစောင့်ပါဦးဆိုတော့ ဒီညပဲ ရထားဆင်းဖို့ လက်မှတ်

www.burmeseclassic.com

www.burmeseclassic.com



ယူပြီးပြီတဲ့၊ အစ်ကိုဟန်ထွန်းကိုသာ ပြောဖြစ်အောင် ပြောလိုက်ပါလို့ မှာသွားတယ်"

"ကေသီက ဘာလာလုပ်တာလဲ အမေ"

"သူ့မောင်လေး လှချမ်းငြိမ်း လှည်းနင်းမိတာ သံကြိုးရလို့ လာတာလေ"

"သက်သာသွားပြီ မဟုတ်လား"

"သက်သာသွားပါပြီ၊ အဲဒါကြောင့် နှစ်ညပဲ အိပ်ပြီး ပြန်သွားတယ် သူတို့ဌာနက အလုပ်သိပ်များတယ်၊ ခွင့်ယူမရလို့တဲ့"

လှကေသီမှာ ဟန်ထွန်းတို့နှင့် မောင်နှမတစ်ဝမ်းကွဲ တော်သူ၊ အမေ့ မောင်၏ သမီး၊ ရန်ကုန်တက္ကသိုလ် စာပေးစာယူဌာနတွင် အလုပ်လုပ်သူ။

စီးပွားရေး နောက်ဆုံးနှစ် မေသူနှင့် စာပေးစာယူ ဌာနစိတ်တွင် အလုပ်လုပ်သူတို့မှာ တက္ကသိုလ်တည်း ဟူသော ပရဝုဏ်ထဲတွင် ဆုံစည်းနိုင်ကြသည်။ ကြားနိုင်၊ မြင်နိုင်၊ တွေ့နိုင်သော အကြောင်းများစွာ ရှိလေသည်။

လှကေသီသည် မဟုတ်မမှန်ဘဲ အမေ့ကို ပြောမည်မဟုတ်။ လုပ်ကြံလည်ဆည်၍ ပြောဝံ့သော အခြေအနေလည်း မရှိ။ သူ မြင်သလား၊ ကြားသလားလည်း ထပ်မေးစရာ မလိုတော့။ ဟိုလူပြော၊ သည်လူပြောနှင့် တစ်ဆင့် ပြောခြင်းမဟုတ်။ သူကိုယ်တိုင် တွေ့တာ၊ မြင်တာဟု ဆိုခဲ့ပြောခဲ့ကြောင်း အမေက ထပ်လောင်း ပြောပြသည်။

ဟန်ထွန်းမှာ မျက်နှာမထားတတ်အောင် ဖြစ်သွား၏။

မေသူ၏မိုက်မဲမှုသည် မည်မျှအထိ နက်ရှိုင်းနေလေပြီနည်း။ ချစ်သူ၊ မိဘ၊ မောင်နှမဆွေမျိုးများ မျက်ကွယ်တွင် ဘာတွေဖြစ်နေပြီနည်း။

"စကားပုံရှိတယ် သား၊ မတတ်သေးတော့ စေ့စပ်သည်တဲ့၊ ဘယ်လောက်ပဲ ချစ်ကြ မြတ်နိုးကြပါတယ်ပြောပြော စေ့စပ်ပြီးသားပဲဆိုဆို အဓေဝေးတော့ အငွေ့ပဲရှိတာ။ လူသားတိုင်းဟာ အငွေ့ကို ခံနိုင်ကြပေမယ့် အတွေ့ကျတော့ တော်တော်တန်တန်လူက မခံနိုင်ဘူး။ တစ်ရွာတစ်ကျေး နေနေကြရတဲ့ ချစ်သူရည်းစားတွေ မပြောနဲ့ အိမ်ထောင်ရှင် ရင့်မာကြီးတွေ



တောင် ဖောက်လဲဖောက်ပြန် ဖြစ်တတ်ကြသေးတာပဲ။ မီးဝေး ချိတ်မာ ဆိုသလို အရပ်ဝေးတော့လည်း မေ့တတ်သည်တဲ့ သား"

အမေက ဖြစ်တတ် ပျက်တတ်သော သဘောတရားများကို လေးလေးမှန်မှန် ပြောလာသည်။ ဟန်ထွန်းရင်ထဲ အရမ်းကြီးကို ဆွေးသွား၏။

"အဲဒါ အမေ့သဘောကတော့ သား ရန်ကုန်ကို လိုက်သွားစေချင်တယ်၊ အလုပ်ကိစ္စနဲ့ လာသလိုလို တစ်ခုခု ဥပါယ်တံမျဉ်နဲ့ပေါ့၊ သူ့မိဘတွေလည်း မသိစေ၊ မရိပ်မိပါစေနဲ့၊ ဒီကိစ္စဟာ အားလုံးအတွက် အရှက်တကွဲ အကျိုးနည်း ဖြစ်ကြရမယ့် ကိစ္စဆိုတော့ သားစိတ်ကိုလည်း အတတ်နိုင်ဆုံး ထိန်းပြီးသာ လိုက်သွားပါ"

"ဟုတ်ကဲ့"

"အေး တစ်ခုတော့မှာလိုက်ပါရစေ၊ ကိုယ့်ဂုဏ်သိက္ခာ၊ မိဘညီအစ်ကိုမောင်နှဂုဏ်သိက္ခာ၊ ကိုယ့်ရပ်ကိုယ့်ရွာက နှစ်ဘက်လူတွေရဲ့ ဂုဏ်သိက္ခာကိုတော့ မထိခိုက်ပါစေနဲ့။ မိန်းမတစ်ယောက်ကိစ္စနဲ့ ရန်ဖြစ်ကြ၊ သတ်ကြ၊ ပုတ်ကြ. . "

"စိတ်ချပါအမေ၊ မေသူ့ကို တွေ့ရင် ကျွန်တော် အေးအေးဆေးဆေး ဆွေးနွေးပြီး အကျိုးသင့်အကြောင်းသင့် ပြောပြမှာပါ၊ တကယ်လို့ သူက လက်မခံနိုင်တော့ဘူးဆိုတော့လည်း ပြန်လာရုံပါပဲ"

"အေး အမေကလည်း သားဆီက ဒီစကားမျိုးပဲ ကြားချင်ပါတယ်၊ ဒါဟာ အမေတောင်းတဲ့ ကတိနော် သား"

"ဟုတ်ကဲ့ပါအမေ၊ သား မေသူနဲ့ ဘယ်လိုမှ အဆင်မပြေဘူး ဆိုတောင် မေသူ့ကိုရော သူ့ချစ်သူကိုပါ လက်ဖျားနဲ့ မပြောနဲ့ စကားနဲ့တောင် မထိပါးဘူး၊ မရိုင်းပြပါဘူးဆိုတာ အမေ့ကို ကတိပေးပါတယ်"

"အေး အေးကွယ်၊ ငါ့သား အသက်ရှည်ပါစေ၊ ဘုန်းကြီးပါစေ၊ အန္တရာယ်မျိုး ကိုးဆယ့်ခြောက်ပါး ကင်းပါစေ၊ လာမည့်ဘေး ဆီးပါစေ၊ ထိမယ့်ခလုတ် ဆုတ်ပါစေ"

www.burmeseclassic.com

www.burmeseclassic.com



အမေ၏အသံသည် စိုးရိမ်ကြောင့်ကြမှုနှင့် ကွဲအက်လာသလား ထင်ရသည်။ သူ့ရင်ထဲမှာ ပို၍ ပူလောင်လာသည်။

◈ ◈ ◈

ရင်ခုန်သံ ပူပူနွေးနွေးများကို ကြားလာရပြန်သည်။ မေသူနှင့်ပတ်သက်သမျှသော ရင်ခုန်သံများထဲတွင် ယခု ရင်ခုန်သံကမူ သူ့အသည်းနှလုံးကို အပူလောင်ဆုံး၊ အကျယ်လောင်ဆုံး ဖြစ်စေသည်။ မေသူသည် သူ့ကို အမြဲ လောင်မြိုက်စေခဲ့သူလားဟုလည်း တွေးလာသည်။

လွင့်မျောအာရုံရိပ်ထဲတွင် မေသူ၏ အတိတ်ရုပ်သွင်က ပိုထင်လာသည်။ စိတ်လိုဖိတ်မှုစီးကြောင်းထဲတွင် အရိပ်သဏ္ဌာန်တို့က တစ်ခုပြီး တစ်ခု၊

ထိုစဉ်က. .

ထိုစဉ်ကလည်း ရင်ခုန်ခဲ့ရသည်။ ရင်ပူခဲ့ရသည်။ နှလုံးစိတ်ဝမ်း မချမ်းမမြေ့ ဖြစ်ခဲ့ရသည်။

ဝသန္တ၏ ဆေးစက် ဆေးကွက်များ ပေကျံနေသော လမ်းမအတိုင်း ဟန်ထွန်း လျှောက်လာသည်။ မိုးမလင်းသေး၊ နေအရုဏ်ဦးကိုလည်း မမြင်ရသေး။ မိုးတဖွဲဖွဲထဲတွင် မှုန်ဝါး အားငယ်နေသော လမ်းဘေးမာတ်တိုင်များမှ လင်းအားနည်း အလင်းရောင်ထဲတွင် အားမာန်အပြည့်နှင့် လျှောက်လာနေသည်။ ဆယ်တန်းအောင်လျှင် ဟူသော ရောင်စုံအတွေးတွေက ခြေလှမ်းကို ပိုသွက်စေသည်။ ချမ်းရ အေးရမှန်းကို လုံးဝ သတိမရမိ။

အောင်စာရင်း ကပ်ထားသော ရုံးရှေ့ ရောက်လာသည်။ သူ့ထက် စောစီးစွာ ရောက်နှင့်နေသူတွေက အများကြီး၊ ဆူညံအော်ဟစ်နေသူတွေက တစ်ပြုံတစ်မကြီး၊ သည်တောင်တွေ ညအိပ်၍ပင် စောင့်နေကြသလား ထင်မိလိုက်သည်။ လူအုပ်ရှေ့ သူရောက်သွားသည်။ ထီးကို ပိတ်လိုက်ရသည်။



ဆယ်တန်းအေမှ ကျော်မြင့် လူအုပ်ထဲက တိုးထွက်လာသည်။ သူ့လို ထီးမပါ၊ တစ်ကိုယ်လုံး စိုရွှဲနေသည်။ ဆံပင်ရှည်ရှိုင်းရှိုင်းများတွင် မိုးသီးစိန်ပွင့်များ မီးရောင်ထဲ လက်လက်တောက်နေသည်။

"ဟေး ဟေ့ကောင် ဟန်ထွန်း မင်း တစ်စရီ ဒီပါတယ်ကွ၊ ငါလည်း အောင်တယ်"

"အေး"

သူ့ရင်ထဲ ဆို့နင့်နင့် ဖြစ်သွားသည်။ ဝမ်းသာလွန်း၍ လည်ချောင်းထဲမှာ လာတစ်နေသော အလုံးကို အားနှင့် မျိုချလိုက်သည်။

"နောက်တော့ တို့ အတန်းထဲက ဘယ်သူတွေ အောင်သေးလဲကွ"

"မြစိန်တို့ မောင်နုမ အောင်တယ်ကွ၊ မေသူကတော့ ရှုံးတယ်"

"ဟေ. ."

ရုတ်တရက် တုန်လှုပ်သွားသည်။

မေသူ စာမေးပွဲရှုံးတာ ဟုတ်မှ ဟုတ်ရဲ့လားဟုလည်း ချက်ချင်း သံသယ ဝင်သွားမိသည်။ မေသူသည် အတန်းထဲတွင် အတော်ဆုံး ဖြစ်သည်။ ဘယ်လိုများ ဖြစ်သွားပါလိမ့်။

"ဟေ့ကောင် ဘာငိုင်နေတာလဲ၊ မိုးရွာလာပြီ၊ ထီးဖွင့်လေကွာ၊ မင်း ဝမ်းမသာဘူးလား၊ ငါတော့ အရမ်းဝမ်းသာသွားပြီကွ၊ အမေ့ကို ပြေးပြောလိုက်ဦးမယ်"

အားမာန်အပြည့်ပါသော ကျော်မြင့်၏အသံသည် ဆူညံနေသော လူအုပ်ထဲ ဟိန်းထွက်သွားသည်။

ကျော်မြင့်မှာလည်း သူ့လိုပင် မုဆိုးမသားဖြစ်သဖြင့် ကိုယ်ချင်းစာမိသည်။ သို့သော် မေသူအတွက် သူ ဆွေးသွားသည်။ ကျော်မြင့်ထွက်သွားတော့ ထီးကိုပိတ်ပြီး လူအုပ်ထဲ ဝင်တိုးသည်။ ကိုယ်တိုင်ကိုယ်ကျ မြင်ချင် ကြည့်ချင်သေးသည်။ အတင်းတိုးဝှေ့ပြီး ကြည့်သည်။

သက်ပြင်းတစ်ချက်ကို ရှည်လျားစွာ ချလိုက်မိသည်။ မေသူ စာမေးပွဲ ရှုံးတာ သေချာသည်။ ရင်ထဲ သောကတွေ ချက်ချင်းပင်ရောက်လာ၏။

www.burmeseclassic.com



ကျောင်းသားတစ်ယောက်၏ ကိုယ်ချင်းစာစိတ်နှင့် ရင်ထဲ နင့်သွားမိသည်။

အပြန်တွင် မေသူ့ဆီ ဝင်ပြောရကောင်းမလားဟု တွေးသည်။ မိုးလင်းမှ အောင်စာရင်းကြည့်ရန် ရောက်လာကြသော မိန်းကလေးကျောင်းသူများထဲတွင် မေသူ့ကို ရှာကြည့်သည်။ မတွေ့ရ။ မေသူ့ကို တစ်ယောက်ယောက်ပြော၍သိသဖြင့် အောင်စာရင်း လာမကြည့်တာလားဟု တွေးသည်။ ကျော်မြင့် ပြောသွားသော မြစိန်တို့မောင်နှမမှာ မေသူတို့နှင့် တစ်လမ်းထဲ ဖြစ်သည်။

"ဟေ့ကောင် ဟန်ထွန်း မင်း အောင်တယ်လေကွာ၊ ဟစ်စရီ ဒီတောင်ပါတာ ဘာငိုင်နေတာလဲ ကြည့်ပြီးပလား"

လူအုပ်ထဲတွင် ထီးထီးရပ်နေသော သူ့အနားလာပြီး အေးမင်းက ပြောသည်။ ရုတ်တရက် သူ လန့်သလို ဖြစ်သွားသည်။ သူ့မျက်နှာ အမူအရာ မည်ကဲ့သို့ ဖြစ်နေသည်ကို သူ မခန့်မှန်းတတ်။ မျက်နှာတည်နေသလား။ ညှိုးငယ်နေသလား သူ့ကိုယ်သူ မသိ။ ဤသည်ကိုပင် အေးမင်းနှမ လင်းလင်းအေးက "ကိုလတ်ကလည်း မသိတတ်လိုက်တာ၊ ဒီပါတဲ့လူဆိုတော့ အိုက်တင်ဝိုက်တင်တွေ ခံပြီး တည်တည်ကြီး လုပ်နေရတာပေါ့တော့" ဟု ဆိုသည်။

ထိုအခါမှ လင်းလင်းအေးကို "နင်တို့လည်း အောင်တာပဲဟာ" ဟု ရမ်းပြောလိုက်ရ၏။ အမှန်က လင်းလင်းအေးတို့မောင်နှမ အောင်မအောင်ကို သူ သတိမရမိခဲ့။ မောင်နှမနှစ်ယောက် ရွှင်မြူး တက်ကြွနေသည်ကို မြင်ရ၍ ရမ်းပြောလိုက်ခြင်းသာ။

အေးမင်းကို သူ့သူငယ်ချင်းတစ်ယောက်က လှမ်းခေါ်သည်။ အေးမင်း ထွက်သွားတော့ လင်းလင်းအေးက "ကိုဟန်ထွန်း စိတ်ထိခိုက်သွားတယ်ထင်တယ်နော်" ဟု တီးတိုးဆိုသည်။

"ငါက ဒီတောင်ပါတာ ဘာကို ထိခိုက်ရမှာလဲ"

"အမယ် မသိတာကျနေတာပဲ"

လင်းလင်းအေးကို သူ ပြန်ပြောလိုက်သံက စိတ်တိုနေမှန်း သိသာ



သည်။ ထို့ကြောင့်လည်း လင်းလင်းအေးက သူ့ကို ပြန်ပက်ခြင်း ဖြစ်၏။ ရုတ်တရက်မှ လင်းလင်းအေးကို သူက ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

"မေသူတော့ မတွေ့မိဘူးနော် ကိုဟန်ထွန်း"

"ငါလည်း သတိထားမကြည့်မိခဲ့ဘူး"

သတိထား၍ လေအေးနှင့် ပြောသည်ကို လင်းလင်းအေးက "လုပ်ပြန်ပြီ" ဟု ဆို၏။ ဤတစ်ခါတော့ လိုမ့်မရတော့၍ သူ ရယ်ပြလိုက်သည်။

"စိတ်မကောင်းလည်း ဖြစ်မနေပါနဲ့ ကိုဟန်ထွန်းရယ်၊ မေသူတို့က သူဌေးတွေပဲ၊ ဒီနှစ်မအောင်လည်း ကျောင်းဆက်နေနိုင်တဲ့လူတွေပါ၊ ကိုဟန်ထွန်းတို့ ကျွန်မတို့မှာသာ ဈေးရောင်းတစ်ဖက်နဲ့ ကျောင်းတက်ရတာ ဆိုတော့ ဒီနှစ်မှ မအောင်ရင် ကျွန်မတော့ ကျောင်းထုတ်ခံရမှာ သေချာတယ်"

"အေးလေဟာ" ဟု ပြောလိုက်ရသော်လည်း သူ စိတ်ရှုပ်နေသည်။ လင်းလင်းအေးနှင့် စကားမြန်မြန် ပြတ်ချင်နေသည်။

"ဆယ်တန်းအောင်တော့ ကိုဟန်ထွန်း တက္ကသိုလ်ဆက်တက်မှာပေါ့နော်"

လင်းလင်းအေး၏ အမေးစကားကို ဟန်ထွန်း ရုတ်တက် မဖြေနိုင်ဖြစ်သွားသည်။ သက်ပြင်းတစ်ချက်ကို လေးလေးလံလံ ချမိလိုက်သည်။ လင်းလင်းအေးကလည်း သိလိုစိတ်နှင့် ထပ်မေးနေ၏။

"ဟင် ကိုဟန်ထွန်း"

"မထင်ပါဘူး လင်းလင်းရာ"

"ဘာတို့ မထင်တာလဲဟင်"

"ဩော် . . တက္ကသိုလ် ဆက်တက်နိုင်ဖို့ ပြောတာပါ"

"အင်းနော်၊ ကိုဟန်ထွန်းတို့ ကျွန်မတို့ဘဝကလည်း မရေရာလိုက်တာ"

ဒီကောင်မလေး ဒီနေ့ စကားကြီး စကားကျယ်တွေ အစုံးပြောနေပါလားဟု တွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မေသူက အတန်းထဲမှာလဲ အတော်သားပဲနော်"

"ဟ. . စာမေးပွဲကျတယ်ဆိုတာ ညံ့လို့ကျတာပေါ့ဟ"

မေသူနှင့်ပတ်သက်၍ ဘာခံစားချက်မှ မရှိသလို ပြောလိုက်ရသည်။ လင်းလင်းအေးက အံ့ဩသွားသံနှင့် "မြင်းကောင်းခွာလိပ် ဆိုသလို ဖြစ်တာကိုဟန်ထွန်း၊ မေသူတော်တာတော့ အမှန်ပဲ၊ စာမေးပွဲ မဖြေမီ လေးငါးရက်အထိ ကျွန်မတို့ တစ်အုပ်စုလုံးက သူ့ဆီ သချာသွားတွက်ကြရသေးတာပဲ။ သိတာပေါ့" ဟု ဆိုသည်။

"သချာတစ်ဘာသာတည်း တော်ရုံနဲ့ အောင်ပါ့မလားဟ၊ စာမေးပွဲအောင်တယ်ဆိုတာ ဘာသာစုံ တော်မှ အောင်တာ"

မေသူ စာမေးပွဲ ရှုံးသည့်အတွက် သူ မည်မျှ စိတ်တိုနေသည်ကို လင်းလင်းအေး သိပုံမရ။ တစ်ခုခု အကြောင်းကြောင့် မေသူနှင့် ကိုဟန်ထွန်းတို့ အဆင်မပြေများ ဖြစ်နေကြသလား ဟူသော သံသယမျက်လုံးနှင့် ကြည့်၍. . .

"မေသူက ကျွန်မတို့ထက်တော်တာ ကိုဟန်ထွန်းအသိပါ"

"တော်ရင် အောင်ရမှာပေါ့ဟ၊ ခု မတော်လို့ ကျတာပေါ့"

ဟန်ထွန်းမှာ စကားကြောရှည်နေသော လင်းလင်းအေးကို စိတ်တိုလာသည်။

"ကိုဟန်ထွန်း သွားတော့အားပေးလိုက်ဦးနော်၊ အတော်ကြာရင် ကျွန်မလည်း သွားမယ်"

လင်းလင်းအေးကို မိဘ်မရှည်ချင်တော့။ စောစောတမှ တော့်မြင့် ပြောသွားသော စကားကို သတိရကာ "ငါ သွားမယ်ဟာ၊ အမေ့ကို ဈေးထဲ သွားပြောလိုက်ဦးမယ်" ဟု ပြောကာ ဟန်ထွန်း ဈေးဘက် ထွက်လာသည်။ မိုးလင်းသွားပြီ။

လင်းလင်းအေးက အံ့ဩစွာ ကျန်နေခဲ့၏။

"တော်စမ်းပါ မိညှက်ရာ ငါ နားကြားပြင်းကပ်လိုက်တာ။ စာမေးပွဲမှာ မေးတဲ့ မေးခွန်းပုစ္ဆာဆိုတာ နင်တို့ တစ်နှစ်လုံး သင်ထားတဲ့ စာအုပ်တွေထဲက လှည့်ပတ်မေးတာဟာ၊ မေးခွန်းပုစ္ဆာကို သဘောမပေါက်ဘဲ တလွဲတွေ ဖြေလာလို့ ရှုံးတာပေါ့"



"ရှုံးတော့မှာပေါ့တော့၊ ဟို သူငယ်ချင်းက ဘာစာမရလို့၊ ဒီသူငယ်ချင်းက ဘာစာမရလို့ဆိုတာနဲ့ လတ်လျားလတ်လျား လျှောက်သွားနေတာ။ ဟိုလူလာ သချာတွက်ပြလိုက်၊ ဒီလူလာ အင်္ဂလိပ်စာ ရှင်းပြလိုက်နဲ့ ကိုယ့်စာကိုယ်တော့ ပိုင်ပိုင်နိုင်နိုင် မလုပ်တဲ့ ကောင်မ၊ ခုတော့ ဘယ့်နှယ်ရှိစ မိရွှေညှက်၊ နင် ပြပေး သင်ပေးတဲ့ သူငယ်ချင်းတွေက အောင်ကြပြီး နင်က စာမေးပွဲ ရှုံးတယ်ဆိုတော့ အရပ်ရပ် နေပြည်တော် ကြားလို့မှ တော်ရဲ့လားဟ၊ ဒီစကား ဒီမှာတင်ပြော၊ သူများရှေ့ အရှက်မရှိ သွားမပြောနဲ့"

တိုက်အရှိန်နှင့် ဘောင်ဘင်ရိုက်ခတ်လာသော အသံကြောင့် ခြေလှမ်း တုံ့သွားသည်။ မေသူ၏ မိဘနှစ်ပါးက မေသူအား စာမေးပွဲရှုံး၍ ဆူပူနေကြသည်။

တိုက်ထဲ ဝင်သင့် မဝင်သင့် ခဏတွေနေမိသည်။ သူ ဝင်သွားလျှင် မိဘနှစ်ပါးရှေ့ မေသူ သိပ်များရှက်နေမလား။ ခုလောက်ဆိုလျှင် စာမေးပွဲ ရှုံးတာနှင့် မိဘဆူတာနှင့် ရှိုက်ကြီးတငင် ငိုနေပြီလားဟု တွေးလိုက်သည်။ တိုက်ကြီးထဲ မဝင်ဝံ့တော့။

'မေသူ အားငယ်နေမှာ စိတ်ဓာတ်ကျနေမှာ စိုးလို့ အားပေးရအောင် တို့လာသေးတယ်။ ဦးတို့ အဒေါ်တို့က မေသူ့ကို ဆူနေကြသံ ကြားလို့လည်း မဝင်ရဲတော့ဘဲ လစ်ထွက်လာရတယ်' ဟု နောက် ကြုံမှ ပြောပြတော့မည် ဟူသော အတွေးနှင့် ဟန်ထွန်း ပြန်လှည့်ထွက်လာ၏။

ခြံဝင်းထွက်ပေါက်နား မရောက်ခင်မှာပင် "မောင်ဟန်ထွန်း မဟုတ်ဘူးလား၊ လာလေကွယ်၊ ဘာလို့ လှည့်ပြန်သွားရတာလဲ" ဟူသော မေသူ့အမေ၏အသံကို ကြားလိုက်ရသည်။

လှည့်ကြည့်လိုက်စဉ် မေသူ့အမေ ခေါင်းကို ပြတင်းတံခါးဝတွင် လှမ်းမြင်ရ၏။ ဟန်ထွန်း ပြန်လှည့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ထင်သလို မဟုတ်။ မေသူကား ပြုံးပြုံးရွှင်ရွှင်ပင်။ ဟန်ထွန်း အံ့သြသွားသည်။ စာမေးပွဲရှုံး၍ မိဘတွေ ဆူပူကြိမ်းမောင်းနေသည့်ကြား ထဲက သူကား မျက်နှာတစ်ချက် မညိုး၊ ဟန်ထွန်းကို မြင်သည်နှင့် "စာမေးပွဲ အောင်လို့ ကောင်းချီးသြဘာ မင်္ဂလာစကားတွေ ချီးမြှင့်နေကြတာ ကြား တယ်မဟုတ်လား" ဟု ရယ်ပြီး ဆီးပြောသည်။ ဟန်ထွန်းက ဘာမှ ပြန် မပြောဘဲ ဆက်တီတစ်ခုပေါ် ကုတ်ကုတ်ကလေး ဝင်ထိုင်လိုက်၏။

"ချီးမြှင့်ရတာပေ့ါ၊ တော်တာကိုး၊ ပြောတော့ မိုးလားကဲလား၊ ဘယ် လူက အင်္ဂလိပ်စာ ညံ့လို့၊ ဘယ်လူက သင်္ချာမတွက်တတ်လို့နဲ့ အိုး.. တကယ်တည်း သူငယ်ချင်းတွေအတွက် ပူပန်နေလိုက်ရတာ ယောက်ယက် ကို ခတ်နေတာ၊ နောက်ဆုံးကျတော့ အတော်မ အတတ်မကာ စာမေးပွဲ ကျတယ်လေ"

"အမေကလည်း သမီး သိပါတယ်ဆို၊ ဒီနှစ်အောင်ရင်လည်း အမှတ် က နည်းနည်းလေးပဲရမှာ၊ အမှတ်နည်းတော့ ကိုယ်လိုချင်တဲ့ မေဂျာ မရမှာ စိုးလို့ တမင်ကို အောင်အောင် မဖြေခဲ့တာ"

"ဟုတ်များ ဟုတ်လေမလား" ဟု ဟန်ထွန်း တွေးလိုက်စဉ် သူ့အမေ က "ပြောပြန်ပြီ တစ်မျိုး၊ အဲဒါဆို နင် စာမေးပွဲဖြေတုန်းကပင် ဘာလို့ မပြောလဲ" ဟု ဆို၏။

"အမေတို့ ဆူမှာစိုးလို့"

"ခုလည်း ဆူတာပဲ ဘာထူးလဲ"

ဟန်ထွန်း တစ်ခွန်း ဝင်ပြောလိုက်သည်။

"အလကားပါကွာ၊ စာမေးပွဲကျတော့ တောပြော တောင်ပြော လျှောက်ပြောနေတာ"

"အဖေကလည်း သမီးပြောတာဆို မယုံဘဲကိုး၊ နောက်နှစ်ကျ စောင့် ကြည့်လေ၊ ဒီ အနည်းဆုံး နှစ်ခု ပါရမယ်"

"လာပြန်ပြီ" ဟု ပြောကာ သူ့အမေက အောက်ဆင်းသွား၏။



ဟန်ထွန်းကိုတော့ မေသူ မိဘနှစ်ယောက်စလုံးက ချီးကျူးကြသည်၊ ၎င်းသည်ကို မေသူက "သမိုင်း ဒီပါတာ တော်လို့မဟုတ်ပါဘူး၊ စာကျက်နိုင် ရင် ရတာပဲ" ဟု ဆို၏။

"နင် ဘာလို့မကျက်ခဲ့လဲ" ဟု သူ့အဖေက ပြောတော့ "နောက်နှစ် ကြည့်ပါဆို အဖေကလည်း" ဟု ပြန်ပြော၏။

ပြန်ခါနီးတွင် ဟန်ထွန်းက "ဘယ်လူ ဘာပြောပြော ယောက္ခမတွေ ချီးကျူးရင် တော်ပြီ" ဟု တီးတိုး ကပ်ပြော၏။

"အမယ် မယ် အသားယူနေလိုက်တာ သူ့ကို ဘယ်သူက လက်ထပ် မယ်လို့ ကတိပေးထားလဲ" ဟု ပြော၏။

မေသူ၏ ထိုစကားကို ထိုအချိန်က ရင်ခုန်ရမှန်းမသိခဲ့၊ အပြောင် အပျက် ပြောခြင်းသာဟု ထင်ခဲ့၏။ ယခုတော့ မေသူ၏ ထို အပြောင် အပျက်စကားသည် အတည်ပြောခဲ့လေခြင်းလားဟု ဆွေးနေရလေပြီ။

◈ ◈ ◈

"တကယ်လားဟင်" ဟု မေးလိုက်သည်။ အကြည့်တည်တည်နှင့် ခေါင်းညိတ်ပြ၏။ ဟန်ထွန်း သက်ပြင်းရှည်တစ်ချက် ချလိုက်မိသည်။ မေသူ တကယ် သွားတော့မှာပဲဟူသော အတွေးကြောင့် ရင်ထဲ ဆွေးသွားသည်။

စာမေးပွဲ အောင်စာရင်းထွက်ပြီး တစ်လပင် မကြာသေးပေ၊ သူ မိမိမြို့က ထွက်သွားတော့မည်။ အဒေါ် အရင်းတစ်ယောက်ရှိသော ရန်ကုန် တွင် နေမည်၊ ကျူရှင်ကောင်းကောင်းယူပြီး ဆယ်တန်းမအောင်မချင်း မိမိ မြို့ကို မပြန်တော့ဟု ဆိုသည်။

ဟန်ထွန်းတို့ထက် သူ့ကိုယ်သူ အမြဲတော်သူ၊ တတ်သူဟု ထင်ထား ခဲ့သော မေသူသည် စာမေးပွဲရှုံး၍ ရှက်သွားတာဟု ပြောကြသည်၊ လူကောင် ညှက်သလောက် စိတ်ကြီးသည်။ သို့သော် မိမိ အရပ်တွင် ကျောင်းနေခွင့် ရှိလျှက်နှင့် ရန်ကုန်တွင် ကျောင်းသွားနေမည်ဆိုသည်ကိုတော့ ဟန်ထွန်း အံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေသူ ရန်ကုန်သွားတော့မည်ဆိုတော့ ရင်ထဲ အရမ်းကြီးကို ဆွေး သွားတယ်ဟာ"

လွှတ်ကနဲ ထွက်သွားသော သူ့စကားကို မေသူ "ဘာဖြစ်လို့" ဟု ချက်ချင်း ပြန်မေးသည်။

"ဩော်. . မေသူရယ်၊ နေ့တိုင်း တွေ့နေမြင်နေရတဲ့ ကိုယ့်ချစ်သူတို့ တစ်လတစ်ခါတောင် မြင်ရတော့မှာ မဟုတ်လို့ပေါ့"

"အပိုတွေ လာပြောမနေစမ်းပါနဲ့၊ သူပဲ ပြည် ဂျီ-တီ-အိုင် သွားတက် မယ်ဆို၊ ပြည်ရောက်သွားရင်ကော ကဲ - တစ်လတစ်ခါ မြင်ရမှာမို့လား"

"ဘာလို့မမြင်ရမှာလဲ တစ်လတစ်ခါမဟုတ်ဘူး၊ တစ်ပတ် နှစ်ရက် သုံးရက်တောင် မြင်နေရမှာ"

"ဘယ်လို မြင်နေရမှာလဲ"

"ပြည်က သောကြာနေ့ ညရထားနဲ့ လာမယ်၊ တနင်္ဂနွေ ညရထား နဲ့ လာမယ်၊ တနင်္ဂနွေ ညရထားနဲ့ ပြည်ပြန်မယ် ကဲ မမြင်ဘဲရှိမလား"

"ဟုတ်သားပဲ" ဟု ပြောပြီး ရယ်သည်။

"ဒါဆို မေသူ ရန်ကုန် မသွားတော့ဘူးပေါ့နော်"

"မသွားလို့တော့ မဖြစ်ဘူး ကိုကို၊ ရန်ကုန်က အဒေါ်တို့နဲ့ အားလုံး ပြောဆို တိုင်ပင်ပြီးပြီ"

ဟန်ထွန်း ငိုင်သွားသည်။

"ကိုကိုကောဟင်၊ မေသူနဲ့ မကွဲမကွာနေချင်ရင် အင်းစိန် ဂျီ-တီ- အိုင် လျှောက်ပါလား"

"အင်းစိန် ဂျီ-တီ-အိုင်တော့ ဦးလေးက မပြောဘူး၊ ပြည်က ဂျီ-တီ -အိုင် တက်ချင်ရင်တော့ သူရအောင် လုပ်ပေးမယ်လို့ ဦးလေးက ပြော တယ်၊ ဒါတောင် သေသေချာချာတော့ သူလည်း မသိသေးဘူးတဲ့"

ဟန်ထွန်း၏ မျက်နှာကို စိုက်ကြည့်နေသည်။ တစ်စုံတစ်ခုကို နက် နက်ရှိုင်းရှိုင်း တွေးနေသလို နှုတ်ခမ်းကို စေ့ထားသည်။ မျက်လုံးအိမ်ထဲတွင် ဆွေးရိပ်သန်းနေသည်ကိုတော့ ခန့်မှန်းမိသည်။



ဟန်ထွန်းအနေမှာ သားအကြီးဆုံး ဖြစ်သည်။ အမေမုဆိုးမက ဈေး ရောင်း၍ ကျောင်းထားပေးခဲ့ရ၏။

သူ့အောက်တွင် ကျောင်းသူကျောင်းသား ညီငယ်ညီမငယ် လေး ယောက် ရှိနေသေးသည်။ ထို့ကြောင့် ကျောင်းမြန်မြန်ပြီး၍ အလုပ်မြန်မြန် ရနိုင်မည့် လမ်းကို လိုက်ရသည်။

မေသူတို့မှာတော့ တစ်ဦးတည်းသောသမီး တက္ကသိုလ်ပညာကို ဆက်လက်သင်နိုင်သော်လည်း စာမေးပွဲရှုံးသဖြင့် စိတ်ထိခိုက်နေပုံရသည်။ ဟန်ထွန်းကိုတော့ မဟုတ်၊ တခြား ပြိုင်ဘက်များကိုလည်း မခံချင်တာ ရှက်တာ ပါမည်။ ထို့ကြောင့် ရန်ကုန်ကို ထွက်သွားတော့သည်။

အတန်ကြာ အတွေးကိုယ်စီနှင့် နှုတ်ဆိတ်နေကြပြီးမှ "မေသူ့ အတွက်နဲ့ ကိုကို့ရည်ရွယ်ချက်တော့ မဖျက်ပါနဲ့၊ မေသူလည်း မေသူ့ ရည်ရွယ်ချက်ကို မဖျက်ပါဘူး" ဟု တွေးတွေးဆဆ ပြောသည်။ ဟန်ထွန်း ကမူ ဘာပြန်ပြောရမှန်း မသိ။ ရင်ထဲ ဆို့နေသလိုပင်။

ဟန်ထွန်း ငိုင်နေသည်ကို မြင်တော့ "ဟင်. . ကိုကိုနော်၊ မေသူ ဆုံးဖြတ်တာ မမှားပါဘူးနော်" ဟု မေးပြော ပြောသည်။

"မမှားပါဘူး မေသူရယ်၊ ဆွေးတာကတော့ ဆွေးတာပေါ့၊ ဒါပေ မယ့်. ."

"အင်းပေါ့၊ မေသူလည်း ကိုကို့လိုပဲပေါ့၊ ဒါပေမယ့် ကိုယ့်ဘဝ အတွက်၊ ကိုယ့်ပညာရေးအတွက် ခေတ္တခဏ စွန့်ခွာ. ."

"စွန့်ခွာတယ်ဆိုတဲ့ စကား မပြောပါနဲ့ မေသူ"

"ဟုတ်ပါတယ်. . ဆောရီးကွယ်နော်၊ မေသူ အပြောမှားသွားလို့ပါ၊ စွန့်ခွာတာ မဟုတ်ပါဘူး၊ ခေတ္တခဏ ခွဲခွာနေကြတာပါ ကိုကို"

"ရန်ကုန်ရောက်သွားရင်သာ ကိုကို့ကို မမေ့ပါနဲ့ မေသူရယ်"

"အမယ်. . ကိုကိုသာ အင်ဂျင်နီယာကြီး ဖြစ်သွားတော့ သူများကို မမေ့ပါနဲ့"

"မမေ့ဘူး. . မမေ့ဘူး၊ တစ်သက်မမေ့ဘူး၊ ဘယ်တော့မှ မမေ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မမေ့ဘူး . . မမေ့ဘူး၊ တစ်သက်မမေ့ဘူး၊ ဘယ်တော့မှ မမေ့ဘူး"

မေသူ ရန်ကုန်သွားခါနီး သူပြောခဲ့သော စကားများကို အမှတ်ရနေမိသည်။ တကယ်လည်း မမေ့ပါ။ ဟန်ထွန်း ပြည်မြို့ရှိ စက်မှုကျောင်း ဖိ-တီ-အိုင် စတက်သော နှစ်မှာပင် မေသူ ဆယ်တန်းစာမေးပွဲ အောင်ခဲ့သည်။

သူ ကြုံးဝါးသွားခဲ့သလို ဂုဏ်ထူးတော့ တစ်ဘာသာမှ ပါမလာ။ ဤသည်ကို ဟန်ထွန်းက မေသူ ရှက်နေမှာစိုး၍ ဟပင်မဟရဲ။ မေသူ စိတ်ကြီးမှန်း သိနေ၍ အပြောင်အပျက်လည်း မနောက်ရဲ။

သူနှင့် နီးနီးကပ်ကပ် နေရအောင် ပြည်ဒေသကောလိပ် တက်ရန်သာ ဟန်ထွန်း တိုက်တွန်းမိသည်။ မေသူက လက်မခံ။ ကွာလီဖိုင်း ဖြစ်လျှင် ကျူရှင်လျှင် ဟူသော ရည်ရွယ်ချက် ရှိနေသေးသည်။ ဘွဲ့လွန် တက်ချင်သေးသည်။ မာစတာဖြစ်ရန် မျှော်လင့်နေသေးသည်။ သူ့ကိုယ်သူ ထင်နေသေးသည်။ ဂုဏ်ထူးတန်း ကျောင်းသူကြီးအဖြစ် ဝင့်ကြွားချင်သေးပုံ ရသည်။

ထို့ကြောင့် ရန်ကုန်မှာပင် ကျူရှင်ထပ်တက်ပြီး ဘွဲ့ရအောင် နေမည်ဟု အကြောက်အကန် ဆိုသည်။ ဟန်ထွန်းမှာ အမြဲ လက်လျှော့ရသူဖြစ်၍ အတိုက်အခံ မပြောရဲ။ ရင်ထဲက ဝေဒနာတွေကို မျိုသိပ်၍ လက်လျှော့ရ၏။ ရင်ထဲတွင် လှုပ်ခတ်လာသော ဝေဒနာတွေကို ကျိတ်မှိတ်မျိုသိပ်ထားရသည်။ ရန်ကုန်တွင် မေသူ စွဲငြိနေသူများ ရှိနေလေပလားဟူသော သံသယတွေကလည်း ဝင်လာသည်။

သို့သော် အနေဝေးနေကြသော်လည်း စာအဆက်အသွယ် မပြတ်။ ကျောင်းပိတ်ရက်များတွင် မိမိတို့မြို့၌ အတူဆုံကြသည်။ လူကြီးမိဘနှစ်ဘက်ကလည်း သဘောတူပြီးသားဖြစ်သဖြင့် လွတ်လွတ်လပ်လပ် နေခဲ့ကြသည်။ စက်ဘီး တစ်ယောက်တစ်စီးစီနှင့် မေသူတို့ ဆွေမျိုးများရှိရာ ရွာများသို့ပင် သွားလည်ကြသည်။ တက္ကသိုလ်ကျောင်းသူကြီးနှင့် စက်မှုကျောင်းတက်နေသော ဟန်ထွန်းနှင့် မေသူတို့ကို တစ်မြို့လုံးက သိပြီးသားဖြစ်သဖြင့် မကဲ့ရဲ့ကြတော့။



ကျောင်းဖွင့်တော့ ကိုယ့်ကျောင်း ကိုယ် ပြန်ကြသည်။ အပြန်အလှန် ချစ်သဝဏ်လွှာများ မပြတ် ပို့ကြသည်။ နောက်တစ်နှစ် ကျောင်းပိတ်တော့လည်း မိမိမြို့တွင် ပြန်ဆုံကြပြန်သည်။ မြို့ကို အရင်ဦး၍ ရောက်နှင့်နေသူက ဘူတာမှ စောင့်ကြိုနေတတ်သည်။ သူတို့ဘဝမှာ အင်မတန် ပျော်ရွှင်စရာ ကောင်းခဲ့သည်။

သည်လိုနှင့် ဟန်ထွန်း အေ-ဂျီ-တီ-အိုင် အောင်လာသည်။ ပန်းလှိုင်ဆည် စီမံကိန်းတွင် အလုပ်စဝင်ရသည်။ မေသူက စီးပွားရေး နောက်ဆုံးနှစ်ကျောင်းသူ ဖြစ်လာသည်။ မေသူ ကျောင်းပြီးလျှင် လက်ထပ်ပေးစားရန် နှစ်ဘက်မိဘများက စီစဉ်ထားကြသည်။

ထို့ကြောင့် ယခု မေသူ၏သတင်းကို ကြားရသောအခါ ဟန်ထွန်း တုန်လှုပ်သွားသည်။ မေသူသည် ဤသို့ ဖောက်လွဲဖောက်ပြန် လုပ်လိမ့်မည်ဟု မထင်ခဲ့သဖြင့် ပို၍ ခံစားရသည်။ အမေ့ရှေ့တွင် ကတိအမျိုးမျိုး ပေးခဲ့ရသော်လည်း ရင်ထဲက နာလာသည်။ တော်တော်စွန့်စားရမည့် အလုပ်ပါလားဟု သက်မ အကြိမ်ကြိမ်ချမိသည်။ မင်းစိုးတို့ ရန်ကုန်သွားကြမည့် အခေါက်ကို သူသွားမည်ဟု ဆုံးဖြတ်လိုက်သည်။

◈ ◈ ◈

ပန်းလှိုင်ဆည် စီမံကိန်းက ပြီးသလောက်ရှိနေပြီ။ နိုင်ငံခြားပါရဂူ အချို့ပင် ပြန်နေကြပြီ။ ဟန်ထွန်းတို့ကတော့ ရုံးချုပ်ကိုပြန်ရဖို့ မလွယ်သေး။ မူးမြစ်ဝှမ်း စီမံကိန်းကြီးက ဆီးခံနေပြန်၏။

တမြန်နေ့ကပင် ရွှေ့ပြောင်းယန္တရားစက်ကြီးအဖွဲ့တစ်ဖွဲ့ မူးဘက်ကို ထွက်ခွာသွားကြသည်။ တည်ဆောက်ရေး ပြီးသွားပြီဖြစ်သဖြင့် ထိန်းသိမ်းရေးအပိုင်းမှ လုပ်သားအင်ဂျင်နီယာများသာ ပန်းလှိုင်တွင် ကျန်နေခဲ့ကြသည်။

ရှည်လျားသော သက်မ တစ်ချက်ကို ပင်ပန်းကြီးစွာ ချမိပါသည်။ ဝေဒနာမွန်းကြပ်မှုက ရင်ထဲ ပေါ့မသွား။ ဆည်ဘောင် တာရိုးပေါ်မှ တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခတ်လာသော လေထဲတွင် အောက်စီဂျင် ဆိတ်သုဉ်းနေသည်။ အသက်ရှူ၍ မဝ။

မေသူနှင့်ပတ်သက်သော ရင်လေးစရာ စကားကို ပြောထားခဲ့သူ နှမဝမ်းကွဲ လှကေသီ၏မျက်နှာကို မြင်ယောင်မိသည်။

ဆည်ဘောင် တာရိုးဘက် တက်လာသည်။ နေအိုနွမ်း၏ ဆည်းဆာရောင်သည် ဆည်ရေပြင်ပေါ် ရောက်နေသည်။ ဆေးလိပ်ဖွာရင်း သွား၍ ပင် တစ်ပင်ရင်း ထိုင်ချလိုက်သည်။ ဆည်ရေပြင်ကို အဓိပ္ပါယ်မဲ့ ငေးကြည့်နေမိသည်။

ရေငြိမ်နေသော ဆည်ရေပြင်ရိပ်အောက်ရှိ အတွင်း မိုးကောင်းကင်ထဲတွင် လဝန်းငယ်တစ်ခု ထွန်းပနေသည်။ မိုးပေါ်ကို မော့ကြည့်မိ၏။ အပေါ် မိုးကောင်းကင်တွင် ဖြူလွှပါးလျားသော တိမ်ပုဝါ တစ်စနှစ်စတ လွင့်မျောနေသည်။

ရေရိပ်ထဲက မိုးကောင်းကင်ကို ငေးကြည့်နေသည်။ ရေရိပ်ထဲ မြင်နေရသော မိုးကောင်းကင်မှာ ဒြပ်အကောင်အထည် မရှိ၊ ဖြစ်တည်မှု အရာဝတ္ထု တစ်ခုခုပေါ် အမှီသဟဲပြု၍ ထင်သော အရိပ်။ သို့သော် မိုးပေါ်က ကောင်းကင်ထက် ကြည်နူးစရာကောင်းသည်။ လဝန်းလေးကလည်း ပိုလှသည်။ ရင်ထဲမှာ ပို၍ ခံစားရ၏။ ပြန့်ကျဲ လွင့်မျောနေသော တိမ်ပုဝါတို့များသည် အတိုင်းမဲ့ လွင့်မျောနေကြသည်။ သူ့စိတ်သည်လည်း တိမ်ပုဝါများနှင့်အတူ အနန္တစကြဝဠာဆီ လွင့်ပါသွားသည်။

ကုန်ခဲ့သော ကျောင်းပိတ်ရက်ကို ပြန်တွေးမိသည်။ ကျောင်းပိတ်၍ မေသူ ပြန်လာမည့်ရက်ကို သံကြိုးပို့သည်။ ကြို၍လည်း စာရေးခဲ့သည်။ စာထဲတွင် "ကိုကို ဘူတာ လာကြိုနော်" ဟု ပါသည်။ ခါတိုင်းလည်း ကြိုနေကျဖြစ်ပါလျက် ဘာကြောင့် သံကြိုးရိုက်မှာသည်ကို ယခု ပြန်တွေးကြည့်သည်။ ဘယ်လိုမှ တွေးမရ။



ဟန်ထွန်းမှာ ဆည်စီမံကိန်းကြီးထဲက ပင်နီယံတစ်ခု၊ စပန်နာ တစ်ချောင်း။ မူလီ တစ်လုံးလို ဖြစ်နေသဖြင့် လာမကြိုနိုင်မှာစိုး၍ ခွင့်ယူလွယ်အောင် သံကြိုးရိုက် မှာတာလားဟု တွေးမိသည်။

"စာမေးပွဲဖြေပြီးရင် သူသူ ချက်ချင်း ပြန်လာတော့မယ်နော် ကိုကို၊ စာမေးပွဲ အောင်အောင်၊ မအောင်အောင် ဒီနှစ်တော့ မိဘသဘောအရ ကိုကိုနဲ့ လက်ထပ်တော့မယ်လို့ သူသူ ဆုံးဖြတ်လိုက်ပြီ၊ ကိုကို မပျော်ဘူးလား ဟင်၊ လက်ထပ်ပြီးရင် ကိုကို အရင်က ပြောဖူးသလို ကိုကိုတို့နေတဲ့ ပန်းလှိုင် တောကြီးတောင်ကြီးထဲတော့ သူသူ လိုက်မနေဘူးနော်၊ သူသူတို့အိမ်မှာပဲ နေကြမယ်၊ ကိုကိုတို့ ပန်းလှိုင်အိမ်တွေက အိမ်နဲ့ အိမ်သာ တခြားစီဆိုတော့ သူသူ မနေရဲဘူး၊ ညဆို သူသူက အိမ်အောက်မှ မဆင်းရဲတာ၊ နောက်တော့ အနေကျသွားမှာပေါ့၊ သူများတွေလည်း ဒီလိုပဲ နေကြတာလို့ ကိုကို အရင်က ပြောဖူးတာကို သတိရလို့ ကြိုပြောထားရတာပါ၊ အဲဒါတော့ သူသူ ခုကပင် တောင်းဆိုထားရတာပဲ၊ ကိုကို ဈေးကားနဲ့ အလုပ်ကို လိုက်သွားရင်တော့ ဟင် . . ရပါတယ်နော် ကိုကို"

အခန်းထဲတွင် မေသူ ပေးထားသော စာများကို တစ်စောင်ပြီး တစ်စောင် ပြန်ဖတ်ကြည့်သည်။ ခွဲခွာသွားမည့် အတိတ်နိမိတ်တွေ တစ်စွန်းတစ်စကို ရှာကြည့်ရသည်။

ယခင်က 'မေသူ' ဟူသော အသုံးအနှုန်း၊ အပြောအဆိုနှင့် ဆက်ဆံခဲ့သော မေသူသည် ယခု စာထဲမှာတော့ သူ့ကိုယ်သူ 'သူသူ' ဟု သုံးနှုန်းထားသည်။

သူ့အိမ်ရှိ လူတွေက မေသူအား စိတ်လိုလက်ရရှိလျှင် 'သူသူ' ဟု ခေါ်ပြောသည်။ စိတ်အခန့်မသင့်လျှင်တော့ မိဘနှစ်ပါးက 'မိညက်' ဟု ခေါ်ကြသည်။ ယခု 'မေသူ' အစား 'သူသူ' ဟု သုံးနှုန်းထားခြင်းမှာ စိမ်းကားသည့်သဘောလား၊ ပိုပြီး ချစ်ခင်တွယ်တာ မြတ်နိုးလာသည့် သဘောလား။

မေသူ၏စာကို တစ်စောင်ပြီးတစ်စောင် အစအဆုံး ဖတ်သည်။ ဆုံးဖြတ်စဉ်းစား၍ မရ။ ရင်ထဲက ပိုဟာလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းစာမေးပွဲ အောင်စာရင်းထွက်စဉ်က မေသူ စာမေးပွဲရှုံး၍ ရန်ကုန်မှာ ကျောင်းသွားနေရမည်ဟု ပြောစဉ်ကထက် အဆများစွာ ခံစားရသည်။ ရင်ထဲ အရမ်းကြီးကို ဆွေးသွားသည်။

အေးစိမ့်သော ဆောင်းနှောင်းလေသည် သူ့ရင်ကို မအေးချမ်းနိုင်။ ရှုံးဘက် လျှောက်လာ၏။ စိမ်အုပ်ချုပ်ရေး ရောက်လာသည်။ ဆောင်းသရုပ်သည် နေရာတိုင်းမှာ စွန်းထင်းနေသေးသည်။ စွတ်စိုထိုင်းမှိုင်းနေသေးသည်။ တောထဲတောင်ထဲဖြစ်သဖြင့် အအေးပိုသည်။ သို့သော် ဟန်ထွန်းရင်မှာ မအေး။

ခြေသံကြား၍ ထင်၏။ ကျော်ဇေယသာ လှည့်ကြည့်သည်။ ပြုံးပြပြီး သူ့စားပွဲမျက်နှာအောက်ရှိ ပုံချော၊ သေးနုတ်များဆီ ခေါင်းပြန်ငုံ့သွားသည်။

"ကျော်ဇေယသာ မင်းဟာ ခေါက်ထားလိုက်ပါကွာ၊ မင်းရည်းစားမျက်နှာက ကျောက်ပေါက်မာတွေကို မြင်ရတာ ငါ ရင်ပူလိုက်တာ"

"မင်းအဘ. . ဒါ ကန္တာရထဲက အိုအေစစ်ကွ၊ မိုးနည်းရပ်ဝန်းဒေသ တစ်ခုလုံး စိမ်းလန်းစိုပြည်လာမယ့် စီမံကိန်းကြီး. . "

"တော်စမ်းပါကွာ၊ မသိတာကျနေတာပဲ. . ဟဲ. . ဟဲ"

"ဘာ ဟဲ. . ဟဲ လဲ၊ ဟိုဘက်လှည့်ရယ်ကွာ၊ မင်း ဘိုဒိုဇာကြီးနဲ့ ငါ့ပါး ခုတ်မိပါဦးမယ်"

သူ သွားနည်းနည်း ခေါသည်ကို ကျော်ဇေယသာက နောက်နေကျစကားနှင့် အနိုင်အပိုင်နောက်၏။

ဟန်ထွန်းမှာ မိမိကိစ္စနှင့် လာရသူမို့ ဟဲဟဲ လုပ်နေရသည်။

"မင်းစိုးကောကွ"

"ကင်တင်းသွားတယ် ထင်တယ် ဘာလုပ်မှာလဲ"

ကျော်ဇေယသာက ထုံးစံအတိုင်း ပေါ့ပေါ့ပင် ပြောသည်။

"မင်းတို့ဌာနက နိုင်ငံခြားပါရဂူတွေကို ဘယ်နေ့ သွားပို့ကြမှာလဲ သိချင်လို့"



"အမယ် မင်းက အလာကြီးပါလား"

"မင်း ထင်တာမဟုတ်ပါဘူး မင်းစိုးရာ"

ကမန်းကတန်း ပြန်ပြောလိုက်ရ၏။

"ဟော့. . ငါသိပြီကွ၊ ဟဲ. . ဟဲ"

"ဘာသိတာလဲ မင်းက. . "

"မင်း ရန်ကုန် လိုက်ချင်လို့ မဟုတ်လား"

"အေး"

တုံးတိတိပင် ဖြေလိုက်သည်။

"မင်းကွာ. . အသံလည်း ကြားရမယ်၊ ရုပ်လည်း မြင်ရမယ်ဆိုတာလည်း တီဗွီပဲပေါ့ကွ၊ မဟုတ်ဘူးလား"

"ဒါပေါ့ကွ"

"ဒါများ ခဲခဲယဉ်းယဉ်း ဟန်ထွန်းရာ၊ မင်းစိုးက ဘာကောင်မို့လဲ၊ မင်းတို့ အေအီးပြောရင် ပြီးတဲ့ကိစ္စများ"

"မသိဘူးလေကွာ၊ မင်းစိုးက အင်ချုပ်ဆိုလားလို့"

"လုပ်မနေစမ်းပါနဲ့" ဟု ပြောပြီး ကျော်ဇေယသာက မတ်တပ်ထရပ်သည်။

"လာကွာ. . ကင်တင်း သွားရအောင်" ဟု ခေါ်ပြီး နှစ်ယောက်သား ရုံးပေါ်က ဆင်းလာကြ၏။

တမံထိပ်နားက ဖြတ်လျှောက်လာကြသည်။ ရေလွှဲတံခါးမှ ဆောင်းသီးနှံများအတွက် ရေလွှတ်ပေးနေသံကို ကြားရသည်။

သို့သော် ဟန်ထွန်း၏ ရင်ထဲမှာကား အအေးဓာတ်ကို မခံစားရ။

ကျဉ်းမြောင်းသော လမ်းကလေးအတိုင်း လျှောက်လာနေသော လှကေသီကို ငေးကြည့်နေမိသည်။ သူ့ကိုမြင်တော့ လှကေသီက "အရပ်ကနည့်သည်ဆိုတော့ ဘယ်သူလဲလို့" ဟု ဆိုသည်။

"ထိုင်လေ ဟန်ထွန်း"

ယခုမှ ဟန်ထွန်းက ထိုင်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေ့က ရောက်လဲဟင် ကိုထွန်း"

"ဒီနေ့ညနေပဲ"

"ဘာနဲ့လာလဲ"

"ဌာနက ကားကြုံတာနဲ့. . "

"ကြီးကြီး ပြောလို့ပေါ့နော်"

ခေါင်းညိတ်ပြလိုက်၏။

လှကေသီက ဟန်ထွန်းကို တိတ်တိတ်ဆိတ်ဆိတ် အကဲခတ်နေသည်။ ဟန်ထွန်းကလည်း ရုတ်တရက် လှကေသီကို ဘာဆက်ပြောရမှန်း မသိဘဲ ပြန်ကြည့်နေ၏။

"ကိုထွန်း တွေ့ပြီးပလားဟင်"

"ဘာကိုလဲ"

"ဩော်. . မေသူ့ကိုလေ"

"ငါက ဒီညနေမှ ရောက်ပါတယ်ဆို. . ဘယ့်လိုလုပ် တွေ့မလဲ"

"အေး. . ဟုတ်သားပဲ" ဟု လှကေသီက ရယ်၍ ပြောသည်။ ပြီးမှ. .

"ဒါဆို မနက်ဖြန် မနက်စောစော သွားတွေ့ပေါ့ ကိုထွန်း"

"ဘယ်မှာ သွားတွေ့ရင် ကောင်းမလဲ ကေသီ၊ သူ့အိမ်မှာ သွားတွေ့ရင် သူက မဟုတ်ဘူး ဆိုရင်ကော၊ ပြီးတော့ သူ့အိမ်လိပ်စာပဲ သိတယ် ငါ တစ်ခါမှ မရောက်ဖူးတော့ ရှာ. . "

"ဟင်း. . ကိုထွန်းကလည်းနော်၊ အ,လိုက်တာ၊ ဘာလို့ အိမ်မှာ သွားတွေ့မှာလဲ၊ ကျောင်းမှာ သွားတွေ့ပေါ့၊ စီးပွားရေးတက္ကသိုလ် ပေါ်တီကို အောက်ကသာ မယောင်မလည်နဲ့ စောင့်ကြည့်နေ၊ စပရင်တာ ကားအဖြူ လေးနဲ့ လာကြလိမ့်မယ်၊ ဖြုန်းစားကြီးဆိုတော့ သူတို့က ကိုထွန်းကို တွေ့ရင် အခါ အခြေအနေ အကဲခတ်ကြည့်ပေါ့၊ သူတို့ ဘယ်လို ပြောဆို ဆက်ဆံ နေကြတယ်ဆိုတာ ကိုယ်တိုင် မြင်ရတော့ အကဲခတ်လို့ ရတာပေါ့ မဟုတ် ဘူးလား"



"ငါတစ်ယောက်တည်း သွားတွေ့ရမှာတော့ တစ်မျိုးကြီးပဲဟာ၊ ငါက နင်တို့လို တက္ကသိုလ်လည်း မရောက်ဖူးတော့ နင် ခဏလိုက်ခဲ့ပါလား ကေသီ၊ အဲဒီက နင် ရုံး ဆက်သွားလည်းရ. . "

"ဟာ. . ကိုထွန်းကလည်း ဘယ်ဖြစ်မလဲ၊ မဟုတ်တာ၊ ကေသီ ပါ တော့ ကေသီပြောလို့ ကိုထွန်းလိုက်လာတာဆိုပြီး မေသူက ထင်တော့မှာ ပေါ့"

"အေးဟ ဟုတ်သားပဲ" ဟု ပြောပြီး ခဏတွေနေသည်။ ပြီးမှ "ငါ့ စိတ်ထဲ တစ်မျိုးကြီး ဖြစ်နေတယ်ဟာ၊ သွားတွေ့ရမှာလဲ မဝံ့သလိုပဲ၊ ငါ့စိတ် ငါ ဘယ်လို ပြောရမှန်းတောင် မသိသလိုပဲ" ဟု ဆက်ပြောလိုက်၏။

"ဖြစ်နေလိုက်တာ၊ ယောကျ်ားမဟုတ်တဲ့ အတိုင်းပဲ၊ ကိုယ်တိုင် ကိုယ်ကျ မြင်ရတွေ့ရတော့ ပိုပြီး အကဲခတ်လို့ ကောင်းတာပေါ့၊ ကျွန်မက တော့ ကားနဲ့ ဖြတ်သွား ဖြတ်လာတာပဲ တွေ့တာကိုး"

"အေးလေ၊ သွားတော့ သွားရမှာပေါ့ ကေသီရယ်၊ ဒါပေမယ့် နင်နဲ့ အရင်တွေ့ရင် ပိုကောင်းမယ်ထင်လို့ ဝင်လာတာ၊ ကဲ-တွေ့ပြီဆိုပါတော့၊ ဘာဆက်လုပ်ရမှန်းတောင် မသိပါဘူးဟာ"

ခေါင်းကုတ်ပြီး အားပျော့ နွမ်းလျသံကြီးနှင့် ပြောသည်။ သူ့အစ်ကို ကို စိုက်ကြည့်ကာ လှကေသီလည်း စိတ်ရှုပ်သွား၏။

"စိတ်ညစ်လိုက်တာနော်၊ ဘာလုပ်ရမလဲ ဟုတ်လား ကိုထွန်း"

ခေါင်းမညိတ်၊ ခေါင်းမခါဘဲ အဆွေးမျက်လုံးကြီးနှင့် လှကေသီကို ငေးကြည့်နေ၏။

"ဘာလုပ်ရမလဲဆိုတော့ မေသူနဲ့ သူ့အကောင်ကို နှုတ်ဆက်လိုက် ရုတ်တရက် ဖြစ်သွားမယ့် မေသူရဲ့အမူအရာကို ကြည့်၊ ပြီးတော့ အလုပ်ကိစ္စ နဲ့လာလို့ လူကြီးတွေ ပါလာလို့ ပြန်ဦးမယ်၊ ညနေကျမှ အိမ်လာခဲ့မယ်"

"အိမ်သွားပြီး သူ့အဒေါ်တွေ ဦးလေးတွေရှေ့ ဒီကိစ္စဆွေးနွေးလို့ ကောင်းပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . တစ်နေရာရာ ခေါ်ထုတ်သွားပြီး ဆွေးနွေးပေါ့ ကိုထွန်းရာ၊ သူ့အဒေါ်အိမ်ကလည်း ကိုထွန်းနဲ့ သူနဲ့ကိစ္စ သိပြီးသားနေမှာပေါ့၊ ကိုထွန်းကို ပြောရတာ ခက်လိုက်တာနော်၊ တကယ်ဆို မေသူကလည်း ဘယ်လိုခေါ်လဲတော့ မသိဘူး၊ ဘယ်မှာ စောင့်နေပါ၊ ဘယ်ကို လာခဲ့ပါလို့ သူ့အကောင်ရှေ့ မပြောတောင် တစ်ခုခုတော့ ပြောချင်လည်း ပြောမှာပေါ့။ ကိုထွန်းဟာက မဟုတ်သေးပါဘူး၊ စစ်မရောက်ခင် မြားကုန်ဆိုသလို၊ ကိုထွန်း ကြည့်ရတာ အရမ်းကြီး စိတ်ဓာတ်ကျနေသလိုပဲ"

"ဟုတ်တယ်ဟာ၊ ငါ့စိတ်တွေ အရမ်းကို လှုပ်ရှားနေတယ်၊ တစ်ကိုယ်လုံးလည်း ထူပူနေတာပဲ၊ ဘာလုပ်ရမှန်းတောင် မသိသလောက်ပဲ"

လှကေသီက သူ့တစ်ကိုယ်လုံးကို စိုက်ကြည့်ကာ ရှည်လျားသော သက်မတစ်ချက်ကို မသက်မသာ ချမိလိုက်ပြန်သည်။ ခေါင်းငိုက်စိုက်ချပြီး တွေတွေကြီး လုပ်နေသော ဟန်ထွန်းကို လှကေသီက အားမလိုအားမရလည်း ဖြစ်နေသည်။

ယောကျ်ားတစ်ယောက်၏ သတ္တိ၊ မာန၊ ခွန်အားဗလတို့ကိုလည်း စဉ်းစားမရသလို ဖြစ်သွားသည်။ နဂိုအေး နဂိုအ,သော သူ့အစ်ကိုကို သနားလည်း သနားသွားမိသည်။ ဪ. . သူ့ခမျာ မေသူ့အပေါ် တကယ် ချစ်ရှာလို့ တကယ်ခံစားနေရလို့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားတာဟုလည်း တွေးသည်။

"ဟင် အစ်ကို"

ရုတ်တရက် လှကေသီကို လန့်သွားသလို ကြည့်၏။

"အေး ငါ မနက်ဖြန် သွားတွေ့လိုက်မယ်ဟာ၊ ဘာပဲဖြစ်ဖြစ် အဖြူ အမည်း. . "

"အစ်ကိုထွန်း၊ ကျွန်မ တစ်ခုတော့ သတိပေးလိုက်ပါရစေနော်"

ဟန်ထွန်း ရုတ်တရက် ထရပ်လိုက်ပြီး စိတ်လိုက်မာန်ပါ ပြောသည်ကို လန့်သွားသော လှကေသီက စိုးရိမ်တကြီးနှင့် ပြောလိုက်၏။



ဟန်ထွန်းမှာ လူအေး လူအ၊ လူဖြောင့်စိတ်တို ဖြစ်သဖြင့် တစ်စုံတစ်ခု ဖြစ်မှာတော့ လှကေသီက စိုးရိမ်ကြီးသွားသည်။

"နင် ဘာပြောမလို့လဲ၊ ဘာကို သတိပေးမှာလဲ"

အသံရော အမူအရာပါ ကြမ်းလာသည်ဟု ထင်မိလိုက်၏။

"ထူးထူးထွေထွေတော့ ဘာမှမဟုတ်ပါဘူး အစ်ကိုထွန်းရာ၊ တကယ်လို့ မေသူ့ကို သူ့အကောင်နဲ့ တွေ့ပြီဆိုတော့လည်း စောစောက ကေသီ ပြောသလို နှုတ်ဆက်ရုံ နှုတ်ဆက်ပြီး ပြန်ခဲ့ပါ။ ပြဿနာကို နှစ်ယောက်တည်း တွေ့မှ ဆွေးနွေးကြပေါ့။ ကျောင်းဝင်းထဲမှာ ရိုက်ကြ ပုတ်ကြ ဆိုတာမျိုး. . "

"တော်စမ်းပါဟာ၊ ငါက သူငယ်နှပ်စား ဆယ့်လေးငါးနှစ် အရွယ်မှ မဟုတ်တာ၊ အစ်မကလည်း ဒီလာခါနီး အဲဒါပဲ ထပ်တလဲလဲ မှာလိုက်တယ်၊ ချင်းစိမ်းနဲ့ မိဿလင်ပေါ့ဟာ"

"ဒါပေါ့ ကိုထွန်းရာ ကိုယ်က ရာထူးဌာနန္တရနဲ့ အလုပ်နဲ့ အကိုင်နဲ့ အင်ဂျင်နီယာပဲဟာ၊ သူက မကြင်တော့ဘူးဆိုတော့လည်း တို့အစ်ကိုကို ကြင်ချင်တဲ့ သူဌေးသမီးတွေ အရပ်မှာ တစ်ပုံကြီးပါ မဟုတ်ဘူးလား"

"နင်က ငါ့ မြှောက်နေပြန်ပြီ၊ ဟဲ. . ဟဲ သွားမယ်၊ သွားမယ်ဟာ၊ ဪ. . နင့်အတွက် ယူလာတဲ့ ခရမ်းချဉ်သီးယိုထုပ်တောင် မ[illegible]အိမ်မှာ ကျန်ခဲ့တယ်၊ နောက်မှ ငါ. . "

"ဖြစ်ရမယ်၊ ဖြစ်ရမယ်" ဟု လှကေသီ စကားမဆုံးခင်ပင် ဟန်ထွန်း စိန်မဟာသီရိ ဘော်ဒါဆောင် ဧည့်ခန်းက ထွက်သွားလေသည်။

လှကေသီမှာမူ ဟန်ထွန်းအတွက် ရင်တထိတ်ထိတ်နှင့်။

www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးတက္ကသိုလ်၏ ပေါ်တီကိုနားတွင် ဟန်ထွန်း မယောင်မလည် လုပ်နေသည်။

ကားတွေကမူ မျက်စိနောက်စရာကောင်းလောက်အောင် များ၏။ အော်စတင်၊ စတင်းဒတ်၊ မော်စကိုဗစ်၊ ဖိယက်၊ စကိုတာ၊ ဟီလ်မင်၊ မောရစ်၊ ပတ်ပလေကာ၊ တိုယိုတာ ကိုရိုလာ၊ ဒတ်ဆန်း၊ စပရင်တာ၊ အက်စ်အီးနှင့် ဌာနဆိုင်ရာ အမှတ်တံဆိပ်နှင့် ဂျစ်များ၊ အီးတူးသောင်ဇင်များနှင့် အမည်မသိသော ကားများသည် တစ်စီးပြီးတစ်စီး ပေါ်တီကိုအောက်တွင် လာရပ်သွားကြသည်။ ကျောင်းသူ ကျောင်းသားများကို ချထားခဲ့ကာ တစ်စီးပြီး တစ်စီး ထွက်သွားကြသည်။

လာသမျှကားများကို ခေါင်းမူးနောက်မတတ်ကြည့်ကာ ဟန်ထွန်းမှာ ရင်တခုန်ခုန်နှင့် စောင့်နေရသည်။

မေသူအား သူ့ရည်းစားက စပရင်တာ ကားဖြူလေးနှင့် လာပို့လိမ့်မည်ဟု လှကေသီက တိတိကျကျ ပြောလိုက်သဖြင့် စပရင်တာအဖြူလေး တစ်စီးကို ရင်တခုန်ခုန်နှင့် ရပ်ကြည့်နေ၏။

ပေါ်တီကိုအောက်တွင် စပရင်တာအဖြူလေး ရပ်လိုက်သည်။ ရှေ့တံခါးတစ်ဖက် ပွင့်လာ၏။ ကားပေါ်မှ မေသူ ကြော့ကြော့ရှရှ ထွက်လာသည်။ ကားမောင်းပို့သူဆီ ဟန်ထွန်း အကြည့်ရောက်သွား၏။

ဝမ်းနည်းစိတ်က ရုတ်တရက် တစ်ကိုယ်လုံးကို ဆုတ်ခြေပစ်လိုက်သလို ခံစားလိုက်ရသည်။ သူနှင့်စာလျှင် ရုပ်ရည်က အပြတ်အသတ် သာနားသည်။ ဝတ်ဆင်ထားသည်မှာလည်း ခေတ်ပေါ် အဖိုးတန် အပုံစားချည်း။ ဖိနပ်တစ်ရံကပင် သူ့တစ်ကိုယ်လုံးရှိ အဝတ်အဆင်အားလုံးထက် တန်ဖိုးရှိပေလိမ့်မည်။

"မေသူ" ဟု အရဲစွန့်ခေါ်ပြီး မေသူ့ရှေ့ ရောက်သွားသည်။ "ဟင်" ဟု ဆိုပြီး မေသူ အံ့သြစွာ ဟန်ထွန်းကို ကြည့်လိုက်သည်။



မေသူသာမဟုတ် ကားပေါ်က လူရွယ်ကလည်း ဟန်ထွန်းကို ခေါင်းပြူထွက်၍ မော့ကြည့်နေ၏။ ထိုစဉ် နောက်ကားတစ်စီး၏ ဟွန်းသံကို ကြားရသည်။

"ဒီ ဒီကနဲ့ မိတ်ဆက်ပေးရအောင် ကိုကိုဦး ခဏလာခဲ့ဦးနော်"

မေသူ စကားမဆုံးခင်ပင် စပရင်တာကားဖြူလေး ထွက်သွားသည်။ တိုယိုတာတစ်စီးက ထိုနေရာသို့ အစားဝင်လာသည်။ ကျောင်းသူ နှစ်ယောက် ကားပေါ်မှ ကြွကြွရွရွ ဆင်းလာကြ၏။ တိုယိုတာကား ထွက်သွားပြန်သည်။ နောက် ဖိယက်တစ်စီး ဝင်လာ၏။

"ကိုကို ဘာဝေးနေတာလဲဟင်၊ ဘယ်နေ့က ရောက်လဲ"

"မနေ့က"

သူ့အသံ ကွဲအက်သွားသည်ကို မေသူ ရိပ်မိသွားပုံရ၏။

"ကိုကို့ကြည့်ရတာ တစ်မျိုးပဲ၊ နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"အရပ်က လာတာနော် ကိုကို၊ ဟိုမှာ အရပ်မှာ ဘယ်သူ. ."

"အရပ်မှာ ဘယ်သူ ဘာမှမဖြစ်ပါဘူး၊ အားလုံး နေကောင်းကြပါတယ်"

စောစောက သူ့အား ကားနှင့် လာပို့သော လူရွယ်အနား ရောက်လာသည်။ မေသူ့မျက်နှာကိုသာ အကဲခတ်ကြည့်နေသဖြင့် ထိုသူ့ကို လှည့်မကြည့်မိ။

"ကိုကိုဦးနဲ့ ကိုဟန်ထွန်း မိတ်ဆက်ပေးရ. ."

"လုပ်မနေစမ်းပါနဲ့ဟာ. . မြင်ရုံနဲ့ နင့်အဆက်မှန်း ငါ သိပါတယ် မိညွတ်ရယ်၊ ဟဲ. . ဟဲ မဟုတ်ဘူးလားဗျာ"

ကိုကိုဦးဆိုသူက မေသူ၏ အိမ်ခေါ်နာမည်ကို ခေါ်ပြီး ပြောလိုက်သည်။

ဟန်ထွန်းမှာ ကယောင်ကတမ်းနှင့် ဟဲ. . ဟဲ လုပ်နေလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုဦးကတော့ လုပ်ပြီ" ဟူသော မေသူ စကားမဆုံးခင်ပင် "လုပ်ပြီ လုပ်မနေနဲ့. နင်တို့နှစ်ယောက်ကို ငါ ဘယ်လိုက်ပို့ရမလဲ ပြော၊ ဒါမှမဟုတ်ရင်လည်း ကားယူသွားကြဟာ"

"ပေး သော့"

မေသူက လက်ဖြန့်လိုက်၏။

"ဘယ်သူ မောင်းမှာလဲ"

"ဘယ်သူမောင်းမောင်း ကိုကိုဦးအပူ မပါပါဘူး"

"ဟ ကိုယ့်နှမအတွက်မှ မပူရင် ဘယ်သူ့အတွက် ပူရဦးမှာလဲဟာ မဟုတ်ဘူးလား"

"ဟဲ. . ဟဲ"

ဟန်ထွန်းက ရယ်နေလိုက်သည်။

"ကဲ ရော့၊ ငါ သွားမယ်နော်၊ မိညက် နင် ကားမောင်းရင် ကြည့်မောင်းနော်"

"စိတ်ချ ဘီးပေါက်မှ တစ်နေရာရာ ပစ်ထားခဲ့မယ်"

"ခွေးမလေး" ဟု ပြောပြီး ဟန်ထွန်းကို ကြည့်ကာ "ကိုဟန်ထွန်း မေသူ ဘာကျွေးကျွေး စားမလာနဲ့နော်၊ ညနေကျ ကျွန်တော်တို့အိမ်မှာ ထမင်းစားပါဗျာ" ဟု ပြောပြီး ကိုကိုဦးဆိုသူ ထွက်သွားသည်။

"သူက အန်တီလေးရဲ့သား အငယ်ဆုံး ကျော်ထင်ဦးတဲ့၊ ကယ်မတ်စထရီဖိုင်နယ်ယီးယားလေ၊ ခပ်တည်တည်နဲ့, သိပ်နောက်တတ်တာ၊ မိအေကလည်း ချမ်းသာတော့. . "

"ရှင်းပြနေစရာမလိုပါဘူး မိညက်ရာ၊ မြင်ရုံနဲ့. နင်တို့ သူဌေးမျိုးမှန်း သိပါ. . အဲ အင့်"

'အုံး' ကနဲ နောက်ကျောကို ထုလိုက်သော မေသူ့လက်သံကြောင့် ဟန်ထွန်း ကျောကော့သွားသည်။

စာ စာ ၁၁ ၁၁

# အလွမ်းနဒီ ကမ်းမဟိ

နေညိုချိန်တွင် အုန်းဆံကြိုးစက်မှ အလုပ်သမားများ အိမ်ပြန်သွားကြသည်။ အုန်းခြံကြီးတစ်ခုလုံးမှာ တိတ်ဆိတ်စွာ ကျန်နေခဲ့၏။ စက်သံလူသံတွေ တိတ်ဆိတ်ချိန်မှာ သူ့ရင်ထဲ တစ်စုံတစ်ခုကို တမ်းတမ်းတတ ဖြစ်မိသလိုပင်။ ဤနေ့မှ ထူးထူးခြားခြား ရင်ထဲ ဟာကျန်ခဲ့၏။

တစ်နေ့လုံးကမူ အလုပ်ထဲ စိတ်ဝင်စားနေသဖြင့် အချိန်ကုန်သွားမှန်း မသိလိုက်။ ယခု ပတ်ဝန်းကျင်တွင် လူသူလေးပါး အလုပ်သမားများ ပြန်သွားမှ ရင်ထဲ ဝေဒနာသစ်တစ်ခု ရုတ်ခြည်းပေါ်သည်။ စိတ်ပျံ့လွင့်တာလား မဝေခွဲတတ်၊ သူ စိတ်လေနေတာလည်း ဤ်ငြင်းနိုင်သည်။

မိမိအိမ်ရှိရာဘက် လျှောက်လာ၏။ အိမ်ကြီးမှာလည်း အုန်းခြံထဲ အထီးကျန်စွာ တိတ်ဆိတ်နေ၏။ အုန်းလက်စိမ်းစိမ်းများသည် ပင်လယ်လေကြောင့် ယိမ်းထိုး လှုပ်ကနေကြသည်။ စိတ်ထဲ ဖရိုဖရဲဖြစ်လာသလိုနှင့်။

ပင်လယ်ကမ်းစပ်ဘက် ခဏထွက်ပြီး လေညင်းခံ လမ်းလျှောက်ထွက်ရကောင်းမလား၊ ရေသွားကူးရကောင်းမလား တွေးမိလိုက်စဉ် ရေတွင်းထဲ ရေငင်နေသော မြဒါသူက "ကိုကို ရေချိုးတော့မလား၊ ရေငင်ထားရတော့မလား" ဟု လှမ်းမေး၏။

www.burmeseclassic.com

www.burmeseclassic.com



"မချိုးသေးပါဘူးဟာ" ဟု ပြောရင်း အိမ်ဘက် ဆက်လျှောက်မည် လုပ်စဉ် သဲချောင်းဘက်ဆီမှ ပုံချိုတ်သံ တဖုတ်ဖုတ်ကို ကြားလိုက်မိသည်။

"ဘယ်သူတွေပါလိမ့်" ဟူသော အတွေးမဆုံးမီ ပုံချိုတ်စက်သံမှာ မိမိအိမ်ဘက် နီးလာ၏။

အချိန်မှာ ညနေချမ်းဖြစ်သဖြင့် အရောင်းအဝယ် လာသူများတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဟု တွေးလိုက်စဉ် ပုံချိုတ်စက်သံ ရပ်သွားသည်။

ခြေလှမ်းကို ရပ်လိုက်သည်။ အုန်းပင်တစ်ပင်၏ ပင်စည်ကို လက်နှင့် လှမ်းထောက်၏။ သဲချောင်းလှေဆိပ်ဘက် လှမ်းငေးနေမိသည်။

သဲချောင်းလှေဆိပ်နှင့် အိမ်မှာ တစ်ခေါ်သာသာ ဝေးသည်။ သဲချောင်းအစမှသည် အိမ်ခြံဝင်းထဲထိ မြေတစ်ပြင်လုံး၌ အုန်းပင်အုန်းတောကြီးက ဟည်းထနေ၏။ ဤအုန်းတောနှင့် အနီးပတ်ဝန်းကျင်ရှိ ရွာများမှ အုန်းခြံအုန်းတောများကို အမှီသဟဲပြုကာ ကိုထွန်းသူ၏ အုန်းဆံကြိုးစက်မှာ အကျိုးဖြစ်ထွန်းသလောက် ဖြစ်ထွန်းခဲ့သည်။

ကိုထွန်းသူမှာ ရန်ကုန်တက္ကသိုလ်မှ မြန်မာစာနှင့် ဘွဲ့ရလာသော ခေတ်ပညာတတ် လူငယ်တစ်ဦးပင်။ ကျောင်းပြီးကတည်းက လခစားအလုပ် ဝင်မလုပ်ဘဲ မိမိတို့၏ ကမ်းမြောင်ဒေသကို ပြန်ခဲ့သည်။ မိဘလက်ငုတ် လက်ရင်းဖြစ်သော အုန်းဆံကြိုးစက်ကို ဦးစီးဦးဆောင် လုပ်ကိုင်နေသည်။

သူ့ဖခင် ဦးထွန်းပေါ်မှာ သူတက္ကသိုလ်ရောက်ပြီး တတိယနှစ်တွင် ဆုံးပါးသွားခဲ့သည်။ ယခု အမေ၊ နှမနှင့် သူ့အဒေါ်သားချင်းတို့ အိမ်ထောင်စုနှင့် အတူနေသည်။ သူ့မိခင်မှာ အသက်ခြောက်ဆယ် ကျော်ပြီ။ သူ့နှမ မြဒါသူက ကိုးတန်းကျောင်းသူ၊ အိမ်တွင် သူ့သြဇာ သူ့စိတ်တိုင်းကျ ဖြစ်သည်။

ထို့ကြောင့်လည်း အလုပ်ချိန်ပြီးသော ညနေချမ်းတွင် လွတ်လွတ် လပ်လပ် မြို့ကိုသွား၍ ရုပ်ရှင်ကြည့်ချင် ကြည့်သည်။ ရွာက မြို့က အပေါင်းအသင်း သူငယ်ချင်းများနှင့် တောပစ်ထွက်ချင်ထွက်သည်။ ပင်လယ်တန်းစပ်နားသွားပြီး ရေကူးချင်ကူးသည်။ တစ်နေ့တလေတွင် အပေါင်းအသင်း



သူငယ်ချင်းများနှင့် အိမ်မှာစုပြီး ထမင်းဟင်း ချက်စားချင် ချက်စားတတ်ကြသည်။

ထိုအခါ အမေနှင့်နှမတို့က သူ့အပေါင်းအသင်းများကို ထမင်းဟင်း ချက်ကျွေးရသဖြင့် ပြုံးစူချင်ကြသည်။ အထူးသဖြင့် အရက်သေစာ သောက်စားမှုးယစ်၍ ကက်ဆက် ညလုံးပေါက်ဖွင့်ကာ ကကြ၊ ခုန်ကြ၊ သီချင်းဆိုကြသော နေ့များဆိုလျှင် အမေနှင့် နှမတို့က အကြောင်းတစ်ခုခုပြပြီး ရွာထဲရှိ ဆွေမျိုးတစ်အိမ်အိမ် သွားလည်နေကြသည်။

သို့မဟုတ် ထိုသို့ သူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါး သူနေချင်ပြီဆိုလျှင် ကိုထွန်းသူကလည်း အမေနှင့် နှမငယ်ကို အကြောင်းတစ်ခုခုရှာပြီး ရွာထဲရှိ ဆွေမျိုးတစ်အိမ်အိမ်သို့ လွှတ်တတ်သည်။ သင်္ကြန်ရက်ဆိုလျှင်တော့ သူတို့အုန်းတောထဲက အိမ်မှာ သူတို့မိသားစု မရှိတတ်ကြ။ အမေ၊ နှမနှင့်အဒေါ်တို့က ရွာမှာသွားပြီး ဥပုသ်သီလယူရင်း ရွာ၌ပင် နေကြသည်။ ကိုထွန်းသူကမူ မြို့တက်လိုက်၊ ရွာသွားလိုက်၊ အိမ်ကို ခဏတဖြုတ် ပြန်လာလိုက်နှင့် လည်နေ၏။ ဦးလေးဖြစ်သူကတော့ အမြဲ အိမ်စောင့်ကြီးပင်။

လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေတတ်သော လူလွတ် လူပျို ကိုထွန်းသူအတွက် သင်္ကြန်ရက်နှင့် အခါကြီး နေ့ကြီးတွေမှာတော့ အထူးအခွင့်အရေးပင်။

"သူသူရေ . . တို့ သဲချောင်းလှေဆိပ်ဘက်က ပုံချိုတ်သံ ကြားလားလို့"

ရေငင်နေသော နှမငယ်ကို သူက လှမ်းမေးသည်။

"ဟုတ်တယ် ကိုကို၊ အိမ်ဆိပ်မှာ ပုံချိုတ်ကပ်သံ ကြားတယ်"

"ဒီအချိန်ကြီးများ ဘယ်သူတွေလဲဟာ"

"မြို့က ကိုကို့သူငယ်ချင်းတွေ တောပစ်တက်လာကြတာလားမှ မသိတာ"

"အေးဟ၊ ဒါဆိုရင် ရေချိုးပြီး ထမင်းမြန်မြန်စားထားမှ ဟိုအကောင်တွေတော့ ထမင်းမှ စားခဲ့ကြရဲ့လား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မစားခဲ့ကြသေးဘူးဆိုရင်လည်း ကိုကို့သူငယ်ချင်းတွေကို ကိုတို့ဘာသာ ကိုကို ချက်ကျွေးနော်၊ သူသူတို့တော့ မအားဘူး"

"မအားရအောင် နင့်အလုပ် ဘာရှိလဲ၊ မချက်ချင်နေ ရတယ်၊ ဒေါ်လေး ချက်လိမ့်မယ်"

"အရီးလေးနဲ့သူသူတို့ ရွာထဲသွားကြမလို့၊ ခုပဲထမင်းစားတော့မယ်"

"ရွာထဲ ဘာသွားလုပ်ကြမှာလဲ"

"ကိုကိုကပဲ တစ်နေ့က အုန်းဆံခွံတွေ ဝယ်ဖို့ကိစ္စ ဘကြီး တင်အောင်ကို သွားပြောထားပါဆို"

"ဒါအရေးမကြီးပါဘူးဟာ၊ နောက်နေ့သွားလည်း ရတာပဲ ညီမရာ"

သူက ညီမငယ်ကို ချော့သံနှင့် ပြောလိုက်၏။

"နောက်နေ့တွေ မသွားနိုင်ပါဘူး၊ ကျောင်းပဲ ဖွင့်နေပြီ၊ သူသူတို့မှာ တခြားကိစ္စတွေလည်း ရှိသေးတယ်"

"အဲဒါဆိုလည်း သွားကြ၊ သွားကြ၊ အရေးမကြီးဘူး ဦးလေးရှိသားပဲ"

"ဒါဆို ကိုကိုကလည်း ဖိုးကျိုင်းတုတ်ပဲ ဆိုပါတော့"

"ဘာကို ငါက ဖိုးကျိုင်းတုတ် ဖြစ်ရမှာလဲ"

"အရက်သောက်တြမလို့ မဟုတ်လား"

"မဟုတ်တာ"

"ဘာ မဟုတ်တာလဲ၊ မေမေ ဥပုသ်ဝင်နေတယ်နော်၊ ဒါပဲ ပြောမယ်"

"နင်က ငါ့အမေကျနေတာပဲ" ဟူသော သူ့စကားမဆုံးမီ လှေဆိပ်ဘက်မှ အမျိုးသမီး သုံးယောက်နှင့် တစ်ဆယ့်သုံးလေးနှစ်အရွယ် ကောင်လေးတစ်ကောင်တို့ အိမ်ဘက် တက်လာနေကြသည်ကို လှမ်းမြင်ရ၏။

မောင်နှမနှစ်ယောက် စကားတန့်သွားပြီး ငေးကြည့်နေကြ၏။ ဝေးသေးသဖြင့် အုန်းပင်တွေ ကွယ်ကာ လူလုံးမကွဲသေး။

ခဏအကြာတွင် ရယ်ရယ်မောမောနှင့် စကားပြောလာကြသံတို့ ကြားရသည်။



နှမငယ် မြဒါသူက "ဟာ. . ကိုကို၊ ရွာက မမဝေတို့ပဲ" ဟု ပြောကာ အပြေးဆီးကြိုသည်။

သူကမူ ယခုထိ မောင်နှမဝမ်းကွဲတော်သော ဆရာမ ခင်ဝေနှင့် အဖော်တွေကို ငေးကြည့်နေတုန်း၊ ခင်ဝေနှင့် နောက်တစ်ယောက်မှာ သူတို့ ရွာကျောင်းက ဆရာမ၊ ကောင်လေးကိုလည်း ရွာထဲတွင် မြင်ဖူးသလို တွေ့၏၊ ကျန်တစ်ယောက်ကိုမူ သူ မသိ။ မြင်လည်း တစ်ခါမှ မမြင်ဖူး၊ သူစိမ်းဧည့်သည်ပင်။

နှမငယ်က သူ့အစ်မ ဆရာမကို လက်တွဲ၍ သူရှိရာသို့ ဧည့်သည်များနှင့်အတူ ရောက်လာ၏။

"ကိုသူ ထမင်းစားပြီးပလား"

ဆရာမ ခင်ဝေက သူ့ကို အရင် စမေးသည်။

"ဘာလုပ်မလို့လဲ၊ ရေတောင် မချိုးရသေးဘူး၊ အလုပ်သမားတွေတောင် ခုနကမှ ပြန်သွားကြတာ"

ခင်ဝေကို ပြောရင်း သူက သူစိမ်းအမျိုးသမီးဆီ အကြည့်တစ်ချွေ့ရောက်သွားသည်။ သူစိမ်း အမျိုးသမီးကလည်း သူ့ကို လှမ်းကြည့်လိုက်သဖြင့် အကြည့်ချင်း ဆုံသွားကြ၏။

ကိုထွန်းသူ ရင်ထဲ နွေးထွေးသွားသလို ခံစားလိုက်ရသည်။

"မြို့မှာ ရတနာပုံဇာတ်ကား ပြနေတာ ကြည့်ချင်လို့ လာကြတာတဲ့၊ ကိုကို လိုက်ပြရမယ်"

မြဒါသူက သူ့အစ်ကို့ကို အပြုံးနှင့် ကြည့်၍ ပြော၏။

"ကားဟောင်းကြီးပဲဟာ၊ ငါ ကြည့်ပြီးသားပါ"

"ကိုသူ ကြည့်ပြီးသားပေမယ့် ဝေတို့မှ မကြည့်ဖူးသေးဟာ"

"ဟုတ်တယ်၊ သူသူတို့လည်း မကြည့်ဖူးဘူး၊ ဒီက ဆရာမက ပြောတယ်၊ သိပ်ကောင်းတယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေစကားထဲ ဝင်ဝင်ပြောနေသော နှမငယ်ကို မျက်စောင်းတစ်ချက် လှမ်းထိုးရင်း ဆရာမဆိုသူ သူစိမ်းအမျိုးသမီးဆီ သူ့အကြည့်က ရောက်သွားပြန်၏။

အကြည့်ချင်း ဆုံမိသွားကြပြန်သည်။

ဤတစ်ခါတော့ ကိုထွန်းသူမှာ ရင်ခုန်မိလိုက်၏။

ဆရာမဆိုသူမှာ ခင်ဝေတို့ထက်ပင် ငယ်ပုံရ၏။ နုနုဖပ်ဖပ်ပုံလေး၊ အသားကလည်း ဖြူဝင်းနေသည်။ အထူးခြားဆုံးမှာ ရွှဲနေသော မျက်လုံးတောက်တောက်အစုံပင်။

"ကိုသူနဲ့ မိတ်ဆက်ပေးရဦးမယ်"

ခေါင်းညိတ်ပြလိုက်စဉ် အကြည့်ချင်း တစ်ခါ ထပ်၍ ဆုံမိကြပြန်သည်။ ဤတစ်ခါတော့ ကိုထွန်းသူက ရွှန်းလဲ့လွန်းသော သူ့မျက်ဝန်းအကြည့်ကို နှလုံးသားက မခံနိုင်သဖြင့် သူကပင် ဦးအောင် အကြည့်လွှဲမိလိုက်သည်။

သူ့နားထဲတွင် ခင်ဝေ၏စကားကို ကြားနေရသော်လည်း သူ၏ ရင်ခုန်ပေါက်ကွဲနေသံလောက် မကျယ်သလိုပင်။

"ဒီဆရာမနာမည်က ဒေါ်သီတာအောင်ဆွေတဲ့ ကိုသူ၊ ကျွန်မတို့ကျောင်းကို အရင်အပတ်ကပဲ ပြောင်းလာတာ"

"ဟုတ်ကဲ့"

အကြည့်ချင်း ဆုံနေရသော်လည်း နည်းနည်း တည်ငြိမ်စ ပြုလာသည်။

"ဆရာမ၊ သူက ခင်ဝေတို့ပြောတဲ့ ခင်ဝေတို့အစ်ကိုဝမ်းကွဲ ကိုထွန်းသူပါ၊ မြန်မာစာနဲ့ ဘွဲ့ရပြီးသားလေ"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ် ဆရာမ"

ပြောသာ ပြောလိုက်ရသည် သူ့မှာ စကားများ မှားသွားလေသလားဟု မလုံမလဲနှင့်။ ပြောလို့သာ ပြောလိုက်ရသည် ဘာပြောလိုက်မှန်းမသိ၊



ဟုတ်မှ ဟုတ်ရဲ့လား၊ မှန်မှ မှန်ရဲ့လားဟု သံသယနှင့်။ ဆရာမက ပြုံးလိုက်သောအခါ သူ့မှာ ရှက်သွားသလိုပင်။

"ဆရာမ သီတာအောင်ဆွေက ရန်ကုန်က ပြောင်းလာတာ ကိုသူ"

ခင်ဝေ၏ အရယ်တစ်ဝက်နှင့် အပြောကြောင့် သူ့မှာ ပိုပြီး မလုံမလဲဖြစ်သွား၏။ ထို့ကြောင့်လည်း အရှက်ပြေ "အံ့စရာပဲ" ဟု ယောင်ယောင်မှားမှား ထွက်သွားမိပြန်သည်။

"ရှင် ဘာကိုပါလဲရှင်"

"ဩော်. . ဒီလိုပါဆရာမ၊ ရန်ကုန်မြို့ကြီးကနေပြီး ကျွန်တော်တို့ဒေသလို ဝေးလံသီခေါင်တဲ့အရပ်ကို ပြောင်းလာတယ်ဆိုလို့ပါ"

ဆရာမက ခပ်ဟဟ ရယ်လိုက်ပြီး. .

"ဦးထွန်းသူလည်း ရန်ကုန်တက္ကသိုလ်က ဘွဲ့ရလာတဲ့ လူငယ် တစ်ယောက်ပဲဆို"

"ကျွန်တော်တို့ကတော့ ကိုယ့်အရပ် ကိုယ့်ဒေသကိုး ဆရာမရယ်"

"အိမ်း. . ဟုတ်တာပေါ့နော်၊ လူသားတိုင်းဟာ ကိုယ့်အရပ် ကိုယ့်ဒေသ မွေးရပ်မြေကို ခင်တွယ်တတ်ကြတာတော့ မမှတာပေါ့၊ အဲဒါကြောင့်လည်း မဟာမင်းလှမင်းခေါင်က ဇာတိချက်ကြွေ မွေးရပ်မြေနှင့် သွန်းရေခံရာလို့ ဆိုတယ်မဟုတ်လား၊ ဦးထွန်းသူက မြန်မာစာနဲ့ ဘွဲ့ရလာသူ ပီသပါတယ်"

"ကဲ မှတ်ကရော့" ဟု ခင်ဝေက သူ့ကို ကြည့်၍ ပြောလိုက်၏။ သူကလည်း အားကျမခံ။

"ဆရာမကလည်း မြန်မာစာအဓိက. . "

"ခစ်. . ခစ်. . မ. . မဟုတ်ပါဘူးရှင်၊ ကျွန်မက သချ်ာပါ"

နှစ်ယောက်စလုံး ပြိုင်တူ ရယ်လိုက်ကြသောအခါ အားလုံး ဝိုင်းရယ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းသူနှင့် ဆရာမ သီတာအောင်ဆွေတို့မှာ ခဏချင်းပင် ရင်းနှီးသွားကြလေသည်။

"ကဲ ကိုသူ လုပ်၊ ရေချိုး ထမင်းစားလေ၊ သွားကြရအောင်"

ခင်ဝေက ပြော၏။

"ထမင်းတော့ မစားတော့ပါဘူး"

"ဟင်. . ကိုသူကလည်း ဘယ်လိုဖြစ်သွားပြန်တာလဲ ဒီက ဆရာမကို. . "

"ဟုတ်တယ်လေ စောင့်နေရတာ အားနာစရာကြီး၊ ထမင်းကလည်း သိပ်မဆာသေးပါဘူး၊ မြို့ရောက်မှ တစ်ခုခု စားကြတာပေါ့"

ခင်ဝေ၏ စကားမဆုံးခင် ကိုထွန်းသူက ရယ်မောပစ်လိုက်၏။

"ကိုကို သူသူလည်း လိုက်မယ်နော်"

"ဟဲ့ ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့လဲ ကိုသူ"

သူတို့မောင်နှမကြားထဲ ခင်ဝေက ဝင်မေး၏။

"သူသူနဲ့ အရီးလေးတို့က အုန်းခွံတွေ ဝယ်မယ့်ကိစ္စနဲ့ ရွာက ဘကြီးတင်အောင်ဆီ သွားကြမလို့ဆို"

"ဒါက နောက်နေ့မှသွားလည်း ဖြစ်တဲ့ဥစ္စာ၊ ရတနာပုံဇာတ်ကား သူသူမှ မကြည့်ဖူးတာ လိုက်မှာပဲ"

မြဒါသူက သူ့အစ်ကိုကို နှုတ်ခမ်းစူပြီး ပြန်ပြော၏။

"ခွေးမ၊ ဒါကျတော့ နင်က နောက်နေ့မှ အဲဒါကြောင့် နင် စာမေးပွဲကျတာ"

"ဒီနှစ် ကိုကို ဘာမှမပူနဲ့၊ မနှစ်က သူသူ စာမေးပွဲကျတာ သ ပြတဲ့ဆရာမ မရှိလို့၊ ခု ဒီမှာ သင်ပြမယ့် ဆရာမ ရောက်လာပြီ စိတ်ချ မဟုတ်ဘူးလားနော် ဆရာမ"

မြဒါသူက သီတာအောင်ဆွေဘက် မေးဆတ်ပြပြီး ပြောလိုက်၏။



"ဟုတ်ပါတယ် ဦးထွန်းသူ၊ မြဒါသူအတွက် စိတ်ချပါ"

သဲချောင်းအိမ်ဆိပ်အတက်လေး၌ပင် ဆရာတပည့် မည်မျှ ရင်းနှီးလာကြသည်မသိ၊ အတိုင်အဖောက် ညီနေကြရာ ကိုထွန်းသူမှာ ဘာမှ မပြောသာတော့၊ သည်ကြားထဲ ခင်ဝေကလည်း "ဟုတ်သားပဲ ကိုထွန်းသူကလည်း၊ သူမှ မကြည့်ဖူးတာ၊ ကြည့်ချင်မှာပေါ့ လိုက်ပါစေ" ဟု ဝင်ပြောသည်။

"ကိုကိုက ဒီနေ့မှ သူသူ့ကို ဘာလို့ ပထုတ်ချင်. . "

"ခွေးမ. . စကားမရှည်နဲ့၊ မြန်မြန် သွားလုပ်စမ်း၊ ဒီက ဆရာမကို စောင့်နေရမှာ အားနာစရာ" ဟုပြောလိုက်စဉ် မြဒါသူက "ကိုကိုသာ မြန်မြန် ရေသွားချိုး၊ သူသူ ရေဖြည့်ထားခဲ့ပြီ" ဟု ပြောပြီး ခင်ဝေနှင့်တကွ အားလုံးကို အိမ်ပေါ်ခေါ်သွားလေသည်။

❖ ❖ ❖

"သူသူတို့ အုန်းခြံကြီးနဲ့ ဒီသဲချောင်းဆိပ်လေးက သာယာလိုက်တာနော်"

သဲချောင်းလှေဆိပ်နားအရောက်တွင် သီတာအောင်ဆွေက မြဒါသူ၏ပခုံးကိုဖက်ရင်း ပြော၏။ မြဒါသူက ဘာမှ ပြန်မပြော၊ သူ့အစ်ကိုမျက်နှာကို အကြည့်တစ်ချက်ဝေ့ကာ ပြုံး၏။

ဆရာမ ရန်ကုန်သူက သာယာသည်ဆိုသော စကားကို ကြားလိုက်ရသဖြင့် ကိုထွန်းသူရင်ထဲ ပီတိဖြစ်သွား၏။ စိတ်ထဲကမူ "ဒီလိုသာယာတဲ့ နေရာလေးမှာ တစ်သက်လုံး နေနိုင်ပါ့မလား ဆရာမရယ်" ဟု မေးချင်နေသည်။

အမှန်တကယ် ပြောရမည်ဆိုလျှင် အုန်းခြံကြီးထဲ စီးဝင် ဖြတ်သန်းနေသော သဲချောင်းကလေးမှာ အမှန်လည်း သာယာသည်။ သဲချောင်း၏ ကမ်းပါးနှစ်ဘက်တွင် အုန်းပင် အုန်းတောကြီးတွေ ဟည်းလိုနေသဖြင့် နေ

www.burmeseclassic.com



ပြောက်ပင် မထိုး၊ သူတို့ ပွဲချိတ်လှေကလေး သဲချောင်းဝရောက်မှ ပင်လယ် ပြင်ပေါ်က နေလုံး နီနီရဲရဲကို လှမ်းမြင်နေရသည်။ ပင်လယ်လေအေးက လည်း တသွေ့သွေ့ တိုက်ခတ်လာ၏။

"ပင်လယ်ပြင်ကြီးနဲ့ နေလုံးနီနီကလည်း တကယ့် ပန်းပဲနော်၊ တကယ် သာယာတာပဲ"

ပင်လယ်ပြင်ကြီးနှင့် နေလုံးနီနီတို့ကို မြင်ရပြန်သောအခါ သီတာ အောင်ဆွေမှာ ကလေးငယ်တစ်ယောက်လို မြူးမြူးကြွကြွ ဆိုလာပြန်သည်။

"ခဏမို့ ဖြစ်ပါလိမ့်မယ် ဆရာမ၊ ကျွန်တော်တို့ဆီကို ရောက်လာတဲ့ မြို့ကြီးပြကြီးက ဆရာ ဆရာမတွေကတော့ ရောက်စဆို ဆရာမလိုပဲ ပြော တတ်ကြပါတယ်၊ နောက် ကြာလာတော့ ပင်လယ်ရဲ့ လှိုင်းဒဏ် လေဒဏ် တွေ မခံနိုင်လို့ ပြန်ပြေးကြတာ များပါတယ်"

"ကျွန်မကတော့ တကယ်ပြောတာပါ ဦးထွန်းသူရယ်၊ ဒီလို သာယာ တဲ့ ပင်လယ်ရှုခင်းတွေကို ရုပ်ရှင်ထဲ တီဗွီထဲပဲ မြင်ဖူးတာ၊ ခု ကိုယ်တိုင် တွေ့ရမြင်ရတော့ စိတ်ထဲ ဘယ်လို ကြည်နူးမိမှန်းတောင် မသိဘူး၊ အရမ်း ပျော်သွားတာပဲ"

"ကျွန်တော်တို့အရပ်မှာ ဒီလို တစ်သက်လုံး ပျော်ရွှင်နိုင်ပါစေလို့ ကျွန်တော်တို့လည်း ဆုတောင်းပါတယ် ဆရာမ"

"ကျွန်မ ပျော်မှာပါရှင်"

"ဟုတ်ကဲ့၊ အရင်ကတော့ ဆရာမ ပင်လယ်ဘက် တစ်ခါမှ မရောက် ဖူးဘူးပေါ့နော်"

"ဟုတ်ကဲ့ မရောက်ဖူးပါဘူးရှင်"

ဒီရေကျသွားသဖြင့် ကျောက်မောင်နှမ သဲသောင်တွင် ဘောလုံး ကန်နေကြသော ကလေးငယ်များဘက် ငေး၍ ဆရာမက ပြော၏။

"ရန်ကုန်ကဆိုတော့ တော်တော်စွန့်စားပြီး လာရမှာပေါ့၊ ဒီဘက်မှာ ဆွေမျိုးသားချင်းတွေကော မရှိဘူးလား ဆရာမ"



"မဟီက ပုလဲနဲ့ငါးမှာ အစ်ကိုဝမ်းကွဲတစ်ယောက်တော့ ရှိပါတယ်"

"ဪ ဟုတ်လား၊ တွေ့ပြီးပလား ဆရာမ"

"မတွေ့ရသေးပါဘူးရှင်၊ မဟီကိုတောင် ကျွန်မ မရောက်ဖူးသေးပါ ဘူး၊ နောက်မှ အေးအေးဆေးဆေး သွားလည်မယ်လို့ မှန်းထားပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ လိုက်ပို့ပေးပါ့မယ် ဆရာမ၊ မဟီမြို့နဲ့ ပုလဲနဲ့ငါး လုပ်ငန်းကတော့ နည်းနည်း လှမ်းပါတယ်၊ ဒီနေ့တော့ အချိန် ရမယ် မထင်ပါဘူး"

"ဟုတ်ကဲ့ရှင် ကျေးဇူးတင်ပါတယ်၊ ခု သွားလို့လည်း သူက ရှိချင်မှ ရှိမှာ သင်္ဘောနဲ့ ပင်လယ်ကို ထွက်ချင် ထွက်နေမှာပေါ့၊ သူက သင်္ဘောမှာ အင်ဂျင်နီယာလေ"

"ဟုတ်. . "

"ရှေ့ကမြင်ရတဲ့ ကျောက်ဆောင်ကြီးနှစ်ခုက ကျောက်မောင်နှမလို့ ခေါ်တယ်ဆရာမ၊ ညည ဒီရေတက်လာရင် အဲဒီကျောက်ဆောင်တွေပေါ်မှာ ငှက်တွေ ငါး လာလာချောင်းကြတယ်၊ ကိုကိုတို့ သူငယ်ချင်းတွေနဲ့ တစ်ခါ တစ်ခါ ငှက် ပစ်တတ်ကြတဲ့ နေရာပေါ့"

"ဟုတ်လား၊ ဪ ဟိုမှာ ပင်လယ်ထဲ နေလုံးကြီး ဝင်သွားတာ လှလိုက်တာ သူသူရယ်နော်"

ဆရာမ သီတာအောင်ဆွေက လွဲလျှင် အကုန်လုံးမှာ ဒေသခံတွေ ဖြစ်သဖြင့် အားနာပါးနာနှင့် "ဟုတ်ကဲ့" လိုက်လိုက်ကြ၏။ ဒေသခံတွေ အနေမှာ ပင်လယ်ရေပြင်ထဲ နေလုံးကြီး ဝင်သွားသည်မှာ မြင်ဖန်များ၍ ရိုးနေလေပြီ။

နေလုံး ပျောက်ကွယ်သွားသော်လည်း ကောင်းကင်နှင့် ရေပြင်ကျယ် ကြီးမှာ ဆည်းဆာရောင်နီ ယှက်သန်းနေသည်။ ရေပြင်မှ ရောင်ပြန်ဟပ်မှု ကြောင့် ဆရာမမှာ ပိုလှလာသည်ဟု ကိုထွန်းသူမှာ ကြည့်မဝ ဖြစ်နေ၏။

အိပ်တန်းပျံသွားကြသော ငှက်တစ်အုပ်က သူတို့ခေါင်းပေါ်မှ အော် မြည် ပျံသန်းသွားကြရာ သီတာအောင်ဆွေက ခေါင်းမော့ကြည့်၏။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ကြော့ရှင်းသော လည်တိုင်ကို ဆည်းဆာရောင်ခြည်က လာဟပ်ပြန်သည်။ သူ၏ ပတ္တမြားလည်တိုင်ကိုမူ ကိုထွန်းသူက ငေးလျက်။

ပင်လယ်ပြင်ပေါ် ရှပ်တိုက်လာသော လေနုအေးထဲတွင် သီတာအောင်ဆွေ၏ ခေါင်းစည်းပဝါလေး လွင့်နေသည်မှာလည်း စိတ်ကူးယဉ်စရာ။

ဆရာမ သီတာအောင်ဆွေသည် ငါးပိုက်တန်းရာမှ ဝင်လာကြသော တံငါလှေများဆီ အတန်ကြာ ငေးနေပြန်သည်။ ပြီးမှ. .

"ဦးထွန်းသူက အုန်းဆံကြိုးစက် ထောင်တာ ကြာပလားရှင့်"

"ကျွန်တော် ထောင်တာ မဟုတ်ပါဘူး ဆရာမ၊ မိဘ လက်ငုတ်လက်ရင်းပါ"

"ဟုတ်ကဲ့၊ တခြားလုပ်ငန်းတော့ ဘာမှမလုပ်ဘူးပေါ့နော်"

"ဟုတ်ကဲ့၊ မလုပ်ပါဘူး ခင်ဗျာ"

"ကိုသူတို့အနေက ဘာလုပ်စရာရှိသေးလဲ ဆရာမရယ်၊ ကြိုးစက်နဲ့ အုန်းသားရောင်းရငွေကကို တစ်နှစ်တစ်နှစ် သောင်းချီသိန်းချီ ဝင်နေတာ"

တစ်ချိန်လုံး ငြိမ်လိုက်လာသူ ခင်ဝေက ဝင်ပြောလိုက်၏။

"နင်ကတော့ လုပ်ပြီ၊ ဆရာမက တကယ်ထင်သွားပါဦးမယ်"

"နို့ မဟုတ်ဘူးလားလို့၊ ကြီးကြီးက ခင်ဝေတို့ကို အကုန်ပြောပါတယ်နော်"

"အမေက သက်သက် မမတို့ကို ကြွားတာနေမှာပေါ့"

"အမယ်. . သူ့ညီမကပါ စစ်ကူပါသေး"

ခင်ဝေက မြဒါသူ၏ကျောကို တစ်ချက် လှမ်းပုတ်သည်။

"ဟုတ်ပါတယ်ဟာ၊ တို့က ဘယ်မှာလာ သိန်းချီဝင်ရမှာလဲ"

"လေးငါးသောင်းတော့ ဝင်တာပဲ မဟုတ်လားလို့"

"ဒီခေတ် လေးငါးသောင်းငွေက ဘာရှိလို့လဲဟ၊ ဆရာမတို့ ရန်ကုန်မှာဆို ကားတောင် တစ်စီးမရဘူး မဟုတ်ဘူးလား ဆရာမ"



"ဟုတ်တယ်လေ၊ ခုခေတ် သင်္ဘောသားတွေ သိပ်ခေတ်စားနေတာပဲ၊ သင်္ဘောသားတွေဆို ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်နေတာ၊ ဆရာမ သီတာလည်း ကျွန်မတို့အရပ်ကို လာတာ မှားတာပေါ့၊ ရန်ကုန်မှာနေပြီး သင်္ဘောသားတစ်ယောက်ယောက်ကို အဟိ. . ဟဲ. . ဟဲ ရရင် ချက်ချင်း ကားစီးရလျက်နဲ့ ဘာလို့ မဟီဘက်လာလဲ မသိဘူးနော်"

ခင်ဝေ၏သူငယ်ချင်း အေးအေးက သီတာအောင်ဆွေ၏မျက်နှာကို အပြုံးစစနှင့် ကြည့်ပြီး ဝင်ပြော၏။

"ရန်ကုန်ရယ် တောရယ် ဘယ်ဟုတ်မလဲ ဆရာမ၊ အကြောင်းပါရင် ဖြစ်လာလိမ့်မပေါ့ မဟုတ်ဘူးလားနော် ဆရာမ ခင်ဝေ"

"ဆရာမ သီတာက မျှော်လင့်ချက် ရှိထားခဲ့ပြီနဲ့ တူပါတယ်"

အမျိုးသမီး ဆရာမများဆီ စကားရောက်သွားရာ သူတို့ကြားထဲ ကိုထွန်းသူမှာ တော်တော်နှင့် စကားပြန် မဝင်နိုင် ဖြစ်နေ၏။ ယခုမှ ခင်ဝေ့သူငယ်ချင်း ရွာဆရာမ အေးအေး၏ စကားထဲ ကိုထွန်းသူက အလောတကြီး ပြန်ဝင်ရ၏။

"ဟုတ်လား ဆရာမ"

"ဘာကိုလဲရှင့်"

"ဪ. . ဆရာမ အေးအေးက ဆရာမ သီတာအောင်ဆွေ ရန်ကုန်မှာ သင်္ဘောသား မျှော်လင့်ချက် ကျန်ခဲ့သလားလို့ မေးတာကို ပြောတာပါ"

ဆရာမ သီတာအောင်ဆွေက ကိုထွန်းသူ၏အမေးကို ချက်ချင်း မဖြေသေးဘဲ အပြုံးဝေဝေနှင့် လှမ်းကြည့်ကာ အသံသာသာနှင့် ရယ်၏၊ ပြီးမှ "မရှိပါဘူးရှင်၊ ရှိရင် ဦးထွန်းသူတို့ဆီ ဘယ်ရောက်လာလိမ့်မလဲနော်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ပြော၏။

"တော်သေးတာပေါ့နော် ကိုကို"

ကိုထွန်းသူက နှမငယ် မြဒါသူ၏စကားကို ဘာမှပြန်မပြောခင် ခင်ဝေကသာ "ဘာတော်တာလဲ သူသူရယ်" ဟု မေးလိုက်၏။

"သြော်. . ဆရာမကို သူသူတို့ အားလုံးက ခင်မင်နေကြပြီးမှ သင်္ဘောသားနဲ့ အကြောင်းပါပြီး သူသူတို့ဆီက အလုပ်ထွက်ဖြစ်သွားရင် အားလုံး လွမ်းကျန်ခဲ့ကြမှာ ပြောတာပါ"

"ဟုတ်လား ကိုသူ"

"ဟုတ်ပဗျာ"

ဆရာမ အေးအေး၏အမေးကို 'ဟုတ်ပဗျာ' ဟု ကိုထွန်းသူက ပြောလိုက်သောအခါ ဆရာမ သီတာအောင်ဆွေမှာ ကိုထွန်းသူ၏မျက်နှာကို ငေးငေးကလေး တစ်ချက် လှမ်းကြည့်လိုက်သည်။

သူတို့ စီးနင်းလာကြသော ပဲ့ချိတ်ကလေးမှာ ရေသူမချိုင့်ထဲ ဝင်လာနေပြီဖြစ်သဖြင့် မဟီမြို့ကလေးက ဘွားကနဲ ပေါ်လာသည်။ အချိန်မှာ ညနေ ခြောက်နာရီကျော်ပြီ ဖြစ်သဖြင့် ပုလဲနှင့်ငါးမှ လျှပ်စစ်မီးများကိုလည်း လှမ်းမြင်နေရသည်။

"အဲဒါ မဟီပါပဲ ဆရာမ"

"ဟုတ်ကဲ့ရှင်"

ဆရာမ သီတာအောင်ဆွေက လှမ်းငေးကြည့်ရင်း ခေါင်းညိတ်ပြ၏။

"ဟိုဘက်မြို့စွန် အငူက အဆောက်အအုံလေ ဆရာမ၊ မြင်တယ် မဟုတ်လား"

"ဘယ်ဟာပါလဲရှင်"



"ဟိုဟာလေ ဆရာမ၊ လျှပ်စစ်မီးတွေ ထိန်နေတာလေ"

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

"အဲဒါ ပုလဲနဲ့ငါး လုပ်ငန်းဌာနပါပဲ"

"သြော်"

ဆရာမ သီတာအောင်ဆွေက ငေးငေးလေး လှမ်းကြည့်သည်။

"ခု ကျွန်တော်တို့ မဟီမှာ ပုလဲနဲ့ငါးလုပ်ငန်း လာဖွင့်မှ ကျွန်တော်တို့မြို့က လူတွေလည်း ရေခဲဆိုတာ မြင်ဖူးတယ်လေ ဆရာမ"

"ဟုတ်ကဲ့"

"ဟိုတုန်းက ရေခဲ မရှိဘူး၊ ခုတော့ ပုလဲနဲ့ငါးမှာ အအေးခန်းရှိတော့ ရေခဲရတယ်၊ အဲဒါကြောင့် ခု မဟီမှာ ဖာလူဒါတို့၊ ရေခဲသုတ်တို့ ပေါ်လာတာ ပုလဲနဲ့ငါး ကျေးဇူးပဲ"

"ဟုတ်ကဲ့"

"ဟိုတုန်းက ကြံရည်နဲ့ အဖျော်ရည်တွေဆို အအေးမပါဘူး၊ ရေခဲမှ မရှိတာ"

"ဟုတ်ကဲ့"

"ခုတော့ ရေခဲမုန့်လည်း ရှိတယ်၊ ပြီးတော့. . "

"အမေ့"

"ဟဲ့. . နင့်ဟာ ဖြည်းဖြည်းကပ်ပါဟ ကျော်ရယ်၊ ဆရာမ လန့်သွားတာပဲ"

ပဲ့ချိတ်မောင်းလာသော ကျောင်းသားလေး သန်းကျော်က ပဲ့ချိတ်ကို ဆိပ်၌ ကပ်လိုက်ရာ လူးလိမ့်သွားသဖြင့် ဆရာမ သီတာအောင်ဆွေက

www.burmeseclassic.com

www.burmeseclassic.com



'အမေ့' ဟု လန့်အော်ပြီး ကိုထွန်းသူကို လှမ်းဆွဲသဖြင့် ကိုထွန်းသူမှာလည်း စကားပြတ်သွားသည်။

ဒီရေကျသွားပြီ ဖြစ်သဖြင့် ပဲ့ချိတ်ဆိပ်နှင့် ကမ်းစပ်ကို ထိုးခင်းထားသော ကုန်းပေါင်ပျဉ်ချပ်မှာ ဆိပ်ခံနှင့် တစ်ဖက်စောင်းထောင် ဖြစ်နေသည်။ သွားလာနေကျဖြစ်သော ရွာခံ ဆရာမနှစ်ယောက်နှင့် မြဒါသူတို့ မောင်သန်းကျော်တို့မှာ ဖိုးဖိုးဆတ်ဆတ်နှင့် ကုန်းပေါင်ပျဉ်ချပ်ပေါ် ဆောင့်နင်းပြီး တက်သွားကြ၏။ အလျှိုအလျှို တက်သွားကြသဖြင့် ကုန်းပေါင်ပျဉ်ချပ်မှာ ညွတ်ပဲ့ညွတ်ပဲ့ ဖြစ်ကျန်ခဲ့သည်။

ညွတ်ပဲ့ညွတ်ပဲ့နှင့် လှုပ်ခါတုန်ယင်နေသော ပျဉ်ချပ်ပေါ် ခြေ တစ်ဖက်တင်ကာ သီတာအောင်ဆွေမှာ တုန်ချည့်တုန်ချည့် ဖြစ်နေ၏။ ကမ်းပေါ် ရောက်သွားသော ခင်ဝေက သီတာအောင်ဆွေ၏ အဖြစ်ကို ကြည့်ကာ "ကိုသူ ဆရာမကို ကူလိုက်ပါဦး" ဟု လှမ်းပြောသည်။

"ကဲ. . ဆရာမ၊ ကျွန်. . ကျွန်တော့်လက်ကို မြဲမြဲကိုင်ပြီး လိုက်ခဲ့ပါ မကြောက်ပါနဲ့၊ ရဲရဲသာလျှောက်၊ တုန်ချည့်တုန်ချည့် လုပ်နေရင် ကုန်းပေါင် က ပိုခါတယ်၊ မြန်မြန်လျှောက်လေ အလှုပ်သက်သာလေပဲ" ဟု ပြောပြီး လက်ကမ်းပေးလိုက်၏။

သီတာအောင်ဆွေက သူ့လက်ကို ဖမ်းဆုပ်လိုက်သောအခါ ကိုထွန်း သူ၏ ရင်ထဲမှာ နွေးသွားသည်။ ကုန်းပေါ်ရောက်သည်အထိ သူ့ရင်ထဲမှာ ကုန်းပေါင်ပျဉ်ချပ်ပမာ တဆတ်ဆတ် တုန်ခါနေတုန်း။

သီတာအောင်ဆွေက "ကျေးဇူးပဲ" ဟု ပြောလိုက်စဉ် ခင်ဝေက "ကျွန်မတို့ဆီ ခရီးသွားရတာတော့ ဒီလိုပဲ၊ မသွားဖူးရင် ရင်တုန်ပန်းတုန် ဆရာမရယ်၊ ပျော်စရာ မကောင်းဘူးလား" ဟု ဆီးပြောလိုက်၏။

တော်မြို့လုံး မီးထိန်ထိန်လင်းနေပြီ။ ရုပ်ရှင်ရုံနားဘက် လျှောက်လာ ကြသည်။ လမ်းတစ်ဝက်အရောက်တွင် စက်ဘီးစီးလာသူတစ်ယောက်က ကိုထွန်းသူအနားတွင် အရှိန်သတ်လိုက်ပြီး ကိုသူ ရုပ်ရှင်လားဟု မေး၏။



"ဟာ. . ဟုတ်တယ်ဟေ့၊ မင်းတွေ့တာနဲ့ အတော်ပဲ၊ လက်မှတ် ရောင်းပြီးပလား"

"ခု ကျွန်တော် လက်မှတ်ရောင်းမလို့ သွားတာ"

"အိုကေ. . တို့အတွက်. . အဲ. . ဘယ်နှစ်စောင်ပါလိမ့်"

ခင်ဝေက "ခြောက်စောင်လေ ကိုသူ၊ အတူလာသူချင်းတောင် မမှတ်မိတော့ပြန်ဘူး၊ ဒီနေ့ ကိုသူ ဘယ်လိုဖြစ်နေလဲ မသိပါဘူး" ဟု ညည်းသလို ပြောလိုက်၏။

"အဲ. . ခြောက်စောင်ကွာ နော်"

"စိတ်ချ. . သွားမယ်နော် ကိုသူ"

ကိုထွန်းသူနှင့် ဆရာမများကို ကွက်ကြည့်ကွက်ကြည့် လုပ်သွားသော ရုပ်ရှင်ရုံက လက်မှတ်ရောင်းကို မြဒါသူနှင့် မောင်သန်းကျော်တို့က ဘာ ပြောကြသည်မသိ၊ ကြည့်ပြီး တခစ်ခစ် ရယ်နေကြ၏။

ရုပ်ရှင်ရုံဘေးက ဈေးတန်း ရောက်လာကြသည်။

"ကဲ ဆရာမတို့ ဘာသုံးဆောင်ကြမလဲ ခင်ဗျား"

"ကိုသူ. . အဲ. . ဦးထွန်းသူနဲ့ သူသူက ညနေစာမှ မစားခဲ့ကြသေး တာ၊ တစ်ခုခု စားကြလေ၊ ကျွန်မတို့ကတော့ အအေးပဲ သောက်ကြတာ ပေါ့"

စကားမှားသွားသလို ဖြစ်သွားသော သီတာအောင်ဆွေ၏ အပြော ကို အားလုံးက ရယ်နေကြစဉ် ကိုထွန်းသူက. .

"ဆရာမ၊ ကျွန်တော့်ကို ခင်တဲ့လူတွေကတော့ 'ကိုသူ' လို့ပဲ ခေါ်ကြ ပါတယ်၊ ခုနကလည်း ဆရာမ ကြားလိုက်တဲ့အတိုင်းပါ"

"ဟုတ်ကဲ့. . ကျွန်မကလည်း တစ်ခုတောင်းဆိုပါရစေ"

"အမိန့်ရှိပါခင်ဗျား"

"ကျွန်မကိုလည်း ခင်တဲ့လူတိုင်းက 'သီတာ' လို့ပဲ ခေါ်ကြပါတယ် ခု ကိုသူနဲ့ ဆရာမတွေ အားလုံးကို ပြောတာပါ"

"အိုကေ" ဟု အားလုံးက ပြောပြီး လက်ခုပ်တီးလိုက်ကြ၏။ စား

www.burmeseclassic.com

www.burmeseclassic.com



သောက်နေကြသူ တချို့က အထူးအဆန်းလို သူတို့ကို ဝိုင်းလှည့်ကြည့်ကြသည်။

အားလုံး ပျော်နေကြသည့်အထဲတွင် ဤနေ့ ဤအချိန်မှာ ကိုထွန်းသူကား အပျော်ဆုံး လူတစ်ယောက်။

ကိုထွန်းသူတို့ မောင်နှမက ခေါက်ဆွဲကြော် တစ်ယောက် တစ်ပွဲမှာစားကြ၏။ ဆရာမသုံးယောက်နှင့် မောင်သန်းကျော်တို့က ဖာလူဒါသောက်ကြသည်။ သီတာအောင်ဆွေက "ကျွန်မ ဖာလူဒါ မကြိုက်ပေမယ့် မဟီက ဖာလူဒါကို သောက်ဖူးတယ်ရှိအောင် သောက်လိုက်ဦးမယ်" ဟု ပြောပြီး သောက်၏။

မြဒါသူကလည်း သူ့အစ်ကိုနှင့် သူ ခေါက်ဆွဲစားပြီး သောက်ရန် ဖာလူဒါနှစ်ခွက် ထပ်မှာလေသည်။

ကိုထွန်းသူက ပိုက်ဆံရှင်းသောအခါ "ဟာ. . အားနာစရာကြီး မဟုတ်တာ" ဟု ပြောပြီး သီတာအောင်ဆွေက ပိုက်ဆံအိတ်ကို ဖွင့်၏။ ခင်ဝေနှင့် ဆရာမတို့က အတင်း တားထားကြသည်။

"အရေးမကြီးဘူး၊ ကိုသူက မဟီတစ်နယ်လုံးမှာ လူပျိုသူဌေးပဲ၊ သူ ရှင်းလိမ့်မယ်၊ စားမယ့် သောက်မယ့်လူ ရှိတာမှ မဟုတ်တာ"

"သူ့မှာတော့ ရှိသလို ကျနေတာပဲ"

ခင်ဝေ၏စကားကို သီတာအောင်ဆွေက ဝင်ပက်လိုက်၏။

"အေးလေ. . ဟုတ်သားပဲ" ဟု ကိုထွန်းသူက ရယ်၍ ပြောလိုက်စဉ် "ကိုသူကို ကျွန်မတို့က ခေါ်လာတာ၊ ကျွန်မတို့ ဒုက္ခခံရမယ့်ဥစ္စာ၊ ခုတော့ ကိုသူကချည်း အလှူခံရလို့ စိတ်ညစ်ပြီး နောက်တစ်ခါ လိုက်မပို့ဘဲထားလို့ ဖူးတ်ပေ့လည်း ဖြစ်နေဦးမယ်နော် မခင်ဝေ" ဟု သီတာအောင်ဆွေက ပြော၏။

"အမယ်လေး သီတာရယ်၊ ဒီနေ့ ကိုသူလား စိတ်ညစ်မှာ၊ ကိုသူကို ဒီနေ့လောက် ပျော်နေတာ တို့ တစ်ခါမှတောင် မမြင်ဖူးဘူး၊ ဟဲ. . ဟဲ. . ဟုတ်တယ်မဟုတ်လား သူသူ"



မြဒါသူကမူ သူ့အစ်မ ခင်ဝေ၏စကားကို ဘာမှမပြောဘဲ သူ့အစ်ကို၏မျက်နှာကိုသာ ငေးကြည့်နေ၏။ သီတာအောင်ဆွေကမူ ရှက်ရှက်နှင့် ဆရာမ အေးအေးဆီ မျက်နှာလွှဲထားလိုက်သည်။

ရှပ်ရှင်လက်မှတ်ကိုလည်း ကိုထွန်းသူကပင် ဘယ်သူမှမသိအောင် ရှင်းပေးလိုက်၏။ သီတာအောင်ဆွေက "အားနာစရာကြီး" ဟူသော စကားကို ထပ်ပြောသောအခါ ကိုထွန်းသူက. .

"ကျွန်တော်တို့က အိမ်ရှင်ပါ သီတာရယ်၊ မဟီလာတဲ့ ဧည့်သည်တွေကို မဟီမှာ ပျော်အောင် နွေးနွေးထွေးထွေး ကြိုဆိုဖို့က ကျွန်တော်တို့ တာဝန်ပါ"

"ကိုသူပြောတာ သီတာ ကြားတယ်နော်၊ မဟီမှာ ပျော်ပျော်နေသွားဖို့ကတော့ ဧည့်သည်ရဲ့ တာဝန်ပဲရှင့်"

"ဟုတ်ပါတယ် ဆရာမရယ်၊ သီတာလည်း ပျော်ပါတယ်"

"တစ်သက်လုံး နေသွားမယ်ဆိုလည်း တို့တာဝန်ထားနော် သီတာ" ဆရာမ အေးအေးကလည်း ယောက်ခံ၏။

"သူသူကကော. ."

ခင်ဝေက မြဒါသူကို မေးပြန်၏။

"သူသူကလည်း ပိုသဘောကျပါတယ်"

"ကိုသူကော. ."

"အားလုံးထက် ကိုသူက ပိုပြီး သဘောကျမှာပါ"

ကိုထွန်းသူ တဟဲဟဲ ရယ်နေစဉ် ဆရာမ အေးအေးက ဝင်ပြောလိုက်၏။

ရှပ်ရှင်ရုံထဲ ဝင်ကြတော့လည်း ကိုထွန်းသူနှင့် သီတာအောင်ဆွေတို့က ခုံချင်း ကပ်လျက်။ တစ်ယောက်၏လှုပ်ရှားမှုနှင့် အသက်ရှူသံကို တစ်ယောက်၏ နှလုံးသားထဲက ကြားနေကြရသည်။ ကိုထွန်းသူမှာ ပျော်လိုက်သည့်ဖြစ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရုပ်ရှင်ရုံထဲတွင်တော့ တစ်ယောက်နှင့်တစ်ယောက် များစွာ စကားမပြောမိကြ။ ရတနာပုံဇာတ်ကားကို မကြည့်ဖူးသေးသော ဆရာမများနှင့် တခြားလူများကို အနှောင့်အယှက်ဖြစ်မှာ စိုး၍ ပညာတတ်များပီပီ နှုတ်ထိန်း စောင့်စည်းနေကြသည်။

ဆရာမနှစ်ယောက်နှင့် မြဒါသူတို့ကတော့ မျက်ရည်တရွှဲရွှဲ နှပ်တရှုံ့ရှုံ့နှင့်။

◈ ◈ ◈

ရုပ်ရှင်ပြီး၍ ရုံထဲက ထွက်လာကြသည်။ လဆုတ် ၂ ရက် လမှာ ကောင်းကင်ပေါ် အတော် မြင့်တက်နေလေပြီ။

“အအေး တစ်ခုခု သောက်ကြဦးမလား” ဟု ကိုထွန်းသူက မေးလိုက်သောအခါ မြဒါသူက "ကောင်းတာပေါ့ ကိုကို" ဟု ပြောသည်။ ကြံရည် တစ်ယောက် တစ်ခွက် ထပ်သောက်ကြ၏။ ထုံးစံအတိုင်း ဒကာတော်ကတော့ ကိုထွန်းသူပင်။

မြစ်ဆိပ်ကို ဆင်းပြီး ပဲ့ချိတ်နှင့် ပြန်လာကြ၏။ ကောင်းကင်ပေါ်တွင် တိမ်ဖြူ တစ်စနှစ်စက ပဝါပါးတွေ လွှင့်ထားသလို လွင့်မျော ရွေ့လျားနေကြသည်။

“သာယာလိုက်တာနော်၊ လသာညမှာ ပင်လယ်ပြင်ကို ပဲ့ချိတ်နဲ့ သွားရတဲ့ အရသာကို သီတာတော့ တစ်သက် မေ့မှာ မဟုတ်ပါဘူး၊ အရမ်းလွမ်းစရာ ကောင်းတာဲပဲ”

“ဘာကို လွမ်းတာလဲ ဆရာ. . အဲ. . သီတာ”

လရောင်ပက်ဖျန်းထားသော သီတာအောင်ဆွေ၏ ငွေသား မျက်နှာပြင်ကို ငေးကြည့်ကာ ကိုထွန်းသူက မေးလိုက်၏။

“[illegible]ာရယ်လို့ မဟုတ်ပါဘူးရှင်၊ စိတ်က အရမ်းလွတ်လပ်ပြီး ကောင်းကင်ထဲ လွင့်မျောနေသလိုပါပဲ”



“သီတာလည်း သချ်ာနဲ့ ဘွဲ့ရလာလို့သာနော်၊ မြန်မာစာနဲ့သာ ဘွဲ့ရလာရင်တော့. .”

“ကဗျာဆရာမ၊ စာရေးဆရာမ ဖြစ်မှာပေါ့”

"တကယ်. . တကယ်ပဲ”

ဒေသခံလူများက ဘယ်လိုမှ မခံစားကြရသော်လည်း သီတာအောင်ဆွေမှာတော့ လရောင်၊ ပင်လယ်ပြင်၊ ကောင်းကင် ကြယ်ပွင့်ကလေးများနှင့် ဤဒေသ၏ အလှအပကို တကယ် ခံစားနေရလေသည်။

ကိုထွန်းသူတို့ မောင်နှမအား သဲချောင်းအိမ်ဆိပ်သို့ လိုက်ပို့ကြရာ သဲချောင်းလေးနှစ်ဘက်ရှိ အုန်းပင် အုန်းတောထဲက လရောင် ဖြိုးဖြိုးဖြောက်ဖြောက်များမှာ လွမ်းတ ဆွတ်ပျံ့ဖွယ်ရာပင်။

“ခုလို လသာတဲ့ညတွေမှာ သူသူတို့အုန်းခြံထဲ လမ်းလျှောက်နေရရင် သိပ်ကြည်နူးစရာ ကောင်းမှာပဲ” ဟုပင် သူတို့မောင်နှမနှစ်ယောက်နှင့် ခွဲခွာခါနီး ပြောမိလိုက်သည်။

“အုန်းခြံထဲက လရောင်အောက် လမ်းလျှောက်ချင်တဲ့ ဆရာမနဲ့ မမဝေတို့ကို သူသူ တစ်နေ့ ဖိတ်ပါဦးမယ် ဆရာမ၊ သူသူ့မွေးနေ့မှာပဲ ဖြစ်ဖြစ် ကိုကို့မွေးနေ့မှာပဲ ဖြစ်ဖြစ်ပေါ့”

“သိပ်ကောင်းတဲ့ အစီအစဉ်ပေါ့ သူသူရယ်”

“ဟုတ်ကဲ့ ကျွန်တော်လည်း စိတ်ကူးရှိပါတယ် ဆရာမ”

"ဟုတ်ကဲ့ရှင့်”

ဆရာမတို့ ပဲ့ချိတ်က ရွာဘက်ခွာသွားရာ ကိုထွန်းသူတို့မောင်နှမမှာ လွမ်းလွမ်းဆွေးဆွေးနှင့် ကမ်းနဖူးမှ ငေးကြည့်၍ ကျန်ရစ်ခဲ့ကြ၏။

အချိန်မှာ ည ၁၁ နာရီခန့် ရှိပြီဖြစ်သဖြင့် လရောင်မှာ ပို၍ ကြည်လင်လာသည်။ ဆရာမတို့ ပဲ့ချိတ်လှေလေးက ငှက်ရဲကျောက်ဆောင်တွေကို လွန်ပြီး ပျောက်ကွယ်သွားမှ မောင်နှမနှစ်ယောက် အိမ်ဘက် လျှောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ သီတာအောင်ဆွေက ပြောသွားမှ သူ့အုန်းခြံထဲက လရောင်၏ သာယာ ကြည်နူးစရာကောင်းပုံကို သတိထားမိသည်။ ဤည ကိုထွန်းသူ တော်တော်နှင့် အိပ်ပျော်တော့မည် မဟုတ်ပေ။ အိမ်ဘက်သို့ လျှောက်လာကြရင် အုန်းသီးနုနုလေးတွေကို လာကိုက်လေ့ရှိသော ရှဉ့်ငပေါများကို တွေ့သောအခါ ကိုထွန်းသူက ခဲလုံးလေးတွေနှင့် လှမ်းပေါက်လာသည်။

"တိုကို သူသူ့မွေးနေ့ ရောက်ရင် ဆရာမတို့ကို ထမင်း ဖိတ်ကျွေးကြရအောင်နော်"

"နင့်မွေးနေ့က အဝေးကြီး လိုသေးတာ၊ ငါ့မွေးနေ့မှာ လုပ်"

"ဟင်၊ ကိုကို့မွေးနေ့က ဘယ်တုန်းက လုပ်ဖူးလို့လဲ"

"ဒီနှစ် လုပ်မယ်လေ"

"ကိုကိုက သိပ်လုပ်ချင်နေပြီပေါ့"

"အဲဒါ ဘာဖြစ်လဲ"

"ကိုကို ဆရာမ သီတာအောင်ဆွေကို ကြိုက်နေတယ်ဆိုတာ သိသားပဲ၊ ဟုတ်တယ် မဟုတ်လား"

"တော်စမ်းပါဟာ" ဟု ပြောပြီး ရှက်ရှက်နှင့် သူ အိမ်ပေါ် တက်လာသည်။ မြဒါသူက "ဆရာမကလည်း ကိုကို့ကို သဘောကျပုံပဲ၊ သူသူ ပြောပေးရမလား" ဟူသော စကားကိုမူ သူ့အစ်ကိုက မကြား၍လား၊ သဘောကျသွား၍လားမသိ ဘာမှ ပြန်မပြောခဲ့တော့။

"ဟော. . ကိုသူပါလား"

ခင်ဝေနှင့် သီတာအောင်ဆွေတို့က ရွာထဲမှ ကျောင်းသို့အလာ ကိုထွန်းသူက ရွာထဲအဝင် လမ်းတွင်ဆုံမိကြသည်။ အမှန်က ကိုထွန်းသူသည် မြဒါသူကို ကျောင်းလာပို့ရင်း ကျောင်းနားကပင် ဖြတ်လာ၏၊ မြဒါသူကို ကျောင်းလာပို့စဉ်ကတော့ ကျောင်းထဲဝင်ပြီး သီတာအောင်ဆွေကို



တွေ့မည်ဟု စိတ်ကူးလာ၏။ သို့သော် ကျောင်းနားသို့ရောက်သောအခါ အလိုလို ရင်ခုန်လာပြီး ဆရာမ သီတာအောင်ဆွေနှင့် တွေ့ရမှာ ရှက်သလို ရွံ့သလိုနှင့် ရွာထဲ လှည့်ဝင်လာခြင်း ဖြစ်သည်။

ဆရာမ သီတာအောင်ဆွေကို တစ်ဖက်သတ် ကြိုက်နေသော်လည်း ရဲရဲဝံ့ဝံ့ ဖွင့်မပြောရဲသေး။ သမာဓိပိုး ပိုးကာ အခွင့်အခါကို စောင့်နေ၏။ ယနေ့လည်း ထူးထူးဆန်းဆန်း ကျောင်းထဲဝင်ပြီး ဆရာမ သီတာအောင်ဆွေကို နှုတ်ဆက်လျှင် ခင်ဝေတို့ အေးအေးတို့နှင့်တကွ ဆရာ ဆရာမတွေက ဝိုင်းနောက်ကြမှာ စိုး၍ သူ ကျောင်းထဲ မဝင်ဝံ့ခဲ့။ ရည်ရွယ်ချက် ပျောက်ပြီး ရွာထဲဝင်လာမှ ယခု ကျောင်းနောက်ကျသော သီတာအောင်ဆွေနှင့် ခင်ဝေတို့ကို လမ်းတွင် ရှေ့ဆိုင် ဆုံမိပြီးသား ဖြစ်သွား၏။

မမျှော်လင့်ဘဲ တွေ့ရသဖြင့် ကိုထွန်းသူမှာ အတော်ပင် ဝမ်းသာသွားသည်။ ခင်ဝေက စနှုတ်ဆက်တော့ သူ့မျက်နှာမှာ ဝင်းထိန်နေ၏။

"သူသူ့ လာပို့တာလား ကိုသူ"

"ဟုတ်ကဲ့ သီတာ"

"ဟင်း. . ဟင်း။ ဟိုတုန်းကဆို ကိုသူ တစ်ခါမှ သူသူ့ကို ကျောင်းလာပို့တာ မတွေ့မိပါဘူး၊ ခု အလုပ်ပိတ်ထားလို့လား"

"မပိတ်ပါဘူး"

ခင်ဝေ၏မျက်နှာကို မကြည့်ဘဲ ပြော၏။ သီတာအောင်ဆွေကတော့ သူ့မျက်နှာကို အပြုံးနှင့် ငေးကြည့်နေသည်။

"အထူးအဆန်းပဲ"

"ဘာကိုလဲ"

"ကိုသူက သူသူ့ကို ကျောင်းလာပို့တယ်ဆိုလို့ပါ၊ ဟိုတုန်းကဆို ဦးလေးပဲ ဒိုင်ခံပို့တာ"

"ဟိုတုန်းကနဲ့ မတူလို့ပေါ့"

သူက ရယ်ပြီး ပြောသည်။

"ထင်သားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမထင်နဲ့၊ ငါလည်း ရွာကို ကိစ္စရှိတာနဲ့ တစ်ခါတည်း ခေါ်လာတာပါဟာ"

သီတာအောင်ဆွေ ရှက်များသွားလေသလားဟူသော အားနာစိတ်နှင့် စကားကို ဖော့ပစ်လိုက်၏။

"ရွှေ့အပတ် ကျောင်းပိတ်ရင် သီတာက မဟီကို သွားလည်ချင်လို့တဲ့၊ ကိုသူ အားလား"

"အို. . အားနာစရာကြီး၊ ကိုသူက အလုပ်တစ်ဖက်နဲ့၊ နေပါစေ၊ သီတာ ကူးတို့လှေနဲ့ လိုက်သွားပါ့မယ်"

သီတာအောင်ဆွေက ဝင်ပြောသည်ကို ခင်ဝေက မျက်စောင်း တစ်ချက် လှည့်ထိုးပစ်လိုက်၏။

"ရပါတယ်၊ သီတာ သွားချင်တဲ့နေ့ သူ့သူ့နဲ့ မှာလိုက်ပါ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ရှင်"

ဟု ခင်ဝေက ပြောလိုက်သောအခါ သီတာအောင်ဆွေကပါ တခစ်ခစ် ရယ်လိုက်သည်။

ခင်ဝေနှင့် သီတာအောင်ဆွေတို့ ကျောင်းဘက်ထွက်သွားကြတော့ ကိုထွန်းသူလည်း ဝမ်းသာကြည်နူးစိတ် အပြည့်နှင့် ရွာထဲ ဝင်လာလေ၏။

◈ ◈ ◈

"သူသူ ခင်ဝေတို့ ဘာမှာလိုက်လဲ"

"ဘာမှ မမှာလိုက်ပါလား ကိုကို"

သူသူက ကျောင်းလွယ်အိတ်ကို စားပွဲပေါ် လှမ်းတင်ရင်းက သူ့အစ်ကို မျက်နှာကို လှည့်ကြည့်နေသည်။

ကိုထွန်းသူမှာ ရုတ်တရက် ဘာဆက်မေးရမှန်း မသိ။

"ဟင်. . ကိုကို မမဝေကို ဘာမှာထားလို့လဲ"

"ငါက မမှာပါဘူးဟာ၊ ခင်ဝေတို့က မဟီကို အဲ. . မနက်ဖြန် ဥပုသ်နေ့ ဟုတ်လား"



"ဟုတ်ပါတယ်၊ ကျောင်းပိတ်တယ်လေ ကိုကို"

"ဟိုနေ့က ခင်ဝေနဲ့ ငါ တွေ့တော့ သူတို့ကို မဟီ လိုက်ပို့ပါ ပြောလို့"

"သူတို့ရွာက ကူးတို့လှေတွေရှိသားနဲ့ ကိုကိုကလည်း၊ အလုပ်ပျက်ခံပြီး ဘာလို့ လိုက်ပို့မှာလဲ၊ သူတို့ဆရာမတွေဆို ကူးတို့ခတောင် ပေးရတာမှ မဟုတ်တာ"

"ငါလည်း ကိစ္စရှိလို့ပေါ့ဟ"

"ဒါဆို သူသူလည်း လိုက်မယ်"

"နင်က ဘာလိုက်လုပ်မှာလဲ"

"ရုပ်ရှင်ကြည့်ချင်လို့"

"မိုးနဲ့လေနဲ့ဟာ၊ ညထိ ဘယ်နေလို့ ဖြစ်မလဲ"

"မိုးမရွာပါဘူး ကိုကိုရာ၊ နေသာနေတဲ့ဥစ္စာ"

"ဟ. . ဒီနေ့ နေသာပေမယ့် မနက်ဖြန် မိုးမရွာဘူးလို့ နင် ပြောနိုင်မလား"

"ပြောနိုင်တယ်၊ မရွာဘူး၊ စိတ်ချ"

ကိုထွန်းသူက ဘာမှပြန်မပြောတော့။ ခင်ဝေတို့ ဘာလို့ သူသူနှင့် မမှာလိုက်ပါလိမ့်ဟုသာ တွေးနေ၏။

မေ့သွားကြလို့များလား။ သီတာ မဟီကို သွားလည်ချင်တယ်ဟု ပြောသောနေ့မှာ မနက်ဖြန် ဥပုသ်နေ့ပင်။ ကျောင်းအစည်းအဝေးများ အရေးပေါ်ရှိနေလို့လား။ ဒါဆိုလည်း ခင်ဝေက မသွားဖြစ်ကြောင်း မှာလိုက်ဖို့တော့ ကောင်းသည်။ မနက်ဖြန်ခါများ ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာကြလေမလား။ သူတို့ရောက်လာရင် သိပ်ကောင်းမှာပဲ။ သူသူပြောသလို ရုပ်ရှင်ပါ ကြည့်ချင်ကြတယ်ပြောလျှင်၊ ဩော်. . နေသာဦးမှ၊ မိုးမရွာလေ့မှ၊ လေမထန်မှ။

ကမ်းမြောင်ဒေသ၏ ရာသီဥတုမှာ တစ်နေ့ရွှေ တစ်နေ့ငွေလိုပင်။ မိုးရေ လေလှိုင်း မုန်တိုင်း မြစ်ပင်လယ်တို့၏ သဘောမှာ မိနစ်ပိုင်း နာရီ

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းမှာပင် ဖောက်ပြန်တတ်သော သဘောရှိလေသည်။

သေသေချာချာ ခင်ဝေ ပြောလိုက်တာပဲ၊ သူတို့ လာတော့ လာကြမှာပါ။ ဩော်. . ငါ့ကို လိုက်ပို့ပါလို့ ပြောတာပဲ၊ မနက်ကျရင် ငါ သူတို့ကို သွားခေါ်တာ အကောင်းဆုံးဖြစ်မှာပဲ၊ သူတို့ ဒီကိုလာရင် ပွဲချိတ်မောင်းပြီး ရွာသားတစ်ယောက်ယောက်၊ ကျောင်းဆရာတစ်ယောက်ယောက်လည်း ပါလာချင် ပါလာမှာ။ ယောကျ်ားတစ်ယောက်ယောက် ပါလာရင် သီတာ့ကို ငါ ပြောချင်တဲ့ စကားတွေ ပြောလို့ ထွက်ချင်မှ ထွက်မယ်၊ ခင်ဝေကတော့ အကြောင်းမဟုတ်။

သီတာနှင့်ပတ်သက်ပြီး ခင်ဝေ့ကို ပြောခိုင်းရင် အရင်တုန်းကလို "ကိုသူ့ဘာသာ ကိုသူ ပြောပါလား၊ သီတာ့အကြောင်း ခင်ဝေ သိပါတယ်၊ သူက ဘာမဆို ပွင့်ပွင့်လင်းလင်းပဲ ကြိုက်တယ်၊ မြို့ကြီးသူပဲ၊ ခေတ်မီပါတယ် ကိုသူ၊ ခင်ဝေကတဆင့် ပြောရင် ကိုသူ့ကို သိပ်သတ္တိနည်းတဲ့ လူလို့ အထင်သေးသွားမှာပေါ့၊ ရဲရဲသာ ပြော၊ သီတာက မကြိုက်ရင်လည်း စိတ်ဆိုးမှာတော့ မဟုတ်ဘူး၊ သူက ဘွင်းဘွင်းသမားပဲ"

ခင်ဝေ ပြောဖူးသော စကားများကို ကြားယောင်ပြီး "မနက်ဖြန် ခင်ဝေတို့ သီတာတို့ကို သွားခေါ်တာပဲ ကောင်းပါတယ်" ဟု ကိုထွန်းသူ တစ်ညလုံး တွေးပြီး ဆုံးဖြတ်ချက်ချလိုက်သည်။

❖ ❖ ❖

"ဦးလေး၊ အလုပ်သမားတွေနဲ့ စက်ကို ကြည့်လိုက်ပါဦး"

"မင်း ဘယ်သွားမလို့လဲ"

"ကျွန်တော် မဟီကို ကိစ္စနည်းနည်းရှိလို့"

"အေး. . အေး" ဟူသော ဦးအောင်ပွင့်၏ စကားအဆုံးမှာ သူ့အခန်းထဲ သူ ပြန်ဝင်လာသည်။ အကျီ လဲချည် လဲမည်ဟု စိတ်ကူးရာတွင် သူ အကြိုက်ဆုံး၊ သူနှင့် အလှဆုံးဟု ထင်သော အကျီပုဆိုးဆင်တွေကို စိတ်ကူး



နှင့် ဝတ်နေစဉ် မြဒါသူကို သတိရသဖြင့် အပြင်ထွက်ပြီး အကဲခတ်ကြည့်သည်။

မြဒါသူ၏အရိပ်အယောင်ကို မမြင်ရ၊ အုန်းခြံထဲပဲလား၊ စက်ရုံထဲပဲလား ရောက်သွားပြီဟု ထင်လိုက်၏။ သို့မဟုတ် ခင်ဝေတို့ သီတာအောင်ဆွေတို့နှင့် မဟီကို လိုက်ရမည် ထင်သဖြင့် ခြံအဝက ခရေပင်အောက်များ ရောက်နေလေသလားဟု လှမ်းကြည့်၏။ ခရေပင်အောက်မှာတော့ မြဒါသူကို ခရေပွင့်ကောက်၍ မတွေ့ရ။

မဟီကိုသွားလျှင် သူတို့အိမ်နား သဲချောင်းဝကပင် ဖြတ်သွားရသဖြင့် အိမ်ဝင်ခေါ်ကြမည်ဟု မြဒါသူက ထင်နေပေမည်၊ သူသည် မြဒါသူ အလစ်တွင် ရွာကိုသွားပြီး သီတာအောင်ဆွေတို့ ခင်ဝေတို့ကိုခေါ်ကာ မဟီကို လစ်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ မြဒါသူပါလျှင် စကားရှုပ်ဦးမည်။ အမေ့ နားလည်းပေါက်မည်၊ တစ်နေ့က အမေ သီတာအောင်ဆွေနှင့် ပတ်သက်၍ မေးသေး၏။ သူက မဟုတ်ပါဘူးဟု ပြောလိုက်၏။ အမေ့ သဘောမှာ မြို့ကြီးသူ သီတာအောင်ဆွေထက် မိမိရွာသူ အစင်းသိ အတွင်းသိ ကျန်းမာရေးဆေးခန်းမှ ရီရီအောင်ကိုသာ သဘောကျနေသည်။ သူကလည်း ရီရီအောင်ကို ဘယ်လိုမှမကြိုက်။

ထိုစဉ် ခြေသံကြားသဖြင့် လှည့်ကြည့်ရာ "ကိုကို သူသူ ပြောတာ တွေ့လား" ဟု အခန်းနားက ဖြတ်သွားရင်း မြဒါသူက လှမ်းပြော၏။

"ဘာလဲဟ၊ နင်ပြောတာ"

"နေသာမယ်ဆိုတာလေ"

"အေး၊ ခင်ဝေတို့လာရင် ပြောလိုက်၊ ငါ ကမ်းလွန်သာကို အရေးတကြီး ကိစ္စရှိလို့ သွားတယ်လို့"

"ဟင်. . ကိုကို မဟီကို မသွားတော့ဘူး"

"အေး၊ မနေ့က စက်ပင်နယ်တစ်ခု ပွဲသွားလို့ အသစ်လဲသည့်ရမယ်၊ ခင်ဝေတို့လာရင် သူသူ လိုက်သွား၊ ငါ အခုပဲ သွားတော့မလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့" ဟု ပြောပြီး မြဒါသူ အိမ်အောက်ဆင်းသွားသည်၊ သူလည်း အဝတ်အစားလဲပြီး အိမ်ဆိပ်သဲချောင်းဘက် ဆင်းလာ၏။ လမ်းတွင် ခင်ဝေတို့နှင့် သွားတွေ့သဖြင့် မလွဲမရှောင်သာ မဟီကို လိုက်ပို့လိုက်ရသည်ဟု ပြောလျှင် မြဒါသူလည်း ယုံမည်။ ခရီးမှာ တစ်လမ်းတည်း ဖြစ်သဖြင့် ကြုံချင်လည်း ကြုံမည်။ မြဒါသူကိုတော့ ကြုံလျှင်လည်း ထားပစ်ခဲ့မည်ပင်။ အိမ်ပြန်ဝင်မခေါ်တော့။

◈ ◈ ◈

နံနက်ထ၏ နေခြည်သစ်က မြစ်ပြင်ကျယ်ကြီးကို ဖြန့်ခင်းထားသည်။ ပွဲချိတ်စက်သံနှင့်ပြိုင်၍ သူ့ရင်ထဲ တဒုန်း. . ဒုန်း. . ခုန်လာ၏။

ကိုထွန်းသူ ရွာဆိပ်သို့ရောက်ချိန်မှာ ရှစ်နာရီပင် မထိုးသေး။ ခင်ဝေတို့အိမ်ကို သူ သွား၏။ ခင်ဝေ့အမေနှင့် တွေ့သည်။ ခင်ဝေကို မေးကြည့်သောအခါ မနေ့ညနေက ကျောင်းက ပြန်ရောက်လျှင်ရောက်ချင်း မဟီက ဆရာမသိင်္ဂီတို့နှင့် မဟီကို လိုက်သွားသည်ဟု ဆိုသည်။

ခင်ဝေ့အမေ၏ စကားကို ကြားရသောအခါ သူ့ရင်ထဲမှာ ဟာသွားသည်။ မဟီဇာတိဖြစ်သော ဆရာမကြီး ဒေါ်သိင်္ဂီတို့နှင့် ခင်ဝေလိုက်သွားလျှင် သီတာအောင်ဆွေလည်း ပါသွားသည်မှာ မုချပင်။

ဟုတ်မဟုတ် အတပ်သိချင်သဖြင့် ဆရာမကြီး ဒေါ်သိင်္ဂီတို့အိမ်ဘက် လျှောက်ကြည့်ရာ အိမ်တံခါး ပိတ်ထားတာ တွေ့ရ၏။ သီတာအောင်ဆွေမှာ ဆရာမကြီး ဒေါ်သိင်္ဂီတို့အိမ်တွင် နေသူဖြစ်သဖြင့် သေချာသွားသည်။

ရွာထဲ ဟိုယောင်ယောင် သည်ယှောင်ယောင်နှင့် တစ်ခေါက် နှစ်ခေါက် လျှောက်ပြီး အိမ်ပြန်လာသည်။ သီတာအောင်ဆွေနှင့် မတွေ့လိုက်ရသဖြင့် ရင်ထဲ တစ်နေ့လုံး ဟာနေ၏။

သည်လိုနှင့် အချိန်ကုန်ခဲ့နေ၍တော့ မဖြစ်သေး။ နောက်လ သူ့မွေးနေ့ရောက်လျှင် အိမ်ကို ထမင်းစားဖိတ်ပြီး ထိုနေ့မှာပဲ တိတိကျကျ



ဖွင့်ပြောလိုက်တာ ကောင်းပါတယ်ဟု ဆုံးဖြတ်ချက်အသစ်တစ်ခုနှင့်အတူ ပျော်နေပြန်သည်။

ရှေ့လ သူ့မွေးနေ့ မရောက်မီလည်း အခွင့်အရေးက ကြုံချင် ကြုံမှာဟု မျှော်လင့်နေပြန်၏။

အိမ်ကို ရောက်ရောက်ချင်း "ခင်ဝေတို့ လာကြသေးလား" ဟု မြဒါသူကို မေးရ၏။ မြဒါသူက "မလာကြဘူး ကိုကို၊ မသွားဖြစ်ကြလို့ နေမှာပေါ့၊ မနက်ဖြန်မှ သူသူ မေးပေးမယ်" ဟု ဆိုသည်။

"မေးလည်းမနေပါနဲ့ဟာ. . ငါ အလုပ်နဲ့ဆို ဒီကနေ့ သူတို့မလာတာပဲ ကောင်းပါတယ်"

"ကိုကို ကမ်းလွန်သာက ပြန်လာတာ စောသားပဲ၊ စက်ပစ္စည်း အဆင်ပြေရဲ့လား"

"အဆင်မပြေပါဘူးဟာ၊ စက်ပစ္စည်းတွေက ခု သိပ်ရှားနေတယ်၊ မိုးကုန်ရင် ရန်ကုန်တစ်ခေါက် သွားရဦးမယ် ထင်တာပဲ"

မြဒါသူက ဘာမှ နောက်ထပ်မပြောတော့ဘဲ သူ့အခန်းထဲ ဝင်သွား၏၊ လှုပ်ခတ်သွားသော ခန်းဆီး ကန့်လန့်ကာကို ငေးကြည့်ကာ သူ့စကားကို မြဒါသူ ယုံမယုံ သူ အကဲခတ်ဖို့ပင် အချိန်မရလိုက်။

ချက်ချင်း သူ သတိရလိုက်သည်မှာ ရှေ့လတွင် ကျရောက်မည့် သူ့မွေးနေ့ကိုပင်။

◈ ◈ ◈

"ကိုကို့မွေးနေ့မှာ ဧည့်သည်တွေ ခေါ်လာလို့ ရလားတဲ့"

မြဒါသူက ကျောင်းမှ ပြန်လာလာချင်း မေး၏။

"ဘယ်သူကလဲ"

"ဆရာမ သီတာအောင်ဆွေက"

အမှန်အတိုင်းဆိုလျှင် သူ့မွေးနေ့မှာ လူနည်းနိုင်သမျှ နည်းစေချင်သည်။ ခင်ဝေနှင့် အေးအေးတို့ကိုပင် မကောင်းတတ်၍သာ ဖိတ်ရခြင်းဖြစ်၏။ ဖြစ်နိုင်လျှင် သူနှင့် သီတာအောင်ဆွေတို့နှစ်ယောက်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သီတာအောင်ဆွေနှင့် စတွေ့သောနေ့က ခုလို လသာတဲ့ ညတွေမှာ သူသူတို့ခြံထဲ လမ်းလျှောက်ရရင် သိပ်ကြည်နူးစရာ ကောင်းမှာပဲဆိုတဲ့ သီတာရဲ့စကားကို ကိုယ် တစ်သက်မမေ့ပါဘူး သီတာ။ ခု ကိုယ့်မွေးနေ့က လမိုက်ညဖြစ်နေတော့ လမ်းလျှောက်လို့ မကောင်းသေးဘူး၊ နောက်ဆိုရင် လသာညတွေမှာ အုန်းခြံထဲ လမ်းအတူ လျှောက်ကြရအောင်၊ ကိုယ်တို့ လက်ထပ်ကြမယ် သီတာဟု ပြောလိုက်လျှင်. .

"ကိုသူ တကယ်ပြောတာလားဟင်"

ဟု သီတာအောင်ဆွေက ရွှန်းလဲ့သော အကြည့်နှင့် သူ့ကို မော့မော့လေး ပြန်ကြည့်နေလျှင် သီတာအောင်ဆွေ၏ ကိုယ်လုံးလေးကို ပွေ့ပြီး ရင်ခွင်ထဲ ဆွဲသွင်း ပွေ့ဖက်ထားလိုက်ရှာသာ. .

"ဟင်. . ကိုကို"

"အမ်"

သူ အတွေးလွန်နေစဉ် မြဒါသူက ထပ်မေးလိုက်သဖြင့် လန့်သွား၏။

"ဧည့်သည်ခေါ်လာလို့ရလား မေးနေပါတယ်ဆို၊ ကိုကိုက ဘာတွေးနေလဲမသိဘူး"

"နင်ကလည်း ဘာမေးနေဖို့ လိုသေးလဲဟာ၊ ခေါ်လာခဲ့ ပြောလိုက်ပြီးတဲ့ဥစ္စာ"

"မသိဘူးလေ၊ ကိုကို့မွေးနေ့ဆိုတော့ ကိုကို့ခွင့်ပြုချက်ရမှာ ပြောရမှာပေါ့"

"ကြီးကြီးကျယ်ကျယ် နင်ကလည်း ခေါ်လာခဲ့ ပြောလိုက်ပေါ့၊ မွေးနေ့လုပ်တာပဲ ဘယ်သူလာလာပေါ့"

"ရွာက အသိတွေကော ဖိတ်ဦးမလား၊ ဘာကျွေးမလို့ စီစဉ်ထားလဲ"

"ရွာကလူတွေတော့ မဖိတ်တော့ပါဘူးဟာ၊ ခင်ဝေရယ်၊ အေးအေးရယ်၊ နှင့်ဆရာမရယ် တော်ပြီပေါ့၊ အကျဉ်းချုံး လုပ်မှာပဲ ထမင်းကျွေးမယ်လေ"



"ပြီးရောပေါ့" ဟု ပြောပြီး မြဒါသူ အိမ်အောက်ဆင်းသွား၏။ ကိုထွန်းသူက သီတာအောင်ဆွေအကြောင်း ဆက်တွေးနေမိသည်။

သူ ဘယ်က ဧည့်သည်တွေများ ခေါ်လာမလို့ပါလိမ့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိင်္ဂီကိုများ ပြောလေသလား၊ သီတာအောင်ဆွေမှာ တခြား ခေါ်လာစရာ အသိမရှိပါဘူး၊ ဆရာမကြီး ဒေါ်သိင်္ဂီကိုတော့ သူဖိတ်မှ ကောင်းမည် ထင်သည်။ ကျောင်းအုပ်ဆရာမကြီးကို မဖိတ်လျှင် မြဒါသူလည်း မျက်နှာငယ်မည်၊ ဆရာမကြီးပါလာလျှင် သူတို့ လွတ်လွတ်လပ်လပ် စကားပြောလို့မှ ကောင်းပါ့မလား။

ဆရာမကြီး ဒေါ်သိင်္ဂီမှာ မဟိဗာတိ ဖြစ်သော်လည်း သူနှင့် မရင်းနှီး၊ မျက်နှာကြောတင်းသည်ကို သူ ငယ်ငယ်ကပင် ခပ်လန့်လန့်ပင်။

◈ ◈ ◈

ကိုထွန်းသူ၏မွေးနေ့မှာ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ စနေနေ့ ဖြစ်သည်။ သူ့မွေးနေ့မှာ ကျောင်းပိတ်ရက်နှင့် ကြုံနေသဖြင့် အတော်ပင် ဖြစ်သွားသည်။

မနက်ကို စောနိုင်သမျှ စောစောလာကြရန် မှာထားသဖြင့် ကိုထွန်းသူတို့ မောင်နှမနှစ်ယောက်က ဆရာမတို့အဖွဲ့ကို မနက်ကပင် မျှော်နေကြ၏။ သဲချောင်းအိမ်ဆိပ်မှ ပဲ့ချိတ်စက်သံကိုလည်း စက္ကန့်မပြတ် နားစွင့်နေကြသည်၊ လမိုက်ညဖြစ်သဖြင့် လရောင်ထဲက အုန်းခြံမှာ သီတာ လမ်းမလျှောက်ရတောင် သူ တစ်နှစ်ကမှ မျိုးချထားသော ငှက်ရဲဘက်မှ အုန်းကျွန်းကို လိုက်ပြမည်ဟု မှန်းထား၏။

ငှက်ရဲဘက်မှ သူ့အုန်းကျွန်းမှာ အလွန်သာယာသည်၊ အုန်းပင်တောထဲထိ ပဲ့ချိတ် ဝင်၍မရသော်လည်း တမ်းစပ်သဲသောင်မှာ နံနက်စောစော လမ်းလျှောက်၍ အလွန်ကောင်းသည်၊ အခိုက်ကြုံလျှင် ပင်လယ်လိပ်များ ဥအပြီး ပြန်ဆင်းသွားကြသည်ကိုပင် မြင်ရတတ်သည်။

ကိုထွန်းသူ၏စိတ်ကူးမှာ စောစောစီးစီး ရောက်လာကြသော သီတာအောင်ဆွေတို့အဖွဲ့ကို ငါးပေါင်းကြော်၊ ကောက်ညှင်း အုန်းသီးဖုတ်တို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွေးပြီး အုန်းကျွန်းကို ခေါ်သွားမည်။ အုန်းကျွန်းကမ်းခြေတွင် သီတာအောင် ဆွေနှင့် လမ်းလျှောက်ပြီး စကား တဝကြီး ပြောမည်၊ နေပြင်းစပြုလာသော ကိုးနာရီ ဆယ်နာရီကျော်မှ အိမ်ကို ပြန်ခေါ်လာပြီး ရေမိုးချိုးကြ။ သို့မဟုတ် ရန်ကုန်သူ သီတာအောင်ဆွေက ရေကူးချင်လျှင် သူ့ညီမ မြဒါသူတို့ ခင်ဝေတို့နှင့် ပင်လယ်ကမ်းစပ်တွင် ရေသွားကူးကြ၊ ပြီးမှ မနက်စာ ထမင်း ကို အုန်းခြံထဲမှာ စားကြ။ တစ်နေ့လုံး စကားပြောကြ။ ညနေချမ်းမှ ရွာကို ပြန်ပို့ပေးမည်။

ကိုထွန်းသူက ဤသို့ စိတ်ကူးထားသော်လည်း ဆရာမတို့အဖွဲ့က တော်တော်နှင့် ပေါ်မလာကြသောအခါ ချက်ပြုတ် ကြော်လှော်နေသော ဒေါ်လေးက. .

"ဟဲ့. . သူသူ နင့်ဆရာမတွေကို ဘယ်နှစ်နာရီ မှာတာလဲ၊ ခုပဲ ကိုးနာရီကျော်နေပြီ၊ ငါးပေါင်းကြော်တွေ ပျော့အိသွားလို့ ပြန်ကြော်ရတာလည်း သုံးလေးခါ ရှိနေပြီ၊ ငါးပေါင်းကြော်ဆိုတာ ပူပူနွေးနွေးမှ ကောက်ညှင်းအုန်းသီးဖုတ်နဲ့ လိုက်တာ" ဟု ပြောမေး မေး၏။

"အစောကတော့ အစောဆုံး မှာထားတာပဲ ဒေါ်လေးရယ်၊ ဘာလို့ နောက်ကျနေကြလည်းတော့ သမီးလည်း မပြောတတ်တော့ဘူး"

"အေးလေဟယ်. . သမီးတို့က မနက်စာကျွေးမယ်လို့ ပြောတော့ စောစော အဆာပြေပါ ကျွေးမယ်လို့ မထင်ဘဲ မနက် ထမင်းကြီး ကျွေးမယ် ထင်ပြီး စောစော မလာကြတာ နေမှာပေါ့၊ သိဂီက အထာကိုင်ပါဘိနဲ့ သမီးက သေသေချာချာ မပြောဘူးလား"

သူ့သူငယ်ချင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သိဂီ လာကောင်း လာမည်ဟု သားဖြစ်သူက ပြောထားသဖြင့် ကိုထွန်းသူ၏ အမေမှာလည်း အထဲဝင် အပြင်ထွက်နှင့် သဲချောင်းအိမ်ဆိပ်ဘက်ကို တငဲ့ငဲ့နှင့်။

"သမီးတို့ဆီကို ခြောက်နာရီနဲ့ ခုနစ်နာရီကြားလို့ မှာခဲ့တာပဲ အမေရယ်၊ ဒီထက် သေချာဦးမလား၊ တစ်ခုခု အကြောင်းရှိလို့ နေမှာပေါ့"

"ဆရာမတွေများ ဘာအကြောင်းရှိမှာလဲအေ"



ဟု ပြောပြီး အဘွားကြီးက မီးဖိုဘက် ကူးသွားပြန်၏။

ကိုထွန်းသူ မျှော်ရသည်ကတော့ မနက်မိုးမလင်းခင်ကပင်။

သဲချောင်းအိမ်ဆိပ်ဘက်ဆီမှ ပဲ့ချိတ်စက်သံသဲ့သဲ့ကို ကြားရ၏။ ကိုထွန်းသူသည် ဝမ်းသာအားရနှင့် လက်ထဲက နာရီကို မြှောက်ကြည့်လိုက်သည်၊ ဆယ်နာရီ တစ်ဆယ့်ငါးမိနစ်။

"မမဝေတို့ လာကြပြီ ကိုကို"

မြဒါသူက သဲချောင်းအိမ်ဆိပ်ဘက် အရင်ပြေးသွားသည်။ အုန်းပင်တွေကြားထဲ လိပ်ပြာငယ်တစ်ကောင်လို မြူးလွင့်သွားသော မြဒါသူနောက် ကိုထွန်းသူက အပြေးလိုက်ရသည်။

အိမ်ဆိပ်ကမ်းနဖူးမှ မောင်နှမနှစ်ယောက် ရပ်စောင့်နေကြ၏။ မြစ်ပေါက်မှ သဲချောင်းအိမ်ဆိပ်ဘက် မောင်းလာသော ပဲ့ချိတ်လှေကို လှမ်းမြင်ကြရသည်။ ကိုထွန်းသူ ရင်ထဲ တစ်မျိုးကြီး ဖြစ်သွား၏။ ပဲ့ချိတ်စက်လှေပေါ်တွင် သူ ထင်မှတ်မထားသော သူစိမ်း အမျိုးသားတစ်ယောက်ကို လှမ်းမြင်ရသဖြင့် ဖြစ်သည်။

အိမ်ဆိပ်တွင် ပဲ့ချိတ်လာကပ်သောအခါ သူ့ရင်ထဲ ပို၍ ဟာသွားသည်။ သီတာအောင်ဆွေနှင့် သူတို့ စတွေ့ကြသောနေ့က မဟီကမ်းပေါ်အတက်တွင် ကုန်းပေါင်ပျဉ်ချပ် တုန်ခါနေသဖြင့် သီတာအောင်ဆွေကို သူက လက်ကမ်းကြိုခေါ်ခဲ့ရသည်။ ယခုမူ သီတာအောင်ဆွေသည် သူမသိသော ယောကျ်ားပျိုတစ်ယောက်၏ လက်ကို ဖက်တွယ်၍ ဆိပ်ခံပေါ် တက်လာ၏။

"ဆရာမတို့က နောက်ကျလိုက်တာ"

မြဒါသူ၏အပြောကို သီတာအောင်ဆွေက. .

"ဟုတ်ပါတယ် သူသူရယ်၊ ဒီက သူ့ကို စောင့်နေရလို့လေ ဟိုက သမအခေါက် ကူးတို့ကို သူမမီလိုက်လို့ နောက်ကျသွားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သီတာတို့ စောစောလာရင် ငှက်ရဲဘက်က အုန်းကျွန်းကို မနက်လိုက်ပို့ဖို့လို့ မနက်စာပါ အသင့်လုပ်ထားတာ၊ ခုတော့နေမြင့်သွားပြီ"

သုစိမ်းညွှေ့သည်ကို အကဲခတ်ရင်း ကိုထွန်းသူက ဝင်ပြော၏။

"ဟုတ်တယ် ကိုသူရယ်၊ ခင်ဝေတို့နဲ့ ပြောထားကြတာ အစောကြီးလာမလို့၊ သူ့ကြောင့်လေ. . သူ့ကြောင့်. . သူ့ကြောင့်၊ သူ အအိပ်ပုပ်ပြီးစောစောထမလာလို့ပေါ့"

သီတာအောင်ဆွေက သုစိမ်းညွှေ့သည်၏ ပခုံးတစ်ဖက်ကို ခပ်ဆတ်ဆတ် ရိုက်ပစ်လိုက်ပြီး ပြော၏။

သီတာအောင်ဆွေ၏စကားကြောင့် ကိုထွန်းသူနှင့် သုစိမ်းညွှေ့သည်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်နေလိုက်ကြရသည်။ ထိုစဉ် သီတာအောင်ဆွေက. .

"ကိုသူနဲ့ ဒီကကို မိတ်ဆက်ပေးရဦးမယ်၊ သူက မဟီ ပုလဲနဲ့ငါးကဒုတိယတန်းအင်ဂျင်နီယာ ဦးတင်အောင်မင်းတဲ့၊ မကြာခင် ဆီးဆားဗစ်ရပြီး နိုင်ငံခြားသွားရမယ့် သင်္ဘောသားလောင်းပေါ့ရှင်၊ ကိုထွန်းသူအကြောင်းတော့ သီတာက ကိုအောင့်ကို ပြောထားပြီးသားပါ"

"ဟုတ်ကဲ့ခင်ဗျာ၊ တွေ့ရတာ ဝမ်းသာပါတယ်"

ဟူသော စကားကို ပြောလိုက်စဉ် ကိုထွန်းသူမှာ မျက်နှာပျက်သွားလေသလားဟု သူ့ကိုယ်သူ မလုံမလဲ ဖြစ်သွားသည်။ အလွန် မြူးပျော်နေသော မြဒါသူ၏ အခြေအနေကလည်း တန့်သွား၏။ ခင်ဝေကမူ ကိုထွန်းသူနှင့် မျက်နှာလွှဲနေလိုက်သည်။

ရုတ်တရက်မူ ကိုထွန်းသူမှာ သီတာအောင်ဆွေနှင့် ဦးတင်အောင်မင်းတို့အား ဘယ်လိုစကားနှင့် ဆက်ကြိုရမှန်းပင် မသိ ဖြစ်သွားလေသည်။

www.burmeseclassic.com